# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

**Myanma Alinn Daily**


**ဆုံးမပြီး၍ ယဉ်ကျေးသောစိတ်**

စိတ်သည် လျင်မြန်၏။ အလိုရှိရာ အာရုံတို့၌ ကျလေ့ရှိ၏။ ထိုစိတ်ကို နှိမ်နင်းရန် ခက်ခဲလှ၏။ ထိုစိတ်ကို ဆုံးမခြင်းသည် ကောင်း၏။ နိဗ္ဗာန်သို့သွားရာ အကျင့်ကောင်းဖြစ်၏။ ဆုံးမပြီး၍ ယဉ်ကျေးသောစိတ်သည် နိဗ္ဗာန်ချမ်းသာကို ရွက်ဆောင်နိုင်၏။

**စိတ္တဝဂ်(ဓမ္မပဒ-၃၅)**


၁၃၈၀ ပြည့်နှစ်၊ ကဆုန်လဆန်း ၁၃ ရက် | ၂၀၁၈ ခုနှစ်၊ မေ ၂၇ ရက်၊ သောကြာနေ့ | အတွဲ (၅၇)၊ အမှတ် (၂၀၇)


# (၃၂) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ တက်ရောက်ရန် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ စင်ကာပူနိုင်ငံသို့ ရောက်ရှိ




နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား စင်ကာပူသမ္မတနိုင်ငံ ချန်ဂီအပြည်ပြည်ဆိုင်ရာလေဆိပ်၌ Senior Minister of state in Prime Minister's Office Mr. Heng Chee၊ စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဌေးအောင်နှင့် ဇနီး၊ စစ်သံမှူး ဗိုလ်မှူးကြီး ဝင်းမြတ်နှင့်ဇနီး၊ မြန်မာသံရုံးဝန်ထမ်းများက ကြိုဆိုနှုတ်ဆက်ကြစဉ်။ သတင်းစဉ်

**စင်ကာပူ မေ ၂၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် (၃၂)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ တက်ရောက်ရန် ယနေ့ဒေသစံတော်ချိန် ညနေ ၄ နာရီခွဲတွင် စင်ကာပူသမ္မတနိုင်ငံ စင်ကာပူမြို့သို့ ရောက်ရှိကြသည်။

နိုင်ငံတော်သမ္မတနှင့်အဖွဲ့အား Senior Minister of state in Prime Minister's Office Mr. Heng Chee၊ စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဌေးအောင်နှင့် ဇနီး၊ စစ်သံမှူး ဗိုလ်မှူးကြီး ဝင်းမြတ်နှင့်ဇနီး၊ မြန်မာသံရုံးဝန်ထမ်းများနှင့် တာဝန်ရှိသူများက စင်ကာပူနိုင်ငံ ချန်ဂီအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၅* ❒

**နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ အချုပ်ပိုပါရှိ**

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ (၁)နှစ်တာအဖြစ် ပြန်ကြားရေးဝန်ကြီးဌာနနှင့် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ ဒုတိယ(၁)နှစ်တာ ဆောင်ရွက်ချက်များကို အချုပ်ပို ရှစ်မျက်နှာဖြင့် ဖော်ပြထားပါသည်။

**NCA လက်မှတ်ရေးထိုးနိုင်ရေးအတွက် ငြိမ်းချမ်းရေးကော်မရှင်နှင့် KNPP တို့ တွေ့ဆုံဆွေးနွေး**

*စာမျက်နှာ - ၇*




## မြန်မာ့အလင်း

# တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံ လိုအပ်ချက်များ

၂၀၁၄ခုနှစ် သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံ၏လူဦးရေသည် သန်း ၅၀ ကျော်ရှိပါသည်။အဆိုပါလူဦးရေအနက် လိင်အချိုးအစားသည် ၉၃ ရှိပါသည်။ လိင်အချိုးအစားဆိုသည်မှာ အမျိုးသမီးဦးရေ ၁၀၀ တွင်ရှိသော အမျိုးသားဦးရေ ဖြစ်ပါသည်။သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ၌ အမျိုးသမီးဦးရေ အချိုးအစားသည် အမျိုးသားဦးရေအချိုးအစားထက် ပိုများပါသည်။ ဤအချက်က အမျိုးသမီးတို့၏အခန်းကဏ္ဍအပေါ် မေ့မေ့လျော့လျော့ မပြုမူမိစေရန် သတိပေးလျက်ရှိပါသည်။

မြန်မာနိုင်ငံရှိအမျိုးသမီးထုအနက် စီးပွားရေးအရတက်တက်ကြွကြွ ဆောင်ရွက်လျက်ရှိသော အချိုးအစားမှာ ၅၀ ဒသမ ၅ ရာခိုင်နှုန်းရှိပါသည်။ အစဉ်အလာသဘောအရ မိသားစုတာဝန်ကိုသာ ထမ်းဆောင်လျက် စီးပွားရေးအရပါဝင်ဆောင်ရွက်ခြင်းမရှိသော အမျိုးသမီးအချိုးအစားမှာ အမျိုးသမီးထု၏ ၂၆ ရာခိုင်နှုန်းရှိပါသည်။ ဤကိန်းဂဏန်းတို့က အချက်နှစ်ချက်ကို ညွှန်ပြနေပါသည်။အမျိုးသမီးတို့၏ လုပ်ခလစာအခွင့်အလမ်း နည်းပါးမှုနှင့်အတူ အဆိုပါ အမျိုးသမီးတို့အတွက် အလုပ်အကိုင်တို့ကို ဖန်တီးပေးနိုင်ပါက တိုင်းပြည်အတွက် ကြီးမားသောအခွင့်အလမ်းတို့ကို ဖြစ်ပေါ်စေမည်ဖြစ်ပါသည်။ အမျိုးသားထုအနက် စီးပွားရေးအရ တက်တက် ကြွကြွဆောင်ရွက်သူ အချိုးအစားက ၈၅ ဒသမ ၂ ရာခိုင်နှုန်း ရှိခြင်းသည် အများနားလည်လက်ခံပြီးအချက်ဖြစ်သော်လည်း မိသားစု တာဝန်ကိုသာယူသော အမျိုးသားဦးရေအချိုးအစားက ၁၁ ရာခိုင်နှုန်း ရှိခြင်းသည် အများသတိမပြုမိသောအချက်ဟု ဆိုရမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ကလေးမွေးဖွားနှုန်းသည် အမျိုးသမီးတစ်ဦးလျှင် ၂ ဒသမ ၅ ယောက်ရှိသည်။သို့သော် အိမ်ထောင်ပြုပြီးအမျိုးသမီး တစ်ဦးချင်းအလိုက် မွေးဖွားနှုန်းကို ကြည့်ပါက ငါးဦးအထိရှိပါသည်။သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ၌ မိဘတို့သည် ကြီးမားသောမိသားစု၏တာဝန်ကို ထမ်းဆောင်နိုင်ရန် ရုန်းကန်ကြိုးပမ်းကြရပါသည်။ ဤအချက်ကို မှီခိုအချိုးအစားနှင့် ချိန်ထိုးကြည့်ပါက ပိုမိုပေါ်လွင်မည်ဖြစ်ပါသည်။ မှီခိုအချိုးအစား **(Dependency Ratios)** ဆိုသည်မှာအလုပ်လုပ်သောအသက်အရွယ် (၁၅ နှစ်မှ ၆၄ နှစ်အထိ) တို့အပေါ် အလုပ်မလုပ်နိုင်သူများ (အသက် ၁၄ နှစ်အထိကလေးသူငယ်များနှင့်အသက် ၆၅ နှစ်အထက် သက်ကြီးရွယ်အိုများ)၏ မှီခိုမှုအချိုးအစားသည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ၅၂ ဒသမ ၄ ရှိပါသည်။ ဤမှီခိုမှုအချိုးအစား ၅၂ ဒသမ ၄ အနက် ကလေးသူငယ်တို့၏ မှီခိုမှုအချိုးအစားသည် ၄၃ ဒသမ ၇ အထိ ရှိပါသည်။ မှီခိုမှုအချိုးအစားသည် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက်ကွဲပြားမှုရှိပြီး ချင်းပြည်နယ်၌ ၈၀ ဒသမ ၉ အထိရှိပြီး ရခိုင်ပြည်နယ်၌ ၆၀ ဒသမ ၈ ရှိပါသည်။

မြန်မာနိုင်ငံလူဦးရေ၏ ၃၀ ရာခိုင်နှုန်းနီးပါးသည် အသက် ၁၀ နှစ်မှ ၂၄ နှစ်အရွယ်အထိရှိသော လူငယ်များဖြစ်၍ ဤလူငယ်များသည် တိုင်းပြည်၏အနာဂတ်အတွက် အားထားရမည့် လူမှုအင်အားစုတစ်ရပ် ဖြစ်ပါသည်။ တစ်ဖန် အသက် ၅ နှစ်မှ ၁၄ နှစ်အထိရှိသော ကလေးသူငယ်တို့သည် မြန်မာနိုင်ငံ၏လူဦးရေအနက် အကြီးမားဆုံးသော အချိုးအစား ရှိသည့် အသက်အရွယ်အုပ်စု ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါကလေးသူငယ်၊ လူငယ်တို့အား စနစ်တကျပညာသင်ကြား၍ အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးနိုင်ပါက တိုင်းပြည်၏ရွှေရောင်အနာဂတ်ကို ဖန်တီးနိုင်မည် ဖြစ်ပါသည်။တစ်နည်းအားဖြင့်ဆိုသော် အမျိုးသမီးတို့၏အခန်းကဏ္ဍ မြှင့်တင်ခြင်းနှင့် မျိုးဆက်သစ်တို့၏ အခွင့်အလမ်းအား ကျယ်ပြန့်စေခြင်းသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၏ အခြေခံလိုအပ်ချက်ကို ဖြည့်ဆည်းပေးခြင်းဖြစ်ပါကြောင်း လေးစားစွာတင်ပြအပ်ပါသည်။ ။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော် လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော် လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄)နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉

**လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**
**လူမှုဝန်ထမ်းဦးစီးဌာန**

# မြန်မာ- ကိုရီးယားသမ္မတနိုင်ငံနှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆွေးနွေး



**နေပြည်တော် မေ ၂၆**

ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Lee Sang-hwa အား ယနေ့မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိလွှတ်တော်ရေးရာဆောင်အမှတ် (I-11)၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Lee Sang-hwa တို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။**

သတင်းစဉ်

# နယ်သာလန် အမျိုးသားနေ့အထိမ်းအမှတ်ညှော်ခံပွဲ အခမ်းအနား ကျင်းပ

**နေပြည်တော် မေ ၂၆**

နယ်သာလန်နိုင်ငံ၏ အမျိုးသားနေ့ အထိမ်းအမှတ် ညှော်ခံပွဲအခမ်းအနားကို ယနေ့ည ၇ နာရီတွင် နေပြည်တော်ရှိ M Gallery by Sofitel ဟိုတယ်၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သီချင်းနှင့် နယ်သာလန်နိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်သည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ နယ်သာလန်နိုင်ငံသံအမတ်ကြီး မစ္စတာ ဝေါင်တာယာဂန်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်တို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

အဆိုပါ ညှော်ခံပွဲအခမ်းအနားသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်နှင့်ဇနီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်နှင့်ဇနီး၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် ညှော်သည်တော်များ တက်ရောက်ကြသည်။

**သတင်းစဉ်**



## ရွှေ ၊ ငွေ ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၂၆-၄-၂၀၁၈

**ရွှေဈေးနှုန်း (အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၇၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၃၅၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | |
|---|---|
| ဒီဇယ် | ၈၂၅/၈၃၅ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၈၅/၈၀၅ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၃၅/၈၅၀ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၈၄၀/၈၅၀ ကျပ် (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၃၁ | ·၀ |
| ဥရောပ | တစ်ယူရို | ၁၆၂၈ | ·၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၀၆ | ·၈ |
| ဂျပန် | ယန်း (၁၀၀) | ၁၂၂၀ | ·၈ |
| ထိုင်း | တစ်ဘတ် | ၄၂ | ·၃ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ | ·၀ |
| တရုတ် | တစ်ယွမ် | ၂၁၁ | ·၀ |
| မလေးရှား | တစ်ရင်းဂစ် | ၃၄၀ | ·၆ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်

အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews
Presented by NPE
www.mdn.gov.mm

## နိုင်ငံရဲ့ပုံရိပ် ပြန်လည်တောက်ပမြင့်မားလာအောင်

**ကျွန်တော်တို့ရဲ့နိုင်ငံသူ နိုင်ငံသားတွေ မျှော်လင့်တောင့်တနေတဲ့ လိုအင်ဆန္ဒတွေကို အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးနိုင်ဖို့ မဏ္ဍိုင်ကြီးတွေအလိုက် ကျွန်တော်တို့အားလုံး ဆတက်ထမ်းပိုး ကြိုးပမ်းကြရဦးမှာ ဖြစ်ပါတယ်။ အလားတူ နိုင်ငံတကာအသိုင်းအဝိုင်းရဲ့အလယ်မှာ ကျွန်တော်တို့နိုင်ငံရဲ့ပုံရိပ် ပြန်လည်တောက်ပမြင့်မားလာအောင်၊ ကျွန်တော်တို့ နိုင်ငံသူ နိုင်ငံသားတွေရဲ့ဂုဏ်သိက္ခာ ပို၍ပို၍ မြင့်တက်လာအောင် ကျွန်တော်တို့အားလုံး ဆက်လက်ပြီး ကြိုးစားကြရဦးမှာ ဖြစ်ပါတယ်။**

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်တွင် ကတိသစ္စာပြုပွဲအခမ်းအနား၌ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

## ပြီးပြည့်စုံစေတဲ့ မိတ်ဆွေမှန်၊ မိတ်ဆွေစစ်

**ကျွန်မတို့အစိုးရရဲ့နိုင်ငံ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများ အောင်မြင်စေဖို့ ပူးပေါင်းပြီး ကူညီပေးခဲ့၊ ပေးနေဆဲဖြစ်တဲ့၊ ပြည်တွင်း၊ ပြည်ပ မိတ်ဆွေများ၊ အဖွဲ့အစည်းများ၊ စီးပွားရေး လုပ်ငန်းရှင်များ၊ အသိပညာရှင် အတတ်ပညာရှင်များ အားလုံးနဲ့၊ အထူးသဖြင့် နားလည်မှု၊ စာနာမှုနဲ့ ထောက်ခံအားပေးကြတဲ့ ပြည်သူ ပြည်သားများအားလုံးကို ကျေးဇူးတင်ကြောင်း အလေးအနက်ပြောပါရစေ။ တစ်ခါပြုဖူး၊ သူ့ကျေးဇူး။ အခေါက်ခေါက် အခါခါ ကျေးဇူးပြုသူများဟာ ဘဝကို ပြီးပြည့်စုံစေတဲ့ မိတ်ဆွေမှန်၊ မိတ်ဆွေစစ်တွေဖြစ်ပါတယ်။**

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁ - ၄ - ၂၀၁၈ ရက်နေ့က ပြောကြားသည့် နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု (၂) နှစ်ပြည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် အာဆီယံထိပ်သီးအစည်းအဝေးတက်ရောက်ရန် စင်ကာပူသို့ ထွက်ခွာ

**နေပြည်တော် မေ ၂၆**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် စင်ကာပူနိုင်ငံ၌ကျင်းပမည့် (၃၂) ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ရန် ယနေ့ နံနက် ၁၁ နာရီ မိနစ် ၄၀ တွင် နေပြည်တော်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာကြသည်။

နိုင်ငံတော်သမ္မတနှင့် အဖွဲ့အား နိုင်ငံတော်သမ္မတ၏ ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဦးဟင်နရီဗန်ထီးယူ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မြင့်မော်၊ သမ္မတရုံး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံအမတ်ကြီး H.E.Ms. Vanessa Chan နှင့် တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်သမ္မတနှင့်အတူ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့်တာဝန်ရှိသူများ လိုက်ပါသွားကြသည်။

နိုင်ငံတော်သမ္မတသည် (၃၂)ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးသို့ အခြားအာဆီယံနိုင်ငံများမှ ခေါင်းဆောင်များနှင့်အတူ ပါဝင်တက်ရောက်သွားမည်ဖြစ်သည်။

**သတင်းစဉ်**



**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်အား နိုင်ငံတော်သမ္မတ၏ ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဦးဟင်နရီဗန်ထီးယူ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။**

သတင်းစဉ်



❒ *ရှေ့ဖုံးမှ*

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ခေတ္တတည်းခိုမည့် ရှန်ဂရီလာဟိုတယ်သို့ရောက်ရှိကြသည်။

**လက်ဆောင်ပစ္စည်းများ ပေးအပ်**

ယင်းနောက် နိုင်ငံတော်သမ္မတသည် စင်ကာပူမြို့ရှိ မြန်မာသံရုံးသို့ရောက်ရှိပြီး မြန်မာသံရုံးဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ ပညာရေး၊ ကျန်းမာရေးနှင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို မေးမြန်းပြီး လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

**ညစာသုံးဆောင်**

ထို့နောက် မြန်မာသံအမတ်ကြီး တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ပြီး ဝန်ထမ်းများနှင့်အတူ ညစာသုံးဆောင်သည်။ **သတင်းစဉ်**

**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် စင်ကာပူမြို့ရှိ မြန်မာသံရုံး၌ မြန်မာသံရုံးဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံစဉ်။**

သတင်းစဉ်

# လွှတ်တော်အချင်းချင်း ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် မေ ၂၆**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူနိုင်ငံ သံအမတ်ကြီး H.E. Ms. Vanessa Elisabeth Chan Yuen Ying အား ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-စင်ကာပူ နှစ်နိုင်ငံအကြား လွှတ်တော်အချင်းချင်း ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များနှင့် ဥပဒေပြုရေးဆိုင်ရာ ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

အလားတူ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် မွန်းလွဲ ၂ နာရီခွဲတွင် ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Lee Sang-hwa အား လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ကိုရီးယား-မြန်မာ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု၊ ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များ၊ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ စက်မှုနှင့် နည်းပညာကဏ္ဍ တိုးတက်ရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်စေရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Lee Sang-hwa အား လက်ခံတွေ့ဆုံစဉ်။** သတင်းစဉ်





# မြန်မာ-စင်ကာပူ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ဆောင်ရွက်ရေးနှင့် ပတ်သက်၍ ဆွေးနွေး

**နေပြည်တော် မေ ၂၆**

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်သည် မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူနိုင်ငံ သံအမတ်ကြီး H.E. Ms. Vanessa Elisabeth Chan Yuen Ying အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ရုံးခန်း၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံစဉ် မြန်မာ-စင်ကာပူ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ဆောင်ရွက်ရေးနှင့် မြန်မာလွှတ်တော်ဝန်ထမ်းများ၏ အရည်အသွေးမြှင့်တင်ရေးသင်တန်းများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

**ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်နှင့် စင်ကာပူနိုင်ငံ သံအမတ်ကြီး H.E. Ms. Vanessa Elisabeth Chan Yuen Ying တို့ တွေ့ဆုံဆွေးနွေးစဉ်။** သတင်းစဉ်

# (၁၆)ကြိမ်မြောက် အာဆီယံစီးပွားရေးအသိုက်အဝန်းကောင်စီ အစည်းအဝေး ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း တက်ရောက်

**စင်ကာပူ မေ ၂၆**

စင်ကာပူနိုင်ငံ၌ ဧပြီ ၂၈ ရက်တွင် ကျင်းပမည့် (၃၂) ကြိမ်မြောက် အာဆီယံ ထိပ်သီး အစည်းအဝေးမတိုင်မီ (၁၆)ကြိမ်မြောက် အာဆီယံစီးပွားရေးအသိုက်အဝန်း ကောင်စီ အစည်းအဝေးနှင့် ဒေသတွင်းဘက်စုံ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အာဆီယံ စီးပွားရေးဝန်ကြီးများ အစည်းအဝေးတို့ကို စင်ကာပူနိုင်ငံ Shangri-La Hotel ၌ ယနေ့ ကျင်းပသည်။

အစည်းအဝေးသို့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ စီးပွားရေးအသိုက်အဝန်းကောင်စီဝန်ကြီးများနှင့် ကိုယ်စားလှယ်များ၊ အာဆီယံ အထွေထွေအတွင်းရေးမှူးချုပ်နှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။ **(ယာပုံ)**



အစည်းအဝေးတွင် ၂၀၁၈ ခုနှစ် စင်ကာပူနိုင်ငံ အာဆီယံဥက္ကဋ္ဌတာဝန် ထမ်းဆောင်နေစဉ် ဦးစားပေးဆောင်ရွက်လျက်ရှိသည့် စီးပွားရေးမဏ္ဍိုင်နှင့် စပ်လျဉ်းသည့် လုပ်ငန်းများ အကောင်အထည်ဖော်မှုအခြေအနေ၊ အာဆီယံ စီးပွားရေးအသိုက်အဝန်း ၂၀၂၅ မှ နှစ်စဉ် ဦးစားပေးလုပ်ငန်းများ အကောင်အထည်ဖော်မှုအခြေအနေနှင့် ယင်းလုပ်ငန်းများအပေါ် စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်းမူဘောင်အရ ဆောင်ရွက်မှုအခြေအနေတို့အပေါ် မှတ်တမ်းတင်ခြင်း၊ အာဆီယံ စီးပွားရေးအသိုက်အဝန်း ၂၀၂၅ နှင့်အညီ ဆွေးနွေးညှိနှိုင်းနေဆဲဖြစ်သည့် အီလက်ထရွန်နစ်စနစ်ဖြင့် ကူးသန်းရောင်းဝယ်ရေး၊ အကောက်ခွန်မဟုတ်သည့် ကုန်သွယ်မှုဆိုင်ရာ အတားအဆီးများ ဖယ်ရှားရေး၊ ဝန်ဆောင်မှု ကုန်သွယ်ရေး၊ အာဆီယံစီးပွားရေးအကြံပေးကောင်စီနှင့် ယင်း၏ ပူးတွဲကောင်စီများမှ အဆိုပြုတင်ပြသည့် ကုန်တင်ပို့မှုအစီအစဉ်နှင့် ပြင်ပ စီးပွားရေး ပေါင်းစည်းမှုဆိုင်ရာကိစ္စများကို ဆွေးနွေးညှိနှိုင်းကြသည်။

ထို့နောက် (၃၂)ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေးသို့ တင်ပြမည့် အာဆီယံစီးပွားရေး အသိုက်အဝန်းကောင်စီ အစီရင်ခံစာနှင့် ထိပ်သီးအစည်းအဝေး ထုတ်ပြန်ကြေညာချက်တွင် ပါဝင်မည့် စီးပွားရေးမဏ္ဍိုင်နှင့်စပ်လျဉ်းသည့် အကြောင်းအရာများအပေါ် အတည်ပြုသည်။

ဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အာဆီယံစီးပွားရေး ဝန်ကြီးများ အစည်းအဝေးတွင် ၂၀၁၈ ခုနှစ် မတ်လ ၃ ရက်တွင် ကျင်းပခဲ့သည့် (၄)ကြိမ်မြောက် ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဝန်ကြီး အဆင့် ကြားဖြတ်ညှိနှိုင်းအစည်းအဝေး၏ လမ်းညွှန်ချက်များအပေါ် ဆက်လက် ဆောင်ရွက်မှုအခြေအနေနှင့် (၅)ကြိမ်မြောက် ဝန်ကြီးအဆင့် ကြားဖြတ်ညှိနှိုင်း အစည်းအဝေးကျင်းပရန်ကိစ္စ၊ (၂၂)ကြိမ်မြောက် ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ကုန်သွယ်ရေးညှိနှိုင်းမှုကော်မတီ အစည်းအဝေးနှင့်ဆက်စပ် အစည်းအဝေးများအတွက် လမ်းညွှန်မှုပြုရန် ကိစ္စတို့အပေါ် အမြင်ချင်းဖလှယ်ဆွေးနွေး ကြသည်။

ပြည်ထောင်စုဝန်ကြီးသည် ဝန်ကြီးအဆင့် အစည်းအဝေးများကို တက်ရောက်ပြီးနောက် နိုင်ငံတော်သမ္မတ ဦးဆောင်တက်ရောက်မည့် (၃၂)ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေးသို့ ဆက်လက်တက်ရောက်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကဆုန်လပြည့် ဗုဒ္ဓနေ့ ပူဇော်ပွဲများကို တက္ကသိုလ်များဓမ္မာရုံကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**ရန်ကုန် မေ ၂၆**

ကဆုန်လပြည့် ဗုဒ္ဓနေ့ ဗုဒ္ဓ၊ ဓမ္မ၊ သံဃ ပူဇော်ပွဲများကို ရန်ကုန်မြို့ ကမာရွတ်မြို့နယ် တက္ကသိုလ်များဓမ္မာရုံကြီး၌ စည်ကား သိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ဗုဒ္ဓ၊ ဓမ္မ၊ သံဃ ပူဇော်ပွဲများ ကျင်းပရာတွင် ဆရာတော်ကြီးများထံမှ သြဝါဒခံယူခြင်း၊ ဓမ္မသဘင်များ ဆင်ယင်ပူဇော်ခြင်း၊ ဆွမ်းဆန်စိမ်းလောင်းလှူခြင်း၊ ဓမ္မစာပေဟောပြောခြင်း၊ ဗုဒ္ဓဝင်ပြခန်းများ ပြသခြင်း၊ ဖွား ပွင့် ဟော စံ ဗုဒ္ဓရုပ်ပွားတော်များ ဒေသစာရီလှည့်လည်ပူဇော်ခြင်း၊ ဓမ္မစာပေစာအုပ်ဈေးပွဲတော်နှင့် စတုဒိသာကျွေးမွေးခြင်း၊ ကဆုန်ညောင်ရေ သွန်းလောင်းခြင်းစသော အစီအစဉ်များဖြင့် ပူဇော်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ဓမ္မသဘင်များကို ကျင်းပရာတွင် ယောဆရာတော် ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ၊ တိပိဋကရေ၊ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ကြီးမှ ကဆုန်လဆန်း ၁၂ ရက် (မေ ၂၆)ရက်တွင် လည်းကောင်း၊ ရွှေဝါဝင်းဆရာတော် ဒေါက်တာ ဘဒ္ဒန္တအာသဘ၊ သာသနဓဇ ဓမ္မာစရိယ M.A (Ph.D) ရွှေဝါဝင်းကျောင်းတိုက်ဆရာတော်က ကဆုန်လဆန်း ၁၃ ရက် (မေ ၂၇)ရက်တွင် လည်းကောင်း၊ ဒယ်အိုးဆရာတော် ဦးသုမင်္ဂလ ကမ္မဋ္ဌာနစရိယ၊ နယ်လှည့်ဓမ္မကထိက၊ မင်္ဂလာတိုက်၊ မော်ဘီဆရာတော်က ကဆုန်လဆန်း ၁၄ ရက်နှင့် ကဆုန်လပြည့်နေ့ (မေ ၂၈၊ ၂၉)ရက်များတွင် လည်းကောင်း ညစဉ် ၇ နာရီခွဲမှ စတင်၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ကဆုန်လပြည့် ဗုဒ္ဓနေ့တွင် ဓမ္မဒူတဆရာတော် ဒေါက်တာ အရှင်ဆေကိန္ဒမှ တက္ကသိုလ်ကျောင်းသား ကျောင်းသူများနှင့် ပရဟိတလူငယ်များအတွက် "ဘဝတိုးတက်ရေး အကြောင်း သိကောင်းစရာ"ခေါင်းစဉ်ဖြင့် အမေး အဖြေများကို ဟောကြားချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

# နှစ်နိုင်ငံနယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ အမြင်ချင်းဖလှယ် ဆွေးနွေး



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် လာအိုပြည်သူ့တပ်မတော်စစ်ဦးစီးဌာနအကြီးအကဲ Lt.Gen.Souvone LEUANGBOUNMY တို့ တွေ့ဆုံဆွေးနွေးစဉ်။ သတင်းစဉ်

**နေပြည်တော် ဧပြီ ၂၆**

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် လာအိုပြည်သူ့တပ်မတော် စစ်ဦးစီး ဌာနအကြီးအကဲ Lt.Gen.Souvone LEUANGBOUNMY အား ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ရှေ့၌ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် လာအိုပြည်သူ့တပ်မတော်၊ စစ်ဦးစီးဌာနအကြီးအကဲတို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြပြီး ဂုဏ်ပြုတပ်ဖွဲ့ကို ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် အခမ်းအနားတက်ရောက်လာကြသော နှစ်နိုင်ငံ တပ်မတော် အရာရှိကြီးများကို အပြန်အလှန် မိတ်ဆက်ပေးကြသည်။

ထို့နောက် လာအိုပြည်သူ့ တပ်မတော်၊ စစ်ဦးစီးဌာန အကြီးအကဲသည် ဇေယျာသီရိဗိမာန် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံဆွေးနွေးစဉ် နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား လေ့ကျင့်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ဆေးဘက်နည်းပညာများ အပြန်အလှန်ဖလှယ်၍ ပူးပေါင်းဆောင်ရွက်ရေး၊ တပ်မတော်နှစ်ရပ်အကြား အဆင့်အလိုက် ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန် လည်ပတ်ရေး၊ အားကစားအဖွဲ့များနှင့် ယဉ်ကျေးမှုအဖွဲ့များ အပြန်အလှန်စေလွှတ်ရေး၊ သဘာဝဘေးအန္တရာယ် ကာကွယ်ရေးအတွက် အတွေ့အကြုံများ ဖလှယ်ရေး၊ နှစ်နိုင်ငံနယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တပ်မတော် နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**

# သတင်းအချက်အလက်နှင့် ယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများ ဆွေးနွေး

**နေပြည်တော် ဧပြီ ၂၆**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Lee Sang-hwa အား ယနေ့ နံနက် ၁၀ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အောက်ဝဲပုံ)**



တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား သတင်းအချက်အလက်နှင့် ယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ကိုရီးယားနိုင်ငံမှ အမျိုးသားယဉ်ကျေးမှုအဖွဲ့ ဇွန်လတွင် မြန်မာနိုင်ငံသို့ လာရောက်ဖျော်ဖြေမည့် ကိစ္စရပ်များ၊ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများ ပြန်လည်လက်ခံရေး လုပ်ငန်းစဉ် ဆောင်ရွက်နေမှုများနှင့် အဆိုပါလုပ်ငန်းစဉ်နှင့် ပတ်သက်သည့် သံအမတ်ကြီး၏ သဘောထားအမြင်၊ ကိုရီးယားနိုင်ငံ အစီအစဉ်ဖြင့် ရန်ကုန်-ဒလ တံတား တည်ဆောက်မည့် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှမော်ဦးကို တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ဌာန |
| --- | --- |
| (က) ဦးညွန့်ဝင်း | ညွှန်ကြားရေးမှူးချုပ် အလုပ်ရုံနှင့်အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာန အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန |
| (ခ) ဒေါ်သွေးသွေးချစ် | ညွှန်ကြားရေးမှူးချုပ် စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန |

# ချီလီသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူ

**နေပြည်တော် ဧပြီ ၂၇**

မစ္စတာ ခရစ်စတီယန် ရီဟန် အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ဗန်ကောက်မြို့အခြေစိုက် ချီလီသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရက သဘောတူညီပြီး ဖြစ်သည်။

မစ္စတာ ခရစ်စတီယန် ရီဟန် ကို ၁၉၅၆ ခုနှစ်တွင် မွေးဖွားခဲ့သည်။ ၁၉၈၂ ခုနှစ်တွင် ချီလီနိုင်ငံ သံတမန်ရေးရာသင်တန်းကျောင်းမှ ဘွဲ့ရရှိခဲ့သည်။ သံတမန်ဝန်ထမ်း တစ်ဦးအနေဖြင့် ချီလီနိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အီကွေဒေါ၊ အယ်လ်ဆာဗေးဒေါ၊ ရိုမေးနီးယား၊ ဗြိတိန်၊ ဂျပန်နိုင်ငံတို့ရှိ ချီလီသံရုံးများ၌ တာဝန်ထမ်းဆောင်ခဲ့ပြီး နယူးယောက်မြို့ရှိ ချီလီအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးတွင် သံမှူးအဖြစ်လည်းကောင်း၊ ဝါရှင်တန်ဒီစီမြို့ရှိ အမေရိကတိုက်နိုင်ငံများ အဖွဲ့အစည်း၏ အလှည့်ကျကိုယ်စားလှယ်အဖြစ် လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ မလေးရှားနိုင်ငံဆိုင်ရာ ချီလီသံအမတ်ကြီး အဖြစ်လည်းကောင်း၊ ၂၀၁၅ ခုနှစ်မှ ၂၀၁၇ ခုနှစ် အထိ ချီလီနိုင်ငံခြားရေးဝန်ကြီးဌာန၊ အမေရိကဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ လက်ရှိတွင် ထိုင်းနိုင်ငံဆိုင်ရာ ချီလီသံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ **သတင်းစဉ်**

# အလုပ်သမားများ၏ဘဝ စိုပြည်သာယာစေရေး အလေးထားဆောင်ရွက်မည်

**နေပြည်တော် ဧပြီ ၂၆**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနသည် နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များ၌ နှောင့်နှေးနေသည့် ဌာနများတွင် မိမိတို့ဝန်ကြီးဌာနပါဝင်မှု မရှိစေရေး၊ အလုပ်သမားများ၏ဘဝ စိုပြည်သာယာရေးအတွက် ရေတိုကာလမှာ အလုပ်သမားများ၏ လူမှုဖူလုံရေးရန်ပုံငွေကို အလုပ်သမားများအတွက် ထိထိရောက်ရောက် စီမံပေးနိုင်ရေး၊ ပြည်တွင်း အလုပ်အကိုင်အခွင့်အလမ်းများ မြင့်မားရရှိလာအောင် ကြိုးစားဆောင်ရွက်ရေး၊ ပြည်ပရောက် မြန်မာအလုပ်သမားများ၏ လုံခြုံဘေးကင်းမှု၊ အခွင့်အရေး ရရှိခံစားနိုင်မှုတို့ကိုလည်း နိုင်ငံအချင်းအချင်း သဘောတူညီချက်များကို အခြေခံပြီး မြှင့်တင်ဆောင်ရွက်ရေးတို့နှင့် ပတ်သက်၍ ဝန်ထမ်းများအားလုံးက အလေးအနက်ထား၍ ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ယနေ့ ကျင်းပသည့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ အလုပ်သမားရေးရာဆိုင်ရာ ဝန်ထမ်းများနှင့် ပြည်ထောင်စုဝန်ကြီး တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ပြောကြားသည်။ **(ယာပုံ)**

အဆိုပါ အခမ်းအနားကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရုံးအမှတ် ၅၁ နေပြည်တော်တွင် ကျင်းပခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက အလုပ်သမားရေးရာဆိုင်ရာ ဝန်ထမ်းများအား မိမိတို့ဝန်ကြီးဌာနရှိ ဝန်ထမ်းများအနေဖြင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအသစ် ဦးဝင်းမြင့်၏ ကတိသစ္စာပြုခြင်းနှင့် မိန့်ခွန်းပြောကြားခြင်း၊ မြန်မာနှစ်သစ်ကူး နှုတ်ခွန်းဆက်စကားပြောကြားရာတွင် ပြောကြားခဲ့သည့် နိုင်ငံတော်၏ ဆက်လက်အကောင်အထည်ဖော်မည့် မူဝါဒနှင့် လုပ်ငန်းစဉ်များအနက်မှ ဝန်ကြီးဌာနမှတစ်ဆင့် ဆောင်ရွက်ရမည့် အခြေအနေများအား ပြောကြားခဲ့သည်။

ဆက်လက်၍ ဝန်ထမ်းများအားလုံး အဂတိတရားကင်းရှင်းရန်နှင့် မိမိတို့၏ လုပ်ငန်းများအပေါ်တွင် တာဝန်ယူမှု၊ တာဝန်ခံမှုရှိရန်လိုအပ်ကြောင်း၊ ဝန်ထမ်းအားလုံး အရည်အချင်းရှိလာမှသာ ဦးစီးဌာနအားလုံးနှင့် ဝန်ကြီးဌာနလည်း တိုးတက်မည်ဖြစ်ပြီး သို့မှသာ အစိုးရအဖွဲ့နှင့် နိုင်ငံတော်ပါ ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ပါကြောင်း၊ ယနေ့ခေတ်ကာလသည် မီဒီယာခေတ်၊ အိုင်တီခေတ်ဖြစ်၍ တိုးတက်နေပြီ ဖြစ်သည့်အတွက် မည်သည့်ကိစ္စကိုမျှ ဖုံးကွယ်၍မရကြောင်း၊ သို့ဖြစ်၍ မိမိတို့ဘက်မှ မှန်ကန်အောင် ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ အချို့မီဒီယာများမှ မဟုတ်မမှန်သတင်းများ စွပ်စွဲပြောကြားမှုရှိကြောင်း၊ မိမိတို့ဘက်မှ အသိတရားဆင်ခြင်၍ ကြိုတင်ကာကွယ်ရမည် ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနတွင် ဆက်ခံမည့် အနာဂတ်မျိုးဆက်သစ်များကို ရွေးချယ်၍ မွေးထုတ်ပေးနိုင်ရေး၊ အရည်အချင်းရှိသူများ ပေါ်ထွက်လာအောင် ဆောင်ရွက်ရမည့် တာဝန်သည် မိမိတို့အကြီးအကဲများတွင် တာဝန်ရှိပါကြောင်း၊ အလုပ်သမားရေးရာ ကိစ္စရပ်များ ဆောင်ရွက်ရာတွင် မိမိတို့၏ တာဝန်ဖြစ်သကဲ့သို့ ကုသိုလ်လည်းရသည့် လုပ်ငန်းတစ်ခုအဖြစ် မှတ်ယူရမည်ဖြစ်ပါကြောင်း၊ မိမိတို့၏ ဆောင်ရွက်ချက်အားနည်းချက်ကြောင့် ပြည်တွင်း၌ဖြစ်စေ၊ ပြည်ပ၌ ဖြစ်စေ အလုပ်သမားတစ်ဦး နစ်နာဆုံးရှုံးမှုဖြစ်ပါက ထိုသူ၏ မိသားစုနှင့် နိုင်ငံတော်အင်အားများပါ ဆုံးရှုံးနစ်နာမည် ဖြစ်ပါကြောင်း၊ မိမိအနေဖြင့် ဝန်ထမ်းများ၏ တိုးတက်ရာ တိုးတက်ကြောင်း တာဝန်ရှိသလို စေတနာလည်း ရှိပါကြောင်း၊ ဌာန တိုးတက်ရာ တိုးတက်ကြောင်း ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အခက်အခဲများနှင့် အကြံဉာဏ်များရှိပါက အချိန်မရွေး၊ နေရာမရွေး တင်ပြကြရန်နှင့် အထက်အောက်၊ ဘေးဘယ်ညာ ပူးပေါင်းဆောင်ရွက်ပါက ပျော်ရွှင်ပြီး နိုင်ငံအတွက် အသုံးတည့်သည့် ဝန်ကြီးဌာနတစ်ခုဖြစ်အောင် အားလုံးဝိုင်းဝန်းကြိုးစားဆောင်ရွက်ကြရန် ပြောကြားခဲ့ကြောင်း သိရှိရသည်။

**ခင်ရတနာ**



# ကဆုန်လပြည့်နေ့နှင့် ဖွားဖက်တော် ဗောဓိပင်

ဒေါက်တာ မောင်ဖြေ (အမျိုးသားစာပေဆုရှင်)

ကဆုန်လပြည့်နေ့သည် ထေရဝါဒဗုဒ္ဓဘာသာဝင်တို့ အစဉ်အထူးအမြတ်ဆုံးသော နေ့ထူးနေ့မြတ်ဖြစ်သည်။ ကဆုန်လပြည့်နေ့၌ ဘုရားရှင်သည် ဘုရားဖြစ်ရန်အတွက် ဒီပင်္ကရာဘုရားမြတ်စွာထံတော်ပါးတွင် နိယတဗျာဒိတ်ပန်းကို ဆင်မြန်းခဲ့သည်။ တစ်ဖန် မဟာသက္ကရာဇ် ၆၈ ခု သောကြာနေ့ ကဆုန်လပြည့်နေ့၌ပင် ဖွားမြင်တော်မူခဲ့သည်။ ထို့အပြင် ဗောဓိပင်နှင့် ရွှေပလ္လင်တွင် သစ္စာလေးပါး တရားသိမြင်ပြီး သဗ္ဗညုတဉာဏ်တော်ကို ရရှိသော မဟာသက္ကရာဇ် ၁၀၃ ခု ဗုဒ္ဓဟူးနေ့သည် ကဆုန်လပြည့်နေ့ဖြစ်သည်။ မဟာပရိနိဗ္ဗာန်စံတော်မူသောနေ့သည်လည်း မဟာသက္ကရာဇ် ၁၄၈ ခု အင်္ဂါနေ့သည် ကဆုန်လပြည့်နေ့ စသည် တိုက်ဆိုင်လှစွာ ကြုံခဲ့သော လွန်စွာထူးမြတ်သော နေ့ထူးနေ့မြတ်ဖြစ်ပြီး သာသနာ့သမိုင်းတစ်လျှောက်တွင် ထင်ရှားလာခဲ့သည်။

### ဖွားဖက်တော် ဗောဓိပင်

ကဆုန်လပြည့်နေ့ရောက်တိုင်း ဘုရားပွင့်တော်မူရာ မဟာဗောဓိပင်ကို မြတ်ဘုရားရှင်ကိုယ်တော်မြတ်အဖြစ် ရည်မှန်း၍ ညောင်ရေများဖြင့် သွန်းလောင်းပူဇော်လာကြသည်။ ဘုရားအလောင်းတော်နှင့်အတူ မွေးဖွားခဲ့သော မဟာဗောဓိပင်သည် ဖွားဖက်တော်တစ်ခုအဖြစ် ပါဝင်ခဲ့သည်။ သဗ္ဗညုတဉာဏ်တော်ရှင်အဖြစ် လောကသုံးပါးတွင် ဘုရားစင်စစ်ကေန်ဖြစ်တော်မူခဲ့သည်။ လပြည့်ကျော်တစ်ရက်နေ့မှစ၍ ပထမသတ္တာဟအဖြစ် ဗောဓိပင်ရင်းတွင် ခုနစ်ရက်သီတင်းသုံးတော်မူ၍ ဒုတိယသတ္တာဟတွင် ကျေးဇူးကြီးမားသော ဗောဓိပင်ကို ဘုရားသည် အနိမိသကုန်းထက်မှနေ၍ ခုနစ်ရက်ပတ်လုံး မတ်တတ်ရပ်ကာ မမှိတ်မသုန်သော မျက်စိဖြင့် ကြည်ညိုတော်မူခဲ့သည်။

"ဗောဓိ" ဆိုသည်မှာ ဘုရားရှင်တို့၏ သစ္စာလေးပါးကို ထိုးထွင်းသိမြင်၍ နိဗ္ဗာန်သို့ မျက်မှောက်ပြုသော သဗ္ဗညုတဉာဏ်ကို ဆိုလိုပါသည်။ ယင်းသို့သော ဉာဏ်တော်ရရှိရာအရပ် အပရာဇိတရွှေပလ္လင်ထက်၌ ပေါက်သောအပင်ကို "ဗောဓိပင်" ဟု ခေါ်သည်။ ကကုသန်မြတ်စွာဘုရား၏ ဗောဓိသည် ကုက္ကိုပင်ဖြစ်သည်။ ကောဏာဂုံမြတ်စွာဘုရား၏ ဗောဓိသည် ရေသဖန်းပင်၊ ကဿပမြတ်စွာဘုရား၏ ဗောဓိသည် ပညောင်ပင်၊ နောင်ပွင့်လတ္တံ့သော အရိမေတ္တေယျဘုရားရှင်၏ ဗောဓိပင်သည် ကံ့ကော်ပင်စသည်တို့ ဖြစ်သည်။ ဘုရားရှင်တို့ ပွင့်တော်မူသော အပင်များသည် ဗောဓိပင်ဟူ၍ ခေါ်ဆိုကြရမည်ဖြစ်သည်။

ကာလင်္ဂဗောဓိဇာတ်တော်၌ ဗုဒ္ဓဘာသာဝင်တို့သည် မြတ်ဘုရားရှင်၏ ဇေတဝန်ကျောင်းတော်၌ ပန်းနံ့သာတို့ဖြင့် ဘုရားရှင်ကို ဖူးမြော်ပူဇော်ရန် လာကြသည်။ ထိုအခါ ဘုရားရှင်သည် သတ္တဝါတို့အား တရားဒေသနာများ ချီးမြှောက်ဟောကြားရန် ဒေသစာရီကြွချီတော်မူနေခိုက်နှင့် ကြုံ၍ မဖူးမြော်လိုက်ကြရပါ။ စိတ်လက်မကြည်သာဖြစ်ကြပြီး ဂန္ဓကုဋီကျောင်းတော်တံခါးဝတွင် ပန်းနံ့သာတို့ကိုချကာ ပြန်သွားကြရသည်။ ဤအကြောင်းကို အနာထပိဏ်သူဌေးကြီးက အရှင်အာနန္ဒာအား အကြောင်းစုံလျှောက်ထား၍ အရှင်အာနန္ဒာမှတစ်ဆင့် ဘုရားရှင်အား "ရှင်တော်မြတ်ဘုရား ဒေသစာရီကြွချီနေခိုက် ကိုယ်စားပူဇော်မှု ပြုလုပ်နိုင်ကြရန် မဟာဗောဓိပင်မှ မျိုးစေ့ကိုယူ၍ ဇေတဝန်ကျောင်းတော်တစ်မုခ်၌ စိုက်ထားလိုကြောင်း" တောင်းပန်လျှောက်ထားခဲ့သည်။ "ဗောဓိပင်ကို စိုက်ပျိုးပူဇော်ခဲ့ပါလျှင် ငါဘုရားအမြဲရှိနေဘိသကဲ့သို့ ဖြစ်ပြီး ကုသိုလ်တရားများ တိုးပွားကြောင်း ဖြစ်၍ ကောင်းမြတ်လှပေသည်" ဟု ဘုရားရှင်နှုတ်တော်ဖြင့် ခွင့်ပြုတော်မူခဲ့သည်။ မြတ်ဘုရားရှင်သည် မိမိကိုယ်စား ဖူးမြော်ခံနိုင်ရန် အရှင်အာနန္ဒာအား မူလဗောဓိပင်မှ မျိုးစေ့ကို ဆောင်ယူစေသည်။ အရှင်မဟာမောဂ္ဂလန်မထေရ်မြတ်သည် ယူဇနာ ၆၀ ဝေးကွာသော ဗောဓိပင် မဏ္ဍိုင်ကုန်းတော်သို့ ကောင်းကင်ခရီးဖြင့် ယူဆောင်လာခဲ့ပြီး အရှင်အာနန္ဒာအား ပေးအပ်သည်။

ယင်းဗောဓိပင်မျိုးစေ့ကို ဇေတဝန်ကျောင်းဝင်းတွင် တံခါးမုခ်၏ သတ်မှတ်နေရာ၌ အနာထပိဏ်သူဌေးသည် မြေသို့ချစိုက်လိုက်ရာ တန်ခိုးတော်ကြောင့် မြေသို့မရောက်မီ ထွန်တုံးပမာဏခန့် အတောင် ၅၀ မြင့်သော မဟာဗောဓိပင်သည် ပရိသတ်များ၏ ရှေ့မှောက်၌ပင် ခက်မငါးဖြာနှင့် ပြည့်စုံစွာဖြင့် အံ့သြဖွယ်ရာ ရုတ်ခြည်းပေါက်ဖွားလာခဲ့သည်။ ယင်းပွဲတော်တွင် ကောသလမင်းကြီးကိုယ်တိုင် ဦးဆောင်၍ ရဟန္တာမထေရ်ကြီးများ၊ အနာထပိဏ်ဝိသာခါစသော သဒ္ဓါတရားနှင့် ပြည့်စုံသော အရိယာပုဂ္ဂိုလ်များစွာ ပါဝင်ကြသည်။ ယင်းဗောဓိညောင်ပင်အောက်၌ပင် ဘုရားရှင်သည် တစ်ညတာ နိရောဓသမာပတ်ဝင်စားတော်မူသည်။ ပသေနဒီကောသလမင်းကြီးနှင့် တိုင်းသူပြည်သားတို့သည် ယင်းမဟာဗောဓိပင်ကို ဘုရားရှင်ကိုယ်တော်အလား ပန်းနံ့သာ၊ ဆီမီး စသည်တို့ဖြင့် နေ့စဉ် ပူဇော်သက္ကာရပြုကြသည်။ အပူရှိန်ပြင်းသည့် ကဆုန်လသို့ ရောက်သောအခါ မင်းနှင့်ပြည်သူတို့သည် မဟာဗောဓိပင် မညှိုးရော်စေရန် ရေသွန်းပူဇော်ပွဲသဘင်ကို ကျင်းပကြသည်။ ယင်းသို့သော အချိန်အခါမှစ၍ ညောင်ရေသွန်းပွဲတော် ပေါ်ပေါက်လာဟန်ရှိသည်ဟု ရှေးပညာရှင်များက ယူဆလာကြသည်။ ဤဗောဓိပင်ကို အရှင်အာနန္ဒာမထေရ် ကြီးမှူးစိုက်ပျိုးသဖြင့် "အာနန္ဒာဗောဓိ" ဟု အမည်တွင်သည်။

ပါဠိလိပုတ်ပြည့်ရှင် သီရိဓမ္မာသောကမင်းတရားကြီးသည် အရှင်မဟာမောဂ္ဂလိ ပုတ္တတိဿမထေရ်မြတ်၏ အမိန့်ရှိတော်မူသည့်အတိုင်း မဇ္ဈိမဒေသ ဘုရားပွင့်တော်မူရာ မူလမဟာဗောဓိပင်ကြီးမှ ဒက္ခိဏသာခါအရပ်၌ (ဒက္ခိဏ=တောင်+သာခါ=အကိုင်း) ကို သီဟိုဠ်ကျွန်း၌ တည်အံ့၊ ငါသည်လည်း



ယမန်နှစ်က အမရပူရမြို့နယ် ရွှေကြက်ယက်ကျေးရွာ ရွှေကြက်ယက်ဆုတောင်းပြည့်ဘုရားတွင် ကဆုန်ညောင်ရေသွန်းပွဲတော် ကျင်းပနေစဉ်။

ဘုရားသာသနာ၌ ယုံမှားကင်းသည်ဖြစ်အံ့ဟု သစ္စာဆိုလေ၏။ မင်းကြီးသစ္စာဆိုပြီး တောင်းဆိုသောအခါ ပင်စည်အမြင့် ၁၀ တောင်မျှရှိပြီး ဗောဓိသီးငါးလုံးပါရှိသည့် လေးတောင်ခန့်မျှသော ခက်မငါးဖြာနှင့် ပြည့်စုံသည့် လက်ယာတောင်ကိုင်းသည် ရရှိလာလေသည်။ ယင်းဗောဓိကိုင်းကို သီရိဓမ္မာသောကမင်းကြီး၏ သမီးတော်ဖြစ်သော သင်္ဃမိတ္တာ ရဟန္တာမထေရ်မသည် ပရိသတ်အခြွေအရံများစွာနှင့်တကွ သီဟိုဠ်နိုင်ငံသို့ ပင့်ဆောင်ပြီး စိုက်ပျိုးခဲ့လေသည်။

### ဒက္ခိဏသာခါ

သီဟိုဠ်နိုင်ငံသားတို့သည် ယင်းဗောဓိပင်များမှ ဗောဓိကိုင်းနှင့်တကွ ကြွေကျသော အရွက်နှင့် အသီးများ၊ အကိုင်းများကို အမှုန့်ကြိတ်၍ ဗုဒ္ဓရုပ်ပွားတော်ဆင်းတုတော်များ ထုဆစ်ကာ ကိုးကွယ်လာကြသည်။ ဆင်းတုတော်များကို "ဒက္ခိဏသာခါ" ဟု ခေါ်ဆိုလာသည်။ သက္ကရာဇ် ၇၈၈ ခုနှစ်၊ အင်းဝနေပြည်တော်နန်းစံ မိုးညှင်းမင်းတရားကြီးလက်ထက်၌ သီဟိုဠ်မှ ဘုရားရုပ်ပွားတော် အဆူ ၃၀၀ ကျော် ပဏ္ဏာဆက်သလာသည်။ ထိုအချိန်မှစ၍ မြန်မာနိုင်ငံတွင် ဒက္ခိဏသာခါ ဆင်းတုတော်များ ပေါ်ပေါက်လာကြောင်း သမန္တစက္ခုဒီပနီကျမ်းတွင် မိန့်ဆိုထားသည်။

ကဆုန်လသည် နွေရာသီ၏ ဗဟိုချက်မအလယ်လ ဖြစ်သည်။ ပူပြင်းသောလဖြစ်လေသည်။ ပူပြင်းလှသော နေရှိန်ကြာမှ လောကကို အလှဆင်ရန်အတွက် ဘုရားရှင်ပွင့်တော်မူရာ ဗောဓိပင်တို့အား ကုသိုလ်ယူကာ ညောင်ရေသွန်းလောင်း၍ ကဆုန်လ၏ သရုပ်ကို ဖော်ထုတ်လာခဲ့ကြသည်။

အင်းဝခေတ် အမျိုးသမီးစာဆိုတော် မယ်ခွေက "ကဆုန်ငယ်မှ၊ မြနီလာစစ်၊ အပြာရစ်နှင့်၊ ရှစ်မျက်နှာဆို၊ တော်တစ်ခိုမှာ၊ ပျိုပျိုနုနုနှင့်၊ ကျီးဥမှာလဲ့ပြာ၊ စကားထုံသင်း၊ ဂေါဇာချင်းတွင်၊ တုကင်းလွှတ်ကွာ၊ ငှက်ပေါင်းသာလို့၊ ညှာခြွေဝယ်စံသည်၊ ယုဂန်မှာ တိမ်တပုံကို၊ ဂဠုန်လိုဝဲ" ဟူ၍ သူ၏ ကဆုန်လဘွဲ့အဲချင်းက တောတောင်ပတ်ဝန်းကျင်ကို ရောင်စုံတို့ဖြင့် ခြယ်ကာ သူ့အမြင် သူ့အတွေးကို စာပန်းချီခြယ်သခဲ့သည်။

ပုဂံခေတ်က ကဆုန်လကို ကုဆန်၊ ကဆန်၊ ကူဆန်ဟု ရေးသားခေါ်ဝေါ်ခဲ့ကြသည်။ ကဆုန်တွင်က-ကုတို့သည် ရေဟု အဓိပ္ပာယ် ဖွင့်ကြသည်။ ဆုန်၏ အဓိပ္ပာယ်မှာ သွန်းလောင်းခြင်းဖြစ်သည်ဟု ဆိုသည်။ ရေသွန်းလ၊ ရေဖျန်းလ၊ ရေလောင်းလဟူ၍ အဓိပ္ပာယ်ကောက်ယူရမည်ဟု ပြဆိုထား၏။

### မြန်မာနိုင်ငံသို့ ဗောဓိပင်များရောက်ရှိ

မြန်မာနိုင်ငံသို့ မဟာဗောဓိပင်များရောက်ရှိခဲ့သည့် သာဓကများနှင့် စပ်လျဉ်း၍ သက္ကရာဇ် ၅၆၃ ခုတွင် ရေးထိုးခဲ့သော သင်ကြီးညောင်အုပ်ကျောက်စာ (ကျော ၂-၃) တွင် "က(မ်)န်ပသကူလေပြီအော်၊ ညောင်ဗိဖုန်" ဟုလည်းကောင်း၊ သက္ကရာဇ် ၆၅၃ ခုနှစ်စွဲ ပုဂံမြို့စောလှဝန်းကျောက်စာ (ကျော ၂၂-၂၃) တွင် "မီးဖုန်၊ သကြံ့န်၊ စာရိယ်၊ ညောင်ရေသွန်း၊ မပြတ်စိတ်လျင်ထည်၏" ဟု လည်းကောင်း အသီးသီး အထောက်အထားတွေ့ရှိချက်များအရ ပုဂံခေတ်တွင် မဟာဗောဓိညောင်ပင်များရှိနေပြီဖြစ်ကြောင်း သေချာစွာ ဆိုနိုင်ပေသည်။

မဟာဗောဓိပင်စိုက်ပျိုးသည့် အကြောင်းအရာကို အချိန်ကာလအစောဆုံးတွေ့ရှိရသည့် အချိန်မှာ သက္ကရာဇ် ၅၃၆ ခုနှစ်တွင် ပုဂံ၌ နန်းတက်တော်မူသည့် (အလောင်းစည်သူ၏ မြေးတော်) နရပတေ့စည်သူမင်းလက်ထက်တွင် ပေါင်းလောင်းရှင်ဟု ခေါ်ကြသော အရှင်မဟာကဿပမထေရ်သည် သီဟိုဠ်သို့ ကြွသွား၍ အပြန်ခရီးတွင် မဟာဗောဓိညောင်ပင်စေ့၊ မဟာစေတီတော်၊ လောကပါသာဒ ပြာသာဒ်ပုံတော်၊ ဓာတ်တော်မွေတော်များကို ယူဆောင်လာပြီးနောက် နရပတေ့စည်သူမင်းအား ပေးတော်မူကြောင်း မှတ်တမ်းဟောင်းများတွင် လေ့လာသိရှိရသည်။

"ပင်းယခေတ်တွင် ဥဇနာမင်းကြီးသည် သက္ကရာဇ် ၇၀၂ ခုနှစ်တွင် ပင်းတျားအရပ်၌ စကားရကျောင်းကို ဆောက်လုပ်လှူဒါန်းတော်မူပြီး စမွကမည်သော ကျောင်းမတော်ကြီး၏ အရှေ့မြောက်တွင် မင်းကြီးကိုယ်တိုင် လက်တော်နှင့်ကိုင်၍ ဗောဓိပင်စိုက်တော်မူ၏" ဟု သာသနလင်္ကာရစာတမ်း ၁၂၆ တွင် ပြဆိုထားသည်။

မြန်မာ့သမိုင်းတွင် ထူပါရုံဒါယကာ မင်းနရပတိကြီး ၈၀၄ လက်ထက်၌ တစ်ကြိမ်၊ ပြည်စုန်မင်း မဟာသီဟသူရ ၈၃၀ လက်ထက်၌ တစ်ကြိမ်၊ ရာဇဗလ၊ စိတ္တဒူတ၊ ရာဇဒူတ၊ ရာဇတမန်တို့ သီဟိုဠ်သို့ စေလွှတ်၍ စွယ်တော်၊ စက်တော်ရာ၊ မဟာစေတီနှင့် မဟာဗောဓိတို့ကို အလှူတော်လှူရန် သွားကြသည်။ မွန်ဘုရင် ဓမ္မစေတီမင်း၏ ၈၃၀ လက်ထက်တွင် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်ကြီး အနောက်မြောက်ဆံတော်ကြိုလမ်း ယခုဓမ္မစေတီလမ်းနံဘေးရှိ ကုန်းတော် ယခု ဗောဓိကုန်းပေါ်၌ သီဟိုဠ်ဒက္ခိဏသာခါဗောဓိပင်တော်မှ ရသော မျိုးစေ့ကို စိုက်ပျိုးတော်မူခဲ့သည်။

### မင်းနှင့် ပြည်သူများ ညောင်ရေသွန်းလောင်း

ရေသွန်းလ၊ ရေဖျန်းလ၊ ရေလောင်းလဖြစ်သည်နှင့်အညီ ညောင်ရေသွန်းပွဲတော် ပြုလုပ်သည်။ မြတ်ဘုရားရှင် ပွင့်တော်မူသော ဗောဓိပင်ကို ရေသွန်းလောင်းခြင်းပင်ဖြစ်၏။ ယင်းအပင်တွင် ဗုဒ္ဓရှင်တော်အလား အာရုံပွားကာ ဝပ်တွားရှိခိုး၊ ဆုအမျိုးမျိုး တောင်းကြသည်။ ယင်းသို့ ရေသွန်းလောင်းသည်ကို အကြောင်းပြု၍ မြန်မာမှုတွင် ဘုရားကို ပူဇော်ရည်ညွှန်းကာ လှူသောရေကို ညောင်ရေဟု ခေါ်ကြသည်။ ညောင်ရေအိုး၊ ညောင်ရေအိုးစင်၊ ညောင်ရေအိုးပန်း၊ ညောင်ရေအိုးရေနှင့် သစ္စာပြုသည် စသည်တို့ကို ပေါ်ပေါက်လာသည်ဟု ထင်မှတ်ရန်ရှိခဲ့ရာ အောင်ရာအောင်ကြောင်း ဆုပဏ္ဏာတောင်းချင်သော အခါများ၌ ဘုရားမှာ ဆွမ်းတော်တင်၊ ပလ္လင်မှာ ညောင်ရေလောင်း၍ ဆုတောင်းပါက ဆုတောင်းပြည့်သည်ဟုလည်း ယုံကြည်နေကြသည်။

ရှင်မဟာသီလဝံသ၏ ဆုတောင်းခန်းပျို့တွင် "ဗောဓိညောင်ရွှေ၊ ဗုဒ္ဓဟေအောက်၊ ဆန်းကြယ်ပေါက်သား၊ ရောင်တောက်ပလ္လင်၊ သမိုက်ပြင်ထင်၊ အောင်မြင်ခါသင့်၊ သစ္စာဖွင့်က" ဟု စပ်ဆိုခဲ့၏။ ထိုမျှသာမက မြတ်ဘုရားရှင် မာန်ငါးပါးကို အောင်မြင်တော်မူရာဖြစ်၍ "သံဝေဇနိယနှင့် အဝိဟိတ" နှစ်ဌာနစလုံးမှာ ပါဝင်သဖြင့် ထူးမြတ်သောနေရာဌာနဖြစ်၏။ သဗ္ဗညုတရွှေဉာဏ်တော် ကွန့်မြူးပြည့်စုံရာဌာနဖြစ်သောကြောင့်လည်း ဗောဓိမဏ္ဍိုင်ဟု ခေါ်သည်။ ပါရမီတော်ခန်းတွင် "ဗောဓိမဏ္ဍိုင်၊ ခန်းဝါပိုင်က၊ ချက်ရိုင်ပြည့်စုံ၊ နဝဂုဏ်တည်" ဟု ဖော်ကျူးခဲ့သည်။

ဘုရားအလောင်းပွင့်တော်မူခါနီး၌ သူဌေးသမီး သုဇာတာသည် ညောင်ပင်ကြီးသို့ သွားရောက်ကာ "အချိန်အရွယ်ရောက်၍ အမျိုးကောင်းသားနှင့် အိမ်ထောင်ပြုရလျှင် သားဦးဖွားမြင်အောင် မစတော်မူပါ" ဟူ၍ ဆုတောင်းလေသည်။ တောင်းသည့်ဆုပြည့်က သားဦးသြရသကို ဖွားမြင်လေသည်။ မြတ်ဘုရားရှင် ဘုရားပွင့်တော်မူမည့်အချိန်၌ သူဌေးသမီး သုဇာတာသည် ထူးမြတ်လှသော ဃနာနို့ဆွမ်းကို မဟာသက္ကရာဇ် ၁၀၃ ခု ကဆုန်လပြည့်နေ့တွင် လှူဒါန်းခဲ့ခြင်းဖြစ်သည်။

### အပ္ပမာဒတရား

မြတ်ဘုရားရှင်၏ ရွှေပလ္လင်ဝယ်၊ ရွှေပင်ရောင်တောက်၊ ညောင်တော်အောက်၌၊ မာန်နတ်ကိုအောင်၍ ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့သည်မှာ မဟာသက္ကရာဇ် ၁၀၃ခု ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့မှာပင်ဖြစ်၍ မြတ်ဘုရားရှင်သည် မဟာသက္ကရာဇ် ၁၄၈ ခု ကဆုန်လပြည့် အင်္ဂါနေ့တွင် ပရိနိဗ္ဗာန်စံတော်မူသည်။ သက်တော် ၈၀၊ ဝါတော် ၄၅ ဝါကာလပတ်လုံး သတ္တဝါတို့အား တရားဓမ္မများ ဆုံးမဟောကြားတော်မူခဲ့သည်။ ရဟန်းတို့ ပြုပြင်စီရင်အပ်သော သင်္ခါရတရားတို့ကို ပျက်စီးခြင်းသဘောရှိကုန်၏။ **မမေ့မလျော့သော အပ္ပမာဒတရား** ဖြင့် ပြည့်စုံစွာ နေပါလော့။

ဂေါတမဘုရားရှင်သာလျှင် ဤလ၊ ဤရာသီတွင် ဖွားမြင်ခြင်း၊ ပရိနိဗ္ဗာန်ပြုတော်မူခြင်း မဟုတ်ပါ။ နှစ်ကျိပ်ရှစ်ဆူသော မြတ်ဘုရားရှင်တို့သည်လည်း ဖွားတော်မူသောလ၊ ဘုရားအဖြစ်ပွင့်တော်မူသောလ၊ ပရိနိဗ္ဗာန်ပြုတော်မူကြသော လပင်ဖြစ်ကြ၏။ မြတ်ဘုရားရှင်တို့၏ ထူးမြတ်သော အချက်လက္ခဏာများသည် ကဆုန်လပြည့်နေ့၌ ထပ်တူဖြစ်နေ၏။ ပွဲခါညောင်ရေသွန်းမြဲပေတည်း။ ရိုသေသဒ္ဓါ ထုံးစဉ်လာဖြင့် အောင်ရာအောင်ကြောင်း ဆုတောင်းလာကြသော ကဆုန်လပြည့်နေ့သည် ထေရဝါဒဗုဒ္ဓဘာသာဝင်တို့အဖို့ ထူးခြားမွန်မြတ်သော နေ့ဖြစ်ပေတော့သည်။ ။

**"ကဆုန်လသည် နွေရာသီ၏ ဗဟိုချက်မအလယ်လဖြစ်သည်။ ပူပြင်းသောလ ဖြစ်လေသည်။ ပူပြင်းလှသော နေရှိန်ကြာမှ လောကကို အလှဆင်ရန်အတွက် ဘုရားရှင်ပွင့်တော်မူရာ ဗောဓိပင်တို့အား ကုသိုလ်ယူကာ ညောင်ရေသွန်းလောင်း၍ ကဆုန်လ၏သရုပ်ကို ဖော်ထုတ်လာခဲ့ကြ"**

# NCA လက်မှတ်ရေးထိုးနိုင်ရေးအတွက် ငြိမ်းချမ်းရေးကော်မရှင်နှင့် KNPP တို့ တွေ့ဆုံဆွေးနွေး



NCA လက်မှတ်ရေးထိုးနိုင်ရေးအတွက် ငြိမ်းချမ်းရေးကော်မရှင်နှင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) တို့ တွေ့ဆုံဆွေးနွေးစဉ်။ သတင်းစဉ်

**လွိုင်ကော် ဧပြီ ၂၆**

NCA လက်မှတ်ရေးထိုးနိုင်ရေးအတွက် ငြိမ်းချမ်းရေးကော်မရှင်နှင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ(KNPP) တို့ တွေ့ဆုံဆွေးနွေးပွဲကို ဧပြီလ ၂၆ ရက် နံနက် ၁၀ နာရီတွင် လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပပြုလုပ်ရာ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၊ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ငြိမ်းချမ်းရေးကော်မရှင် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဒုတိယဗိုလ်ချုပ်ကြီး သန်းထွန်းဦးနှင့် တပ်မတော် ကိုယ်စားလှယ်များ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ အစိုးရဌာနဆိုင်ရာ အကြီးအကဲများ၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) မှ ငြိမ်းချမ်းရေးဖော်ဆောင်ရေးကော်မတီမှ အဖွဲ့ခေါင်းဆောင်နှင့် ကော်မတီဝင်များ၊ အစိုးရမှ ဖိတ်ကြားထားသော လေ့လာသူများနှင့် (KNPP) မှ ဖိတ်ကြားထားသော လေ့လာသူများ တက်ရောက်ကြသည်။

**ရလဒ်ကောင်းတွေ ထွက်ပေါ်လာဖို့ မျှော်လင့်**

ရှေးဦးစွာ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်ငြိမ်းချမ်းရေးဗဟိုဌာန၊ ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၊ ဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ကရင်နီအမျိုးသားတိုးတက်ရေးပါတီ ခေါင်းဆောင်များကို နှုတ်ခွန်းဆက်သပါကြောင်း၊ ယနေ့ဆွေးနွေးပွဲကနေ ကယားပြည်နယ်သူ၊ ပြည်နယ်သားတွေ မျှော်လင့်တောင့်တနေကြတဲ့ ငြိမ်းချမ်းရေးရလဒ်ကောင်းတွေ ထွက်ပေါ်လာဖို့ မျှော်လင့်ကြောင်း စကားလက်ဆောင်ပါးလိုက်ကြောင်း။

**အရေးကြီးလှတဲ့ သမိုင်းမှတ်တမ်း**

ဒီကနေ့ ကျင်းပပြုလုပ်တဲ့ ဆွေးနွေးပွဲကို ကယားပြည်နယ်က တိုင်းရင်းသားအားလုံးသာမက တစ်နိုင်ငံလုံးနဲ့ နိုင်ငံတကာအသိုင်းအဝိုင်းကပါ စိတ်ပါဝင်စားစွာ စောင့်ကြည့်နေကြကြောင်း၊ ဒီကနေ့ ဆွေးနွေးပွဲက ကယားပြည်နယ်ငြိမ်းချမ်းရေးအတွက် အားတက်ဖွယ်ရာ ရလဒ်တွေ ထွက်ပေါ်လာမလား၊ အရင်လိုပဲ မသဲမကွဲ၊ မရေမရာ အခြေအနေတွေပဲ ထွက်ပေါ်လာမလား ဆိုတာကတော့ ဒီကနေ့စားပွဲဝိုင်းမှာ ရောက်ရှိနေကြသူအားလုံးနဲ့ သူတို့ရဲ့စိတ်ရင်း စေတနာအပေါ်မှာ မူတည်နေကြောင်း၊ ဒီကနေ့ ဆွေးနွေးပွဲဟာ မြန်မာနိုင်ငံအလယ်ပိုင်းကနေ အောက်ပိုင်းတစ်ခုလုံး ငြိမ်းချမ်းရေး အလင်းရောင်တွေ ထွန်းလင်းတောက်ပနိုင်ဖို့ အလားအလာ ရှိ-မရှိကို အဆုံးအဖြတ်ပေးတော့မှာ ဖြစ်ကြောင်း၊ ဒါကြောင့်မို့ ဒီကနေ့ ဆွေးနွေးပွဲဟာ ကယားပြည်နယ်ပြည်သူလူထုအတွက် အထူးပဲ လိုလားတောင့်တနေတဲ့ အရေးကြီးလှတဲ့ သမိုင်းမှတ်တမ်းတင်နိုင်ရန် ဖြစ်လာတော့မှာဖြစ်ကြောင်း။

ကယားပြည်နယ်ကို ရောက်လာတဲ့အခါမှာ တွေ့မြင်ရတဲ့ ရှုခင်း၊ မြင်ကွင်းတွေ၊ သဘာဝအလှအပတွေနဲ့ ခရီးသွားအများစိတ်ဝင်စားမှုတွေ မြင်တွေ့ရတဲ့အခါမှာ ငြိမ်းချမ်းရေးသာ အပြည့်အဝရရှိလာခဲ့ရင် ကယားပြည်နယ်ရဲ့အရှိန်အဟုန်ဟာ အလျင်အမြန်ဆုံးနဲ့ အချိန်တိုတိုတောင်းတောင်းအတွင်း သိသိသာသာ တိုးတက်လာမယ်ဆိုတာကို ခံယူမိကြောင်း၊ တစ်ဖက်မှာရှိတဲ့ ထိုင်းနိုင်ငံကနေ အတိုဆုံးလမ်းကြောင်းနဲ့ ကယားပြည်နယ်ကတစ်ဆင့် နေပြည်တော်ကို ရောက်ရှိလာနိုင်တဲ့အတွက် ကုန်သွယ်မှု၊ ကူးသန်းရောင်းဝယ်မှုမှာလည်း အခြေအနေကောင်းတွေအများကြီးရှိနေတာဖြစ်ကြောင်း၊ ကယားပြည်နယ်သူ၊ ပြည်နယ်သားတွေအားလုံး နှစ်ပေါင်းများစွာ ငြိမ်းချမ်းရေးကို လိုလားတောင့်တနေကြရတဲ့ အကြောင်းအရင်း နောက်ခံတွေကိုလည်း ပိုမိုပြီးတော့ သိမြင်လာရကြောင်း။

**ဦးစားပေးလုပ်ငန်းစဉ် တစ်ရပ်**

ကျွန်တော်တို့နိုင်ငံရဲ့လက်နက်ကိုင်ပဋိပက္ခရဲ့သမိုင်းကြောင်းကို ပြန်ပြောင်းကြည့်မယ်ဆိုရင် နိုင်ငံရေးပြဿနာတွေကို နိုင်ငံရေးနည်းနဲ့ ငြိမ်းချမ်းစွာဖြေရှင်းနိုင်ခြင်း မရှိခဲ့တာကြောင့် ဒီကနေ့အထိ သက်တမ်းရှည်ကြာမှုရှိခဲ့ခြင်းပဲ ဖြစ်ကြောင်း၊ မငြိမ်းချမ်း၊ မတည်ငြိမ်၊ မလုံခြုံတဲ့ အခြေအနေတွေကို ကယားပြည်နယ်သူ၊ ပြည်နယ်သားတွေက ပိုမိုပြီးသိမြင်ကြကြောင်း၊ ဒီကနေ့ အစိုးရသစ်လက်ထက်မှာ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ငြိမ်းချမ်းရေးကို ဦးစားပေးလုပ်ငန်းစဉ် တစ်ရပ်အနေနဲ့ အလေးထားပြီး အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံဆိုတဲ့ နိုင်ငံရေးစားပွဲဝိုင်းတွေ ပေါ်ပေါက်လာချိန်မှာ ပါဝင်ထိုက်သူတွေ ပါဝင်နိုင်ရေးကို ကျွန်တော်တို့ အလေးပေးဆောင်ရွက်နေကြောင်း၊ အဓိကအားဖြင့် နိုင်ငံရေးဆွေးနွေးပွဲတွေကို တက်လှမ်းနိုင်တဲ့ တံခါးပေါက်ဖြစ်တဲ့ NCA မှာ အားလုံးပါဝင်လာရေးကို ကျွန်တော်တို့ရဲ့ ငြိမ်းချမ်းရေးကော်မရှင်က အစဉ်အမြဲ အလေးထားကြိုးပမ်းဆောင်ရွက်နေတာ ဖြစ်ကြောင်း။

**အခြေခံမူတွေ ပြီးပြတ်အောင် ဆွေးနွေးညှိနှိုင်း**

NCA ထိုးလိုက်တာနဲ့ လက်နက်တွေ အပ်နှံရမယ်ဆိုတာမျိုး ထင်ယောင်ထင်မှားဖြစ်နေတာတွေလည်းရှိကြောင်း၊ တကယ်တော့ NCA ဆိုတာ လက်နက်ကိုင် ပဋိပက္ခတွေမဖြစ်ပွားဖို့ ပစ်ခတ်တိုက်ခိုက်မှုတွေကိုရပ်စဲလိုက်ပြီး ရပ်စဲလိုက်တဲ့ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးလုပ်ငန်းစဉ်ခိုင်မာအောင် စနစ်တကျ ဆောင်ရွက်ခြင်းဖြစ်သလို တစ်ဖက်မှာလည်း နိုင်ငံရေးဆွေးနွေးပွဲတွေကနေပြီးတော့ နိုင်ငံရေးပြဿနာတွေကို ညှိနှိုင်းအဖြေရှာနိုင်ဖို့ အစပျိုးလိုက်ခြင်းပဲ ဖြစ်ကြောင်း၊ ကျွန်တော်တို့ တိုင်းရင်းသားတွေ လိုလားတောင့်တနေတဲ့ နိုင်ငံရေးအာမခံချက်ဖြစ်တဲ့ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ရေးဆိုင်ရာ အခြေခံမူတွေကို ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ပင်လုံ အစည်းအဝေးတွေမှာ ဆွေးနွေးနေကြပြီ ဖြစ်ကြောင်း၊ ပြီးခဲ့တဲ့ ၂၁ ရာစုပင်လုံ၊ ဒုတိယအစည်းအဝေးမှာ ပြည်ထောင်စု သဘောတူစာချုပ်ရဲ့အစိတ်အပိုင်း (၁) ကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း၊ ဆက်လက်ပြီးတော့ ကျင်းပမယ့် ညီလာခံတတိယအစည်းအဝေးမှာဆိုရင်လည်း ဒုတိယအစည်းအဝေးမှာ ဆွေးနွေးမှုတွေ ပြီးပြတ်ပြီဟု ယူဆပြီးမှ ကျန်ရစ်ခဲ့ရတဲ့ တိုင်းရင်းသားတွေရဲ့ တန်းတူရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ဖက်ဒရယ် ပြည်ထောင်စုဖွဲ့စည်းရေး အခြေခံမူတွေကို ပြီးပြတ်အောင် ဆွေးနွေးညှိနှိုင်းကြမှာဖြစ်ကြောင်း။

အမျိုးသားတန်းတူရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ပြည်နယ်တွေရဲ့ အခြေခံဥပဒေတွေဟာ ကျွန်တော်တို့ တိုင်းရင်းသားတွေ ခေတ်အဆက်ဆက်က မျှော်လင့်တောင့်တခဲ့တဲ့ ဖက်ဒရယ်မူတွေဆိုရင် မှားမယ်မထင်ပါကြောင်း၊ ဒီကနေ့ ဆွေးနွေးပွဲရဲ့အဖွင့်မှာ ပွင့်ပွင့်လင်းလင်းပြောရရင် ဒီအခြေခံမူတွေကို ဆွေးနွေးညှိနှိုင်း ငြင်းခုံကြရာမှာ ကရင်နီအမျိုးသားတိုးတက်ရေးပါတီနဲ့ ကယားပြည်နယ်သူ၊ ပြည်နယ်သားတွေရဲ့ သဘောထားတွေ၊ လိုလားချက်တွေ ပါဝင်စေချင်ပါကြောင်း။

ဒီလိုပါဝင်စေလိုတဲ့အတွက်လည်း ကျွန်တော်တို့ အစိုးရအနေနဲ့ KNPP ဘက်က ရှိနေတဲ့ အခက်အခဲတွေပြေလည်သွားအောင်၊ NCA ရေးထိုးနိုင်ဖို့ ကြုံတွေ့နေရတဲ့ တစ်ဆို့နေမှုတွေကို ဖယ်ရှားနိုင်အောင် ဒီနေ့ရောက်ရှိလာခဲ့ခြင်းပဲဖြစ်ကြောင်း၊ ကျွန်တော်တို့အနေနဲ့ လက်ရှိကာလ၊ ရေတိုကာလ ကြုံတွေ့နေရတာတွေကို ဦးစားပေးဖြင့် အနာဂတ်မှာဖြစ်ပေါ်လာမယ့် ဖက်ဒရယ် ပြည်ထောင်စုကြီးရဲ့အနာဂတ်ကို ပုံဖော်နိုင်ဖို့ကို ပိုမိုပြီးအလေးထားပေးကြဖို့ တိုက်တွန်းလိုပါတယ်။ အထူးသဖြင့် ဒီကနေ့ ကယားပြည်နယ်က ကလေးသူငယ်တွေ ကြီးပြင်းလာတဲ့အချိန်မှာ သူတို့တစ်တွေ ကြုံတွေ့ကြရမယ့် အနေအထားကို လှမ်းမျှော်ကြည့်ကြစေချင်ကြောင်း၊ ဒီကနေ့ ကျွန်တော်တို့ လုပ်ကိုင်ဆောင်ရွက်သမျှရဲ့ ကောင်းကျိုးဆိုးကျိုးကို သူတို့တစ်တွေအနေနဲ့ ကြုံတွေ့ရင်ဆိုင်ကြရမှာဖြစ်ကြောင်း။

ဒီကနေ့ ဆွေးနွေးပွဲမှာ နှစ်ဦးနှစ်ဖက် ပွင့်ပွင့်လင်းလင်းဆွေးနွေးပြီး တစ်ဆို့နေတာတွေ ပြေလည်သွားအောင်၊ အခက်အခဲဖြစ်နေတာတွေ ပယ်ဖျက်နိုင်အောင် နားလည်မှုရှိရှိ၊ ယုံကြည်မှုမြင့်မြင့်မားမားနဲ့ ဆွေးနွေးပေးကြဖို့၊ အထူးသဖြင့် အနာဂတ်မှာ ပေါ်ထွန်းလာမယ့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီး တည်ဆောက်ရေးအတွက် အရေးကြီးလှတဲ့ အခြေခံမူတွေ ဆွေးနွေးညှိနှိုင်းနေပြီဖြစ်တဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ပင်လုံအစည်းအဝေးကြီးမှာ ပါဝင်လာနိုင်ရေးကို ရှေးရှုပေးကြဖို့ အလေးအနက် မေတ္တာရပ်ခံလိုကြောင်း၊ ကယားပြည်နယ်သူ၊ ပြည်နယ်သားတွေရဲ့ မျှော်လင့်ချက်တွေကို အလေးအမြတ်ပြုပြီး ဆွေးနွေးပွဲရလဒ်ကောင်းတွေ ထွက်ပေါ်လာပြီး NCA လက်မှတ်ရေးထိုးနိုင်မယ့်အခြေအနေ ရရှိဆုံးဖြတ်နိုင်ပါစေ၊ ရောက်ရှိနိုင်ပါစေကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP)၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဦးဘီထူးက အမှာစကားပြောကြားရာတွင် KNPP အနေဖြင့် ငြိမ်းချမ်းရေးဖြစ်စဉ် တစ်လျှောက်လုံးတွင် ပါဝင်ဆောင်ရွက်ခဲ့ပါကြောင်း၊ NCA ရေးထိုးနိုင်ရေး ဦးတည်ဆောင်ရွက်လျက်ရှိကြောင်း၊ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးတွင် ပါဝင်လိုကြောင်း၊ ဆွေးနွေးမှုအောင်မြင်ရန် မျှော်လင့်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ငြိမ်းချမ်းရေးကော်မရှင်နှင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP)တို့အကြား နှစ်ဖက်အပြန်အလှန် ညှိနှိုင်းဆွေးနွေးကြသည်။

NCA လက်မှတ်ရေးထိုးနိုင်ရေးအတွက် ငြိမ်းချမ်းရေးကော်မရှင်နှင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) တို့ ဧပြီလ ၂၇ ရက်နေ့တွင် ဆက်လက်ဆွေးနွေးသွားမည်ဖြစ်သည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁၈ ရက်နေ့မှ ဧပြီလ ၂၆ ရက်နေ့အထိ တစ်ပတ်အတွင်းထွက်ရှိသော စာအုပ်စာရင်း

| စဉ် | စာအုပ်အမည် | စာရေးသူ | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၁ | ဦးစံရှားနှင့်လျှို့ဝှက်ဂေဟာ | စစ်ကိုင်းအေးလွင် | ၂၅၀၀ | လမ်းသစ်စာပေ |
| ၂ | ခြုံငုံလေ့လာမားကတ်တင်းပညာ | ဝင်းသိန်းဦး | ၂၅၀၀ | Future Publishing |
| ၃ | ညှော်လမ်းညွှန်သုတပဒေသာ(၄) | သုတေသီဦးစိုးမြင့် | ၈၀၀၀ | ရှင်မတောင်စာပေ |
| ၄ | လွဲနေတဲ့ ဆုံမှတ် | ကိုကို (B.Agr.Sc) | ၁၅၀၀ | ဒေါက်တာကိုကို |
| ၅ | ဒေါ်အောင်ဆန်းစုကြည် လျှောက်သောလမ်း | ကျော်စွာမင်း (D. မင်း) | ၂၀၀၀ | ရွှေကလောင်စာပေ |
| ၆ | မျှော်တလင့်လင့်တစ်ဘဝ | အိန္ဒြာယ်လှိုင်၊ ခိုင်လေး | ၂၀၀၀ | ၇၇၇၇ စာပေ |
| ၇ | ချစ်သမီးထံသို့နေရူး၏ ကမ္ဘာ့ကျော်ပေးစာများ | ပါရဂူ | ၃၀၀၀ | လောကသစ်စာပေ |
| ၈ | တစ်မိနစ်မန်နေဂျာနဲ့ ခေါင်းဆောင်မှု | အောင်စည်သာ | ၂၅၀၀ | စိတ်ကူးချိုချို |
| ၉ | ဟစ်တိုင် | သျှင်မ | ၃၀၀၀ | ပတ္တမြားသိုက်စာပေ |
| ၁၀ | ရေရှည်စစ်ပွဲဖြစ်သွားနိုင်သော ရခိုင်ဒေသနှင့် ရခိုင်ဒေသအရေး ဆောင်းပါးများ | သရဝဏ် (ပြည်) | ၃၀၀၀ | ကံ့ကော်ဝတ်ရည် |
| ၁၁ | ကလေးများအတွက်ကာလီ ဒါသလျှောက်ထုံးပုံပြင်များ | ကြည်နိုင် | ၂၀၀၀ | မူဝံစာအုပ်တိုက် |
| ၁၂ | အောင်မြင်မှုအတွက် အပြုံး၏တန်ဖိုး | အောင်လှိုင် | ၂၅၀၀ | စိတ်ကူးချိုချို |
| ၁၃ | အမှတ်တရဟံသာဝတီ ဦးဝင်းတင် | ကလောင်စုံ | ၅၀၀၀ | ခေတ်ပြတိုက်စာပေ |
| ၁၄ | စိတ်နှင့်ဂမ္ဘီရ | ဟိန်းလတ် | ၂၀၀၀ | မျိုးမြန်မာစာပေ |
| ၁၅ | နေညိုညိုအမေအိုမျှော်နေ ရှော့မည်နှင့်မဂ္ဂဇင်းဝတ္ထုတိုများ | နီသင် အောင်ကျော်မိုး | ၂၅၀၀ | ယဉ်မျိုးစာပေ |
| ၁၆ | မွေးနှင့်တွေ့ဆုံခြင်း | သပြေ | ၂၀၀၀ | ကျော်မွေးစာပေ |
| ၁၇ | ပြည်သူချစ်သောခေါင်းဆောင် နှင့်အခြားဆောင်းပါးများ | တင်မောင်ထက် | ၁၈၀၀ | ရန်အောင်စာပေ(၂) |
| ၁၈ | IRON & BLOOD | Nanda | ၈၀၀၀ | စိတ်ကူးချိုချို |
| ၁၉ | စစ်သားမယား | အောင်မြင်သူ | ၂၅၀၀ | အားမာန်သစ် |
| ၂၀ | ဝုန်းနေတဲ့လက်ထိပ် လန်းနေတဲ့သေနတ်များ | စောဝေ | ၃၅၀၀ | ၇၇၇၇ စာပေ |
| ၂၁ | သူ၊ ကျွန်တော်နှင့် မြန်မာနိုင်ငံ့အရေး | သူရဦးရွှေမန်း | ၂၀၀၀ | Myanmar Heritage |
| ၂၂ | မြင်းမိုရ်တောင်ထိပ်မှ သဲပွင့်ကလေးများ | ထူးဆွေအောင် | ၂၅၀၀ | ငါတို့စာပေ |
| ၂၃ | နွမ်းလျသေရှင်(ပထမတွဲ) | တော်ကောင်းမင်း | ၅၀၀၀ | ဘဝတက္ကသိုလ်စာပေ |
| ၂၄ | နွမ်းလျသေရှင် (ဒုတိယတွဲ) | တော်ကောင်းမင်း | ၅၀၀၀ | ဘဝတက္ကသိုလ်စာပေ |
| ၂၅ | ယုံရခက်သော ဇာတ်လမ်းတစ်ခု | ဘုန်းမြင့် | ၂၀၀၀ | စိတ်ကူးချိုချို |
| ၂၆ | ဇော်ဂျီသက်တမ်း တစ်ဂဏန်းသုံးလုံးစာများ | ကလောင်စုံ | ၁၀၀၀၀ | စိတ်ကူးချိုချို |
| ၂၇ | ထားဝယ်ခရိုင် ဒေသန္တရပထဝီဝင် | - | ၁၀၀၀ | ပါရမီစာပေ |
| ၂၈ | MYANMAR TOP 100 2018 | - | ၅၀၀၀ | ယဉ်မျိုးစာပေ |
| ၂၉ | ဗိုလ်ချုပ်၏နောက်ဆုံးနေ့ | - | ၂၂၀၀ | စိတ်ကူးချိုချို |

# ကမ္ဘာ့အသိဉာဏ်ပစ္စည်းနေ့ (၂၀၁၈) အထိမ်းအမှတ် အခမ်းအနားကျင်းပ

နေပြည်တော် ဧပြီ ၂၆

**ကမ္ဘာ့အသိဉာဏ်ပစ္စည်းနေ့ (၂၀၁၈) အထိမ်းအမှတ် အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ M Gallery ဟိုတယ်၌ ကျင်းပသည်။**




ရှေးဦးစွာ အခမ်းအနားကို ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ အမေရိကန် အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးအေဂျင်စီ (USAID) မှ Mission Director Ms. Teresa McGhie နှင့် ဂျပန် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) မှ JICA Expert Ms. Hiromi TAKAOKA တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပညာရေးဝန်ကြီးဌာနအနေဖြင့် အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ကဏ္ဍနှင့် ပတ်သက်ပြီး ကမ္ဘာ့အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်အဖွဲ့ (World Intellectual Property Organization -WIPO)နှင့် အဓိက ဆက်သွယ်ဆောင်ရွက်နေသောဌာန ဖြစ်ပါကြောင်း။

WIPO အဖွဲ့ကြီးမှ ကမ္ဘာ့အသိဉာဏ်ပစ္စည်းနေ့များတွင် နှစ်စဉ်ဆောင်ပုဒ်တစ်ခု သတ်မှတ်၍ အဓိပ္ပာယ်ဖွင့်ဆိုပြီး ကျင်းပလေ့ရှိရာ ယခု ၂၀၁၈ ခုနှစ်အတွက် ဆောင်ပုဒ်မှာ "Powering Change: Women in Innovation and Creativity" ဖြစ်ပါကြောင်း၊ WIPO အဖွဲ့ကြီးအနေဖြင့် အမျိုးသမီးများ၏ ဆန်းသစ်တီထွင်မှုနှင့် ဖန်တီးလိုမှုစွမ်းအားများကို အားပေးမြှင့်တင်နိုင်စေရန်၊ ၎င်းတို့၏ တီထွင်ဖန်တီးထားသော လက်ရာများကို ဈေးကွက်တွင် ထိုးဖောက်ဝင်ရောက်နိုင်စေရန်၊ တစ်နည်းအားဖြင့် Ideas to Market ဖြစ်စေရန်အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်စနစ်က အဓိကအခန်းကဏ္ဍတစ်ရပ်အနေဖြင့် ပါဝင်နေသည်ကို ၎င်းဆောင်ပုဒ်နှင့် မီးမောင်းထိုးပြထားခြင်း ဖြစ်ပါကြောင်း။

ပညာရေး ဝန်ကြီးဌာနအနေဖြင့် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် ဥပဒေများဖြစ်ကြသည့် ကုန်အမှတ် တံဆိပ်ဥပဒေ၊ တီထွင်မှုမူပိုင်ခွင့်ဥပဒေ၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေနှင့် မူပိုင်ခွင့်ဥပဒေ စသည့် ဥပဒေ(၄)ရပ်ကို အတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ အမျိုးသားလွှတ်တော်၏ သဘောတူခွင့်ပြုမှုရရှိခဲ့ပြီး ပြည်သူ့လွှတ်တော်သို့ ဆက်လက်တင်ပြနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံတွင် တက္ကသိုလ်များနှင့် ကုန်ထုတ်လုပ်မှု စီးပွားရေးလုပ်ငန်းများကြား ပူးပေါင်းဆောင်ရွက်မှု အားနည်းနေခြင်း၊ တီထွင်ဖန်တီးမှုများကို ထိထိရောက်ရောက် အကာအကွယ်ပေးနိုင်မည့် ဥပဒေများနှင့် နည်းပညာလွှဲပြောင်းမှု ဥပဒေများမပေါ်ပေါက်သေးခြင်း စသည့် အခက်အခဲများကြောင့် တီထွင်၊ ဖန်တီးမှုများမြှင့်တင်နိုင်ရန် အခွင့်အလမ်း နည်းပါးနေသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ သို့သော် ၎င်းအခက်အခဲများကြားမှ ရန်ကုန်နည်းပညာတက္ကသိုလ်၊ သတင်းအချက်အလက် နည်းပညာတက္ကသိုလ်တို့မှ ကျောင်းသား ကျောင်းသူများအနေနှင့် အမေရိကန်အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးအေဂျင်စီ၏ ပံ့ပိုးမှုဖြင့် သွားရောက်ယှဉ်ပြိုင်ခဲ့သော First Global Challenge 2017 Robotics ပြိုင်ပွဲတွင် အသင်းဝင်ပေါင်း (၁၆၃) သင်း အနက်မှ အဆင့်(၆) နေရာတွင် ရပ်တည်နိုင်ခဲ့ပါကြောင်း၊ ထို့အပြင် နည်းပညာတက္ကသိုလ်(ရတနာပုံဆိုင်ဘာစီးတီး)မှ ကျောင်းသား ကျောင်းသူများသည် အမေရိကန် တက္ကဆက်ပြည်နယ်ရှိ ကျောင်းသား ကျောင်းသူအသင်း တစ်သင်းနှင့် ပူးပေါင်းပြီး Invent for the Planet ၂၀၁၈ စိန်ခေါ်မှုပြိုင်ပွဲတွင် လျှပ်စစ်စွမ်းအင်ထုတ်လုပ်နိုင်မည့် နည်းစနစ်အသစ်ကို အမြင့်ဆုံးဆုရရှိအောင် တီထွင်ဖန်တီးနိုင်ခဲ့သည့်အတွက် မြန်မာကျောင်းသားများ၏ ဂုဏ်သတင်းထင်ပေါ်ခဲ့ရပါကြောင်း၊ ထိုသို့ နိုင်ငံကိုယ်စားပြုဆွတ်ခူးနိုင်ခဲ့ခြင်းသည် နိုင်ငံတော်၏ ပုံရိပ်ကို မြင့်တက်စေခြင်းလည်းဖြစ်သည့်အပြင် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဥပဒေတွေ အမြန်ဆုံးပြဋ္ဌာန်းအကောင်အထည်ဖော်နိုင်စေဖို့ တွန်းအားတစ်ခု ဖြစ်စေပါကြောင်း။

ယနေ့ကာလတွင် ပြုပြင်ပြောင်းလဲမှုများကိုကြိုးစား အကောင်အထည်ဖော်နေသည့်အချိန်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပိုမိုဝင်ရောက်လာရေး၊ တိုင်းပြည်၏ GDP မြင့်မားရေး၊ ကုန်သွယ်မှုကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်စနစ် ကျင့်သုံးအကောင်အထည်ဖော်ဆောင်နေမှုတို့သည် ဆက်နွှယ်လျက်ရှိနေခြင်းကြောင့် မူပိုင်ခွင့်စနစ် အမြန်ဆုံးဖြစ်ထွန်းပေါ်ပေါက်လာရေးသည်လည်း မိမိတို့အားလုံးတွင် တာဝန်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် USAID မှ Mission Director၊ Ms. Teresa McGhie နှင့် JICA မှ JICA Expert Ms. Hiromi TAKAOKA တို့က အမှာစကားပြောကြားခဲ့ပြီး ပညာရေးဝန်ကြီးဌာန မူပိုင်ခွင့်ဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာမိုးမိုးသွယ်က ကမ္ဘာ့မူပိုင်ခွင့်အဖွဲ့မှ ပေးပို့သော သဝဏ်လွှာကိုဖတ်ကြားသည်။

ဆက်လက်၍ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ USAID မှ Mission Director၊ Ms. Teresa McGhie နှင့် JICA မှ JICA Expert Ms. Hiromi TAKAOKA တို့က ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် တက္ကသိုလ်၊ ကောလိပ်၊ ကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ၏ ကျောင်းတွင်းဆောင်ရွက်ထားသော သုတေသနလက်ရာများ၊ နိုင်ငံတကာ တီထွင်မှုပြိုင်ပွဲမှ ဆုရရှိထားသော တီထွင်ဖန်တီးမှုများ၊ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဌာနအနေဖြင့် မြန်မာနိုင်ငံတွင် မူပိုင်ခွင့်စနစ် တည်ဆောက်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုပိုစတာများ၊ မြန်မာနိုင်ငံ ဒေသထွက်ကုန်များဖြစ်သည့် စိုက်ပျိုးရေးထုတ်ကုန်များနှင့် လက်မှုပစ္စည်းများ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းများ၊ ထုတ်ကုန်များ ခင်းကျင်းပြသထားမှုကို လေ့လာကြည့်ရှုကြသည်။

အဆိုပါ အခမ်းအနားသို့ အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်မှ ဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများ အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ အစိုးရမဟုတ်သော ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) နှင့် Myanmar Positive Group (MPG) တို့မှ တာဝန်ရှိသူများနှင့် အခြားဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လှိုင်သာယာမြို့နယ်ရှိ ထိန်ပင်အမှိုက်ပုံမီးလောင်ကျွမ်းရာမှ ထွက်ပေါ်လာသော မီးခိုးငွေ့များနှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ပြည်သူလူထုနှင့် တွေ့ဆုံရှင်းလင်း

**ရန်ကုန် ဧပြီ ၂၆**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် လှိုင်သာယာမြို့နယ် ထိန်ပင်အမှိုက်ပုံ မီးလောင်ကျွမ်းနေခြင်းနှင့် ပတ်သက်၍ သွားရောက်ကြည့်ရှုသည်။



ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် လွှတ်တော်ကိုယ်စားလှယ်များ၊ မီးငြှိမ်းသတ်မှု ဆောင်ရွက်နေသော မီးသတ်တပ်ဖွဲ့ဝင်များ၊ လှိုင်သာယာမြို့နယ် ရပ်ကွက်ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ ကျန်းမာရေးစောင့်ရှောက်မှု ပေးနေသော ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ၊ အလှူရှင်ပြည်သူများနှင့် တွေ့ဆုံ၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခြင်းနှင့် ကူညီထောက်ပံ့ခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် လှိုင်သာယာ(၁၈) ရပ်ကွက် အေးရိပ်သာဓမ္မာရုံသို့ သွားရောက်၍ ပြည်သူလူထုနှင့် တွေ့ဆုံကာ အားပေးစကားပြောကြားခြင်း၊ အမှိုက်ပုံ မီးငြှိမ်းသတ် ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များ၊ ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီးအဆင့်တို့ ပေါင်းစပ်ဆောင်ရွက်နေသည်များနှင့် ပတ်သက်၍ ဒေသခံပြည်သူများသို့ ရှင်းလင်းပြောကြားခဲ့ပြီး ပြည်သူများလက်တွေ့ကြုံတွေ့နေရသည့် အခက်အခဲများကို မေးမြန်းကာ တက်ရောက်လာသည့် ပြည်သူများ၏ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။ **(အပေါ်ပုံ)**

ဆက်လက်၍ (၂၀)ရပ်ကွက်တွင် ဖွင့်လှစ်ထားသည့် တပ်မတော်နယ်လှည့် ဆေးကုသရေးစခန်းသို့ ရောက်ရှိပြီး ဆေးကုသပေးနေမှုများ၊ အရေးပေါ်လက်ခံကုသရန် စီစဉ်ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုပြီး အားပေးစကား ပြောကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့်အတူ ရွှေလင်ပန်းရပ်ကွက် ကျုံစုကျေးရွာ အမှတ်(၇) အခြေခံပညာ မူလတန်းကျောင်းတွင် ပြည်သူများအား အားပေးစကားပြောကြားခြင်း၊ အမှိုက်ပုံမီးငြှိမ်းသတ်ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များတွင် မီးခိုးငွေ့များသည် ရေရှည်တွင် ကျန်းမာရေးကို ထိခိုက်နိုင်သဖြင့် ပြည်သူများ၊ အထူးသဖြင့် သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင်များ၊ ကလေးငယ်များနှင့် နာတာရှည်ရောဂါ ခံစားနေရသူများအား မီးခိုးငွေ့လွတ်ကင်းရာနေရာသို့ ယာယီပြောင်းရွှေ့စောင့်ရှောက်မှု ပေးနိုင်မည့် အစီအစဉ်များနှင့် ပတ်သက်၍ ဒေသခံပြည်သူများသို့ ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာသည့် ပြည်သူများမှ မေးမြန်းချက်များအပေါ် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ထို့နောက် လှိုင်သာယာပြည်သူ့ဆေးရုံတွင် ဌာနဆိုင်ရာများနှင့် တွေ့ဆုံ၍ မီးငြှိမ်းသတ်ခြင်း၊ မီးခိုးငွေ့များပပျောက်အောင် ဆောင်ရွက်ခြင်းများနှင့် ပတ်သက်၍ ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီးအဆင့် ပူးပေါင်းဆောင်ရွက်နေသည့် အစီအစဉ်များ၊ BIO-FOAM အသုံးပြု၍ မီးငြှိမ်းသတ်ခြင်း၊ အရှေ့တောင်အာရှနိုင်ငံများ၏ သဘာဝဘေးအန္တရာယ်ဆိုင်ရာ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးရေး ညှိနှိုင်းမှုဌာန (AHA Centre)နှင့် ဆက်သွယ်ဆောင်ရွက်ထားရှိမှု၊ အရေးပေါ်တုံ့ပြန်ရေးနှင့် ဆန်းစစ်မှုအဖွဲ့ (ERAT Team)၏ နည်းပညာဆိုင်ရာ ပံ့ပိုးမည့်အစီအစဉ်များနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းဆွေးနွေးခဲ့ပြီး မီးငြှိမ်းသတ်ရာတွင် ပါဝင်ဆောင်ရွက်နေသည့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် တပ်မတော်သားများ စုစုပေါင်း ၈၃၀ အတွက် ငွေကျပ် ၂၄၉၀၀၀၀ အား ပေးအပ်လှူဒါန်းခဲ့ပြီး ဆေးရုံတွင် ယနေ့ထပ်မံတက်ရောက်ကုသမှုခံယူနေသူ ၁၁ ဦးနှင့် ယခင် တက်ရောက်နေသူ ၁၃ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ နှုန်း စုစုပေါင်း ၂၄ ဦးအတွက် ငွေကျပ် ၁၂ သိန်းအား ထောက်ပံ့ပေးခဲ့သည်။

ဆက်လက်၍ လှိုင်သာယာ(၆) ရပ်ကွက် အ.လ.က(၁)တွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဖွင့်လှစ်ထားသည့် ယာယီဆေးကုသမှုစခန်းသို့ ရောက်ရှိပြီး လူနာများအား စောင့်ရှောက်မှု ပေးနိုင်မည့်အခြေအနေ၊ ပြောင်းရွှေ့နေထိုင်ရန်လိုအပ်သည့် ပြည်သူများအတွက် စီစဉ်ထားရှိမှုများနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တပ်ဆင်ထားသည့် လေထုညစ်ညမ်းမှု တိုင်းတာသည့် ကိရိယာကို ကြည့်ရှုသည်။

ပြည်ထောင်စုဝန်ကြီး၏ ခရီးစဉ်တွင် ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းထွဋ်ဆွေနှင့် ညွှန်ကြားရေးမှူးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြဝတီဘဏ် (တောင်တွင်းကြီး )ဘဏ်ခွဲဖွင့်ပွဲကျင်းပ

**ရန်ကုန် ဧပြီ ၂၆**

မြဝတီဘဏ်လီမိတက်၏ (၅၈)ခုမြောက် မြဝတီဘဏ် (တောင်တွင်းကြီး) ဘဏ်ခွဲဖွင့်ပွဲကို ဧပြီ ၂၆ ရက် နံနက်က မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့ ရွှေကြာအင်း (၂) ရပ်ကွက် မကွေးလမ်းရှိ အဆိုပါဘဏ်ခွဲ၌ ပြုလုပ်ရာ မကွေးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းဦးနှင့် တပ်ရင်းတပ်ဖွဲ့များမှ တာဝန်ရှိသူများ၊ မြဝတီဘဏ်လီမိတက်မှ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

မြဝတီဘဏ် (တောင်တွင်းကြီး )ဘဏ်ခွဲမှ စာရင်းရှင်အပ်ငွေများ၊ ငွေစုဘဏ်အပ်ငွေများ၊ စာရင်းသေအပ်ငွေများ၊ ခေါ်ယူအပ်ငွေများ၊ တက္ကသိုလ်ပညာသင်ဆု ဝန်ဆောင်မှုအပ်ငွေများ ၊ ATM ကတ်စာရင်းအပ်ငွေများ လက်ခံခြင်းနှင့် စီးပွားရေးလုပ်ငန်းရှင်များ၏ လိုအပ်သော ရင်းနှီးငွေများအတွက် မရွှေ့မပြောင်းနိုင်သောမြေနှင့် အဆောက်အအုံများကို အာမခံအဖြစ် တစ်နှစ်လျှင်အတိုးနှုန်း ၁၃ ရာခိုင်နှုန်းဖြင့် ချေးငွေများ ထုတ်ချေးခြင်း၊ မြဝတီဘဏ်ခွဲအသီးသီးနှင့် ချိတ်ဆက်ထားသည့် မြန်မာ့စီးပွားရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ်များသို့ အပြန်အလှန် ငွေလွှဲပေးပို့နိုင်ခြင်းများအပါအဝင် Modern Banking အနေဖြင့်လည်း Mobile Banking ဆိုင်ရာ ဘဏ်လုပ်ငန်းဝန်ဆောင်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# စစ်ကိုင်းမြို့ ရတနာစေတီ ဆင်များရှင်စေတီတော်ကြီး ရှေးမူမပျက် ပြုပြင်မွမ်းမံမည်



**စစ်ကိုင်း မေ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ရှိ သမိုင်းဝင် ရတနာစေတီဆင်များရှင် စေတီတော်ကြီးသည် ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၁၁ ရက်က လှုပ်ခတ်ခဲ့သော ငလျင်ဒဏ်ကြောင့် ရင်ပြင်တော်နှင့် စေတီတော်လုံးပတ် အချို့နေရာများတွင် အက်ကြောင်းများ ထင်ခဲ့ကာ အရန်စိန်ဖူးတော်နှင့် အချို့ရတနာပစ္စည်းများ မြေခချခဲ့ပြီး လက်ရှိ လှူဒါန်းပူဇော်ထားရှိသော ရွှေသင်္ကန်းများလည်း ညှိုးမှိန်ပြယ်လွင့်စပြုလာပြီဖြစ်ရာ ရှေးမူမပျက် အကြီးစား ပြုပြင်မွမ်းမံနိုင်ရေးအတွက် သီတဂူဆရာတော်ကြီးထံမှ ဩဝါဒခံယူပွဲကို မေ ၂၄ ရက်က သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဆရာတော်ကြီးက သဘာဝဘေးအန္တရာယ်ခံနိုင်ရန် ရှေးမူမပျက် အကြီးစား ပြုပြင်မွမ်းမံသွားမည်ဖြစ်ပြီး သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့များနှင့် ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာများ ပူးပေါင်းပါဝင်ကြမှသာလျှင် လုပ်ငန်းအရှိန်အဟုန် မြင့်တက်လာမည်ဖြစ်ကြောင်း၊ ဆရာတော်ကြီးကလည်း သိန်းပေါင်း ၂၅၀၀ ကို မတည်လှူဒါန်းသွားမည်ဖြစ်ပြီး သိန်းပေါင်း ၁၀၀၀၀ ကျော်ကုန်ကျမည်ဟု ခန့်မှန်းထားကြောင်း၊ ဂေါပကအဖွဲ့များကလည်း ပထမအကြိမ်၊ ဒုတိယအကြိမ် အလှူငွေများ လက်ခံထားရှိပြီး စုစုပေါင်း အလှူငွေကျပ် သိန်းပေါင်း ၂၀၃၀ ကျော် ရရှိထားကြောင်း မိန့်ကြားခဲ့သည်။

ဆက်လက်၍ ဗိသုကာပညာရှင် တမ္ပဝတီ ဦးဝင်းမောင်က ပြုပြင်မွမ်းမံသွားမည့် ခန့်မှန်းဗိသုကာစေတီတော်ပုံများကို အသေးစိတ်ရှင်းလင်းဆွေးနွေးပေးပြီး အတည်ပြုစေတီတော်ပုံ ရရှိနိုင်ရန် လျှောက်ထားရာ ဆရာတော်ကြီးနှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နယ်မြေခံတပ်မဌာနချုပ်မှ တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့များ၊ မြို့အထောက်အကူပြုအဖွဲ့များ၊ မြို့မိမြို့ဖများ တက်ရောက်ကြည့်ညိုကြသည်။ ထို့နောက် အဖွဲ့အစည်းများက ယခုပြုပြင်မွမ်းမံသွားမည့် စေတီတော်ပုံကို အတည်ပြုရွေးချယ်ခဲ့ကြကာ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာ ဇော်ဝင်းနှင့် တာဝန်ရှိသူများက လှူဖွယ်ပစ္စည်းများ လှူဒါန်းခဲ့ကြသည်။

အဆိုပါ ရတနာစေတီဆင်များရှင် စေတီတော်ကြီး ပြုပြင်မွမ်းမံမှုအတွက် အလှူငွေများ လှူဒါန်းလိုကြသော ပြည်သူများအနေဖြင့် ဆင်များရှင်စေတီတော် ဂေါပကရုံး ဖုန်း ၀၇၂-၂၁၂၇၀ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**ဇော်မြင့်နိုင်**

# တိပိဋကဓရ တိပိဋကကောဝိဒ စာအောင်သာသနာ့အာဇာနည်အရှင်မြတ်များအား ချီးကျူးပူဇော်ပွဲအခမ်းအနား ကျင်းပမည်

**ရန်ကုန် မေ ၂၆**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ကြီးမှူးကျင်းပသော အကြိမ် (၇၀) မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးတွင် အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည်အရှင်မြတ်များအား အောင်လက်မှတ်၊ ဘွဲ့တံဆိပ်ဆက်ကပ်ပွဲနှင့် ချီးကျူးပူဇော်ပွဲအခမ်းအနားကို ၁၃၈၀ ပြည့်နှစ် နယုန်လဆန်း ၄ ရက် (မေလ ၁၈ ရက်) (သောကြာနေ့) နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ကျင်းပမည်ဖြစ်၍ စာအောင်သာသနာ့အာဇာနည် အရှင်မြတ်များသည် မေ ၁၇ ရက် ညနေ ၃ နာရီတွင် ရန်ကုန်မြို့သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဇမ္ဗူဒီပကျောင်းဆောင်နှင့် ဥတ္တရကုရုကျောင်းဆောင်သို့ ကြွရောက်တော်မူပါရန် ပင့်လျှောက်ထားကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ အခမ်းအနားသို့ ကြွရောက်တော်မူကြမည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်များ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်များ၊ စာထောက်စာမ ဆရာတော်များ၊ ပုစ္ဆကဆရာတော်များ၊ ပင့်သံဃာများနှင့် ယခုနှစ်တွင် ပြန်ဆို၊ ရေးဖြေ အောင်မြင်တော်မူကြသော တိပိဋကဓရ တစ်ပါး၊ မူလအာဘိဓမ္မိက နှစ်ပါး၊ ဒီဃနိကာယကောဝိဒ တစ်ပါး၊ ဒီဃဘာဏက ခြောက်ပါး၊ ဝိနယကောဝိဒ လေးပါး၊ ဝိနယဓရ ၁၃ ပါး၊ ဥဘတောဝိဘင်္ဂကောဝိဒ ၁၀ ပါး၊ ဥဘတောဝိဘင်္ဂဓရ ၅၁ ပါး စုစုပေါင်း သာသနာ့အာဇာနည် စာအောင်သံဃာ ၈၈ ပါး အပါအဝင် သံဃာတော် ၂၅၉ ပါးတို့အား လှူဖွယ်ဝတ္ထုပစ္စည်းများဖြင့် ချီးကျူးပူဇော် ဆက်ကပ်လှူဒါန်းမည်ဖြစ်ပါသဖြင့် ကြွရောက်ကြည်ညိုကြရန်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ကြိုတင်၍ သာသနာရေးဦးစီးဌာန စာမေးပွဲဌာနခွဲ ဖုန်း ၀၁-၆၆၄၅၇၇၊ ၀၉-၂၆၄၃၆၅၄၅ နှင့် ၀၉-၂၆၁၀၉၀၂၄၄ တို့ကို ဆက်သွယ်၍ ကြိုတင်လှူဒါန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရှမ်းနှင့် ကယား ဆက်သွယ်သည့် အောင်ပန်း-ပင်လောင်း-မိုးဗြဲ-လွိုင်ကော်ကားလမ်း ပြုပြင်



**တောင်ကြီး မေ ၂၆**

အောင်ပန်း-ပင်လောင်း-မိုးဗြဲ-လွိုင်ကော်ကားလမ်းသည် မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်ကားလမ်း မိုင်တိုင်အမှတ် ၇၆/၀ မှ ညာဘက်သို့ ခွဲထွက်သော လမ်းဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များအချင်းချင်း ဆက်သွယ်သော လမ်းဖြစ်သည်။ အထူးသဖြင့် ရှမ်းပြည်နယ်တောင်ပိုင်းနှင့် ကယားပြည်နယ်ကို ဆက်သွယ်ထားသည့် အဓိကလမ်းလည်း ဖြစ်သည်။

မိုင်အားဖြင့် ၄၄ မိုင်ရှိပြီး မိုင်တိုင်အမှတ် ၀/၀ မှ မိုင်တိုင်အမှတ် ၁၅/၀ မိုင်အထိ ကလောမြို့နယ် လမ်းဦးစီးဌာနမှ လည်းကောင်း၊ မိုင်အမှတ်၁၅/၀ မှ မိုင်အမှတ် ၃၂/၀ အထိ နောင်တရားမြို့နယ် လမ်းဦးစီးဌာနမှလည်းကောင်း၊ မိုင်တိုင်အမှတ် ၃၂/၀ မှ မိုင်တိုင်အမှတ် ၄၄/၀ မိုင်အထိ ပင်လောင်းမြို့နယ် လမ်းဦးစီးဌာနတို့မှ လည်းကောင်း တာဝန်ယူ ထိန်းသိမ်းပြုပြင်လျက်ရှိသည်။

အဆိုပါ ကားလမ်းကို ကလော၊ နောင်တရား၊ ပင်လောင်းမြို့နယ် လမ်းဦးစီးဌာနတို့သည် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှစ၍ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်များအတွင်း ပြည်ထောင်စု ငွေလုံးငွေရင်းရန်ပုံငွေ ၁၈၄၅ သန်း၊ ပြင်ထိန်းရန်ပုံငွေ ၂၄၉၉ ဒသမ ၂၁၀၀ သန်း၊ ပြည်နယ်ရန်ပုံငွေ ၅၄၀၉ ဒသမ ၁၆၆၅ သန်း သုံးစွဲ၍ ကတ္တရာခင်းခြင်း၊ လမ်းချဲ့ခြင်း၊ လမ်းတာပေါင်ထိပ်အကျယ်ချဲ့ခြင်း၊ တာပေါင်မြှင့်ခြင်း၊ လမ်းပေါ်ရှိ တံတားများကို သံကူကွန်ကရစ်တံတားအဖြစ် ပြုပြင်တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလမ်း ဖြတ်သန်းဖောက်လုပ်ထားသော မြို့နယ်ကျေးရွာများမှာ အောင်ပန်းမြို့နယ် မာတင်ချော်လဲလမ်းဆုံမှစခဲ့ပြီး နန်းအွန်ရွာ၊ မြင်းမထိရွာ၊ လမိုင်ရွာ၊ တောင်ပဲ့ရွာ၊ ဘော်နင်းကုန်းရွာ၊ ရွာသစ်ရွာ၊ နန်းတိုင်ရွာ၊ ပတ်တလည်ရွာ၊ ဆည်ခေါင်းရွာ၊ တီကျစ်ရွာ၊ ဘုရားမဲရွာ၊ သံတဲရွာ၊ နောင်တရားမြို့၊ တပိုင်မိုရွာ၊ တကူးမို့ရွာ၊ ရေဦးရွာ၊ ထီယွန်းရွာ၊ သစ်ပင်ကြီးရွာ၊ ကဒွတ်ကုန်းရွာ၊ ဆောင်းသီးမြို့၊ လွယ်ပြားရွာ၊ ပင်လောင်းမြို့၊ ယင်းမိုရွာ စသည်ဖြင့် မြို့နယ်ပေါင်း လေးမြို့နယ်နှင့် ကျေးရွာပေါင်း ၂၂ ရွာတို့ကို ဖြတ်သန်းဖောက်လုပ်ထားသော ပြည်ထောင်စုအစိုးရ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ စီမံခန့်ခွဲလျက်ရှိသော တောင်ပေါ်ကားလမ်းမကြီး ဖြစ်သည်။

**ခရမ်းစိုးမြင့်**







## သူ၊ ကျွန်တော်နှင့် မြန်မာနိုင်ငံ့အရေး

၂၀၁၈ ခုနှစ် ဧပြီလအတွင်း သူရဦးရွှေမန်း ရေးသားပြုစုသော သူ၊ ကျွန်တော်နှင့် မြန်မာနိုင်ငံ့အရေး စာအုပ် ထွက်ရှိလာသည်။ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ရင်ကြားစေ့ရေးအတွက် လုပ်ဆောင်မှုများ၊ နှစ်ပွင့်ဆိုင်၊ သုံးပွင့်ဆိုင်၊ လေးပွင့်ဆိုင်၊ ခြောက်ပွင့်ဆိုင်တွေ့ဆုံမှုများ သတင်းမီဒီယာများနှင့် ပူးတွဲတွေ့ဆုံမှုများ၊ နိုင်ငံသားများ အဓိကစောင့်ထိန်းရမည့် သစ္စာတရား စသည့်အကြောင်းအရာများကို စိတ်ဝင်စားဖွယ် ဖော်ပြထားသည်။ ထို့ပြင် ရွေးကောက်ပွဲအကြိုကာလဖြစ်စဉ်များ၊ ရွေးကောက်ပွဲပြီးနောက်ဖြစ်ရပ်များ၊ ပြည်ပသတင်းဌာနများ၏ မေးမြန်းမှုအပေါ် ဖြေကြားချက်များ စသည်တို့ကိုပါ ဖော်ပြထားသည်။ မျက်မှောက် မြန်မာ့နိုင်ငံရေးကို ထင်ဟပ်စေသည့်အပြင် သင်ခန်းစာယူဖွယ်ရာများ ပါရှိသော စာအုပ်ကောင်းတစ်အုပ်လည်းဖြစ်ရာ နိုင်ငံရေးစိတ်ပါဝင်စားသူများ ဝယ်ယူစုဆောင်းသင့်သော စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။ တန်ဖိုးမှာ ငွေကျပ် ၂၀၀၀ ဖြစ်ပြီး Myanmar Heritage Publication မှ ဖြန့်ချိခြင်းဖြစ်သည်။

## သရေခေတ္တရာမှသည် ပုဂံသို့




စာရေးဆရာ မောင်သာ (ရှေးဟောင်းသုတေသန) ရေးသားပြုစုသည့် သရေခေတ္တရာမှသည် ပုဂံသို့ စာအုပ် ထွက်ရှိလာသည်။ မြန်မာ့အလင်းသတင်းစာနှင့် အခြားသော သတင်းစာ၊ မဂ္ဂဇင်းတို့တွင် ဖော်ပြထားသော ရှေးဟောင်းသုတေသန၊ သမိုင်းနှင့် ယဉ်ကျေးမှု ဆောင်းပါးများကို တစုတစည်းတည်းဖတ်ရှုရအောင် စုစည်းပေးထားသော စာအုပ်ဖြစ်သည်။ သရေခေတ္တရာနှင့် ပုဂံယဉ်ကျေးမှု ဒေသနှစ်ခုစလုံးမှ သိမှတ်ဖွယ်ရာတို့ကို ရေးသားထားသော ဆောင်းပါးများထဲမှ ၂၁ ပုဒ် စုစည်းထားသော စာအုပ်ဖြစ်သည်။

မြစေတီနှင့် ရာဇကုမာရ်ကျောက်စာ၊ ပုဂံနှင့်မနူဟာ၊ ပျူစာပါ ကျောက်အရိုးအိုးများ၊ သရေခေတ္တရာ ပျူဒင်္ဂါးများ၊ ပျူနှင့်ပုဂံသမိုင်းကွင်းဆက် စသည့် သမိုင်းမှတ်သားဖွယ်ရာများ ဖော်ပြထားသည့် ဆောင်းပါးများကို ဖတ်ရှုနိုင်သည်။ မြန်မာ့သမိုင်းကို စိတ်ဝင်စားသူများနှင့် ဗဟုသုတရှာမှီးလိုသူများ လက်မလွတ်တမ်း ဝယ်ယူဖတ်ရှုသင့်သော စာအုပ်ကောင်းတစ်အုပ် ဖြစ်သည်။




## အိမ်ထောင်ရေးနှင့် အခြားဆောင်းပါးများ စုစည်းမှု

စာရေးဆရာအောင်အောင် (IR) ရေးသားသော အိမ်ထောင်ရေးနှင့် အခြားဆောင်းပါးများ စုစည်းမှု စာအုပ် ထွက်ရှိလာသည်။ ပညာရေး၊ လူမှုရေးနှင့် နိုင်ငံရေး ခေါင်းစဉ်များအောက်တွင် ဆက်စပ်ရာ ဆောင်းပါးများကို တစုတစည်းတည်း ဖော်ပြထားသည့်အတွက် စာဖတ်သူတို့ မိမိနှစ်သက်ရာ အကြောင်းအရာများကို လွယ်လင့်တကူ ဖတ်ရှုနိုင်သည်။ ပညာရေးခေါင်းစဉ်အောက်တွင် လူငယ်နှင့် အလုပ်အကိုင်၊ ပညာရေးနှင့် ပြိုင်ဆိုင်မှု အစရှိသည့် လူငယ်များအတွက် အကျိုးများစေမည့် အကြောင်းအရာများ၊ လူမှုရေးခေါင်းစဉ်အောက်တွင် အိမ်ထောင်ရေး၊ ပန်းပျိုးလက်၊ ချမ်းသာနည်း၊ ဖေ့စ်ဘုတ်ရှင်းတမ်း စသဖြင့် လူမှုရေးဆိုင်ရာအဖြာဖြာများ ဖော်ပြထားသည်။ ကောင်းဆုသာစာပေမှ ဖြန့်ချိခြင်းဖြစ်ပြီး တန်ဖိုးမှာ ငွေကျပ် ၅၀၀၀ ဖြစ်သည်။

## ကမ္ဘာ့နိုင်ငံ ၁၁၇ နိုင်ငံ၏ စကားပုံများ




ကမ္ဘာ့နိုင်ငံအသီးသီးမှ စကားပုံများကို စုစည်းဖော်ပြထားသော စာအုပ် ထွက်ရှိကြောင်း သိရသည်။ ဦးသိန်းအောင် (နိုင်ငံခြားငွေ) စုစည်းရေးသားဖော်ပြထားသော စာအုပ်ဖြစ်ပြီး စကားပုံများ စုစည်းဖော်ပြရာတွင် တစ်နိုင်ငံချင်းစီအလိုက် ယေဘုယျ သိရှိရမည့် အချက်များကို ဦးစွာဖော်ပြပြီးမှ စကားပုံများကို ဖော်ပြထားသည်။

မြန်မာလိုနှင့် အင်္ဂလိပ်လို တွဲ၍ ရေးသားထားသည့်အတွက် အင်္ဂလိပ်စာ လေ့လာလိုသူများအတွက်ပါ အဆင်ပြေသည်။ စကားပုံ လေ့လာစုဆောင်းလိုသူများအတွက်လည်း စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။ တန်ဖိုးမှာ ငွေကျပ် ၁၂၀၀၀ ဖြစ်သည်။

# ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၇-၁၈ ဘဏ္ဍာရေးနှစ်အတွင်း စီမံကိန်းများအကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုနှင့် ၂၀၁၈-၁၉ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ရန်လျာထားသည့် စီမံကိန်းရည်မှန်းချက်အဆိုပြုချက်များ ညှိနှိုင်းစည်းဝေး



**စစ်တွေ မေ ၂၆**

ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုနှင့်ပတ်သက်၍ အားသာချက်၊ အားနည်းချက်များကို သုံးသပ်ဆွေးနွေးခြင်းနှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ပြည်နယ်၊ ခရိုင်၊ မြို့နယ်အလိုက် ဆောင်ရွက်ရန်လျာထားသည့် စီမံကိန်းရည်မှန်းချက်အဆိုပြုချက်များ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ပြည်နယ်၏ဒေသန္တရနှစ်စဉ်စီမံကိန်းကို ချမှတ်အကောင်အထည်ဖော်ရာတွင် နိုင်ငံတော်၏ စီးပွားရေးမူဝါဒ မျှော်မှန်းချက်များ၊ နိုင်ငံတော်၏ ရည်မှန်းချက်များ၊ နိုင်ငံတော်၏ စီးပွားရေးမူဝါဒ ၁၂ ရပ်နှင့်အညီ ရခိုင်ပြည်နယ်အစိုးရ၏ မူဝါဒရည်မှန်းချက်များ ချမှတ်ကာ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ် ရခိုင်ပြည်နယ် ဒေသန္တရစီမံကိန်းရည်မှန်းချက်တွင် ပြည်နယ်၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းအရ ငွေကျပ် ၃၉၈၇၃၇၀ ဒသမ ၂ သန်း အကောင်အထည်ဖော်ရန်နှင့် ပုံမှန်ဈေးနှုန်းအရ ၄ ဒသမ ၁ ရာခိုင်နှုန်း တိုးတက်ရန်ရည်မှန်းခဲ့ရာ အကောင်အထည်ဖော်နိုင်မှု နှစ်အလိုက်ဈေးနှုန်းအရငွေကျပ် ၃၆၉၉၈၄၄ ဒသမ ၇ သန်း ရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၉၂ ဒသမ ၅ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး ပုံမှန်ဈေးနှုန်းအရ ယခင်နှစ်အပေါ် ၁ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း၊ စီမံကိန်းရည်မှန်းချက် လုပ်ငန်းများ အကောင်အထည်ဖော်မှုတွင် အားသာချက်များကို ဆက်လက်သယ်ပိုးပြီး အားနည်းချက်များကို ပြန်လည်သုံးသပ်၍ လာမည့်နှစ်ခြောက်လစီမံကိန်းနှင့် ဒေသန္တရစီမံကိန်းများရေးဆွဲအကောင်အထည်ဖော်ရာတွင် လက်တွေ့အသုံးချ ဆောင်ရွက်သွားကြရန် အလေးအနက် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဦးစီးမှူးများက ဘဏ္ဍာနှစ်အလိုက် လုပ်ငန်းအကောင်ထည်ဖော်ဆောင်ရွက်ရာတွင် အားသာချက်၊ အားနည်းချက်များနှင့် ဆက်လက်ဆောင်ရွက်ရန် လျာထားချက်များကိုလည်းကောင်း၊ ခရိုင်နှင့်မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများက စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

တင်ပြဆွေးနွေးချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ပေါင်းစပ်ညှိနှိုင်းဆွေးနွေးကြသည်။

အဆိုပါအခမ်းအနားသို့ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဥပဒေချုပ်၊ ဌာနဆိုင်ရာများ၊ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ တက်ရောက်ကြကြောင်း သိရသည်။

**တင်ထွန်း(မြန်/ဆက်)**

# UEHRD စေတနာ့ဝန်ထမ်း လူငယ်များအဖွဲ့ ဆင္ဒမအသုတ် စစ်တွေမြို့သို့ရောက်ရှိ



**စစ်တွေ မေ ၂၆**

ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေး ပြည်ထောင်စုစီမံကိန်း (UEH-RD)၏ လုပ်ငန်းစဉ်များအနက် လူသားချင်းစာနာထောက်ထားမှု အကူအညီများ ထိထိရောက်ရောက်ဆောင်ရွက်နိုင်ရေးအတွက် မြန်မာတစ်နိုင်ငံလုံးမှ စေတနာ့ဝန်ထမ်းလူငယ်များသည် ဆဋ္ဌမအသုတ်အဖြစ် ယနေ့ နံနက် ၈ နာရီခွဲတွင် မော်တော်ယာဉ်ဖြင့် စစ်တွေမြို့သို့ ရောက်ရှိလာကြရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ဆဋ္ဌမအသုတ် စေတနာ့ဝန်ထမ်းလူငယ်များအဖွဲ့တွင် အမျိုးသား ၁၉ ဦး၊ အမျိုးသမီး ၁၅ ဦး စုစုပေါင်း ၃၄ ဦး ပါဝင်ကြောင်း သိရသည်။

**ကွင်းဆင်းဆောင်ရွက်သွားမည်**

အဆိုပါ စေတနာ့ဝန်ထမ်း လူငယ်အဖွဲ့သည် မေ ၂၇ရက် နံနက်ပိုင်းတွင် စစ်တွေမြို့မှ မောင်တောမြို့နယ်သို့ သွားရောက်ကြမည်ဖြစ်ပြီး မောင်တောမြို့နယ်ရှိ ကျေးရွာများ၌ နေထိုင်သူများအား အခြေခံစားရေရိက္ခာများ ထောက်ပံ့ခြင်း၊ စာရင်းဇယားကောက်ယူခြင်းများအား မြေပြင်ကွင်းဆင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ရန် စေတနာ့ဝန်ထမ်းလူငယ် အစီအစဉ်ကို ၂၀၁၇ ခုနှစ် နိုဝင်ဘာလတွင် စတင်ခဲ့ပြီး ပဥ္စမအကြိမ်မြောက်အထိ စေတနာ့ဝန်ထမ်းလူငယ် စုစုပေါင်း ၂၇၄ ဦးတို့က အကျိုးခံစားခွင့်ရှိ အိမ်ထောင်စု ၉၇၂၀၊ လူဦးရေ ၅၆၀၂၀ အား ဆန်အိတ် ၁၅၆၂၅ အိတ်၊ ဆီ ၄၆၉၁၀ လီတာ၊ ဆား ၅၆၅၄ ပိဿာ၊ ပဲ ၂၄၈၇၃ ပိဿာ၊ ကြက်သွန် ၁၁၅၇၈ ပိဿာ၊ အာလူး ၅၇၆၉၁ ပိဿာ၊ ငါးသေတ္တာ ၁၅၀၈၃၄ ဘူး၊ နို့မှုန့် ၂၄၆၅ ပါကင်တို့ကို လက်ရောက်ပေးအပ်ဆောင်ရွက်ခဲ့ပြီး ဖြစ်ကြောင်း သိရှိရသည်။

**မျိုးမြင့်၊ ဟန်လင်းနိုင်**
**ဓာတ်ပုံ-နိုင်လင်း**

# ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ထိန်ပင်အမှိုက်ပုံမီးလောင်ကျွမ်းမှုအပေါ် ကျန်းမာရေးကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်

**နေပြည်တော် မေ ၂၆**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်ရှိထိန်ပင်အမှိုက်ပုံမီးလောင်ကျွမ်းမှုဖြစ်စဉ်နှင့် ပတ်သက်၍ ကျန်းမာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများနှင့် ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။



အမှိုက်ပုံမီးစတင် လောင်ကျွမ်းသည်မှ မီးခိုးမွှန်ခြင်းနှင့် ဆက်စပ်ရောဂါများဖြင့် လှိုင်သာယာပြည်သူ့ဆေးရုံကြီးတွင် အတွင်းလူနာအဖြစ် တက်ရောက်၍ ဆေးဝါးကုသမှုခံယူသူလူနာ မေ ၂၄ ရက်တွင် ၁၃ ဦး၊ ၂၅ ရက်တွင် နှစ်ဦးနှင့် ၂၆ ရက်တွင်လေးဦး စုစုပေါင်း ၁၉ ဦးနှင့် ပြင်ပလူနာအဖြစ် မေ ၂၄ ရက်တွင် သုံးဦး၊ ၂၅ ရက်တွင် ၁၁ ဦးနှင့် ၂၆ ရက်တွင် ငါးဦး စုစုပေါင်း ၁၉ ဦး ရှိခဲ့ရာ အတွင်းလူနာများအနက် တစ်ဦးမှာ အဆုတ်ရောဂါအခံရှိသူ ဖြစ်သဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ မေ ၂၄ ရက်တွင် လွှဲပြောင်းကုသမှုပေးခဲ့သည်။

ထို့အပြင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ပြင်ပလူနာဌာနသို့ မေ ၂၄ ရက်တွင် လှိုင်သာယာမြို့နယ်၌ နေထိုင်သူ တစ်ဦး မီးခိုးမွှန်ခြင်းနှင့် ဆက်စပ်ရောဂါဖြင့် လာရောက်ပြသခဲ့သည်။ ဆေးရုံတက်ရောက် ကုသမှုခံယူသူများမှ ရောဂါသက်သာ ကောင်းမွန်သဖြင့် မေ ၂၄ ရက်တွင် လူနာသုံးဦး၊ ၂၅ ရက်တွင် လူနာတစ်ဦး ဆေးရုံမှဆင်းခွင့်ပြုခဲ့ပြီး ကျန်ရှိသော အတွင်းလူနာ ၁၄ ဦး၏ ကျန်းမာရေး အခြေအနေမှာလည်း သက်သာကောင်းမွန်လျက်ရှိကြောင်း သိရသည်။

လှိုင်သာယာမြို့နယ်တွင် အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှု ယာယီဆေးခန်းခြောက်ခုကို ၂၄နာရီ ဖွင့်လှစ်ထားရှိကာ အဆိုပါဆေးခန်းများ၌ ဆေးနှင့်ဆေးပစ္စည်းများ၊ အောက်ဆီဂျင်အိုးငါးလုံးစီနှင့် လူနာများ လွှဲပြောင်းကုသမှုပေးနိုင်ရန် လူနာတင်ယာဉ်များကိုလည်း အသင့်ထားရှိပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ပရဟိတအသင်းများနှင့် ချိတ်ဆက်၍ အောက်ဆီဂျင်အိုးများ ပြတ်လပ်မှုမရှိစေရန်နှင့် လူနာလွှဲပြောင်းကုသမှု ပိုမိုအဆင်ပြေချောမွေ့စေရန် ဆောင်ရွက်လျက်ရှိသည်။

ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ လုပ်ငန်းခွင်နှင့် ပတ်ဝန်းကျင်ကျန်းမာရေးဌာနခွဲမှ လေထုအရည်အသွေးတိုင်းတာစစ်ဆေးခြင်းလုပ်ငန်းများကို လှိုင်သာယာမြို့နယ် (၂၀) ရပ်ကွက်တွင် မေ ၂၄ ရက်မှလည်းကောင်း၊ (၆)ရပ်ကွက်တွင် မေ ၂၆ ရက်မှလည်းကောင်း စတင်ဆောင်ရွက်လျက်ရှိသည်။

ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ကုသရေးဦးစီးဌာနတို့မှ ဗဟိုကွင်းဆင်းအဖွဲ့ဝင်များသည် မေ ၂၆ ရက်တွင် ယခင်ရောက်ရှိလျက်ရှိသော ကွင်းဆင်းအဖွဲ့များ၊ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့်ပူးပေါင်းကာ အဖွဲ့ငယ်သုံးဖွဲ့ခွဲ၍ လှိုင်သာယာမြို့နယ် (၆)ရပ်ကွက်၊ (၂၀) ရပ်ကွက်နှင့် အတွင်းပဒံကျေးရွာအုပ်စု မြစိမ်းရောင်ကွင်းပြင်အနီးရှိ မီးငြိမ်းသတ်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ နေရာတို့သို့ သွားရောက်အားဖြည့်ဆောင်ရွက်ခဲ့သည်။

ကွင်းဆင်းအဖွဲ့သည် ယာယီဆေးခန်းဖွင့်လှစ်၍ မီးငြိမ်းသတ်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် မီးသတ်တပ်ဖွဲ့ဝင်များအား အနီးကပ်ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသည်။

မီးခိုးငွေ့ ဘေးအန္တရာယ်ဆိုင်ရာ ကျန်းမာရေးအသိပညာပေးခြင်း လုပ်ငန်းများကို အများပြည်သူ လူထုမြင်သာရာနေရာများတွင် ဗီနိုင်းဆိုင်းဘုတ်များ တပ်ဆင်၍ လည်းကောင်း၊ သတိပြုလိုက်နာရမည့်အချက်များကို ဆွေးနွေးဟောပြောပွဲများပြုလုပ်၍ လည်းကောင်း၊ သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပူးပေါင်းပြီး အသံချဲ့စက်များ အသုံးပြုနှိုးဆော်၍ လည်းကောင်း ဆောင်ရွက်လျက်ရှိသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် မီးခိုးမွှန်ခြင်းနှင့် ဆက်စပ်ရောဂါများ ဖြစ်ပွားမှုများကို အနီးကပ်စောင့်ကြပ်ကြည့်ရှု၍ အဆင့်ဆင့်ကြီးကြပ်ဆောင်ရွက်လျက်ရှိပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့၊ နီးနွယ်ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ထိန်ပင်အမှိုက်ပုံမီး မြန်ဆန်စွာငြိမ်းသတ်နိုင်ရန် ထိုင်းနိုင်ငံနှင့် ချိတ်ဆက်ဆောင်ရွက်နေ



**ရန်ကုန် ဧပြီ ၂၆**
ရန်ကုန်မြို့ရှိလှိုင်သာယာမြို့နယ် ထိန်ပင်အမှိုက်ပုံမီးလောင်မှုကြောင့် မီးခိုးများပျံ့လွင့်နေသည်မှာ ခြောက်ရက်မြောက်ရှိပြီဖြစ်ရာ မီးလုံးဝငြိမ်းသတ်နိုင်ရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်က အနီးကပ်ဆောင်ရွက်လျက်ရှိပြီး ဧပြီ ၂၆ ရက် နေ့လယ်ပိုင်းက လှိုင်သာယာမြို့နယ်ရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ မီးခိုးငွေ့အနီးဝန်းကျင်ရှိ ပြည်သူများနှင့်ဆေးရုံတက်ရောက်ကုသနေသော ပြည်သူတို့ကိုတွေ့ဆုံကာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဆောင်ရွက်နေမှုကိုတွေ့ဆုံပြောကြားခဲ့ကြောင်း သိရသည်။

လှိုင်သာယာမြို့နယ်ပြည်သူ့ဆေးရုံကြီးတွင် ဌာနဆိုင်ရာဝန်ထမ်းများနှင့်တွေ့ဆုံရာ၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က “မီးငြိမ်းအောင် အမြန်ဆုံးဆောင်ရွက်နေပါတယ်၊ ဂါလန် ၁၀၀၀ ရှိတဲ့ ဆေးရည်ကို ထိုင်းနိုင်ငံနဲ့ ချိတ်ဆက်ဆောင်ရွက်ထားတာမနက်ဖြန်ဆိုရောက်ပါပြီ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့က အကြောင်းကြားထားတာက ဂါလန် ၅၀၀၀ ဆိုတော့ ဂါလန် ၆၀၀၀ ဖြစ်တဲ့အတွက် လုံလုံလောက်လောက်နဲ့ ငြိမ်းသတ်နိုင်ပါပြီ၊ ယာဉ်ပျံသန်းမှုခွင့်ပြုပြီဆိုရင် ကျွန်တော်တို့ပညာရှင်တွေ ယာဉ်နဲ့လိုက်ပါပြီး ဖျန်းလို့ရပါပြီ၊ ဒီအစီအစဉ်တွေကို ကာကွယ်ရေးပိုင်းဆိုင်ရာ၊ လုံခြုံရေးပိုင်းဆိုင်ရာနဲ့ ပြည်ထောင်စုနဲ့ပေါင်းစပ်ညှိနှိုင်းမှ အဆင်ပြေနိုင်မှာပါ၊ တိုင်းဒေသကြီးအဆင့်နဲ့ ဆောင်ရွက်တာဟာ လက်လှမ်းမမီတဲ့ အကြောင်းတရားတွေလည်း ရှိပါတယ်၊ ယနေ့ညအစည်းအဝေးမှာ ဆုံးဖြတ်လို့ရမှာပါ၊ မြန်မာနိုင်ငံရဲ့တပ်ဖွဲ့ကလည်း ရေသယ်ယာဉ်နဲ့ ငြိမ်းသတ်နေတာကြောင့် အဆင့်တစ်ဆင့် ပိုပြီးထိရောက်မယ်လို့ ယူဆပါတယ်၊ အရပ်ဘက်အဖွဲ့အစည်း၊ တပ်မတော်၊ ရဲတပ်ဖွဲ့နဲ့ဌာနဆိုင်ရာ တွေ အားလုံးပူးပေါင်းဆောင်ရွက်လုပ်ဆောင်နေပါတယ်၊ အခုဖြစ်စဉ်က သဘာဝဘေးအန္တရာယ်မဟုတ်တဲ့အတွက် လိုအပ်တဲ့ ဝန်ကြီးဌာနတွေနဲ့ ပေါင်းစပ်လုပ်ကိုင်သွားမှာပါ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဆောင်ရွက်နေမှုကိုဌာနဆိုင်ရာများ ပွင့်လင်းမြင်သာစွာသိရှိအောင် ရှင်းလင်းပြောကြားခြင်းလည်း ဖြစ်ပါတယ်”ဟု ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးဖြိုးမင်းသိန်းက ပြောသည်။

ထို့နောက် ယနေ့နံနက်ပိုင်းက အမှိုက်ပုံတွင် မီးငြိမ်းသတ်နေသော လှည်းကူးမြို့နယ် မီးသတ်စခန်းမှ ဝဲဘက်ခြေဖဝါး ထိခိုက်ဒဏ်ရာရရှိ၍ ဆေးရုံတက်ကုသနေသော မီးသတ်တပ်ဖွဲ့ဝင်တစ်ဦး(ဒုတကအောင်ဖြိုးဝေ)နှင့် မီးခိုးငွေ့ရှူရှိုက်မှုကြောင့် ဆေးရုံတက်ရောက်ကုသနေသောလူနာ၂၂ဦးကို ကြည့်ရှုအားပေးပြီး ဆက်လက်ထွက်ခွာရာအမှတ်(၂၀) ရပ်ကွက်ရှိ ရန်ကုန်တိုင်းစစ်ဌာနချုပ်တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့မှ ဆေးကုသပေးလျက်ရှိသောလူနာတို့ကို ကြည့်ရှုအားပေးသည်။ ဆက်လက်၍ လှိုင်သာယာမြို့နယ် အမှတ်(၁၂)၊ (၁၈)၊ (၂၀) နှင့်ကျုံစုရွာမှပြည်သူတို့အား အမှတ်(၇)မူလတန်းကျောင်းတွင် တွေ့ဆုံ၍ အမှိုက်ပုံမီးမြန်ဆန်စွာငြိမ်းသတ်နိုင်ရန်ဆောင်ရွက်နေမှုနှင့် လိုအပ်ပါက ရပ်ကွက်၊ ကျေးရွာနေပြည်သူများ ပြောင်းရွှေ့နေထိုင်နိုင်ရန် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်း ပြောကြားသည်။

ရန်ကုန်မြို့ရှိအမှိုက်ပုံများအတွက် ယခုဖြစ်စဉ်သည် သတိပြုဆင်ခြင်ဖွယ်ရာဖြစ်ကြောင်းနှင့် ပြင်ဆင်ဆောင်ရွက်ရမည့် အချက်များနှင့် ပတ်သက်၍ လှိုင်သာယာမြို့နယ် NLD အလုပ်အမှုဆောင်တစ်ဦးဖြစ်သူက “အမှိုက်စွန့်ပစ်တဲ့ စနစ် အပြောင်းအလဲတစ်ခုလုပ်သင့်ပြီလို့ ပြလိုက်တာပါပဲ၊ ဘာဖြစ်လို့လဲဆိုတော့ ရန်ကုန်မှာရှိခဲ့တဲ့ ပုဇွန်တောင်၊ အလုံအမှိုက်ပုံဆိုတာ ဟိုတုန်းကအင်ဖက်ခေတ်လေ၊ အခုခေတ်ကပလတ်စတစ်ခေတ်ဖြစ်တဲ့အပြင် စက်မှုဇုန်တွေကစွန့်ပစ်တဲ့ ဓာတုစွန့်ပစ်ပစ္စည်းတွေ ဓာတ်ပြုပြီး ဆိုးရွားတဲ့အနံ့ထွက်တယ်ဆိုတာ အဲ့ဒါပါ၊ အမှိုက်ပုံမြောင်းတွေကိုတူးလိုက်တော့ အနှစ် ၂၀ ကျော် သိုလှောင်ထားတဲ့အနံ့တွေ ထွက်လာတာလည်း ပါပါတယ်၊ အမှိုက်စွန့်ပစ်တဲ့စနစ်ကို ပြောင်းလဲရလိမ့်မယ်လို့သုံးသပ်မိပါတယ်”ဟု ၎င်း၏အမြင်ကို ပြောကြားသည်။

လှိုင်သာယာပြည်သူ့ဆေးရုံကြီးသို့ အသက်ကယ်အောက်ဆီဂျင်ဘူးများ လာရောက်လှူဒါန်းလျက်ရှိကြပြီး ထိန်ပင်အမှိုက်ပုံတွင် တာဝန်ထမ်းဆောင်နေသူများကိုလည်း အလှူရှင်များက သောက်ရေနှင့် စားသောက်ဖွယ်ရာများကို လာရောက်လှူဒါန်းနေကြဆဲဖြစ်ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထိန်ပင်အမှိုက်ပုံမီးလောင်ရာမှထွက်ပေါ်လာသောမီးခိုးငွေ့တို့ကြောင့် လှိုင်သာယာမြို့နယ်ရှိပြည်သူများနှင့် ဆက်စပ်မြို့နယ်များမှ ပြည်သူများ၊ ရန်ကုန်မြို့တွင်းရှိပြည်သူများ မီးခိုးငွေ့များ ရှူရှိုက်မှုကင်းဝေးစေရန်၊ အမှိုက်ပုံမီးလောင်မှုများ အမြန်ဆုံးငြိမ်းသတ်နိုင်ရန်၊ ထိုင်းနိုင်ငံမှ မီးသတ်ဆေးရည်တစ်မျိုးဖြင့် ဝေဟင်မှဖျန်းနိုင်ရန် ယနေ့ည ၈ နာရီကျော်အစည်းအဝေးတွင် သိရှိရမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က လှိုင်သာယာမြို့နယ်ဌာနဆိုင်ရာများနှင့် တွေ့ဆုံပွဲတွင်ပြောကြားခဲ့ကြောင်း သိရသည်။

**သန်းထိုက်(လှိုင်သာယာ)၊ဓာတ်ပုံ-သန်းစိုး**

## မီးခိုးငွေ့နှင့် ကာဗွန်မိုနောက်ဆိုဒ်(CO) ဓာတ်ငွေ့အန္တရာယ် ကျန်းမာရေးသတိပေး နှိုးဆော်ချက်

**မီးခိုးငွေ့ကြောင့် ဖြစ်ပေါ်နိုင်သောသာမန်ကျန်းမာရေး ပြဿနာများ**

၁။ ချောင်းဆိုးခြင်း၊
၂။ လည်ချောင်းယားယံခြင်း၊
၃။ မျက်စိစပ်ခြင်းနှင့် မျက်ရည်ယိုခြင်း၊
၄။ နှာစေးခြင်း၊
၅။ ခေါင်းကိုက်ခြင်း။

**မီးခိုးငွေ့ကြောင့် ဖြစ်ပေါ်နိုင်သောပြင်းထန်ကျန်းမာရေး ပြဿနာများ**

၁။ အသက်ရှူမြန်ခြင်း၊
၂။ ရင်ဘတ်အောင့်ခြင်း၊
၃။ နှလုံးရောဂါ၊ အသက်ရှူလမ်းကြောင်းရောဂါနှင့် ရင်ကျပ်ပန်းနာရောဂါ ပိုမို ဆိုးရွားစေခြင်း၊
၄။ အသက်ရှူကျပ်ခြင်း၊
၅။ ချောင်းဆိုးခြင်း၊
၆။ ပန်းနာရင်ကျပ်ထလျှင် မြည်သော ရှီရှီသံများထွက်ခြင်း။

**ကာဗွန်မိုနောက်ဆိုဒ်(CO) ဓာတ်ငွေ့ကြောင့်ဖြစ်နိုင်သော ကျန်းမာရေးပြဿနာများ**

၁။ ခေါင်းကိုက်ခြင်း၊
၂။ ဇက်ကြောတက်ခြင်း၊
၃။ အားနည်းခြင်း၊
၄။ အန်ခြင်း၊
၅။ ရင်ဘတ်အောင့်ခြင်း၊
၆။ စိတ်ရှုပ်ထွေးခြင်း။

**(ကာဗွန်မိုနောက်ဆိုဒ် ဓာတ်ငွေ့အမြောက်အမြား ရှူမိပါက အသက်သေဆုံးသည်အထိ ဖြစ်စေနိုင်ပါသည်)**

**ထိခိုက်ခံစားလွယ်သောအုပ်စုများ**

၁။ နှလုံး၊ အသက်ရှူလမ်းကြောင်းနှင့် အဆုတ်ရောဂါအခံရှိသူများ၊
၂။ သက်ကြီးရွယ်အိုများ၊
၃။ ကလေးသူငယ်များ၊
၄။ ကိုယ်ဝန်ဆောင်မိခင်များ။

**(ထိခိုက်ခံစားလွယ်သောအုပ်စုများတွင် ပြင်းထန်သောရောဂါလက္ခဏာများ ဖြစ်ပေါ်နိုင်ပါသည်။ မီးခိုးငွေ့ပမာဏ ထူထပ်လွန်းပါက ကျန်းမာသောလူများတွင်ပင် ပြင်းထန်သောရောဂါလက္ခဏာများ ခံစားရနိုင်ပါသည်။)**

**မီးခိုးငွေ့နှင့် ကာဗွန်မိုနောက်ဆိုဒ် (CO) ဓာတ်ငွေ့အန္တရာယ်အတွက် ကျန်းမာရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရန်နည်းလမ်းများ**

၁။ အိမ်တွင်းလေထုညစ်ညမ်းမှုဖြစ်စေနိုင်သော ဖယောင်းတိုင်မီးထွန်းခြင်း၊ ခြင်ဆေးခွေထွန်းခြင်း၊ ဆေးလိပ်သောက်ခြင်း၊ ထင်းမီးသွေးမီးဖို ဖိုခြင်းများ မပြုလုပ်ပါနှင့်။
၂။ မီးခိုးငွေ့ရှိသောပတ်ဝန်းကျင်သို့ ရိုးရိုးနှာခေါင်းစည်းအပြင် ပိုမိုကောင်းမွန်သည့် N95 နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်၍သွားလျှင်ပင် အပြည့်အဝကာကွယ်မှု မရရှိနိုင်ပါ။
၃။ ကျန်းမာရေးဆိုင်ရာနှိုးဆော်ချက်များနှင့် ကျန်းမာရေးသတင်းများအား ဂရုပြုရယူလိုက်နာဆောင်ရွက်ပါ။
၄။ လည်ချောင်းစပ်ခြင်းနှင့်ချောင်းဆိုးခြင်းများ ဖြစ်ပေါ်ပါက ရေများများသောက်ပါ။
၅။ ထိခိုက်ခံစားလွယ်သော အုပ်စုများဖြစ်သည့် နှလုံး၊ အသက်ရှူလမ်းကြောင်းနှင့် အဆုတ်ရောဂါအခံရှိသူများ၊ သက်ကြီးရွယ်အိုများနှင့် ကလေးသူငယ်များတွင် အထက်ဖော်ပြပါ လက္ခဏာများဖြစ်ပွားပါက နီးစပ်ရာကျန်းမာရေးဌာနများသို့ ပြသကုသမှုခံယူပါ။
၆။ မီးခိုးလျော့ပါးသည့် နေရာများတွင် ပြင်ပမှမီးခိုးများမဝင်ရောက်စေရန် ပြတင်းပေါက်များ၊ တံခါးများပိတ်ထားပြီး မိမိအိမ်အတွင်း၌သာနေရန်နှင့် အပြင်သို့သွားလာခြင်း တတ်နိုင်သလောက် လျှော့ချပါ။
၇။ မိမိအိမ်၊ ပတ်ဝန်းကျင်တွင် မီးခိုးအလွန်ထူထပ်လာပါက သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ဆက်သွယ်၍ မီးခိုးလွတ်ကင်းရာနေရာဒေသများသို့ ခေတ္တရွှေ့ပြောင်းခိုလှုံနေထိုင်ပါ။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

## မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံယဉ်ကျေးမှု ပူးပေါင်းဖျော်ဖြေတင်ဆက်ပွဲကို မည်သူမဆိုအခမဲ့ကြည့်ရှုနိုင်

**ရန်ကုန် ဧပြီ ၂၆**
ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံတို့အကြား နှစ်နိုင်ငံယဉ်ကျေးမှု ပူးပေါင်းဖလှယ်ရေးအစီအစဉ်အရ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနမှ အနုပညာရှင်ဝန်ထမ်းများနှင့် ဗီယက်နမ်နိုင်ငံမှ အနုပညာရှင်များ ပူးပေါင်း၍ Honoring brands in cultural activities and international integration ဖျော်ဖြေပွဲကို အမျိုးသားဇာတ်ရုံ(ရန်ကုန်)၌ ၂၀၁၈ ခုနှစ်၊ ဧပြီ ၂၈ ရက် ညနေ ၆ နာရီမှ



ည ၁၀ နာရီအထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ပါကြောင်းနှင့် မည်သူမဆိုအခမဲ့ ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မန္တလေးတွင် မိုးသက်လေပြင်းကျပြီး သစ်ပင်နှင့် ဓာတ်တိုင်အချို့ပြိုလဲ

**မန္တလေး ဧပြီ ၂၆**
မန္တလေးမြို့တွင် ဧပြီ ၂၆ ရက်မွန်းလွဲ ၁၂ နာရီခွဲခန့်မှစ၍ အားကောင်းသည့် မိုးတိမ်တောင်များကြောင့် ဖြစ်ပေါ်သည့် မိုးရွာသွန်းမှုနှင့်အတူ မိုးသက်လေပြင်းများ ကျရောက်ခဲ့သည့်အပြင် မြို့တွင်းနေရာအချို့၌ မိုးသီးများကျခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီး မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနမှ သိရသည်။

မြို့အရှေ့ဘက်ပိုင်း အောင်မြေသာစံမြို့နယ်အတွင်း နေရာကွက်၍ မိုးသက်လေပြင်းတိုက်ပြီး သစ်ပင်အချို့နှင့် ဓာတ်တိုင်များလဲကျခြင်း၊ အကိုင်းအခက်များ ကျိုးခြင်းတို့အပြင် ကြော်ငြာဆိုင်းဘုတ်များလဲကျခဲ့ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း မွန်းလွဲ ၁ နာရီ၁၉ မိနစ်ခန့်က အရှေ့တောင်အရပ်မှ တစ်နာရီလျှင် ၁၀ မိုင်နှုန်းဖြင့် စတင်တိုက်ခတ်ခဲ့ပြီး မွန်းလွဲ ၁ နာရီခွဲကျော်တွင် အရှေ့တောင်အရပ်မှ တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိတိုက်ခတ်ခဲ့ကြောင်း၊ ထို့နောက်တဖြည်းဖြည်း လေတိုက်ခတ်မှုနှုန်းကျဆင်းလာရာ မွန်းလွဲ ၂ နာရီခွဲခန့်တွင် ၁၀ မိုင်မှ ၁၅ မိုင်နှုန်းကြား တိုက်ခတ်ခဲ့ကြောင်း မိုးလေဝသစခန်းမှ သိရသည်။

ပုသိမ်ကြီးမြို့နယ်အတွင်း ယနေ့မွန်းလွဲ၁ နာရီကျော်က လေပြင်းတိုက်ခတ်ခဲ့ပြီး မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် လမ်းဘေးဝဲယာသစ်ပင်များ၊ ဓာတ်တိုင်များ၊ အဆောက်အအုံများနှင့် နေအိမ်များ ပျက်စီးထိခိုက်မှုများရှိခဲ့သည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် ပုသိမ်ကြီးမြို့နယ် ဘူးကုန်းကျေးရွာတွင် လူတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ပြောကြားချက်အရ သိရသည်။

“ဧပြီ ၂၆ ရက်မှာ မန္တလေးမြို့မြောက်ဘက်ပိုင်းမှာ မိုးတိမ်တောင်တွေ ဖြစ်တာတွေ့ရတယ်၊ ၁ နာရီလောက်မှာ အားကောင်းလာပြီး နေရာကွက်ကျားမိုးရွာခဲ့တယ်၊ ဆီးသီးကင်းခန့်အရွယ် မိုးသီးတွေကျခဲ့တယ်၊ ကျောက်ဆည်၊ မြစ်ငယ်နဲ့ မန္တလေးမြို့တွင်းတချို့မှာ မိုးတိမ်တောင်ဖြစ်စဉ်တွေကြောင့် ဖြစ်တာပါ၊ စခန်းမရှိတဲ့နေရာတွေမှာ ဒီထက်ပိုတဲ့ လေတိုက်နှုန်း ရှိနိုင်တယ်၊ လွန်ခဲ့တဲ့ နှစ်နှစ်လောက်က မိုးသီးအကြီးတွေ ကျခဲ့တာရှိတယ်”ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန (အထက်မြန်မာပြည်ဌာနခွဲ) ညွှန်ကြားရေးမှူး ဦးကျော်လွင်ဦးက ပြောသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအရ တရားစွဲဆိုခံရသည့် ပြင်ဦးလွင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးတင်နိုင်စိုး ဒုတိယဦးစီးမှူး ဦးကျော်ကျော်နိုင်နှင့် အကြီးတန်းစာရေး ဦးအောင်စိုးမိုးတို့အပေါ် စီရင်ချက်အမိန့်ချမှတ်

နေပြည်တော် ဧပြီ ၂၆

**မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် လွန်ကောင်းကျေးရွာအုပ်စု မန်ကျည်းအင်းရွာသစ်အား ပြည်ထဲရေးအမည်ပေါက် သတ်မှတ်ပေးနိုင်ရေး ဆောင်ရွက်ရာတွင် ငွေပေးခဲ့ရသော်လည်း ဆောင်ရွက်ပေးခြင်း မရှိသည့်အပြင် ရွာရှိနေအိမ်များအား နို့တစ်စာ ထုတ်၍ ဖျက်ဆီးခြင်း၊ ရွာဆိုင်းဘုတ်အားဖျက်ဆီးခြင်း စသည်များ ဆောင်ရွက်လာပါသဖြင့် စစ်ဆေးဖော်ထုတ် အရေးယူပေးပါရန် နစ်နာသူမှ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားခဲ့သည်။**

**လက်ခံစစ်ဆေး**

အဆိုပါ ကိစ္စနှင့်စပ်လျဉ်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့ရာ ပြင်ဦးလွင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးတင်နိုင်စိုး၊ ဒုတိယဦးစီးမှူး ဦးကျော်ကျော်နိုင်၊ အကြီးတန်းစာရေး ဦးအောင်စိုးမိုးတို့သည် မန်ကျည်းအင်းရွာသစ်တွင် ရွာမြေတိုးချဲ့ပေးရန်ကိစ္စ၌ ကျေးရွာနေပြည်သူများထံမှ ငွေကြေးများရယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ပြင်ဦးလွင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးတင်နိုင်စိုး၊ ဒုတိယဦးစီးမှူး ဦးကျော်ကျော်နိုင်တို့အား ၂၀၁၃ ခုနှစ် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၆ ဖြင့် ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၂၈ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်၌ တရားစွဲတင်ပို့ခဲ့ပြီး ရာဇဝတ်ကြီးမှု အမှတ် ၂/၂၀၁၆၊ ၄/၂၀၁၆ နှင့် ၃/၂၀၁၆၊ ၅/၂၀၁၆ တို့ဖြင့် အသီးသီး လက်ခံစစ်ဆေးခဲ့ပါသည်။

**အလုပ်နှင့် ထောင်ဒဏ်**

ထိုသို့ လက်ခံစစ်ဆေးခဲ့ရာ ပြစ်မှုထင်ရှားသဖြင့် မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်တွင် ၂၀၁၈ ခုနှစ် ဧပြီ ၂၆ ရက်နေ့၌ ဦးတင်နိုင်စိုးအား ရာဇဝတ်ကြီးမှုအမှတ်၊ ၂/၂၀၁၆ အတွက် အလုပ်နှင့် ထောင်ဒဏ် ငါးနှစ်၊ ရာဇဝတ်ကြီးမှု အမှတ်၊ ၄/၂၀၁၆ အတွက် အလုပ်နှင့် ထောင်ဒဏ် ငါးနှစ်ကို လည်းကောင်း၊ ဦးကျော်ကျော်နိုင်အား ရာဇဝတ်ကြီးမှု အမှတ်၊ ၃/၂၀၁၆ အတွက် အလုပ်နှင့် ထောင်ဒဏ် ငါးနှစ်၊ ရာဇဝတ်ကြီးမှုအမှတ်၊ ၅/၂၀၁၆ အတွက် အလုပ်နှင့် ထောင်ဒဏ်ငါးနှစ်ကိုလည်းကောင်း အသီးသီး ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။

**အမိန့်ချမှတ်**

ထို့ပြင် အကြီးတန်းစာရေး ဦးအောင်စိုးမိုးအား ၂၀၁၃ ခုနှစ်၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၇ ဖြင့် ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၂၇ ရက်နေ့တွင် ပြင်ဦးလွင်မြို့နယ် တရားရုံး၌ တရားစွဲတင်ပို့ခဲ့ရာ ရာဇဝတ်ကြီးမှုအမှတ် ၃၄၈၇/၂၀၁၆ ၊ ၃၄၈၈/ ၂၀၁၆ ဖြင့် လက်ခံစစ်ဆေးခဲ့ပြီး ပြစ်မှုထင်ရှားသဖြင့် ၂၀၁၈ ခုနှစ် ဧပြီလ ၂၆ ရက်နေ့တွင် ရာဇဝတ်ကြီးမှု အမှတ် ၃၄၈၇/၂၀၁၆ အတွက် အလုပ်နှင့် ထောင်ဒဏ် သုံးနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၃၄၈၈/၂၀၁၆ အတွက် အလုပ်နှင့် ထောင်ဒဏ် သုံးနှစ် အသီးသီးကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မူဆယ်(၁၀၅)မိုင်ကြား မြကန်သာကွေ့အနီး ရှေ့ထွက်မိုင်းနှစ်လုံးတွေ့ရှိ



**မူဆယ် ဧပြီ ၂၆**

ရှမ်းပြည်နယ် မြောက်ပိုင်း မူဆယ်ခရိုင် မူဆယ်နှင့် ၁၀၅ မိုင်ကြား မြကန်သာကွေ့အနီးတွင် ဧပြီ ၂၆ ရက် နံနက် ၁၁ နာရီခွဲခန့်က ရှေ့ထွက်မိုင်းနှစ်လုံး တွေ့ရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒေသခံဝန်ထမ်းတစ်ဦးသည် မူဆယ်နှင့် (၁၀၅)မိုင်ကြား မိုင်တိုင်အမှတ် ၂၇၉/၂နှင့် ၂၇၉/၃ ကြား မူဆယ်-မန္တလေးပြည်ထောင်စုလမ်းမကြီးဘေး ပေ ၂၃ ပေခန့်အကွာ မြကန်သာစက္ကူစက်အနီး မယ်ဇလီပင်ခြကြားတွင် မိုင်းဟုယူဆရသော အရာဝတ္ထုတစ်ခု တွေ့ရှိခဲ့သဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ သတင်းပေးပို့ခဲ့သည်။

အဆိုပါသတင်းပေးပို့ချက်အရ နယ်မြေခံတပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ သက်ဆိုင်ရာတာဝန်ရှိသူများ ရောက်ရှိစစ်ဆေးခဲ့ရာ အမည်မသိ လက်နက်ကိုင်အဖွဲ့က ထောင်ထားသောရှေ့ထွက်မိုင်းအမျိုးအစားဖြစ်နေကြောင်း စစ်ဆေးတွေ့ရှိခဲ့သဖြင့် နယ်မြေခံတပ်ဖွဲ့ဝင်များက အောင်မြင်စွာ ဖယ်ရှားရှင်းလင်းပေးခဲ့ကြောင်း၊ မိုင်းတွေ့ရှိရှင်းလင်းဖယ်ရှားပေးနေစဉ် ယာဉ်များခေတ္တလမ်းပိတ်ဆို့မှု ဖြစ်ပွားခဲ့ပြီး မွန်းလွဲ ၁ နာရီခွဲခန့်တွင် ပုံမှန်အတိုင်း ပြန်လည်ပြေးဆွဲနေကြောင်း သိရသည်။ **သန့်ဇင်(မူဆယ်)**



**တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် လိုင်စင်မဲ့ယာဉ်နှင့် သင်းခွေချပ်များ။**

# လိုင်စင်မဲ့ယာဉ်နှင့် သင်းခွေချပ် ဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၂၆**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဧပြီ ၂၅ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၉၅၃ စီး၊ သွင်းကုန် ၉၀၆ စီး ၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၂ စီး ၊ သွင်းကုန် ၉၆ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဧပြီ ၂၅ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု ကိုးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၄ ဒသမ ၆၈ သန်းခန့်၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုခြောက်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀ ဒသမ ၈၉၆ သန်းခန့် စုစုပေါင်းတားဆီးမှု ၁၅ မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၅ ဒသမ ၅၇၆ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဧပြီ ၂၅ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများ ဆောင်ရွက်စဉ် တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် လိုင်စင်မဲ့ ဟွန်ဒါအဲဝေ့ဗ်ယာဉ်တစ်စီးနှင့် တားမြစ်ကန့်သတ်ထားသော သက်ရှိတိရစ္ဆာန်ဖြစ် သည့် သင်းခွေချပ်သုံးကောင်၊ စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၄ ဒသမ ၅၈ သန်းခန့် အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# သာစည်မြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၂၆**

မူးယစ်တပ်ဖွဲ့စု(၁၈)မန္တလေး (တောင်ပိုင်း)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၂၄ ရက် ည ၁၁ နာရီခွဲက သာစည်မြို့နယ် ယင်းမာပင်ကျေးရွာအဝင် မိုင်တိုင်အမှတ်(၃၈)နှင့် (၃၉)ကြားတွင် အာကာဇော် မောင်းနှင်လာသည့် မော်တော်ယာဉ်ကိုရှာဖွေရာ ယာဉ်မောင်း၏ ထိုင်ခုံဘေး တူးဘောက်စ် အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၉၈၀၀ ကို လည်းကောင်း။

ထို့အတူ ဧပြီ ၂၅ ရက် မွန်းလွဲ ၃ နာရီက မွန်ပြည်နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မော်လမြိုင်မြို့ မြိုင်သာယာရပ်ကွက် တိုင်းရင်းဆေးရုံလမ်း အမှတ်(က/၁) အကယ်ဒမီ KTV ဆိုင် အခန်းအမှတ်(VIV-1)ကို ရှာဖွေရာ အခန်းအတွင်း၌ ဇင်ကိုအောင်နှင့် မဇူလိုင်ဦးတို့အား တွေ့ရှိရပြီး စိတ်ကြွရူးသွပ်ဆေး ၉၂၈၅ ပြား၊ လက်ကိုင်ဖုန်းနှစ်လုံးနှင့် ဆိုင်ကယ်တစ်စီးတို့ကို လည်းကောင်း ဖမ်းဆီးရမိသည်။

အလားတူ ကျောက်တလုံးကြီးနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၂၄ ရက် ညနေ ၆ နာရီခန့်က ကျောက်တလုံးကြီးမြို့ ကက္ကူကျေးရွာအုပ်စု လွယ်ဆောင်ကျေးရွာအရှေ့ဘက် ၃ မိုင်ခန့်အကွာ ဆိုက်ခေါင်-ကျောက်တလုံးကြီးသွားကားလမ်း၌ ကျော်ဝင်းမောင်းနှင်လာသည့် တိုယိုတာဆာ့ဖ်မော်တော်ယာဉ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀ ကို လည်းကောင်း။

ထို့အတူ ယင်းနေ့ မွန်းလွဲ ၂ နာရီက လွိုင်လင်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လွိုင်လင်မြို့နယ် လွိုင်လင်(အရှေ့)ကျေးရွာအုပ်စု ဟိုနမ့်ကျေးရွာအနီး ကွတ်ချိုး-ဟိုနမ့်ကျေးရွာသွားကားလမ်း၌ မောင်လိန်မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ် ရောက်ရှိလာ၍ ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၄၀၀ နှင့် ဘိန်းစိမ်း ၃၂၆ ဒသမ ၆ ဂရမ် ကိုလည်းကောင်း။

ဧပြီ ၂၅ ရက် နံနက် ၈ နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၂၃)တန့်ယန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် တန့်ယန်းမြို့နယ် နားဟုတ်ကျေးရွာနေ လုံးဝိ၏ နေအိမ်ကို ရှာဖွေရာ အိပ်ခန်းအတွင်းမှ ဘိန်းစိမ်း ၂ ဒသမ ၈ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၇၀ တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# သီပေါ ရွှေပြည်သာရပ်ကွက်သစ် မီးလောင်မှုဖြစ်

**သီပေါ ဧပြီ ၂၆**

ရှမ်းပြည်နယ် မြောက်ပိုင်း သီပေါမြို့နယ် စံဖိတ်ကျေးရွာ ရွှေပြည်သာကွက်သစ် နယ်မြေ (၃)မှ အာလူးကြော်လုပ်ငန်းလုပ်ကိုင်သူ ကိုရဲဝင်းအောင်၏အိမ်တွင် ဧပြီ ၂၆ ရက် နံနက် ၉ နာရီက ဖယောင်းတိုင်မီးဖြင့် ဘုရားမီးပူဇော်ရာမှ မီးလောင်မှုဖြစ်ပွားရာ အနီးရှိ ဂိုဒေါင်တစ်လုံးပါ မီးကူးစက်လောင်ကျွမ်းသွားသည်။

အဆိုပါ မီးလောင်ရာသို့ သီပေါမြို့နယ် မီးသတ်ဦးစီးဌာနမှူး ဦးအောင်ကြည်ထွန်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များက အချိန်မီသွားရောက်ငြိမ်းသတ်ခဲ့သဖြင့် နံနက် ၉ နာရီခွဲတွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။ **စိုင်းသီပေါ**



# ဟိုတယ်အခန်းကို မီးရှို့ပြီး ခေါင်မိုးပေါ်မှ ခုန်ချမည့်သူအား အချိန်မီကယ်တင်နိုင်ခဲ့

**တာချီလိတ် ဧပြီ ၂၆**




ရှမ်းပြည်နယ် အရှေ့ပိုင်း တာချီလိတ်မြို့ ပါဆပ်ရပ်ကွက် ကျင်းလုံဟိုတယ်၌ ဟိုတယ်အခန်းတွင်းရှိ အသုံးအဆောင်ပစ္စည်းများအား မီးရှို့ပြီး ဟိုတယ်ခေါင်မိုးပေါ်မှ ခုန်ချမည့်သူကို အချိန်မီကယ်တင်နိုင်ခဲ့ကြောင်း သိရသည်။

ဧပြီ ၂၅ ရက် ည ၇ နာရီခန့်တွင် ကျင်းလုံဟိုတယ်မန်နေဂျာ ဒေါ်နန်းစံဟွမ်သည် ကျင်းလုံဟိုတယ်ပိုင် ရေကူးကန်အနီးရှိ စားသောက်ဆိုင်တွင် စာရင်းဇယားများပိတ်ရန် ဆောင်ရွက်နေစဉ် ဟိုတယ်ဝန်ထမ်းတစ်ဦး ရောက်ရှိလာကာ ဟိုတယ်ခေါင်မိုးပေါ်တွင် လူတစ်ဦး တက်ရောက်နေကြောင်း ပြောဆိုသဖြင့် သွားရောက်ကြည့်ရှုရာ စိုင်းဆိုင်လာဆိုသူဖြစ်နေပြီး ၎င်းအား မခုန်ချရန် တားမြစ်ခဲ့ကြောင်း၊ ထိုသူ ငှားရမ်းတည်းခိုသော အခန်းအမှတ်(၈၃၁၄)ရှိ အခန်းအတွင်းမှ မီးခိုးများထွက်နေကြောင်း တွေ့ရသဖြင့် ဟိုတယ်ဝန်ထမ်းများနှင့်အတူ မီးသတ်ဆေးဘူးများဖြင့် မီးငြိမ်းသတ်ခဲ့ကြောင်း၊ ထို့နောက် တာချီလိတ်ခရိုင် ရဲတပ်ဖွဲ့မှူးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ ရောက်ရှိလာကာ မီးလောင်နေသောအခန်းကို ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ည ၆ နာရီ မိနစ် ၅၀ တွင် မီးငြိမ်းသွားခဲ့သည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ ၎င်းအား စစ်ဆေးရာ ရေချိုးတဘက်ပေါ်တွင် ခေါင်းလိမ်းဆီ စပရေးအရည် ပက်ဖျန်းပြီး ဗီရိုဘေးရှိ ထိုင်ခုံပေါ်တင်ကာ မီးရှို့ခဲ့ကြောင်း ထွက်ဆိုခဲ့ပြီး ထိုသူအား တာချီလိတ်မြို့မရဲစခန်းက အမှုဖွင့် အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။ **မြင့်မိုရ်(တာချီလိတ်)**

## မြန်မာ့ရုပ်မြင်သံကြား

၂၇-၄-၂၀၁၈ (သောကြာနေ့)

**နံနက်ပိုင်း**

၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၈း၃၅ - "နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယတစ်နှစ်တာ" **ပြန်ကြားရေးဝန်ကြီးဌာန**
၉း၁၀ - "နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယတစ်နှစ်တာ" **တနင်္သာရီတိုင်းဒေသကြီး**
၁၁း၃၅ - (၁၇)ကြိမ်မြောက် အရှေ့တောင်အာရှ နိုင်ငံများ၏ စာကြည့်တိုက်မှူးများ ညီလာခံ တွေ့ဆုံဆွေးနွေးခန်း အစီအစဉ်
၁၃း၁၅ - ငြိမ်းချမ်းရေးဂီတပွဲတော် ထုတ်လွှင့်မှုအစီအစဉ် Level-I မန္တလေးမြို့ တတိယပိုင်း

**ညပိုင်း**

၁၆း၃၅ - ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ (၄၆)
၁၈း၂၀ - ရုပ်ရှင်ရိုက်မယ် (အပိုင်း-၁၁) ထဆင့်ထူး၊ ဆေးလိပ်ရုပ်ရှင်
၁၉း၁၅ - မြန်မာဇာတ်လမ်းတွဲ **ကြမ္မာနွံ** (အပိုင်း-၁၆) မင်းဦး၊ ဖိုးသောကြာ၊ စုလှိုင်နှင်း၊ စိုးစန္ဒာကျော်၊ ဇော်ဇော် ဒါရိုက်တာ-အောင်ဩဘာ
၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀း၃၅ - "နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယတစ်နှစ်တာ" **ပဲခူးတိုင်းဒေသကြီး(ပဲခူး)**
၉း၁၀ - "နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယတစ်နှစ်တာ" **ကရင်ပြည်နယ်(ဘားအံ)**
- America's Got Talent
- နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်ကြွေးရာဇဝင်** (အပိုင်း-၂၈)
- ဟာသရုပ်စုံစင်တော်ကြီး **ရေချိုးပြီးပြီလား** သရုပ်ဖော်-ပန်းသီး၊ ရာဇာပေါက်စီ၊ စိမ်းလန်း၊ စိုပြေ၊ လင်းလက်မောင်

## တိမ်အနည်းငယ် ဖြစ်ထွန်း

နေပြည်တော် မေ ၂၆

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး၊ ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

မိုး/ဇလ

# မြန်မာ ယူ-၁၆ အမျိုးသမီးအသင်း အာဆီယံပြိုင်ပွဲအတွက် အပြီးသတ်လူရွေးချယ်

ရန်ကုန် မေ ၂၆

မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းသည် အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည့် ၂၀၁၈ အာဆီယံ ယူ-၁၆ အမျိုးသမီးပြိုင်ပွဲ ယှဉ်ပြိုင်ရန် အပြီးသတ်ကစားသမား ၂၃ ဦး ရွေးချယ်လိုက်ပြီဖြစ်သည်။

ပြိုင်ပွဲဝင်မည့် မြန်မာ ယူ - ၁၆ အမျိုးသမီးအသင်းတွင် **အုပ်ချုပ်သူ** - ဒေါက်တာ



မြန်မာ ယူ-၁၆ အမျိုးသမီးအသင်း လေ့ကျင့်နေစဉ်။

အောင်ကျော်ဦး၊ **နည်းပြချုပ်** - ဒေါ်စန်းစန်းသိန်း၊ **နည်းစနစ်အကြံပေး**-ဒေါ်သက်သက်ဝင်း၊ **လက်ထောက်နည်းပြ** - ဒေါ်နွယ်နွယ်တိုး၊ **ဂိုးနည်းပြ** - ဒေါ်မေခင်ယမင်း၊ **ဂိုး** - ပိုးဥ၊ စိမ်းလဲ့လဲ့ဦး၊ ခင်မြတ်နိုး၊ **နောက်တန်း** - မေသက်မွန်မြင့်၊ ပိုးပိုးဇင်ဇော်၊ မိုးစက်ခ၊ ဝင်းဝင်းလှဲ့၊ နော်လာအိဝါ၊ ခိုင်သဇင်ဦး၊ **အလယ်တန်း** - ပုံ့ပုံ့ပြည့်မောင်၊ ဇင်မာထွေး၊ ဝေဖူးအိမ်၊ ဖြူဖြူဝင်း၊ မေသွေးကို၊ မေသူခိုင်၊ ကေကေ၊ ဝင်းဝင်း၊ ဆောင်းနှင်းဖွေး၊ **ရှေ့တန်း** - မြတ်နိုးခင်၊ ဆွေမာအောင်၊ ဆုပြည့်ပြည့်ကျော်၊ ဂျူလိုင်ချာ၊ ထက်ထက်ဝင်းတို့ ပါဝင်နေသည်။ မြန်မာအမျိုးသမီးအသင်းယှဉ်ပြိုင်မည့် အာဆီယံ ယူ-၁၆ အမျိုးသမီး ပြိုင်ပွဲတွင် အသင်းကိုးသင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အုပ်စု (က) တွင် ဗီယက်နမ်၊ မြန်မာ၊ ဖိလစ်ပိုင်၊ မလေးရှား၊ စင်ကာပူ၊ အုပ်စု (ခ) တွင် ထိုင်း၊ ကမ္ဘောဒီးယား၊ လာအိုနှင့် အင်ဒိုနီးရှားအသင်းတို့ ပါဝင်နေသည်။ ယင်းအသင်းကို နည်းပြချုပ်အဖြစ် ဒေါ်စန်းစန်းသိန်းက ကိုင်တွယ်နေကာ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း လက်ထောက်နည်းပြဟောင်း ဒေါ်သက်သက်ဝင်းက နည်းစနစ်အကြံပေးအဖြစ် တာဝန်ယူဆောင်ရွက်နေသည်။

မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းသည် အုပ်စုပွဲများအဖြစ် မေ ၁ ရက်တွင် ဗီယက်နမ်၊ မေ ၅ ရက်တွင် မလေးရှား၊ မေ ၇ ရက်တွင် စင်ကာပူ၊ မေ ၉ ရက်တွင် ဖိလစ်ပိုင်အသင်းနှင့် ကစားရမည်ဖြစ်သည်။ အုပ်စုပွဲစဉ်များမှာ မေ ၉ ရက်တွင် ပြီးဆုံးမည်ဖြစ်ပြီး ဆီမီးဖိုင်နယ်ပွဲများကို မေ ၁၁ ရက်၊ တတိယလုပွဲနှင့် ဗိုလ်လုပွဲကို မေ ၁၃ ရက်တွင် ကျင်းပမည်ဖြစ်သည်။

**သတင်း - ရဲရင့်ရှိုင်း၊ ဓာတ်ပုံ - စိုးညွန့်**

## မိုးဆက်လက်ထစ်ချုန်းရွာနိုင်

နေပြည်တော် မေ ၂၆

မြန်မာ့ပင်လယ်ပြင်မှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့်ရှိနိုင်သည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ထစ်ချုန်းရွာနိုင်မည်။ **မိုး/ဇလ**

❒ *ကျောဖုံးမှ*

မြန်မာ ယူ-၂၁ အသင်းသည် ထိုင်းနှင့် တစ်ဂိုးစီ သရေကျခဲ့သည့်ပွဲတွင် ခြေအသာဖြင့် ကစားနိုင်သော်လည်း ရရှိသည့်ဂိုးသွင်းခွင့်များ အသုံးမချနိုင်၍ နိုင်ပွဲပျောက်ဆုံးခဲ့ခြင်းဖြစ်သည်။ မြန်မာ ယူ-၂၁ အသင်းသည် အဖွင့်ပွဲတွင် သရေကျခဲ့သောကြောင့် လက်ကျန်နှစ်ပွဲတွင် ရလဒ်ကောင်းရယူနိုင်မှသာ ဆီမီးဖိုင်နယ်သို့ တက်ရောက်နိုင်မည် ဖြစ်သည်။ အုပ်စု (က) တွင် တီမောအသင်းက သုံးမှတ်၊ မြန်မာနှင့် ထိုင်းအသင်းက တစ်မှတ်စီ၊ ဘရူနိုင်းအသင်းက အမှတ်မရသေးဘဲ အုပ်စု (ခ) ပထမပွဲတွင် စင်ကာပူအသင်းက လာအိုအသင်းကို ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရထားသည်။ မြန်မာအသင်းနည်းပြချုပ် ဦးကြည်လွင်သည် ထိုင်းနှင့် သရေကျခဲ့သည့် ပွဲထွက်လူစာရင်းမှ ကစားသမားအများစုဖြင့် ပွဲထွက်လာဖွယ်ရှိပြီး ပထမဆုံးနိုင်ပွဲရရန် ကြိုးပမ်းရမည် ဖြစ်သည်။

အုပ်စုပွဲများကို မေ ၃၀ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ခြောက်ကြိမ်မြောက် ကျင်းပနေခြင်းဖြစ်သည်။ ပြီးခဲ့သည့် ငါးကြိမ်တွင် ထိုင်းအသင်းက နှစ်ကြိမ်ဖြင့် အအောင်မြင်ဆုံးဖြစ်နေပြီး မြန်မာ၊ ဘရူနိုင်းနှင့် အင်ဒိုနီးရှားအသင်းတို့က တစ်ကြိမ်စီ ဗိုလ်စွဲထားသည်။

**ရဲရင့်ရှိုင်း**


## နှစ်(၆၀)ပြည့် စိန်ရတုမင်္ဂလာဆုမွန်လွှာ

ကျေးဇူးတရားကြီးမားလှပါသောကျေးဇူးရှင် ချစ်ဖေဖေ ဒုတိယဗိုလ်မှူးကြီး ညွန့်လှိုင် (ညွှန်ကြားရေးမှူး၊ စက်မှုစီမံကိန်းဦးစီးဌာန-ငြိမ်း)-ချစ်မေမေ ဒေါ်ခင်သီအေးတို့၏ ၂၇-၄-၂၀၁၈ရက်တွင် ကျရောက်သည့် စံထားအားကျဂုဏ်ယူရပါသော အိမ်ထောင်သက် နှစ်(၆၀)ပြည့်စိန်ရတုမင်္ဂလာမှသည် နှစ်တစ်ရာတိုင် ချစ်သားသမီးမြေးများနှင့်အတူ ကိုယ်စိတ်ကျန်းမာချမ်းသာစွာဖြင့် ဒါနသီလဘာဝနာ တရားတို့ကို ပြည့်စုံစွာအားထုတ်ရင်း ပျော်ရွှင်အေးချမ်းစွာ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်-

**ချစ်သားသမီးမြေးများ**
**ဦးစိုင်းဆိုင်ကျောက်-ဒေါ်ယုမွန်**
**ဒေါက်တာသိန်းစိုး-ဒေါ်ချစ်ချစ်လှိုင်**
**ဒေါ်သက်သက်လှိုင်**
**စိုင်းသက်စံ၊ ဒေါက်တာသွယ်ဇင်စိုး၊ Emerald၊ ဆန်းညွှန့်အောင်**



### ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့
### ကဝမြို့နယ်စည်ပင်သာယာရေးအဖွဲ့
### အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း
### ၁၃၈၀ပြည့်နှစ် ကဆုန်လဆန်း ၁၂ ရက်
### ၂၀၁၈ခုနှစ် မေ ၂၆ ရက်

၁။ ကဝမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၈ခုနှစ်(ဧပြီလမှ စက်တင်ဘာလအထိ)ဆောင်ရွက်မည့် ကျပ်(၁၀)သိန်းအထက်လုပ်ငန်း(၁၆)ခုအား ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူကြောင်း ဖိတ်ခေါ်ကြေညာအပ်ပါသည်။

(က) **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - ၂၆-၄-၂၀၁၈ရက် (ကြာသပတေးနေ့)
(ခ) **တင်ဒါလျှောက်လွှာပိတ်ရက်/အချိန်** - ၉-၅-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄း၃၀နာရီ
(ဂ) **တင်ဒါစိစစ်ရွေးချယ်မည့်ရက်/အချိန်** - ၁၄-၅-၂၀၁၈ရက် နံနက် ၁၀နာရီ
(ဃ) **တင်ဒါစိစစ်ရွေးချယ်မည့်နေရာ** - မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ကဝမြို့

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ကဝမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရုံးတွင် ၂၆-၄-၂၀၁၈ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်ဝယ်ယူတင်သွင်းနိုင်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်းလူကိုယ်တိုင်ဖြစ်စေ၊ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ဖြစ်စေ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါရွေးချယ်စိစစ်ရေးကော်မတီ**
**ကဝမြို့နယ်စည်ပင်သာယာရေးအဖွဲ့**
**ဖုန်း-၀၉-၈၆၄၆၃၃၇၀၀၊ ၀၉-၈၇၃၃၀၀၃၆၃၊ ၀၉-၅၃၀၂၁၅၈**



### စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
### ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုတိုင်း(၁)
### (၈)မိုင်ခွဲ၊ ပြည်လမ်း၊ ရန်ကုန်မြို့
### (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုတိုင်း(၁)၊ ရန်ကုန် မြို့ရှိမြေထိုးစက်၊ မြေသယ်ယာဉ်၊ ဆီ/ရေသယ်ယာဉ်၊ မြေတူးစက်၊ ဝန်ချီစက်၊ မြေတင်စက်၊ စက်သယ်ယာဉ်များနှင့်ရေယာဉ်၊ ပွန်တူးများပြင်ဆင်ရန်လိုအပ်သော စက်အရန်ပစ္စည်းများ၊ ဆက်စပ်ပစ္စည်းများ၊ အဆောက်အအုံနှင့်ပြုပြင်ထိန်းသိမ်း ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် လိုအပ်သော ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများကို လုပ်ငန်းခွင်အရောက်ဝယ်ယူခြင်း၊ လုပ်ငန်း အပ်နှံခြင်းများအတွက် မြန်မာငွေ(ကျပ်)ဖြင့် ဝယ်ယူလိုပါသည်။
၂။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၀၁၈ခုနှစ် မေ၃၀ရက်ဖြစ်ပြီး ပိတ်ချိန်မှာ မွန်းလွဲ ၂နာရီဖြစ်ပါသည်။
၃။ တင်ဒါပုံစံနှင့်အသေးစိတ် အချက်အလက်များကိုရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**စက်မှုတိုင်း(၁)၊**
**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**(၈)မိုင်ခွဲ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၆၅၅၈၉၇**



**ပျောက်ဆုံးကြောင်း**

ကျွန်မ မိခင်မွန်သန်း ၃/ဘအန(နိုင်)၃၆၅၆၃၃ ၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၁၅၈၅၉၇၈**



### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1F/7943 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**



**ဦးသန့်ဇော်** B.Sc.IC.Q.DA, DMP, MBA, ACCA (pro)
**LCCI I & II (၃)လပြတ်**
Sec 1.Mon to Wed 2-3:45pm(28 Aug စမည်)
Sec 2.Mon to Wed 7-8:30am(5 Sep စမည်)
Fees 55000 Ks ဒဂုံစင်တာအနီး
**ORION** ၂၆၇၊ ပ-ထပ်၊ ပြည်လမ်း၊ မြေနီကုန်း၊ စမ်းချောင်း။ 09 5115997



### ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ဃ/၂၅၃၅၂ Kenbo 110 M/C ယာဉ်လက်ဝယ်ရှိသူ Sabi Thinn Co.,Ltd. က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ပခုက္ကူ)**



### ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၂ယ/၃၈၀၃၄ Kenbo 110 M/C ယာဉ်လက်ဝယ်ရှိသူ Sabi Thinn Co.,Ltd. က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ပခုက္ကူ)**



### ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြော်ငြာ

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ မြေကွက်အမှတ် (၄၁၃)၊ ခေမာ (၆)လမ်း၊ အမှတ် (၄၁၃)ဟု ခေါ်တွင်သော အလျား ၃၀'အနံ ၅၀'ရှိ မြေကွက်ထဲမှ ဦးကျော်အုန်း အမည်ပေါက်ပိုင်ဆိုင်သည့် ခေါင်းရင်းခြမ်း၊ (၁၅')×(၅၀')ရှိ မြေကွက်အစိတ်အပိုင်းနှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးကျော်အုန်းထံမှ အရပ်စာချုပ်ဖြင့် ဝယ်ယူထားသူများဖြစ်သော ဦးကျော်နိုင်၊ ဒေါ်ငွေငွေဝင်းတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဒေါ်ငွေငွေနှင့် မနေခြည်ဝင်းတို့က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ရောင်းဖိုးငွေ၏တချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသဖြင့် အဆိုပါမြေနှင့်အိမ်အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှု အထောက်အထား(မူရင်း)စာရွက်စာတမ်းနှင့်တကွ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အကြောင်းကြားအပ်ပါသည်။

**ဒေါ်ငွေငွေနှင့် မနေခြည်ဝင်းတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးထင်လင်းနိုင် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၁၁၂/၂၀၀၂)**
**ရုံး-တိုက် (၉/၁၁)၊ အခန်းအမှတ် ၀၀၅/ဘီ၊**
**၃၆လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၃၉၃၀၆**



### ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4E/9359 Mitsubishi Pajero V78W, S/W (4x4)ယာဉ် လက်ဝယ်ရှိသူ Future Creator Group of Construction Co.,Ltd. က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လို ပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)**



### ဥယျာဉ်ခြံမြေရောင်းမည်

ရန်ကုန်မြို့မှ မိုင် ၁၀၀ အကွာ၊ မင်းလှမြို့နယ်၊ စိန်ကန့်လန့်ရွာအလွန်၊ ကတ္တရာလမ်းမဘေး မုက္ခာရေတံခွန် ဆင်စခန်းအနီး ဧက-၁၅၀ ရောင်းမည်။

**ဆယ်သွယ်ရန်ဖုန်း-**
**၀၉-၄၅၀၀၃၇၉၁၂**



### ကန့်ကွက်နိုင်ပါကြောင်း

ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၁၇)၊ ဆင်ခေါင်းကြီးကျေးရွာအုပ်စု၊ ကွင်းအမှတ် ၆၆၀၊ ဧရိယာ(၀ဒသမ၂၅)ဧကရှိ ယာမြေအား လယ်ယာမြေအခြားနည်းအသုံးပြုခွင့်(၃၀/ခ)လျှောက်ထားခြင်း၊ မြေစာရင်းပုံစံ(၁၀၅/၁၀၆)ရေးကူးခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)ရရှိထားခြင်းမရှိသေးသည့် ဖော်ပြပါလယ်ယာမြေနှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ထံသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့်လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးလှမောင် ၉/မနတ(နိုင်)၀၇၂၀၁၈**
**ရပ်ကွက်ကြီး(၁၇)၊ ပြင်ဦးလွင်မြို့**



### ဖခင်အမည်မှန်

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ အထက(ခွဲ)ကျားဘို သတ္တမတန်းအောင်မှ မဆန်းပွင့်ထွန်း၏ ဖခင်အမည်မှန်မှာ ဦးငွေရ ၁၀/ပမန(နိုင်)၁၅၇၀၆၉ ဖြစ်ပါသည်။ **ဦးငွေရ**



### ဖခင်အမည်မှန်

နတ်တလင်းမြို့နယ်၊ ကရင်ကုန်းအုပ်စု၊ အထက၊နဝမတန်းမှ မောင်စိုးလင်းထက်၊ တပူစားမူလွန်ကျောင်းသတ္တမတန်းမှ မောင်မျိုးဇင်သော်နှင့် မန်ကျီးစုအမကဒုတိယတန်းမှ မောင်ဘုဏ်ဝဏ္ဏလင်းတို့၏ ဖခင်အမည်မှန်မှာ ဦးဇော်ဇော်ဝင်း ၇/နတလ(နိုင်)၁၀၄၈၁၅ ဖြစ်ပါကြောင်း။ **ဦးဇော်ဇော်ဝင်း**



### အမည်ပြောင်း

ဦးအောင်မိုးဝင်း ၁၀/ဘလန(နိုင်)၀၇၀၄၃၄၏သမီး ဘီးလင်း အထက၊ သတ္တမတန်းအောင်မှ မဖြိုးပြည့်ပြည့်မောင်အား ယနေ့မှစ၍ မဖြိုးပြည့်ပြည့်သော်ဟု ပြောင်းလဲခေါ်ပါရန်။

**မဖြိုးပြည့်ပြည့်သော်**



### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3D/6643 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**



### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၇၊ မင်းဘူးလမ်း၊ မြေကွက်အမှတ် ၇၉၈၊ နှစ် ၆၀ ဂရန်မြေကွက်သည် ဦးဝင်းမောင် ၁၄/မအပ(နိုင်)၀၀၃၉၉၁ နှင့် ဦးဟန်ညွှန့် ၇/ပတန(နိုင်)၀၆၂၀၁၄ အမည်ပေါက်ပါသည်။ ဂရန်အမည်ပေါက်သူ ဦးဟန်ညွှန့်ရထိုက်ခွင့်ရှိသည့် ခြံစည်းရိုးခတ်ပြီး အလျားပေ၂၀× အနံပေ ၆၀ အကျယ်အဝန်းရှိ မြေကွက်ကို ဦးဟန်ညွှန့်ထံမှ စာချုပ်ဖြင့်ဝယ်ယူထားသူ ဦးဇော်ကျော်အောင် ၁၂/ဒဂမ(နိုင်)၀၁၂၇၅၁ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် စရန်ငွေပေးချေထားပါသည်။ အရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်ကြောင်းစာချုပ်စာတမ်း အထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဆန်နီ (ပျဉ်းမနား) အထက်တန်းရှေ့နေ(စဉ်-၁၆၉၅၁)**
**၁၀၃၇၊ သင်းဝင် ၅ လမ်း၊ ၃၄ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ဖုန်း-၀၉-၇၃၀၄၆၉၀၆၊ ၀၉-၇၉၅၆၂၈၁၃၀**



**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 2J/9413 Honda Airwave GJ1, S/W (4x2)® ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးအေးမူ ၁၂/ဒဂတ(နိုင်)၀၈၃၅၅၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

# ဂရိ၌ ထောက်ပံ့ကြေးငွေ လျှော့ချမှုအစီအစဉ်အသစ်ကို ပင်စင်စားများ ဆန္ဒပြ




**အေသင် မေ ၂၆**
ဂရိနိုင်ငံ၌ ပင်စင်စား ထောင်ပေါင်းများစွာတို့သည် ဗုဒ္ဓဟူးနေ့က အေသင်မြို့တော်ရှိ လမ်းများပေါ် ချီတက်စုဝေးကာ ဂရိနိုင်ငံ၏ နိုင်ငံတကာငွေချေးသူများထံမှ ငွေကြေးအထောက်အကူပေးမည့် သဘောတူညီချက်များအရ ၂၀၁၉ ခုနှစ်အတွက် လျာထားသည့် လုပ်ခလစာ လျှော့ချသွားမည့် အစီအစဉ်သစ်ကို ဆန္ဒပြဆန့်ကျင်ခဲ့ကြကြောင်း သိရသည်။

ဂရိသည် ယခုနှစ်နွေရာသီတွင် ၂၀၁၀ ပြည့်နှစ်ကတည်းက ဆောင်ရွက်ခဲ့သည့် တတိယမြောက် ငွေကြေးအထောက်အကူပြုအစီအစဉ်မှ နုတ်ထွက်တော့မည်ဖြစ်သော်လည်း ပြင်းထန်သည့် ခြိုးခြံချွေတာရေး မူဝါဒများနှင့် ရဲရင့်သည့် ပြုပြင်ပြောင်းလဲမှုများကို သဘောတူညီချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်သည်။

ယင်းဆောင်ရွက်မှုအရ ပြီးခဲ့သည့် ရှစ်နှစ်အကြာက ပင်စင်လစာများအား ထက်ဝက်ခန့် လျှော့နည်းသွားစေခဲ့သည်ကို မြင်တွေ့ခဲ့ရသည့် ပင်စင်စားများကို မကျေမနပ်ဖြစ်စေသည့် အလားအလာတစ်ခုရှိလာခဲ့သည်။

လွန်ခဲ့သော သုံးနှစ်အကြာက ပါလီမန်လွှတ်တော်က မဲပေးခဲ့သည့် ဥပဒေများကို အခြေခံကာ ပင်စင်စားများသည် လာမည့်နှစ်သစ်မှစတင်ကာ ပင်စင်လစာကို နောက်ထပ် ၁၈ ရာခိုင်နှုန်း ဖြတ်တောက်လျှော့ချခြင်း ခံရမည်ဖြစ်ကြောင်း သိရသည်။

ဆန္ဒပြရာတွင်ပါဝင်ခဲ့သည့် ပင်စင်စားတစ်ဦးက ၂၀၁၀ ပြည့်နှစ်တွင် ၎င်းပင်စင်စတင်ခံစားခဲ့စဉ်ကတည်းက ၎င်း၏ဝင်ငွေမှ သုံးပုံတစ်ပုံလောက်ကို လက်လွှတ်ဆုံးရှုံးခဲ့ရကြောင်း၊ ၎င်းတို့ အနေဖြင့် ကြိုးစားပမ်းစား အလုပ်လုပ်ခဲ့ရသော်လည်း ဝင်ငွေများကို ယူဆောင်သွားခြင်း ခံလိုက်ရကြောင်း၊ လစာလျှော့ချမှုများသည် အဆုံးသတ်ဖွယ်ရာ မမြင်တော့ကြောင်း ၎င်းက ဆင်ဟွာသို့ ပြောကြားခဲ့သည်။

**ဆင်ဟွာ**

## ဂျပန်၊ အမေရိကန်နှင့် တောင်ကိုရီးယားတို့ နီးကပ်စွာအတူတကွ လက်တွဲသွားကြမည်

**တိုကျို မေ ၂၆**
ဂျပန်၊ အမေရိကန်နှင့်တောင်ကိုရီးယား သုံးနိုင်ငံတို့သည် မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားနှင့် ဒုံးကျည်အစီအစဉ်များအပါအဝင် ဂျပန်နိုင်ငံသားများအား အတင်းအကျပ်ဖမ်းဆီးခေါ်ဆောင်သွားသည့် အကြောင်းအရာများနှင့်ပတ်သက်၍ ဖြေရှင်းမည့် လက်ဆုပ် လက်ကိုင်ပြနိုင်သည့် ခြေလှမ်းသစ်စတင်နိုင်အောင် ဆောင်ရွက်ရန် အတူတကွနီးကပ်စွာ လက်တွဲလုပ်ဆောင်သွားကြမည်ဟု ဂျပန်ဝန်ကြီးချုပ်ရှင်ဇိုအာဘေးက ပြောကြားခဲ့ကြောင်း သိရသည်။

ကြာသပတေးနေ့တွင် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် အောက်လွှတ်တော်ဘတ်ဂျက်ကော်မတီသို့ တက်ရောက်ခဲ့ပြီး ယခုလအစောပိုင်းက ၎င်းနှင့်အမေရိကန်သမ္မတဒေါ်နယ်ထရန့်တို့ ပြုလုပ်ခဲ့သည့်အစည်းအဝေးနှင့် ပတ်သက်၍ အဖွဲ့ဝင်များအား ခြုံငုံပြောပြခဲ့သည်။

နိုင်ငံတကာအဖွဲ့အစည်းများသည် မြောက်ကိုရီးယားထံမှ လက်ဆုပ်လက်ကိုင်ပြနိုင်သည့် နျူကလီးယားပပျောက်ရေး ဆောင်ရွက်မှုများနှင့် ပတ်သက်၍ အမြင့်ဆုံးဖိအားပေးမှုများ ဆက်လက်ပြုလုပ်သွားရေး ကတိပြုရန်လိုအပ်နေဆဲဖြစ်ကြောင်း အလေးအနက်ပြောကြားခဲ့သည်။

ဂျပန်၊ အမေရိကန်နှင့် တောင်ကိုရီးယားတို့သည် သောကြာနေ့တွင် ကျင်းပမည့် ကိုရီးယားနှစ်နိုင်ငံ ထိပ်သီးအစည်းအဝေး ခိုင်မာသေချာစေရေး ပူးပေါင်းဆောင်ရွက်သွားကြမည်ဖြစ်ပြီး အမေရိကန်-မြောက်ကိုရီးယားထိပ်သီးအစည်းအဝေးသည် မြောက်ကိုရီးယားနိုင်ငံ၏ ပြန်ပေးဆွဲခေါ်ဆောင်မှု၊ နျူကလီးယား၊ ဒုံးကျည်ကိစ္စများနှင့် အခြားအကြောင်းအရာများနှင့် ပတ်သက်၍ မြောက်ကိုရီးယားက အသေအချာဆောင်ရွက်လာစေလိမ့်မည်ဟု မျှော်လင့်ထားကြောင်း အာဘေးက ပြောကြားခဲ့သည်။

**အင်န်အိတ်ခ်ျကေ**






## ထိုင်ဝမ်မှ မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားသူများအား အင်ဒိုနီးရှား သေဒဏ်ပေး

**ဂျကာတာ မေ ၂၆**
ထိုင်ဝမ်မှ တရားမဝင် မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားသူရှစ်ဦးကို အင်ဒိုနီးရှားတရားရုံးက ကြာသပတေးနေ့တွင် သေဒဏ်ချမှတ်လိုက်ကြောင်း သိရသည်။

ကမ္ဘာ့နိုင်ငံအချို့တို့တွင် အတင်းကျပ်ဆုံး မူးယစ်ဆေးဝါးဥပဒေဖြင့် တားမြစ်ထားသည့် မက်တမ်ဖက်တမင်း မက်ထရစ်တစ်တန်ခန့်ကို လက်ပူးလက်ကြပ်ဖမ်းဆီးရမိခဲ့ပြီးနောက်တွင် ၎င်းတို့အား သေဒဏ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထိုင်ဝမ်အမျိုးသားရှစ်ဦးတို့ကို တရားမဝင်မူးယစ်ဆေးဝါး အတူတကွ ရောင်းဝယ်ဖောက်ကားမှုဖြင့် အပြစ်ရှိကြောင်း တွေ့ရှိခဲ့ရပြီး တောင်ပိုင်းဂျကာတာ ခရိုင်တရားရုံး၌ တရားသူကြီး ဟာရူနိုပက်ထရီရာဒီက ပြစ်ဒဏ်ချမှတ်ခဲ့ခြင်း ဖြစ်သည်။

သေတ္တာအလုံး ၅၀ ဖြင့် ထုပ်ပိုးသယ်ဆောင်ကာ တရုတ်နိုင်ငံမှ လှေဖြင့် ဖြတ်သန်းသယ်ဆောင်လာခဲ့သည့် မက်တမ်ဖက်တမင်း ပုံဆောင်ခဲ ၁၀၀၀ကီလိုဂရမ်ခန့်ကို ထိုင်ဝမ်ရဲတပ်ဖွဲ့၏ သတင်းပေးမှုဖြင့် အင်ဒိုနီးရှား ရဲတပ်ဖွဲ့က တွေ့ရှိခဲ့ကြောင်း ပြောကြားခဲ့သည်။

သိမ်းဆည်းရမိသည့် ပစ္စည်းများ၏ တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၄၄ သန်း တန်ဖိုးခန့်ရှိကြောင်း သိရသည်။

မူးယစ်ဆေးဝါးများကို ဂျကာတာအနောက်ပိုင်းမှ ၁၂၅ ကီလိုမီတာခန့်မှ သယ်ဆောင်လာခဲ့ရာ အချို့ကို ကမ်းခြေ၌ ဖမ်းဆီးခဲ့ပြီး အချို့ကို စင်ကာပူရေပိုင်နက်အနီးရှိ မူးယစ်ဆေးဝါး သယ်ဆောင်သည်ဟု သံသယရှိသည့်လှေများအတွင်း ဖမ်းဆီးခဲ့ခြင်း ဖြစ်သည်။

မကြာသေးမီနှစ်များအတွင်းက အင်ဒိုနီးရှား၌ ထိုင်ဝမ် မူးယစ်ဆေးဝါးကုန်သည်၁၁ဦးအား ကွပ်မျက်ခဲ့ပြီးနောက် ယခုရှစ်ဦးကို ထပ်မံသေဒဏ်ပေးခဲ့ခြင်း ဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံသည် ကမ္ဘာ့အတင်းကျပ်ဆုံး မူးယစ်ဆေးဝါးဥပဒေများရှိပြီး မူးယစ်ဆေးဝါး ငါးဂရမ်နှင့် အထက် သယ်ဆောင်ရောင်းဝယ်သူများအား သေဒဏ်ပေးသည့် ပြစ်ဒဏ်ချမှတ်မှုများ ပါဝင်သည်။

**အေအက်ဖ်ပီ**

## ရုရှား၊ တူရကီ၊ အီရန် နိုင်ငံခြားရေးဝန်ကြီးများ မော်စကို၌ ဆီးရီးယားအရေး ဆွေးနွေးကြမည်

**အန်ကာရာ မေ ၂၆**
ရုရှား၊ တူရကီနှင့် အီရန်နိုင်ငံခြားရေးဝန်ကြီးများသည် လာမည့်မေ ၂၈ ရက်တွင် မော်စကို၌ ဆီးရီးယားအရေးနှင့် ပတ်သက်သည့်ဆွေးနွေးပွဲတစ်ရပ် ကျင်းပသွားမည်ဖြစ်ကြောင်း တူရကီနိုင်ငံခြားရေးဝန်ကြီးက ကြာသပတေးနေ့တွင် ပြောကြားခဲ့သည်။

တူရကီ၊ ရုရှားနှင့် အီရန်နိုင်ငံခြားရေးဝန်ကြီးများသည် အက်စတာနာ ငြိမ်းချမ်းရေးစကြံ၏အာမခံသူများဖြစ်ကြသည်။ ရုရှား၊ တူရကီနှင့် အီရန်တို့က ကာဇက်မြို့တော် အက်စတာနာ၌ ဆီးရီးယားငြိမ်းချမ်းရေးဖြစ်စဉ်ကို ထူထောင်ခဲ့ပြီးချိန်မှ စတင်ကာ ဆွေးနွေးပွဲအမြောက်အမြား ကျင်းပခဲ့ကြသည်။

ကြားဝင်အာမခံသည့် နိုင်ငံများအနေဖြင့် ယင်းသုံးနိုင်ငံတို့သည် ဆီးရီးယား၌ အပစ်အခတ်ရပ်စဲရေးကြာရှည်ခိုင်မာစေရန် ကတိကဝတ်ကို ထပ်မံအတည်ပြုခဲ့ကြကြောင်း သိရသည်။

**ဆင်ဟွာ**

## နိုင်ငံတကာ သတင်းတိုထွာ

### အစ္စရေးလေယာဉ်များကို ရုရှားဒုံးကျည်များအသုံးပြု တိုက်ခိုက်ခြင်းမပြုရန် ဆီးရီးယားကို သတိပေး

**ဂျေရုဆလင် မေ ၂၆**

အစ္စရေးကာကွယ်ရေးဝန်ကြီး အဗစ်ဒေါ လိုင်ဘာမန်က အကယ်၍ ဆီးရီးယား သည် ရုရှားလုပ် S-300 ဒုံးကျည် များကို အသုံးပြု၍ ၎င်း၏ လေတပ်ကို တိုက်ခိုက်ပါက ပြန်လည်တုံ့ပြန်ရလိမ့်မည် ဖြစ်သည်ဟု သတိပေးခဲ့ကြောင်း သိရသည်။

အကယ်၍ တစ်စုံတစ်ဦးသည် မိမိတို့၏ လေယာဉ်များကို ပစ်ချခဲ့ပါက ၎င်းတို့အား ဖျက်ဆီးပစ်မည် ဖြစ်သည်ဟု လိုက်ဘာမန်က ဟီဘရူးဘာသာဖြင့် ထုတ်ဝေသည့် Ynet သတင်းဆိုဒ်တွင် ပြောကြားခဲ့သည်။

ရုရှားသည် ဆီးရီးယားကို S-300 လေယာဉ်ပစ် ဒုံးကျည်ကာကွယ်ရေးစနစ် များပေးကာ အကူအညီပေးသွားဖွယ် ရှိသည်ဟု ကွမ်မားဆန့် သတင်းစာသို့ ရုရှားအာဏာပိုင်တစ်ဦး၏ ပြောကြားခဲ့မှုကို အစ္စရေးကာကွယ်ရေးဝန်ကြီးက တုံ့ပြန်ပြောကြားခဲ့ခြင်း ဖြစ်သည်။

ရုရှားဒုံးကျည် ကာကွယ်ရေးစနစ် များသည် ဆီးရီးယား၌ရှိနေပြီး အမေရိကန်ကို တိုက်ခိုက်ရန်အသုံးပြုခြင်း မရှိသေးပေ။ ထို့အပြင် အကယ်၍ ဆီးရီးယား ဒုံးကျည်ကာကွယ်ရေးစနစ်များက အမေရိကန်ကို ဆန့်ကျင်တိုက်ခိုက်မှု လုပ်ဆောင်လာပါက ၎င်းတို့ကိုဖျက်ဆီး ပစ်မည်ဟု လိုင်ဘာမန်ကပြောကြား ခဲ့သည်။ **ဆင်ဟွာ**

### ဩစတြေးလျနိုင်ငံသား သီလရှင်အား နိုင်ငံရေးကိစ္စရပ် များတွင် ဝင်စွက်ဖက်မှုဖြင့် ဖိလစ်ပိုင်မှ နှင်ထုတ်

**မနီလာ မေ ၂၆**

ဖိလစ်ပိုင် လူဝင်မှုကြီးကြပ်ရေးဗျူရိုသည် အသက် ၇၁ နှစ်ရှိ ဩစတြေးလျနိုင်ငံသား သီလရှင်အား ရက်ပေါင်း ၃၀ အတွင်း နိုင်ငံမှ ထွက်ခွာသွားရန် အမိန့်ထုတ် လိုက်ကြောင်း သိရသည်။

ပါတီနိုင်ငံရေး ကိစ္စရပ်များတွင် ပါဝင်ပတ်သက်ခဲ့မှုအတွက် ၎င်း၏ သာသနာပြုအဖွဲ့ ပြည်ဝင်ခွင့် ဗီဇာကို ပယ်ဖျက်လိုက်ပြီးနောက်တွင် ထိုသို့ ထွက်ခွာသွားရန် အမိန့်ချမှတ်လိုက်ခြင်း ဖြစ်ကြောင်း သိရသည်။

လူဝင်မှုကြီးကြပ်ရေး ဗျူရိုအဖွဲ့ ကော်မရှင်နာ ဂျေမီမိုရန်တီက ကော်မရှင်နာ ဘုတ်အဖွဲ့က အဆိုပါသီလရှင်သည် ဗီဇာအရ ခွင့်ပြုထားခြင်းမရှိသည့် လှုပ်ရှားမှုများတွင် ပါဝင်ခဲ့သည်ကို တွေ့ရှိရပြီးနောက် ဗီဇာကိုဖျက်သိမ်းရန် ဆုံးဖြတ်လိုက်ခြင်းဖြစ်ကြောင်း ဗုဒ္ဓဟူး နေ့တွင် ပြောကြားခဲ့သည်။

တနင်္လာနေ့က ထုတ်ပြန်ခဲ့သည့် စာမျက်နှာတစ်မျက်နှာပါ အမိန့်ထုတ် ပြန်ချက်တွင် မိုရန်တီက ဘုတ်အဖွဲ့သည် ၂၀၁၈ ခုနှစ် စက်တင်ဘာလတွင် သက်တမ်းကုန်ဆုံးမည့် Fox's သာသနာပြု ဗီဇာကိုပယ်ဖျက်ရန် အမိန့် ချမှတ်ခဲ့သည်ဟု ဖော်ပြထားသည်။ **ဆင်ဟွာ**

# ဆန္ဒပြပွဲတွေကြောင့် ရာထူးကနေနုတ်ထွက်သွားရတဲ့ အာမေးနီးယန်းခေါင်းဆောင်တစ်ဦး

**ခြူးစန္ဒီမွေး**



> “အမှန်ဆိုရင် သူ့ရဲ့ ဒုတိယအကြိမ်သမ္မတအဖြစ် တာဝန်ထမ်းဆောင်တဲ့ သက်တမ်းဟာဆိုရင် ၂၀၁၈ မေ ၉ ရက်မှာ ပြည့်သွားပြီပဲ ဖြစ်တယ်။ အာဏာကို လက်မလွှတ်ချင်တဲ့ သူဟာ မေ ၁၇ ရက်မှာပဲ အာမေးနီးယား ဝန်ကြီးချုပ်အဖြစ် ပြန်လည်ရွေးကောက်ခံခဲ့ပါတယ်။ သူ့ရဲ့ ပါတီဝင်တွေသာကြီးစိုးတဲ့ ပါလီမန်ဟာလည်း အခြားသူတွေကို ပါဝင်ယှဉ်ပြိုင်ဖို့ အခွင့်အရေးမပေးခဲ့ပါဘူး။ ဒီဖြစ်ရပ်ကြောင့်လည်း နိုင်ငံတစ်ဝန်း သူ့ကို ဆန့်ကျင်ကန့်ကွက်မှုတွေ ပေါ်ပေါက်လာခဲ့ရတာပဲဖြစ်”

အာမေးနီးယားနိုင်ငံမှာ နိုင်ငံတစ်ဝန်း ၁၀ ရက်ကြာ ဆန္ဒပြပွဲတွေ ပြုလုပ်ပြီးတဲ့ နောက်ပိုင်းမှာတော့ နိုင်ငံကို ဆယ်စုနှစ်တစ်ခုအကြာ အုပ်ချုပ်လာခဲ့တဲ့သူကို ရာထူးကနေ နုတ်ထွက်အောင် စွမ်းဆောင်နိုင်ခဲ့ပါပြီ။ ဒါဟာ ဆိုဗီယက် ခေတ်နှောင်းပိုင်းအလွန်မှာ ဖြစ်ပေါ်ခဲ့တဲ့ ပဋိပက္ခလည်း ဖြစ်တယ်။ အာမေးနီးယားနိုင်ငံမှာ သမ္မတအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး တလောကမှ ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်နေတဲ့ မစ္စတာ ဆာ့ဂ်ျဆာဂတ်စ်ယန်းရဲ့ မမျှော်လင့်ဘဲ နုတ်ထွက်တဲ့ သတင်းကြောင့် မြို့တော် ယီရီဗန်နဲ့ အခြားမြို့ကြီးတွေမှာ လူတွေဟာ ပျော်ပွဲရွှင်ပွဲတွေ ပြုလုပ်ခဲ့ကြတယ်။ ညလုံးပေါက်ကခုန်တာတွေ၊ အောင်ပွဲခံတာတွေ ပြုလုပ်ခဲ့ကြပါတယ်။ ဒီလိုဖြစ်ရပ်တွေ ဘာကြောင့် ပေါ်ပေါက်လာရတာလဲ။ ၂၀၀၈ ခုနှစ်ကတည်းက အာမေးနီးယားမှာ သမ္မတဖြစ်လာခဲ့တဲ့ မစ္စတာ ဆာ့ဂ်ျဆာဂတ်စ်ယန်း သမ္မတအဖြစ် သက်တမ်းနှစ်ခုစာ တာဝန်ထမ်းဆောင်ပြီးပြီပဲ ဖြစ်တယ်။ သူ့ရဲ့ ဒုတိယသက်တမ်းဟာလည်း အခုလအစောပိုင်းကမှ သက်တမ်းပြည့်သွားတာ ဖြစ်တယ်။

**သမ္မတအဖြစ်မှ ဝန်ကြီးချုပ်အဖြစ်သို့**

၂၀၁၅ ခုနှစ်က ပြုလုပ်ခဲ့တဲ့ ဖွဲ့စည်းပုံဆိုင်ရာလူထု ဆန္ဒခံယူပွဲမှာတော့ သမ္မတရဲ့ လုပ်ပိုင်ခွင့်အာဏာ အများစုကို ဝန်ကြီးချုပ်ရဲ့လုပ်ပိုင်ခွင့်တွေအဖြစ် ပြောင်းလဲပစ်ခဲ့တယ်။ ပါလီမန်ဆိုတာကလည်း သူ့ရဲ့ လက်ယာယိမ်း ရီပတ်ဘလစ်ကန် ပါတီဝင်တွေပဲ ကြီးစိုးတာမို့လို့ အငြင်းပွားဖွယ်မရှိ အတည်ပြုပေးလိုက်ပါတယ်။ အမှန်ဆိုရင် သူ့ရဲ့ဒုတိယအကြိမ် သမ္မတအဖြစ် တာဝန်ထမ်းဆောင်တဲ့ သက်တမ်းဟာဆိုရင် ၂၀၁၈ မေ ၉ ရက်မှာ ပြည့်သွားပြီပဲ ဖြစ်တယ်။ အာဏာကို လက်မလွှတ်ချင်တဲ့ သူဟာ မေ ၁၇ရက်မှာပဲ အာမေးနီးယား ဝန်ကြီးချုပ်အဖြစ် ပြန်လည်ရွေးကောက်ခံခဲ့ပါတယ်။ သူ့ရဲ့ပါတီဝင်တွေသာကြီးစိုးတဲ့ ပါလီမန်ဟာလည်း အခြားသူတွေကို ပါဝင်ယှဉ်ပြိုင်ဖို့အခွင့်အရေး မပေးခဲ့ပါဘူး။ ဒီဖြစ်ရပ်ကြောင့်လည်း နိုင်ငံတစ်ဝန်း သူ့ကို ဆန့်ကျင်ကန့်ကွက်မှုတွေပေါ်ပေါက်လာခဲ့ရတာပဲ ဖြစ်တယ်။

“ကျွန်တော် မှားသွားခဲ့ပါတယ်။” လို့မစ္စတာ ဆာ့ဂ်ျဆာဂတ်စ်ယန်းက သူရာထူးကနေ နုတ်ထွက်ကြောင်း မိန့်ခွန်းပြောရာမှာ ပြောကြားခဲ့ပါတယ်။ “လမ်းပေါ်က ဆန္ဒပြမှုတွေဟာ ကျွန်တော့်ရဲ့ ရာထူးသက်တမ်းကို မကျေနပ်လို့ပေါ်ပေါက်လာရတဲ့ ဆန္ဒပြပွဲတွေသာဖြစ်တယ်။ သူတို့ရဲ့ တောင်းဆိုချက်တွေကို ဖြည့်ဆည်းပေးဖို့ ကျွန်တော့်မှာ တာဝန်ရှိပါတယ်”လို့ ပြောပါတယ်။

**ဆန္ဒပြပွဲတွေပေါ်ပေါက်လာ**

အာမေးနီးယားမှာ ပေါ်ပေါက်လာတဲ့ ဆန္ဒပြပွဲတွေရဲ့အရှိန်ကတော့ ကြောက်ခမန်းလိလိပါပဲ။ ဘယ်သူမှမမျှော်လင့်မထားတဲ့ တုံ့ပြန်မှုမျိုးနဲ့ ပြည်သူတွေက တုံ့ပြန်ခဲ့တာပဲဖြစ်တယ်လို့ ယီရီဗန်မြို့မှာရှိတဲ့ သုခမိန်အဖွဲ့ ဒေသဆိုင်ရာလေ့လာမှုဌာနရဲ့ညွှန်ကြားရေးမှူးဖြစ်သူ ရစ်ချက်က ပြောပါတယ်။ မေ ၁၃ ရက်ကစပြီး ဒေါသထွက်နေတဲ့ ထောင်ပေါင်းများစွာသော အာမေးနီးယန်းတွေဟာ ပြည်သူ့ရင်ပြင်မှာ စုဝေးခဲ့ကြပါတယ်။ အဲဒီထဲက အများစုကတော့ လူငယ်တွေ ပဲဖြစ်တယ်။ အဲဒီကမှတစ်ဆင့် တခြား မြို့ပေါင်းများစွာကို ဆန္ဒပြပွဲတွေ ကူးစက် သွားခဲ့ပါတော့တယ်။ ဒါတွေဟာ အသက် ၆၃ နှစ် အရွယ်ရှိပြီဖြစ်တဲ့ မစ္စတာ ဆာ့ဂ်ျဆာဂတ်စ်ယန်းအတွက် ကြီးမားတဲ့ဖိအားတွေ ဖြစ်မလာသေးပါဘူး။ ဒါပေမယ့် အီရတ်၊ အာဖဂန်နစ္စတန်နဲ့ ကိုဆိုဗို တို့မှာ သွားရောက်တာဝန်ထမ်းဆောင်ခဲ့တဲ့ နိုင်ငံရဲ့ ဂုဏ်သိက္ခာရှိတဲ့ ငြိမ်းချမ်းရေး ထိန်းသိမ်းရေးတပ်ဖွဲ့ဝင်တွေဟာလည်း သူတို့ရဲ့ ယူနီဖောင်းတွေနဲ့ မြို့တော် ယီရီဗန်မှာ ပြုလုပ်တဲ့ ဆန္ဒပြပွဲတွေမှာ ပါဝင်လာတဲ့အခါမှာတော့ သမ္မတအဖြစ်ကနေ ဝန်ကြီးချုပ်အသစ်အဖြစ် တာဝန်ထမ်းဆောင်နေတဲ့ မစ္စတာ ဆာ့ဂ်ျဆာဂတ်စ်ယန်းလည်း ငြိမ်နေလို့မရတော့ပါဘူး။

ပြီးခဲ့တဲ့ အင်္ဂါနေ့ဟာ အာမေးနီးယားနိုင်ငံရဲ့ လူမျိုးသုဉ်းသတ်ဖြတ်မှု အောက်မေ့ဖွယ်နေ့လည်း ဖြစ်တယ်။ အဲဒီနေ့မှာပဲ လူပေါင်း ၂ ဒသမ ၆ သန်းဟာ လမ်းမပေါ် ထွက်လာကြတယ်။ အဲဒီ လူအုပ်ကြီးဟာ မစ္စတာ ဆာ့ဂ်ျဆာဂတ်စ်ယန်းကိုဆန့်ကျင်တဲ့ လူအုပ်ကြီးအဖြစ် တစ်မုဟုတ်ချင်း ပြောင်းလဲသွားတယ်။ လုံခြုံရေးတပ်ဖွဲ့ဝင်တွေဟာလည်း ဒီလောက် များပြားတဲ့လူအုပ်ကြီးကို ဘယ်လို နှိမ်နင်းရမလဲဆိုတာ မသိကြတော့ဘူး။

**အပြောင်းအလဲကို လိုအပ်နေကြ**

အမှန်ဆိုရင် မစ္စတာ ဆာဂတ်စ်ယန်းဟာ သူ့ရဲ့ သမ္မတသက်တမ်းကို နောက်ထပ်မတိုးတော့ဘူးလို့ ကတိပေးခဲ့ပါတယ်။ ဒါပေမယ့်လည်း သူ့ရဲ့သမ္မတသက်တမ်းကုန်ဆုံးတဲ့ အခါမှာတော့ သူဟာ ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါတော့တယ်။ ဒီလိုမျိုး ပေါ်ပေါက်လာတဲ့ ဆန္ဒပြပွဲတွေကြောင့်လည်း တိုင်းပြည်ဟာ ဖရိုဖရဲဖြစ်ခဲ့ရပါတယ်။ ဖွဲ့စည်းပုံအသစ်အရ ဆုံးဖြတ်နိုင်တဲ့ အာဏာဟာ ပါလီမန်မှာရှိပြီး အချို့ကလည်း ရွေးကောက်ပွဲအသစ် ခေါ်လိမ့်မယ်လို့ ခန့်မှန်းထားကြပါတယ်။ ဒီ ဆန္ဒပြပွဲတွေကို ပိုမိုအားကောင်းစေတဲ့အချက်ကတော့ ဆန္ဒပြပွဲမှာ ပါဝင်လာတဲ့ လူငယ်တွေကြောင့်ပါပဲ။ အဲဒီလူငယ်တွေဟာ လက်ရှိနိုင်ငံရဲ့ စီးပွားရေးနဲ့ နိုင်ငံရေးကို ချုပ်ကိုင်ထားတဲ့ နိုင်ငံရေးသမားတွေရဲ့ လွှမ်းမိုးမှုကနေလည်း ကင်းလွတ်တဲ့ မျိုးဆက်သစ်တွေလို့ သုတေသီတွေက ပြောပါတယ်။

အာမေးနီးယားနိုင်ငံဟာ အိမ်နီးချင်းဖြစ်တဲ့ အဇာဘိုင်ဂျန်နဲ့ ပဋိပက္ခတွေ အဆုံးသတ်ဖို့ရာ ဆွေးနွေးညှိနှိုင်းမှုတွေ ပြုလုပ်ဖို့နဲ့ အခြားတစ်ဖက်မှာလည်း တူရကီနဲ့ဆက်ဆံရာမှာ အဆင်ပြေနိုင်ဖို့အတွက် ခေါင်းဆောင်မပြောင်းလဲဖို့ လိုအပ်တယ်ဆိုတဲ့ အငြင်းပွားဖွယ် အယူအဆကို ဒီမျိုးဆက်သစ်တွေက ပယ်ဖျက်လိုက်နိုင်ပါတယ်။ နောက်မျိုးဆက်သစ်တွေဟာ အပြောင်းအလဲကို လိုအပ်နေကြတယ်။ ဒါပေမယ့်လည်း သူတို့ကို အမှန်တကယ် ဦးဆောင်နိုင်မယ့် ခေါင်းဆောင်ကောင်း ရှာနိုင်ဖို့ကျတော့ အခက်ကြုံနေရတယ်။

**စီးပွားရေးအကျပ်အတည်း**

မစ္စတာ ဆာဂတ်စ်ဟာ ဆန္ဒပြပွဲတွေကို ဦးဆောင်ခဲ့တဲ့ အတိုက်အခံ ပါလီမန်တစ်ဦးဖြစ်တဲ့ မစ္စတာ ပါရှင်ယန်နဲ့ တွေ့ဆုံဖို့ တနင်္ဂနွေနေ့ကပဲ သဘောတူခဲ့ပါတယ်။ ဒါပေမယ့် ဆွေးနွေးပွဲဟာ မိနစ်အနည်းငယ်မျှသာ ခံပါတယ်။ သူဟာ အကျပ်ကိုင်ခံရတယ်ဆိုပြီး ဆွေးနွေးပွဲကို ရပ်လိုက်တယ်။ အဲဒီနောက်မှာတော့ မစ္စတာ ပါရှင်ယန်နဲ့ သူ့ရဲ့ မဟာမိတ်နှစ်ဦးကို ညတွင်းချင်း ဖမ်းဆီးလိုက်တယ်။ တနင်္လာနေ့ မနက်ကျမှ ဒီဖမ်းဆီးထိန်းသိမ်းခံထားရတဲ့ အတိုက်အခံ ခေါင်းဆောင် သုံးဦး ပြန်လည် လွတ်မြောက်လာခဲ့ပါတယ်။

အာမေးနီးယားနိုင်ငံဟာ ၁၉၉၁ ခုနှစ် လွတ်လပ်ရေးမရခင်အချိန်အထိ ဆိုဗီယက်ရဲ့ပြည်နယ်တစ်ခုသာ ဖြစ်ခဲ့ပါတယ်။ အဲဒီတော့ အခုချိန်အထိ ရုရှားနဲ့ ရင်းနှီးတဲ့ ဆက်ဆံရေးမျိုးရှိဆဲပဲဖြစ်တယ်။ အိမ်နီးချင်း အဇာဘိုင်ဂျန်နိုင်ငံနဲ့ကတော့ မတည့်ပါဘူး။ အဇာဘိုင်ဂျန်နိုင်ငံဟာလည်း တစ်ခါတုန်းက ဆိုဗီယက်ပြည်နယ်တစ်ခုပါပဲ။ နိုင်ငံရေးနဲ့ နယ်မြေဆိုင်ရာ ပဋိပက္ခတွေအပြင် အာမေးနီးယားမှာ နောက်ထပ်ကြုံတွေ့နေရတဲ့ပြဿနာကတော့ စီးပွားရေးအကျပ်အတည်းပါပဲ။ ပြည်ပရောက်နေတဲ့ နိုင်ငံသားတွေဆီက ပြန်ပို့ငွေအပေါ်မှာပဲ မှီခိုနေရတဲ့ မိသားစုဝင်တွေ အများကြီးရှိတယ်လို့ ရုရှားသိပ္ပံအကယ်ဒမီက သုတေသီတစ်ဦးဖြစ်သူ G.Areshev က ပြောပါတယ်။ အာမေးနီးယား နိုင်ငံသားတွေဟာ ရုရှားနိုင်ငံက ဆောက်လုပ်ရေးလုပ်ငန်းခွင်တွေမှာ လုပ်ကိုင်ကြပြီး မနှစ်တုန်းကပဲ သူတို့ဟာ ဒေါ်လာ ၁ ဒသမ ၀၇ ဘီလီယံနိုင်ငံကို ပို့ပေးနိုင်ခဲ့တယ်လို့ ဗဟိုဘဏ်ရဲ့ မှတ်တမ်းတွေအရ သိရပါတယ်။

အခုတော့ အာမေးနီးယားကို ဆယ်စုနှစ်တစ်ခုကြာ အုပ်ချုပ်ခဲ့တဲ့ သူဟာ နုတ်ထွက်လို့ သွားခဲ့ပါပြီ။ သူ့ရဲ့ နုတ်ထွက်မှုကြောင့် ဘယ်လိုအပြောင်းအလဲတွေ ဖြစ်လာမှာလဲ။ အာမေးနီးယားပြည်သူတွေ မျှော်လင့်နေသလို ခေါင်းဆောင်ကောင်းတစ်ခု ပေါ်ထွက်လာတော့မှာလား။ လက်ရှိမှာတော့ လစ်လပ်သွားတဲ့ ဝန်ကြီးချုပ်နေရာမှာ ယခင်ဝန်ကြီးချုပ်ဟောင်း ခဲရန်ခဲရာပက်ယန် တာဝန်ယူလျက်ရှိပါတယ်။ ။

**ကိုးကား-နယူးယောက်တိုင်းမ်စ်**

# မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

**ယမန်နေ့မှအဆက်**

၂၂။ အောက်ပါအကြောင်းတစ်ရပ်ရပ်ပေါ်ပေါက်လျှင် အသင်းသားအဖြစ်မှ ရပ်စဲခြင်းခံရမည်-

(က) အသင်းသားကွယ်လွန်ခြင်း၊

(ခ) ဗဟိုကောင်စီက သတ်မှတ်ထားသည့်ပြစ်မှုတစ်ရပ်ရပ်ဖြင့် ပြစ်မှုထင်ရှားစီရင်ခံရခြင်း၊

(ဂ) ဗဟိုကောင်စီ၊ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၊ ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၊ မြို့နယ်အသင်းနှင့် အသင်းခွဲပိုင်ငွေ သို့မဟုတ် ပစ္စည်းများကို အလွဲသုံးစားပြုခြင်း၊

(ဃ) ဗဟိုကောင်စီ၊ နေပြည်တော်၊ တိုင်းဒေသကြီး၊ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၊ ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၊ မြို့နယ်အသင်းနှင့် အသင်းခွဲ၏လုပ်ငန်းများကို ဟန့်တားခြင်း၊ ဖျက်ဆီးခြင်း၊ နှောင့်ယှက်ခြင်း၊ ဗဟိုကောင်စီ သို့မဟုတ် သက်ဆိုင်ရာအလုပ်အမှုဆောင်အဖွဲ့၏ ဂုဏ်သိက္ခာကို ထိခိုက်စေရန် ပြုမူဆောင်ရွက်ခြင်း။

၂၃။ အသင်းသားဖြစ်ခြင်းနှင့် အသင်းသားအဖြစ်မှ ရပ်စဲခြင်းကို သက်ဆိုင်ရာမြို့နယ်အသင်း သို့မဟုတ် အသင်းခွဲ၏ အမှုဆောင်အဖွဲ့က ဆုံးဖြတ်ရမည်။

၂၄။ ပုဒ်မ ၂၃ အရ ချမှတ်သည့်ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဗဟိုကောင်စီသို့ အယူခံနိုင်သည်။

၂၅။ ပုဒ်မ ၂၄ အရ အယူခံသည့် ကိစ္စနှင့်စပ်လျဉ်း၍ ဗဟိုကောင်စီက ချမှတ်သည့် ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

**အခန်း(၅)**

**တာဝန်နှင့်လုပ်ပိုင်ခွင့်**

၂၆။ ဗဟိုကောင်စီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ဗဟိုအလုပ်အမှုဆောင်အဖွဲ့ကို ရွေးကောက်တင်မြှောက်ခြင်း၊

(ခ) အသင်းသားများ လိုက်နာရမည့်စည်းကမ်းများနှင့် ကျင့်ဝတ်များကို သတ်မှတ်ခြင်း၊

(ဂ) မြို့နယ်အသင်းများနှင့် အသင်းခွဲများက ဆောင်ရွက်ရမည့် ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာလုပ်ငန်းများကို အခါအားလျော်စွာ သတ်မှတ်ပေးခြင်း၊

(ဃ) ဗဟိုကောင်စီက သတ်မှတ်ထားသော ဝန်ထမ်းဦးရေနှင့် သတ်မှတ်သော လစာနှုန်းများအရ ကောင်စီ၏ ရုံးအဖွဲ့ကို ဖွဲ့စည်းခြင်း၊ ခန့်ထားခြင်း၊

(င) မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၏ကိုယ်စား ပဋိညာဉ်များ၊ သဘောတူစာချုပ်များချုပ်ဆိုခြင်းနှင့် စပ်လျဉ်း၍ စည်းကမ်းများကို သတ်မှတ်ပေးခြင်း၊

(စ) အကျိုးတူ၊ ရည်ရွယ်ချက်တူလုပ်ငန်းများကို ဆောင်ရွက်ကြသည့် ပြည်တွင်း ပြည်ပအဖွဲ့အစည်းများနှင့် ဆက်သွယ်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊ ရရှိသည့်ရန်ပုံငွေများနှင့် ပစ္စည်းများကို အကျိုးရှိစွာအသုံးပြုခြင်း၊

(ဆ) မိခင်နှင့် ကလေးစောင့်ရှောက်ရေးနှင့် သက်ဆိုင်သော အခြားကိစ္စရပ်များကိုဆောင်ရွက်ခြင်း။

၂၇။ ဗဟိုကောင်စီသည် ပုဒ်မ ၂၄ အရ တင်သွင်းလာသော အယူခံမှုများကို ဆုံးဖြတ်ရမည်။

၂၈။ (က) ဗဟိုအလုပ်အမှုဆောင်အဖွဲ့သည် ဗဟိုကောင်စီနှစ်ပတ်လည် အစည်းအဝေး သို့မဟုတ် ပုံမှန်အစည်းအဝေးများ ကျင်းပချိန်မဟုတ်သည့် အခါ ပုဒ်မ ၂၆ နှင့်ပုဒ်မ ၂၇ ပါဗဟိုကောင်စီ၏တာဝန်ဝတ္တရားများကို တာဝန်ခံဆောင်ရွက်ရမည်။ ယင်းဆောင်ရွက်ချက်များကို အနီးကပ်ဆုံးဗဟိုကောင်စီအစည်းအဝေးသို့တင်ပြ၍ အတည်ပြုချက်ရယူရမည်။

(ခ) ဗဟိုအလုပ်အမှုဆောင်အဖွဲ့သည် ဗဟိုကောင်စီက ချမှတ်ထားသည့် လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

(ဂ) နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့သည် မြို့နယ်အသင်းနှင့် အသင်းခွဲများ၏လုပ်ငန်းများကို အထောက်အကူပြုရမည်။

(ဃ) နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့သည် ဗဟိုကောင်စီက အခါအားလျော်စွာပေးအပ်သည့် တာဝန်များကို ဆောင်ရွက်ရမည်။

(င) ခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့သည် ခရိုင်အတွင်းရှိ မြို့နယ်အသင်းနှင့် အသင်းခွဲများ၏ လုပ်ငန်းများကို အထောက်အကူပြုရမည်ဖြစ်ပြီး နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့က ပေးအပ်သည့်တာဝန်များကိုဆောင်ရွက်ရမည်။

**အခန်း(၆)**

**ဘဏ္ဍာရေး**

၂၉။ ဗဟိုကောင်စီ၊ နေပြည်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၊ မြို့နယ်အသင်းနှင့် အသင်းခွဲအသီးသီးသည်-

(က) အမြတ်အစွန်းကိုမရည်ရွယ်သည့် အဖွဲ့အစည်းအဖြစ် ဆောင်ရွက်ရမည့်အပြင် မိမိရန်ပုံငွေဖြင့် ရပ်တည်ရမည်။

(ခ) ရငွေများကို ဘဏ်တွင် ငွေစာရင်းဖွင့်လှစ်၍ အပ်နှံထားရမည်။ ဘဏ်ရှိငွေများကို မိခင်နှင့်ကလေးစောင့်ရှောက်ရေးလုပ်ငန်းများအတွက် လိုအပ်ပါက သုံးစွဲပိုင်ခွင့်ရှိသည်။ လတ်တလောအသုံးပြုရန် မလိုအပ်သည့်ရန်ပုံငွေကို တိုးပွားအောင် ငွေစုလက်မှတ် ဝယ်ယူနိုင်သည်။

(ဂ) ငွေစာရင်းများကို စနစ်တကျထားရှိခြင်းနှင့် ထိန်းသိမ်းခြင်း ပြုရမည်။

(ဃ) ရန်ပုံငွေရှာဖွေခြင်း၊ ငွေကြေးသုံးစွဲခြင်း၊ သုံးစွဲခွင့်ရယူခြင်းတို့နှင့် စပ်လျဉ်း၍ လုပ်ထုံးလုပ်နည်းများတွင် သတ်မှတ်သည့်အတိုင်း လိုက်နာဆောင်ရွက်ရမည်။

(င) ဘဏ္ဍာရေးနှစ်အတွင်း ရငွေသုံးငွေစာရင်းများကို အကျိုးဆောင်စာရင်းစစ်အားစစ်ဆေးစေခြင်း၊ စာရင်းရှင်းတမ်းကို ရေးဆွဲပြုစုစေခြင်း ပြုရမည်။

၃၀။ ဗဟိုကောင်စီ၊ နေပြည်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့သည် မိမိပိုင်နိုင်ငံခြားငွေကို သီးခြားဘဏ်စာရင်းဖွင့်လှစ်ထားရှိ၍ မိခင်၊ ကလေးနှင့် မိသားစုစောင့်ရှောက်ရေးလုပ်ငန်းအတွက် တည်ဆဲစည်းမျဉ်းစည်းကမ်းများနှင့်အညီ သုံးစွဲခွင့်ရှိသည်။

၃၁။ ဗဟိုကောင်စီ၊ နေပြည်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့၊ မြို့နယ်အသင်းနှင့် အသင်းခွဲတို့၏ စာရင်းများ ထားရှိခြင်း၊ စာရင်းစစ်ဆေးခြင်းတို့နှင့်စပ်လျဉ်း၍ လိုအပ်ပါကသက်ဆိုင်ရာ စာရင်းရုံး၏ အကူအညီကို တောင်းခံရယူနိုင်သည်။

၃၂။ ဗဟိုကောင်စီ၊နေပြည်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၊ မြို့နယ်အသင်းနှင့် အသင်းခွဲတို့၏ ဘဏ္ဍာရေးနှစ်သည် ပြည်ထောင်စုအစိုးရ၏ ဘဏ္ဍာရေးနှစ်အတိုင်း ဖြစ်သည်။

**အခန်း(၇)**

**အထွေထွေ**

၃၃။ ဤဥပဒေနှင့်အညီ ဖွဲ့စည်းသောမြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အသင်းနှင့် အသင်းခွဲတို့မှအပ ယင်းအသင်းများ၏အမည်ကိုလည်းကောင်း၊ အလားတူအမည်ကိုလည်းကောင်း သုံးစွဲ၍ အသင်းအဖွဲ့များကို ဖွဲ့စည်းခြင်း မပြုရ။

၃၄။ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အသင်းနှင့် အသင်းခွဲအသီးသီးသည် ကိုယ်ပိုင်အမည်၊ တံဆိပ်တို့ဖြင့် ဆောင်ရွက်ပိုင်ခွင့်၊ စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုနိုင်ခွင့်၊ တရားစွဲခံနိုင်ခွင့်ရှိစေရမည်။

၃၅။ အသင်းသားတို့ လိုက်နာရမည့်စည်းကမ်းများနှင့် ကျင့်ဝတ်များသည်လည်းကောင်း၊ စည်းကမ်းနှင့် ကျင့်ဝတ်ဖောက်ဖျက်သူအသင်းသားများအား စုံစမ်းအရေးယူခြင်းဆိုင်ရာကိစ္စများသည် လည်းကောင်း၊ ဗဟိုကောင်စီက သတ်မှတ်သည့်အတိုင်း ဖြစ်စေရမည်။

၃၆။ ဤဥပဒေအရ သဘောရိုးဖြင့် ဆောင်ရွက်သော ကိစ္စအတွက် ဗဟိုကောင်စီဝင်များကိုလည်းကောင်း၊ မြို့နယ်အသင်းနှင့်အသင်းခွဲတို့၏ အမှုဆောင်အဖွဲ့ဝင်များကိုလည်းကောင်း တရားမကြောင်းဖြင့် ဖြစ်စေ၊ ပြစ်မှုကြောင်းဖြင့်ဖြစ်စေ တရားစွဲဆိုခြင်း မပြုရ။

၃၇။ အသင်းသားများဖြင့် ရွေးချယ်ဖွဲ့စည်းပြီးကြောင်း တင်ပြထားသည့် မြို့နယ်အသင်းနှင့် အသင်းခွဲတို့သည် ဤဥပဒေအရဖွဲ့စည်းသည့် မြို့နယ်အသင်းနှင့် အသင်းခွဲများဖြစ်သည်ဟု ဤဥပဒေပြဋ္ဌာန်းသည့်နေ့တွင် မှတ်ယူရမည်။

၃၈။ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥပဒေ (၁၉၉၀ ပြည့်နှစ်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥပဒေအမှတ် ၂၁) အရ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ဆက်လက်ကျင့်သုံးနိုင်သည်။

၃၉။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် ဗဟိုကောင်စီတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၄၀။ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥပဒေ (၁၉၉၀ ပြည့်နှစ်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥပဒေအမှတ် ၂၁) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

# လယ်ယာထွက်စားသောက်ကုန်များ၏ ဈေးကွက်နှင့်ကုန်သွယ်မှုသည် လယ်ယာကဏ္ဍ ပြောင်းလဲတိုးတက်ရေးအတွက် အရေးကြီး

**နေပြည်တော် ဧပြီ ၂၆**

၂၀၁၈ ခုနှစ် ဧပြီလမှ ၂၀၂၀ပြည့်နှစ် ဒီဇင်ဘာလအထိ ဆောင်ရွက်မည့် အာဆီယံဒေသတွင်း လယ်ယာကဏ္ဍပြောင်းလဲတိုးတက်ရေးနှင့် ဈေးကွက်ပူးပေါင်းဆောင်ရွက်မှုစီမံကိန်း (Project on Agricultural Transformation and Market Integration in the ASEAN Region-ATMI-ASEAN) ၏ ပထမအကြိမ် မူဝါဒစားပွဲဝိုင်းဆွေးနွေးပွဲကို ဧပြီလ တတိယပတ်က နေပြည်တော် Grand Amara Hotel ၌ ကျင်းပသည်။

အဆိုပါ စီမံကိန်းကို International Fund for Agricultural Development (IFAD) ၏အထောက်အပံ့ဖြင့် International Food Policy Research Institute (IFPRI) မှ နည်းပညာပံ့ပိုးကာ Southeast Asia Regional Centre for Graduate Study and Research in Agriculture (SEARCA) နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စီမံကိန်းဦးစီးဌာနတို့က ပူးပေါင်း၍ ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

အစည်းအဝေးသို့ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများဖြစ်သည့် IFAD၊ IFPRI နှင့် SEARCA မှ ကိုယ်စားလှယ်များ၊ ပုဂ္ဂလိကကဏ္ဍနှင့် လယ်သမားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာတင်ထွဋ်က "လယ်ယာထွက် စားသောက်ကုန်တွေရဲ့ဈေးကွက်နဲ့ ကုန်သွယ်မှုဟာ လယ်ယာကဏ္ဍပြောင်းလဲတိုးတက်ရေးအတွက် အဓိက အရေးကြီးပါတယ်၊ လယ်ယာထွက်ကုန်တွေရဲ့ ဈေးကွက်ရရှိရေးကိုလည်း အရေးတကြီးဆောင်ရွက်ရန် လိုအပ်ပါတယ်၊ ဒီနေ့ ပြုလုပ်တဲ့ အစည်းအဝေးကနေ လယ်ယာကဏ္ဍပြောင်းလဲတိုးတက်ရေးအတွက် လိုအပ် ချက်တွေကို ဖြေရှင်းပေးနိုင်မယ့် နည်းလမ်းတွေ ရရှိနိုင်လိမ့်မယ် လို့ မျှော်လင့်မိပါတယ်" ဟု ပြောကြားသည်။

ယင်းအစည်းအဝေးမှ ထွက်ရှိလာသော ရလဒ်များကို စိုက်ပျိုးရေးဖွံ့ဖြိုး တိုးတက်မှု မဟာဗျူဟာနှင့် ချိတ်ဆက်ဆောင်ရွက်ရန်နှင့် မူဝါဒရေးဆွဲသူများကိုလည်း အသိပေး၍ ရှေ့လုပ်ငန်းစဉ်များကိုလည်း ဆောင်ရွက်ရန်လိုအပ်ကြောင်း သိရသည်။

အခမ်းအနားတွင် IFPRI မှ မူဝါဒဆိုင်ရာ ကျွမ်းကျင်ပညာရှင်များက မြန်မာနိုင်ငံ၏ စားနပ်ရိက္ခာစနစ် မူဘောင်၊ မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍပြောင်းလဲတိုးတက် ရေးအတွက် လိုအပ်ချက်များနှင့် လယ်ယာထွက် စားသောက်ကုန်တန်ဖိုး ကွင်းဆက်မြှင့်တင်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများ




ကို တင်ပြဆွေးနွေးခဲ့ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာနတို့မှ ကိုယ်စားလှယ်များက စားနပ်ရိက္ခာဖူလုံရေးအတွက် ဥယျာဉ်ခြံသီးနှံ၊ မွေးမြူရေးနှင့် ငါးလုပ်ငန်းကဏ္ဍတို့၏ အရေးပါမှုများ၊ ဈေးကွက်အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများကို တင်ပြဆွေးနွေးခဲ့ကြကြောင်း သိရသည်။

လယ်ယာကဏ္ဍ ပြောင်းလဲတိုးတက်ရေးအတွက် လယ်ယာထွက်စားသောက်ကုန်များ၏ ဈေးကွက်နှင့် ကုန်သွယ်မှုသည် အဓိကအရေးကြီးသော အခန်းကဏ္ဍမှပါဝင်လျက်ရှိရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် လယ်ယာကဏ္ဍ ပြောင်းလဲတိုးတက်ရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဇူလိုင်မိုး (မြန်မာ့အလင်း)**

## ဥပဒေအတွေး ရေးပါရစေ၊ အပိုင်း (၁၁၈)

# မျှတသော တရားခွင်



**ဦးဟန်ညွန့် (ဥပဒေ)**

**ရှေ့နေ**

ကျွန်တော်သည် တရားလွှတ်တော်ရှေ့နေနှင့် နိုတြီပဗ္ဗလစ် တစ်ဦး ဖြစ်ပါသည်။ ရှေ့နေတစ်ဦးဖြစ်သည် ဆိုပါစို့။ ရှေ့နေ တစ်ဦးဖြစ်ခြင်းကြောင့် တရားခွင်မျိုးစုံသို့ အမှုလိုက်ဖူးပါသည်။ တရားသူကြီးမျိုးစုံ (အဆင့်ဆင့်) ကြုံဖူးပါသည်။ အမှုစစ်၊ သက်သေစစ်၊ လျှောက်လဲချက်ပေး၊ တစ်ဖက်ရှေ့နေနှင့် ငြင်းခုံ၊ တရားသူကြီးအမိန့်ချသည်ကို နာခံ စသည် စသည်ဖြင့် တရားခွင်အတွေ့အကြုံ အတော်စုံခဲ့ပါသည်။

**တရားလို၊ တရားခံ**

တရားလိုနှင့် တရားခံဟူ၍ ဘက် နှစ်ဖက်ရှိပါသည်။ တရားလိုအကျိုးဆောင် (အစိုးရရှေ့နေ) အဖြစ် (ဥပဒေအရာရှိ) အဖြစ် နှစ်ပေါင်းသုံးဆယ်ကျော်၊ အငြိမ်းစားယူပြီး၍ ဆယ်နှစ် နီးပါး ရှေ့နေလိုက်၊ စုစုပေါင်း အနှစ်လေးဆယ်ကျော် ရှေ့နေ လုပ်သက်ရှိသည်ဟု ပြောနိုင်ပါသည်။ နှစ်ပေါင်း ၄၀ ကျော်သော် လည်း တရားခွင်အတွေ့အကြုံပြည့်စုံပြီဟုကား ဘယ်သော အခါမှ မယုံကြည်မိပါ။ တရားဥပဒေ၏ ပင်လယ်ပြင်ကြီးက ကျယ်ပြောလှပါတိ။

**မျှတသောတရားခွင်**

"မျှတသောတရားခွင် ကြားနာစစ်ဆေးမှုဆိုင်ရာ အခွင့် အရေးများကို မြန်မာနိုင်ငံက လေးစားလိုက်နာမှုကို ခွဲခြမ်း စိတ်ဖြာသုံးသပ်ချက်" အမည်ရှိ စာအုပ်တစ်အုပ်ကို အစည်း အဝေးတစ်ခုမှာ ဝေငှ၍ လက်ခံရရှိပါသည်။ **မြန်မာနိုင်ငံတွင် လေ့လာစောင့်ကြည့်ခြင်း** ဟူ၍ ခေါင်းစဉ်အမည် ပေးထား ပါသေးသည်။

၂၀၁၇ အောက်တိုဘာလတွင် Justice Base က ထုတ်ဝေပါသည်။ Justice Base သည် ဒေသခံရှေ့နေများ၏ လုပ်ကိုင်နိုင်စွမ်းကို မြှင့်တင်ပေးပါသည်။ တရားဥပဒေစိုးမိုးရေး ရှေ့ဆောင်လုပ်ဆောင်ချက်များကို ကူညီထောက်ပံ့ပါသည်။ အသွင်ကူးပြောင်းရေးကာလနှင့် ပဋိပက္ခဖြစ်ပွားပြီးကာလ အတွင်းရှိ လူ့အဖွဲ့အစည်းများတွင် တရားဥပဒေစိုးမိုးရေးကို မြှင့်တင်ပေးပါသည်။ ရှေ့နေစွမ်းရည်များ ခိုင်မာစေရန်လည်း ကြိုးပမ်းပါသည်။

**မြန်မာ့တရားစီရင်ရေးစနစ်အကြောင်း**

မြန်မာ့တရားစီရင်ရေးစနစ်အကြောင်းကို ဤစာအုပ် တွင် အတော်အတန် ဖော်ပြထားပါသည်။ အင်္ဂလိပ်- မြန်မာ စစ်ပွဲများအပြီး (၁၈၂၄ မှ ၁၈၈၅) ကွန်မွန်းလောစနစ် (Common Law System) အကြောင်း၊ အိန္ဒိယကိုလိုနီ အုပ်ချုပ်ရေးအကြောင်း၊ တရားမကျင့်ထုံးဥပဒေ (၁၉၀၈)၊ ရာဇသတ်ကြီးဥပဒေ (၁၈၆၀)၊ ရာဇဝတ်ကျင့်ထုံးဥပဒေ (၁၈၉၈) တို့အကြောင်း သမိုင်းအကျဉ်းဖော်ပြထားပါ သည်။

**တရားရုံးစနစ်**

တရားရုံးစနစ်ဘာလဲ။ မြို့နယ်၊ ခရိုင်အဆင့်၊ ဝရမ်းမှု၊ သမ္မာန်မှု၊ ထောင်ဒဏ်၊ ငွေဒဏ်၊ ရဲအရေးပိုင်၊ မပိုင်၊ ဥပဒေ အရာရှိများအကြောင်းများလည်း ဖော်ပြထားသည်။

**မျှတသောတရားခွင်**

အကြောင်းအရာမျိုးစုံအနက် မျှတသောတရားခွင် အကြောင်းကိုမူ စိတ်ဝင်စားမိပါသည်။ ပို၍စိတ်ဝင်စားခြင်းပါ။ လေ့လာစရာလည်း ဖြစ်ပါသည်။ ခုခံချေပမှု ရရှိပိုင်ခွင့် ခေါင်းစဉ် အောက်တွင် နိုင်ငံတကာစံချိန်စံညွှန်းများအကြောင်း၊ ပြည်တွင်း စံချိန်စံညွှန်းများအကြောင်း၊ လေ့လာတွေ့ရှိချက်နှင့် ခွဲခြမ်း စိတ်ဖြာမှု ဟူ၍ ပြုစုတင်ပြထားပါသည်။ မှတ်သားစရာများ ဖြစ်ပါသည်။

သက်သေဖြစ်သည်။ သို့သော် ထိုရဲအရာရှိမှာ လုံခြုံရေး လိုက်သွားရသည်။ နယ်ဝေးပြောင်းသွားရသည်။ ဘာလုပ် မလဲ။ ဥပဒေ၊ နည်းလမ်းတွေတော့ ရှိသည်။ လက်တွေ့မှာ မည်သို့ ရှင်းလင်းကြသလဲ။ အဖြစ်မှန်တွေလား။

**တရားခွင်မှာ**

တရားခွင်မှာ တယ်လီဖုန်းပြောသော တရားသူကြီး၊ ခဏဆင်းသွားသော တရားသူကြီး၊ တရားသူကြီး ပြန်မတက်မီ တရားခွင်စာရေးနှင့်သာ အမှုစစ်ဆေးသလား။ နှစ်ဖက် ရှေ့နေတော့ ရှိသည်။ စာရေးက လိုက်ရေး။ သက်သေအားလုံး

> **"Justice Base သည် ဒေသခံရှေ့နေများ၏ လုပ်ကိုင်နိုင်စွမ်းကို မြှင့်တင်ပေးပါသည်။ တရားဥပဒေစိုးမိုးရေး ရှေ့ဆောင်လုပ်ဆောင်ချက် များကို ကူညီထောက်ပံ့ပါသည်။ အသွင်ကူးပြောင်းရေးကာလနှင့် ပဋိပက္ခ ဖြစ်ပွားပြီးကာလအတွင်းရှိ လူ့အဖွဲ့အစည်းများတွင် တရားဥပဒေ စိုးမိုးရေးကို မြှင့်တင်ပေးပါသည်"**

**ရှေ့နေနှင့် အမှုသည်**

ရှေ့နေနှင့် အမှုသည် (အချုပ်ခံတရားခံ) အကြောင်း ရေးထားသည်များမှာ စိတ်ဝင်စားဖွယ်ဖြစ်ပါသည်။အချုပ်ထဲ ရောက်နေသော အမှုသည်အား ရှေ့နေကတွေ့ခြင်း နည်းပါး သည်။ အကြောင်းအမျိုးမျိုး ရှိနိုင်ပါသည်။ အဖြေရှာ၍ ကြည့်ပါစို့။

"ရှေ့နေပါလျှင် အမှုကြာသည်" ဟု ပြောလေ့ရှိသည်။ ရှေ့နေမပါလျှင် တရားခံက မြန်မြန်ဝန်ခံတတ်သည်။ အမှု မြန်မြန်ပြီးတတ်သည်ဟု ပြောသူက ပြောသည်။

တရားသူကြီးက ရှေ့နေမေးခွန်း (အရှည်ကြီးမေးလျှင်) ဟန့်တားတတ်ကြောင်း၊ အမှုကြာကြောင်း၊ မကြာခဏ အဖြစ် အပျက်များ ကြုံဖူးသည်။ "ဒီမေးခွန်းမေးဖို့မလိုဘူး" ဟု ပြောသော တရားသူကြီးရှိသည်။ သက်သေခံဥပဒေနှင့်အညီ ပြောတာပါဟု ထောက်ပြသူလည်း ရှိသည်။ အဓိကအခြေခံက ဘာလဲ။

**မကြာခဏရုံးချိန်းခြင်း**

အမှုမစစ်ဘဲ မကြာခဏရုံးချိန်းပေးတာတွေ ရှိသည်။ ဘာကြောင့်လဲ။ သက်သေမလာ၍ ချိန်းသည်။ အခြားအကြောင်း ကြောင့် ချိန်းသည်။ အမှုဘာကြောင့်ကြာသလဲ။ အမှုနေ့စဉ် မှတ်တမ်းက သက်သေခံသည်။ သက်သေမစစ်ရသေး၍ တရားခံ အား အာမခံမပေးနိုင်သေးပါ။ သက်သေကလည်း မလာ။ ဘာကြောင့် မလာသလဲ။ ထဲထဲဝင်ဝင် မသိ။ ရှေ့နေလည်း မငှားနိုင်။ သူနိုင်ငါနိုင်။ ဘယ်လိုပြိုင်ကြမှာလဲ။ ရဲအရာရှိက




စစ်ပြီးမှ တရားသူကြီးက တရားခွင်ပေါ်သို့ ပြန်တက်လာ သည်။ အရေးပေါ်ကိစ္စ ပေါ်သောကြောင့် ဤသို့ဖြစ်ရ သည်လား။

**ဝန်ခံလျှင် တစ်နှစ်**

အပြစ်ဝန်ခံလျှင် ထောင်တစ်နှစ်၊ ဝန်မခံလျှင် ထောင်သုံးနှစ်၊ တရားခံက ကြောက်၍ ဝန်ခံသည်။ ဤအဖြစ်မျိုးရှိသည်ဟု ပြောသည်။ တကယ်လား။ မှန်သလား။

**တရားဝင်မဟုတ်သော အခကြေးငွေ**

တရားဝင်မဟုတ်သော အခကြေးငွေပေးရတတ်သည်။ ကိုယ်သဘောတူ၍ ပေးခဲ့သည်ပဲ။ ပြီးမှ အပြစ်ရှာခြင်းလား။ သူ့အပြစ်၊ ကိုယ့်အပြစ်၊ ဇာစ်ဇာစ်မြစ်မြစ် အဖြေရှာရမှာပါ။ သဘောမတူဘဲ ပေးရသည်ကိုဖြင့် ပြဿနာရှာမည်လား။ ဘယ်လိုလဲ။

**မိတ္တူကူးခြင်း**

စီရင်ချက်မိတ္တူမှအစ မိတ္တူအမျိုးမျိုး ကူးကြသည်။ နည်းဥပဒေရှိပြီးသားပါ။ ရှေ့နေတိုင်းသိပြီးသားပါ။ အတွေ့ အကြုံများသော တရားခွင်စာရေးများအကြောင်း ရေးစရာ မလိုပါ။ လုပ်ဖော်ကိုင်ဖက်အဖြစ် **စေတနာ** ဝေဖြာကြသည်ပါ။ **စေတနာ**ထက် ပိုလျှင်မူ **ဝေဒနာ**ဖြစ်တတ်သည်ကိုကား အများ သိကြသည်။ **လောဘ**တက်လျှင် **သောက**ဖက်လာတတ်သည်။ ဤကိစ္စကြာပြီ။

**ခုခံချေပမှု**

ခုခံချေပမှုရရှိခြင်း (အပြည့်အဝရရှိခြင်း) သည် တရားစီရင် ရေး၏ အနှစ်သာရဖြစ်ပါသည်။ ခုခံချေပမှုအနှစ်သာရကို တရားခံတို့ သိပါစေ။ မသိလျှင် သိအောင်၊ မတတ်လျှင် တတ်အောင် လုပ်ပေးကြဖို့ အရေးကြီးလှပေသည်။ ဘယ်သူ့ တာဝန်လဲ။ ဥပဒေအထောက်အကူပြုအဖွဲ့များ၏ကဏ္ဍအရေး ပါသည်။ ဝိုင်း၍ စဉ်းစားကြပါ။

**လုံလောက်သော အချိန်**

လုံလောက်သောအချိန်နှင့် ပံ့ပိုးပေးမှုရရှိပိုင်ခွင့်များ၊ သက်ဆိုင်သူများ ဘာလုပ်ကြမလဲ။ အများသိပါစေ။ ကြန့်ကြာ မှုတွေ ဘယ်နေရာမှာ ကြာနေသလဲ။ သာမန်ကြန့်ကြာမှုလား။ ရည်ရွယ်ချက်နှင့် "တစ်" နေတာလား။ အဖြေရှာသင့်ပြီ။ အားမနာသင့်။

**လွတ်လပ်၊ သမာသမတ်**

လွတ်လပ်သည်။ သမာသမတ်ကျသည်။ ကြားနာစီရင်မှု အခွင့်အရေး အပြည့်အဝရသည်။ အများပြည်သူရှေ့မှာ ဖြစ်သည်။ ပွင့်လင်းမြင်သာသည်။ အမှီအခိုကင်းသည်။ စောင့်ကြည့်လေ့လာသူမှန်သမျှ ခွင့်ပြုသည်။

**နောက်ဆက်တွဲများ**

၁။ ရှေ့နေ
၂။ အာမခံပေးခြင်း
၃။ လာဘ်ပေးလာဘ်ယူကိစ္စ
၄။ ရဲအရေးပိုင်၊ မပိုင်
၅။ နေ့စဉ်မှတ်တမ်း
၆။ ဥပဒေအရာရှိ
၇။ မိတ်ဖက်ရှေ့နေများ
၈။ ရီမန်ကြားနာမှု
၉။ ရှာဖွေပုံစံကိစ္စ
၁၀။ သမ္မာန်မှု
၁၁။ ဝရမ်းမှု
၁၂။ မစွက်ဖက် မနှောင့်ယှက်ရေး
၁၃။ သမာသမတ်ကျမှု
၁၄။ လုံခြုံရေး စသည်များ ဆက်၍လေ့လာပါ။

**စေတနာ**

ရှေ့နေတစ်ဦးအနေနှင့် ဘယ်သူ့ကိုမျှ အပြစ်မပြော။ အပြစ် မရှာ။ "မျှတသော တရားခွင်မှာ ကြားနာစစ်ဆေးခွင့်ရလျှင် ပျော်စရာ၊ ကြည်နူးစရာ၊ ဥပဒေအရာ လင်းလက်စေသည်ပါ" ဟု မျှတသော တရားခွင်ကြားနာစစ်ဆေးမှုစာအုပ် (Justice Base) လေ့လာပြီး တွေးမိသော ကျွန်တော်၏ စေတနာဥပဒေ အတွေးမျှသာပါ...။ ။

---

## ဝိုင်းမော်မြို့နယ်၌ UNICEF မှ ဆောက်လုပ်လှူဒါန်းသည့် ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်

**ဝိုင်းမော် မေ ၂၆**

ဝိုင်းမော်မြို့နယ် မိုင်းနားကျေးရွာ အခြေခံ ပညာအထက်တန်းကျောင်း (မိုင်းနား) ကျောင်းဝင်းအတွင်း ကမ္ဘာ့ကလေးများ ရန်ပုံငွေအဖွဲ့ UNICEF မှ ဆောက်လုပ် ပြီးစီးသွားသည့် ကျောင်းဆောင်သစ်ကို ကချင်ပြည်နယ် ပညာရေးဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို မေ ၂၄ ရက်က အဆိုပါကျောင်းဆောင်ရှေ့၌ ကျင်းပရာ ကချင်ပြည်နယ် ပညာရေးမှူးရုံး ညွှန်ကြားရေးမှူး ဒေါ်ခင်သန်းနွဲ့၊ ကမ္ဘာ့ ကလေးများ ရန်ပုံငွေအဖွဲ့ UNICEF ဒုတိယဌာနေကိုယ်စားလှယ် Mr. Paul James Edward၊ ကမ္ဘာ့ကလေးများ ရန်ပုံငွေအဖွဲ့ UNICEF မှ နယ်ရုံးများ တာဝန်ခံ Mr. Revecca Jane Pankhurst တို့က ကျောင်းဆောင် သစ်အား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ သည်။

ဆက်လက်၍ UNICEF ဒုတိယ ဌာနေကိုယ်စားလှယ် Mr. Paul James Edwardu က ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းရခြင်းနှင့် ပတ်သက် ၍ ရှင်းလင်းပြောကြားပြီး ကျောင်းဆောင် သစ်နှင့် ပတ်သက်သည့် စာရွက်စာတမ်း များအား ပြည်နယ်ပညာရေးမှူးသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

အဆိုပါ ကျောင်းဆောင်တွင် နယ်မြေလုံခြုံရေးအရ နမ်ဆန်ယန် ကျေးရွာ အခြေခံပညာအလယ်တန်း ကျောင်း၊ မလန်းယန်၊ ဂါးဒါရာ၊ ဒဘတ် ယန်၊ ကန်တော်ယန်ကျေးရွာများမှ တက်ရောက် ပညာသင်ယူနေသည့် ကျောင်းသား ကျောင်းသူ ၃၄၂ ဦးအား ဆက်လက် ပညာဆည်းပူးနိုင်ရန်နှင့် အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြား နိုင်ရေးအတွက် ရည်ရွယ်ဆောက်လုပ် ပေးခြင်းဖြစ်ကြောင်း သိရသည်။

**ဝင်းနိုင် (ကချင်မြေ)**

**ချင်းပြည်နယ် ထန်တလန်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဝန်ထမ်းများ ဦးဆောင်၍ ကလေးသူငယ်များ ဉာဏ်ရည်ထက်မြက် ၍ တီထွင်ဖန်တီးလိုစိတ် ရရှိစေရန် ဆေးရောင်ခြယ်ပြိုင်ပွဲကို မေ ၂၄ ရက်က မြို့နယ်ပြည်သူ့စာကြည့်တိုက် ကလေးစာဖတ်ခန်း၌ ကျင်းပရာ ထန်တလန်မြို့ပေါ်ရှိ ဇေဝံဂေလီ (အေဂျီ) အသင်းတော်မှ တနင်္ဂနွေ ဥပုသ်စာသင်ကျောင်း (Sunday School) မှ အငယ်တန်း KG အဆင့် ကလေးသူငယ်များ ပါဝင် ယှဉ်ပြိုင်ကြစဉ်။**

မြို့နယ် (ပြန်/ဆက်)





# အာစင်ဝင်းဂါး ဘယ်သွားမလဲ

● အောင်က

ပြီးခဲ့တဲ့အပတ်သောကြာနေ့က အာစင်ဝင်းဂါးဟာ ရာသီကုန်မှာ အာဆင်နယ်အသင်းကနေ စွန့်ခွာတော့မယ်လို့ ထုတ်ပြန်ကြေညာလိုက်တယ်။ ဒါဟာ ၂၂ နှစ်ကြာကိုင်တွယ်ခဲ့တဲ့ သူ့ရဲ့အသင်းကို အပြီးပိုင်စွန့်ခွာတော့မယ်ဆိုတဲ့ သဘောလည်းဖြစ်တယ်။ အာစင်ဝင်းဂါးဟာ အာဆင်နယ်အသင်းနဲ့အတူ ၂၂ နှစ်ကြာကိုင်တွယ်ပြီး ပရီမီယာလိဂ်ဆုဖလား သုံးကြိမ်နဲ့ အက်ဖ်အေဖလား ခုနစ်ကြိမ်ရယူပေးနိုင်ခဲ့တဲ့သူ ဖြစ်တယ်။ သူရဲ့နေရာအတွက် အစားထိုးနိုင်ဖို့ နည်းပြသစ်တွေရှာဖွေနေချိန်မှာတော့ အခြားတစ်ဖက်မှာကလည်း အာစင်ဝင်းဂါးအနေနဲ့ ဘယ်ကိုသွားမလဲဆိုတာကလည်း စဉ်းစားစရာကောင်း နေတယ်။ သူဟာ ရာသီကုန်မှာအာဆင်နယ်ကနေ စွန့်ခွာမယ်လို့ ပြောပေမယ့် နည်းပြဘဝက အနားယူဖို့ လုံးဝမစဉ်းစားထားသေးဘူး။ ဒါကြောင့်လည်း သူ့ရဲ့ကျင်လည်ရာဟာ နည်းပြအသိုင်းအဝိုင်းထဲမှာပဲ ဆက်လက်ရှိနေမှာတော့ သေချာတယ်။ ဒါကြောင့်လည်း လက်တလောထွက်ပေါ်နေတဲ့ သတင်းတွေနဲ့ ဖြစ်နိုင်ဖွယ်ရှိတဲ့ အာစင်ဝင်းဂါးရဲ့ ဦးတည်ရာတွေကိုတော့ ပရိသတ်တွေသိရှိဖို့အတွက် တင်ပြလိုက်ရပါတယ်။

## ပြင်သစ်အသင်း

ပြင်သစ်လက်ရွေးစင်အသင်း နည်းပြ ဒက်ချမ့်ဟာ အသင်းကိုအကောင်းဆုံး စွမ်းဆောင်ပေးထားနိုင်တာကတော့ အမှန်ပဲ။ အသင်းကိုတိုးတက်မှုတွေရှိအောင်လည်း လုပ်ဆောင်ပေးထားနိုင်တယ်။ လူငယ်ပါရမီရှင် ကစားသမားတွေကို အသင်းမှာဖြည့်တင်းပြီး အင်အားတောင့်တင်းတဲ့အသင်းအဖြစ် ဖွဲ့စည်းထားခဲ့တယ်။ ဒါကြောင့်လည်း ဒက်ချမ့်ရဲ့အရည်အချင်းတွေကို ထိပ်တန်းကလပ်အသင်းတွေက နှစ်သက်ကြတယ်။သူ့ရဲ့ကောင်းမွန်တဲ့ အရည်အချင်းတွေဟာ ပြင်သစ်အသင်းမှာတော့ တာရှည်စွာရှိနေနိုင်ဖို့က သံသယဖြစ်စရာအဖြစ်ရှိနေတယ်။ ဒါကြောင့်လည်း သူ့ရဲ့နေရာမှာ ဖြည့်တင်းဖို့ဆိုရင် အာစင်ဝင်းဂါးက အသင့်တော်ဆုံးလို့ ပြောရမယ်။ ပြင်သစ်နိုင်ငံသားဖြစ်တဲ့ အာစင်ဝင်းဂါးကို နိုင်ငံလက်ရွေးစင် နည်းပြအဖြစ်ခန့်အပ်မယ်ဆိုရင်လည်း ငြင်းပယ်ဖို့တော့ သိပ်မရှိဘူးလို့ပြောရမယ်။ လာမယ့် ကမ္ဘာ့ဖလားပြီးရင် ပြင်သစ်အသင်းရဲ့ နည်းပြနေရာမှာ အာစင်ဝင်းဂါးရှိနေမလားဆိုတာကတော့ စောင့်ကြည့်ရဦးမှာဖြစ်ပါတယ်။

## တရုတ်စူပါလိဂ်

အာစင်ဝင်းဂါးရဲ့လက်ရှိအသက်က ၆၈ နှစ်ရှိပြီ။ နှစ်အနည်းငယ်အတွင်းသူဟာ နည်းပြဘဝကို ကျောခိုင်းမှာလည်း သေချာတယ်။ ဒါကြောင့်သူ့အနေနဲ့ နည်းပြဘဝကနေ အနားမယူခင် တတ်နိုင်သလောက် ပိုက်ဆံယူသွားဖို့ဆိုရင် တရုတ်စူပါလိဂ်ဟာသူ့အတွက်တော့ အကောင်းဆုံးနေရာလို့ ပြောရမယ်။ တရုတ်စူပါလိဂ်ဆိုတာကလည်း ကမ္ဘာ့အကောင်းဆုံး မန်နေဂျာတွေနဲ့ ကစားသမားတွေကို ခေါ်ယူရလောက်အောင်ကို ငွေကြေးအင်အားကို အလွန်အမင်းအသုံးပြုတဲ့လိဂ်လည်းဖြစ်တယ်။ အာဆင်ဝင်းဂါးရဲ့ပရိသတ်တွေက တရုတ်စူပါလိဂ်မှာကလည်း အများအပြား ရှိနေတာကြောင့်လည်း စူပါလိဂ်အသင်းတော်တော်များများက သူ့ကိုခေါ်ယူဖို့အတွက်တော့ လက်မနှေးကြဘူး။ တရုတ်စူပါလိဂ်ကလည်း အာစင်ဝင်းဂါးကိုသာ ခေါ်ယူနိုင်ခဲ့မယ်ဆိုရင် ဥရောပမီဒီယာတွေရဲ့ အာရုံစိုက်မှုကို မလွဲမသွေရရှိမယ်ဆိုတာကို သိနေကြတယ်။ ဒါကြောင့်လည်း အပြန်အလှန်အကျိုးသက်ရောက်မှုတွေ ကောင်းတာတွေကြောင့် တရုတ်စူပါလိဂ်ကလည်း အာစင်ဝင်းဂါးအတွက် ပြောင်းရွှေ့ဖို့ဖြစ်နိုင်တဲ့နေရာလို့ဆိုရမှာ ဖြစ်ပါတယ်။

## အမေရိကန်မေဂျာလိဂ်


မေဂျာလိဂ်ဆိုတာဟာ ကမ္ဘာ့ကျော်ကစားသမားတွေရဲ့နေဝင်ချိန် နောက်ဆုံးတည်ရှိရာနေရာလို့ပြောရမှာပါ။ ဒါကြောင့်လည်း အင်္ဂလန်မှာ နှစ်ပေါင်းများစွာကြာအောင် နေခဲ့တဲ့ အာစင်ဝင်းဂါးအနေနဲ့ ဥရောပနဲ့ဝေးကွာလွန်းတဲ့ အာရှဘက်ကို မပြောင်းချင်ရင်တော့ မေဂျာလိဂ်ကလည်း အကောင်းဆုံးနေရာတစ်ခုလို့ ပြောရမှာပါ။ မေဂျာလိဂ်ကလည်း ဥရောပစာမျက်နှာမှာ မျက်နှာပန်းပွင့်ဖို့အတွက် ကြိုးစားတဲ့နေရာမှာတော့ အာစင်ဝင်းဂါးလို နည်းပြတစ်ဦးသာရောက်ခဲ့မယ်ဆိုရင်လည်း မေဂျာလိဂ်ဟာ မီဒီယာတွေရဲ့အာရုံစိုက်ခြင်းကို ပိုခံရနိုင်တယ်လို့ ပြောရမှာဖြစ်ပါတယ်။ အာစင်ဝင်းဂါးဟာ လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာကတည်းက ဆီွဒင်တိုက်စစ်မှူး အီဗရာဟီမိုဗစ်ကို နှစ်သက်မှုရှိခဲ့ပါတယ်။ ဒါကြောင့်လည်း သူ့အနေနဲ့ မေဂျာလိဂ်ကိုသာ ပြောင်းရွှေ့ခဲ့မယ်ဆိုရင်တော့ မိုဗစ်ရဲ့ဆရာအဖြစ်တောင်တွေ့မြင်ရနိုင်ပါတယ်။

## ဂျူဗင်တပ်စ်

ဂျူဗင်တပ်စ်အသင်းနည်းပြ အယ်လီဂရီဟာ အသင်းအတွက် ဆုဖလားတွေရရှိအောင် အကောင်းဆုံးစွမ်းဆောင်ပေးထားတဲ့ နည်းပြတစ်ဦးဖြစ်ပါတယ်။ ဒါကြောင့်လည်း ချယ်လ်ဆီး၊ ပီအက်စ်ဂျီနဲ့ အာဆင်နယ်အသင်းကတောင် ခေါ်ယူဖို့ စိတ်ဝင်စားနေကြပါတယ်။ ဒါကြောင့်လည်း အယ်လီဂရီသာ အသင်းကနေ ရာသီကုန်မှာ ထွက်ခွာခဲ့မယ်ဆိုရင် ဂျူဗင်တပ်စ်အသင်းအတွက်တော့ နည်းပြသစ်တစ်ယောက်လိုအပ်နေပြီလို့ ပြောရမှာပါ။ ဂျူဗင်တပ်စ်အသင်းက အခြားအသင်းတွေနဲ့ မတူတဲ့ စိတ်ကူးတွေရှိတယ်။ အဲဒါကို ဥပမာပြရရင်တော့ အေစီမီလန်အသင်းကနေပီယာလိုကို ခေါ်ယူခဲ့တာကိုပဲ ကြည့်နိုင်တယ်။ ပီယာလိုဟာအေစီမီလန်အသင်းအတွက်တော့ မလိုအပ်ပေမယ့် ဂျူဗင်တပ်စ်အသင်းအတွက်တော့ အသုံးကျတဲ့ ကစားသမား အဖြစ်တွေ့မြင်ခဲ့ရတာလည်းဖြစ်ပါတယ်။ ဒါကြောင့်လည်း အတွေ့အကြုံရင့်ကျက်တဲ့ အာစင်ဝင်းဂါးလို နည်းပြ တစ်ဦးဟာ ဂျူဗင်တပ်စ်အသင်းရဲ့ အနာဂတ် နည်းပြ မဖြစ်နိုင်ဘူးလို့တော့ ယတိပြတ် ပြောလို့မရဘူးလို့ ဆိုရမှာပါ။ ။

# Ballon d'Or ဆုအား အင်နီယေစတာ မရရှိခဲ့ခြင်းအတွက် ဝမ်းနည်းကြောင်း France Football မဂ္ဂဇင်းထုတ်ပြန်

ပြင်သစ်ဘောလုံးမဂ္ဂဇင်း France Football က Ballon d'Or ဆုအား ဘာစီလိုနာနှင့် စပိန်ကစားသမား အင်နီယေစတာကို ပေးအပ်ချီးမြှင့်ဖြစ်ခဲ့ခြင်း မရှိသောကြောင့် ဝမ်းနည်းမိကြောင်း သတင်းထုတ်ပြန်လိုက်သည်။



France Football သည် Ballon d'Or ဆုပေးအပ်မှုတွင် ဦးဆောင်နေသည့် မဂ္ဂဇင်းဖြစ်ပြီး အဆိုပါဆုအား ၁၉၅၆ ခုနှစ်ကတည်းက ပေးအပ်ခဲ့ခြင်း ဖြစ်သည်။ Ballon d'Or ဆုကို ကမ္ဘာအရပ်ရပ်မှ အားကစားဂျာနယ်လစ်များ၏ မဲပေးမှုဖြင့် ရွေးချယ်ပေးအပ်ခဲ့ခြင်း ဖြစ်သည်။

အသက် ၃၃ နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား အင်နီယေစတာသည် သူ၏ ကစားသမားသက်တမ်းအတွင်း ခြေစွမ်းပြကစားနိုင်ခဲ့ကာ ဆုဖလားအများအပြား ရရှိခဲ့သော်လည်း Ballon d'Or ဆုကိုမူ တစ်ကြိမ်တစ်ခါမှ ရရှိခဲ့ခြင်းမရှိဘဲ အမြင့်ဆုံးအဖြစ် ၂၀၁၀ ပြည့်နှစ်တွင် ဒုတိယနေရာဖြင့်သာ ကျေနပ်ခဲ့ရပြီး ၂၀၁၁ ခုနှစ်တွင် စတုတ္ထနေရာ၌ လည်းကောင်း၊ ၂၀၁၂ ခုနှစ်တွင် တတိယနေရာ၌လည်းကောင်း ရပ်တည်ခဲ့သူဖြစ်သည်။


ယခုနှစ်ဘောလုံးရာသီအကုန်တွင် ဘာစီလိုနာအသင်းမှ ထွက်ခွာဖွယ်ရှိနေသူ ကွင်းလယ်ကစားသမား အင်နီယေစတာသည် ဘာစီလိုနာအသင်းနှင့်အတူ စပိန်လာလီဂါချန်ပီယံ ဆုဖလားရှစ်ကြိမ်၊ ချန်ပီယံလိဂ်ချန်ပီယံဆုဖလား သုံးကြိမ်၊ စပိန်အသင်းနှင့်အတူ ဖီဖာကမ္ဘာ့ဖလားချန်ပီယံဆုတစ်ကြိမ်၊ ဥရောပ ချန်ပီယံဆုဖလား နှစ်ကြိမ်အပါအဝင် ဆုဖလားများစွာ ဆွတ်ခူးနိုင်ခဲ့သူဖြစ်သည်။ France Football မဂ္ဂဇင်းက "အင်နီယေစတာဟာ အခြားကစားသမားတွေအတွက်လည်း တီထွင်ဖန်တီးမှုတွေ ပြုလုပ်ပေးနိုင်သူပါ၊ သူသာ မရှိဘူးဆိုရင် မက်ဆီက အခုထက်ပိုပြီး ပင်ပင်ပန်းပန်း လှုပ်ရှားရမှာဖြစ်ပါတယ်၊ Ballon d'Or ဆု ပေးအပ်ဖြစ်ခဲ့ခြင်းမရှိတဲ့ ထိပ်တန်းကစားသမားတွေထဲမှာ အင်နီယေစတာ ပါဝင်နေတာက စိတ်ပျက်စရာပါပဲ"ဟု ရေးသားဖော်ပြခဲ့သည်။

Ballon d'Or ဆု ချီးမြှင့်ခဲ့သည့် နောက်ဆုံး ၁၀ ကြိမ်တွင် ဘာစီလိုနာ ကစားသမား မက်ဆီနှင့် ရီးရဲမက်ဒရစ် အသင်းကစားသမား ခရစ္စတီယာနို ရော်နယ်ဒိုတို့က ငါးကြိမ်စီ ရရှိခဲ့သည်။

**ထက်အောင်**

# ပရီမီယာလိဂ်သို့ တန်းတက်ခွင့်ရပါက ဗီလာအသင်းတွင် ဂျွန်တယ်ရီ ဆက်ရှိနေမည်

အင်္ဂလန်လိဂ်ချန်ပီယံရှစ်ကလပ် အက်စတွန်ဗီလာအသင်းအနေဖြင့် လာမည့်ဘောလုံးရာသီတွင် ပရီမီယာလိဂ်သို့ တန်းတက်နိုင်ခဲ့မည်ဆိုပါက မိမိအနေဖြင့် ဗီလာအသင်းတွင်



ဆက်လက်ကစားသွားမည်ဖြစ်ကြောင်း ဝါရင့်ဗဟိုခံစစ်မှူး ဂျွန်တယ်ရီက ထုတ်ဖော်ပြောဆိုလိုက်သည်။

အသက် ၃၇ နှစ်အရွယ်ရှိ ခံစစ်မှူး ဂျွန်တယ်ရီသည် ၂၀၁၇ ခုနှစ် နွေရာသီ အတွင်းတွင် ချယ်လ်ဆီးအသင်းနှင့် လမ်းခွဲခဲ့ပြီးနောက် ၂၀၁၇ ခုနှစ် ဇူလိုင် လ ၃ ရက်တွင် ဗီလာအသင်းနှင့် တစ်နှစ် သက်တမ်းရှိ စာချုပ်ချုပ်ဆိုခဲ့သူ ဖြစ်သည်။

အက်စတွန်ဗီလာအသင်းသည် ယခုနှစ်လိဂ်ချန်ပီယံရှစ်ပြိုင်ပွဲ ပြီးဆုံးရန် လေးပွဲလိုချိန်တွင် ရမှတ် ၈၂ မှတ် ဖြင့် အမှတ်ပေးဇယား၏ အဆင့် ၄ နေရာတွင် ရပ်တည်နေကာ ဒုတိယနေရာမှ ကာဒစ်ဖ်စီးတီးအသင်းထက် လေးမှတ်သာ လျော့နည်းနေခြင်းကြောင့် ရာသီကုန်ချိန်တွင် ဒုတိယနေရာ ရယူပြီး ပရီမီယာလိဂ်သို့ တိုက်ရိုက်တန်းတက်ခွင့်ရယူနိုင်မည့် အခွင့်အရေးရှိနေသည့်အသင်း ဖြစ်သည်။ ထို့အပြင် ဗီလာအသင်းအနေဖြင့် အဆင့် ၃ မှ အဆင့် ၆ ကြားနေရာများတွင် ရပ်တည်နိုင်ခဲ့ပါကလည်း ပရီမီယာလိဂ်ပြိုင်ပွဲသို့ တန်းတက်ခွင့်အတွက် Play Off ပွဲများ ကစားခွင့် ရရှိမည်ဖြစ်သည်။

ခံစစ်မှူး ဂျွန်တယ်ရီက "ကျွန်တော်ဟာ အောင်မြင်မှုတွေကို ဆာလောင် စိတ်ရှိနေဆဲပါ၊ ကျွန်တော့် ရည်ရွယ်ချက်က ဗီလာအသင်းအနေနဲ့ လာမယ့် ဘောလုံးရာသီမှာ ပရီမီယာလိဂ်ပြိုင်ပွဲကို တိုက်ရိုက်ဖြစ်စေ၊ Play Off က တစ်ဆင့်ဖြစ်စေ တက်ရောက်ခွင့် ရယူနိုင်ဖို့ပါပဲ၊ တကယ်လို့ ဗီလာအသင်းအနေနဲ့ တန်းတက်ခွင့်ရခဲ့မယ်ဆိုရင် ကျွန်တော့်ရဲ့အနာဂတ်အတွက် ဆုံးဖြတ်ချက်ကို အလွယ်တကူ ချနိုင်မှာပါ၊ ချယ်လ်ဆီးအသင်းဟာ ကျွန်တော့်ရဲ့အသင်းအဖြစ် အမြဲရှိနေမယ့်အသင်းဖြစ်ပါတယ်၊ ဒါပေမယ့် ဗီလာအသင်းကိုရောက်ရှိချိန်ကစပြီး ကျွန်တော့်ကို အံ့အားသင့်လောက်အောင် အားပေးခဲ့တဲ့ ဗီလာအသင်းပရိသတ်တွေအတွက် အစွမ်းကုန်ကြိုးစားခဲ့ပါတယ်၊ ဗီလာအသင်းဟာ ပရီမီယာလိဂ်ကို တန်းတက်ခွင့်ရဖို့ ထိုက်တန်တဲ့ အသင်းပါ" ဟု ပြောဆိုခဲ့သည်။

ပရော်ဖက်ရှင်နယ်ကစားသမား ဘဝစတင်ခဲ့သည့် ၁၉၉၈ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ ချယ်လ်ဆီး အသင်းတွင် ပါဝင်ကစားခဲ့သူ ခံစစ်မှူး ဂျွန်တယ်ရီသည် ချယ်လ်ဆီး အသင်းနှင့်အတူ ပရီမီယာလိဂ်ချန်ပီယံဆုဖလား ငါးကြိမ်၊ ချန်ပီယံလိဂ်နှင့် ယူရိုပါလိဂ်ဖလား တစ်ကြိမ်စီ အပါအဝင် ဆုဖလားပေါင်း ၁၇ လုံး ရရှိခဲ့သူဖြစ်သည်။

**ထက်အောင်**

**၁၉၉၈ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ ချယ်လ်ဆီးအသင်းတွင် ပါဝင်ကစားခဲ့သူ ခံစစ်မှူး ဂျွန်တယ်ရီသည် ချယ်လ်ဆီးအသင်းနှင့်အတူ ပရီမီယာလိဂ်ချန်ပီယံဆုဖလား ငါးကြိမ်၊ ချန်ပီယံလိဂ်နှင့် ယူရိုပါလိဂ်ဖလား တစ်ကြိမ်စီ အပါအဝင် ဆုဖလားပေါင်း ၁၇ လုံး ရရှိခဲ့သူဖြစ်**

# လီဗာပူးအသင်းတံဆိပ်ရှေ့တွင် ပြုလုပ်ခဲ့သော အပြုအမူအတွက် ရိုးမားကစားသမားဟောင်းနှစ်ဦး တောင်းပန်ခဲ့ရ

စီးရီးအေကလပ် ရိုးမားအသင်း၏ နာမည်ကျော်ကစားသမားဟောင်းနှစ်ဦးဖြစ်သည့် တောင်ပံကစားသမားဟောင်း ဘရူနိုကွန်တီနှင့် တိုက်စစ်မှူးဟောင်း ရောဘတ်တိုပရူဇိုတို့သည် ပရီမီယာလိဂ်ကလပ် လီဗာပူးအသင်း၏ အမှတ်တံဆိပ်ရှေ့တွင် ပြုလုပ်ခဲ့သော အမူအရာအတွက် ပြန်လည်တောင်းပန်ခဲ့ရကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

လီဗာပူးနှင့် ရိုးမားအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သော ယခုနှစ် ချန်ပီယံလိဂ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲမတိုင်မီတွင် ကွန်တီနှင့် ပရူဇိုတို့သည် လီဗာပူးအသင်း၏ အိမ်ကွင်းသို့ ရောက်ရှိလာစဉ်အတွင်း လီဗာပူး အသင်းတံဆိပ်ရှေ့တွင် လက်ခလယ်ထောင်ကာ ဓာတ်ပုံရိုက်ကူးခဲ့ခြင်းအတွက် ပြန်လည်တောင်းပန်ခဲ့ရခြင်း ဖြစ်သည်။ အဆိုပါ ဓာတ်ပုံကို တိုက်စစ်မှူးဟောင်း ပရူဇို၏ သမီးဖြစ်သူက Facebook စာမျက်နှာတွင် ဖော်ပြခဲ့သော်လည်း နောက်ပိုင်းတွင် ပြန်လည် ဖျက်သိမ်းသွားခဲ့သည်။ သို့သော်လည်း အဆိုပါ ဓာတ်ပုံသည် အခြားလူမှုရေး စာမျက်နှာများနှင့် အီတလီသတင်းစာများတွင် ပျံ့နှံ့သွားခဲ့သည်ဟုဆိုသည်။ လက်ရှိအချိန်တွင် အီတလီ အသင်းငယ်တစ်သင်းဖြစ်သည့် ကိုမိုအသင်း၏ နည်းပြအဖြစ် တာဝန်ယူနေသူ ပရူဇိုက "ဒီဓာတ်ပုံကို ကျွန်တော်တို့အတွက်ပဲ ရည်ရွယ်ပြီး အပျော်ရိုက်ခဲ့တာပါ၊ ဒီပုံကြောင့် အခြားသူတွေအပေါ် စော်ကားရာရောက်ခဲ့မယ်ဆိုရင် ကျွန်တော်တို့ တောင်းပန်ပါတယ်၊ ဓာတ်ပုံရိုက်ကူးစဉ်မှာ ကျွန်တော်တို့က ရယ်မောနေခဲ့ပါတယ်၊ ဘာကြောင့်လဲ ဆိုတော့ ဒီပုံကို အပျော်သက်သက် ရိုက်ကူးခဲ့တာကြောင့်ပါ"ဟု ပြောဆိုခဲ့သည်။ ရိုးမားအသင်း၏ သံတမန်အဖြစ် တာဝန်ယူထားသူ ကွန်တီကလည်း "ကျွန်တော်တို့ရဲ့အပြုအမူအတွက် တောင်းပန်မှုပြုလုပ်ဖို့ လိုတယ်ဆိုတာကို သိပါတယ်၊ ဘောလုံးလောကမှာ ကျွန်တော်ကျင်လည်ခဲ့တဲ့ ၂၅ နှစ်တာကာလပတ်လုံး ကျွန်တော်ဟာ ပြိုင်ဘက်တိုင်းအပေါ် လေးစားမှုရှိခဲ့ပါတယ်"ဟု ပြောဆိုခဲ့သည်။

**ထက်အောင်**




# အိုးလ်ထရက်ဖို့ဒ်မှာ ရလဒ်ကောင်းဖို့ခက်ခဲနေတဲ့အာဆင်နယ်

ပရီမီယာလိဂ်ပွဲစဉ် ၃၆ ကို လာမယ့် ဧပြီလ ၂၈ ရက်၊ ၂၉ ရက်နဲ့ မေ ၁ ရက်နေ့တို့မှာ ကျင်းပသွားမှာ ဖြစ်ပါတယ်။ အခုအချိန်မှာ ပရီမီယာလိဂ်ဟာ ချန်ပီယံအဖြေထွက်ပေါ်ခဲ့ပေမယ့် တန်းဆင်းဇုန်တိုက်ပွဲတွေကတော့ ပြင်းထန်နေသလို ဒီပွဲစဉ်မှာ မန်ယူနဲ့ အာဆင်နယ်ဆုံနေလို့လည်း အကြိတ်အနယ်ရှိမှာဖြစ်ပြီး အာဆင်နယ်အနေနဲ့ မန်ယူကိုပထမအကျော့က ရှုံးကြွေးပြန်လည်ပေးဆပ်နိုင်မလားဆိုတာကလည်း စောင့်ကြည့်ချင်စရာ ဖြစ်နေပါတယ်။

## လီဗာပူး Vs စတုတ်

ပကျော့ စတုတ် ၂ ၁ လီဗာပူး

လီဗာပူးတို့တတိယနေရာမှာ တည်မြဲအောင်အားစိုက်နေပေမယ့် ချန်ပီယံလိဂ်ပွဲတွေကြောင့် ခြေကုန်ထုတ်ဖို့ခက်နေပါတယ်။ အိမ်ကွင်းမှာကစားရမှာဖြစ်တာကြောင့် လီဗာပူး အာရုံစိုက်ကစားမှာဖြစ်ပေမယ့် စတုတ်ကလည်း တန်းမဆင်းရဖို့ အားစိုက်လာမှာဖြစ်သလို ခြေစွမ်းပိုင်းကလည်း တိုးတက်မှုတွေရှိလာပါတယ်။ ဒါကြောင့်လည်း လီဗာပူးတို့ဒီပွဲစဉ်မှာ အနည်းငယ်ရုန်းကန်ရဖို့ရှိနေသလို စတုတ်ရဲ့ တုံ့ပြန်ကစားအားကြောင့် နိုင်ရင်တောင်မှဂိုး ပြတ်ဖို့ခက်ပါတယ်။

## ပဲလေ့စ် Vs လက်စတာ

ပကျော့ လက်စတာ ၀ ၃ ပဲလေ့စ်

ပဲလေ့စ်တို့စွမ်းဆောင်ရည်ကောင်းနေကာ တန်းမဆင်းရဖို့အတွက်လည်း အားစိုက်ကစားနေပါတယ်။ အိမ်ကွင်းဖြစ်နေတာကြောင့်လည်း ပဲလေ့စ်တို့ပိုမိုပြီးအားစိုက်လာမှာဖြစ်တယ်။ လက်စတာကတော့ ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိပါဘူး။ ဒါ့အပြင် မျှော်လင့်ချက်အတွက်လည်း အားစိုက်ကစားရမယ့် အခြေအနေမရှိတော့တာကြောင့် လက်စတာတို့ အာရုံစိုက်မှုကအစ ကျဆင်းနေပါတယ်။ ဒါကြောင့်လည်း ဒီပွဲမှာအိမ်ကွင်းမှာ ပဲလေ့စ်တို့နိုင်ပွဲရယူသွားနိုင် ဖို့ရှိနေပါတယ်။

## ဘန်လေ Vs ဘရိုက်တန်

ပကျော့ ဘရိုက်တန် ၀ ၀ ဘန်လေ

ဘန်လေတို့ ဥရောပဝင်ခွင့်ရဖို့အတွက် နောက်ဆုံးအချိန်အထိ အားစိုက်ကစားမှာ ဖြစ်ပါတယ်။ လက်ရှိခြေစွမ်းအရလည်း ကောင်းမွန်နေပါတယ်။ အထူးသဖြင့် အိမ်ကွင်းဖြစ်တာကြောင့် ဘန်လေတို့ ပိုမိုအားစိုက်ကစားလာမှာ ဖြစ်ပါတယ်။ ဘရိုက်တန်ကတော့ တန်းမဆင်းရဖို့ အမှတ်အနည်းငယ်လိုအပ်နေတာကြောင့် နောက်ပိုင်းပွဲတွေမှာ အားစိုက်ကစားနေပေမယ့် ခြေစွမ်းပိုင်းကတော့တိုးတက်မှု မရှိပါဘူး။ ဒီပွဲမှာလည်း ဘရိုက်တန်တို့အားစိုက်လာမှာ ဖြစ်ပေမယ့်လည်း ဘန်လေကသာ နိုင်ပွဲရမယ်။

## ဟက်ဒါဖီးလ် Vs အဲဗာတန်

ပကျော့ အဲဗာတန် ၂ ၀ ဟက်ဒါဖီးလ်

ဟက်ဒါဖီးလ်က လက်ရှိအချိန်မှာ တန်းမဆင်းရဖို့အာမခံချက် လုံးဝမရှိသေးပါဘူး။ ဒါကြောင့်လည်း နောက်ပိုင်းပွဲတွေမှာ အားစိုက်ကစားနေသလို တိုက်စစ်ပိုင်းအားနည်းပေမယ့် အသင်းလိုက်ကစားပုံက ကောင်းမွန်နေပါတယ်။ အိမ်ကွင်းဖြစ်နေတာကြောင့်လည်း ဟက်ဒါဖီးလ်တို့ ပိုမိုအားစိုက်လာမှာ သေချာနေပါတယ်။ အဲဗာတန်ကတော့ မျှော်လင့်ချက်အတွက် အားစိုက်ကစားရမယ့်အခြေအနေမှာမရှိတော့သလို ခြေစွမ်းပိုင်းလည်း သာမန်သာရှိပါတယ်။ ဟက်ဒါဖီးလ်တို့ အနိုမ့်ဆုံးသရေရမယ်။

## ဆွမ်ဆီး Vs ချယ်လ်ဆီး

ပကျော့ ချယ်လ်ဆီး ၁ ၀ ဆွမ်ဆီး

ဆွမ်ဆီးက တန်းမဆင်းရဖို့အတွက် အမှတ်လိုနေတာကြောင့် အားစိုက်ကစားလာမှာ ဖြစ်သလို မန်စီးတီးကိုဂိုးပြတ်ရှုံးနိမ့်ခဲ့မှုကြောင့်လည်း ပိုမိုဂရုတစိုက်ကစားမှာပါ။ ချယ်လ်ဆီးကလည်း ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့ နောက်ဆုံးအချိန်အထိ အားစိုက်လာမှာဖြစ်ပေမယ့် ဆွမ်ဆီးရဲ့အိမ်ကွင်း ဖြစ်နေပါတယ်။ ဒါကြောင့်လည်း ချယ်လ်ဆီးတို့ အနည်းငယ်အခက်တွေ့နိုင်ကာ ကပ်ပြီးသာ နိုင်ခြေရှိပါတယ်။

## စပါး Vs ဝက်ဖို့ဒ်

ပကျော့ ဝက်ဖို့ဒ် ၁ ၁ စပါး

လက်ရှိအချိန်မှာစပါးအနေနဲ့ ပရီမီယာလိဂ်တစ်ခုတည်းကိုသာအားစိုက်ရတော့မှာ ဖြစ်ပါတယ်။ ချယ်လ်ဆီးနဲ့လည်း ငါးမှတ်သာကွာတော့တာကြောင့် ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့ဆိုရင် ဒီလိုပွဲမျိုးကို အနိုင်ရထားဖို့လိုအပ်နေပါတယ်။ ဒါကြောင့်လည်း စပါးတို့ လူစုံသုံး ခြေကုန်ထုတ်ကစားလာမှာ သေချာနေပါတယ်။ ဝက်ဖို့ဒ်က ခြေစွမ်းပိုင်းကတော့ ကျဆင်းနေပါတယ်။ ဒါကြောင့်လည်း ဒီပွဲမှာ စပါးသာနိုင်ပွဲရမယ်။

## ဆောက်သမ်တန် Vs ဘုန်းမောက်

ပကျော့ ဘုန်းမောက် ၁ ၁ ဆောက်သမ်တန်

ဆောက်သမ်တန်က တန်းမဆင်းရဖို့မျှော်လင့်ချက်ရှိနေတာကြောင့်အခုလို အိမ်ကွင်းပွဲမှာနိုင်ပွဲရယူနိုင်ဖို့ အားစိုက်ကစားလာမှာ သေချာနေပါတယ်။ အက်ဖ်အေဖလားကထွက်ခဲ့ရလို့လည်း ဆောက်သမ်တန်တို့ ပရီမီယာလိဂ်ကို ပိုမိုအားပြုလာမှာပါ။ ဘုန်းမောက်ကတော့ ခြေစွမ်းပိုင်း သာမန်သာရှိသလို အဝေးကွင်းမှာ စွမ်းဆောင်ရည်ကျဆင်းတတ်တယ်။ ဆောက်သမ်တန်အနိုမ့် ဆုံးသရေရမယ်။

## မန်ယူ Vs အာဆင်နယ်

ပကျော့ အာဆင်နယ် ၁ ၃ မန်ယူ

အာဆင်နယ်က နောက်ပိုင်းပွဲတွေမှာ အားစိုက်ကစားနေပေမယ့် ယူရိုပါလိဂ်ပွဲတွေကြောင့် ခြေကုန်ထုတ်နိုင်ဖို့ခက်ပါတယ်။ မန်ယူကတော့ အက်ဖ်အေဖလားမှာဗိုလ်လုပွဲတက်နိုင်ခဲ့ပြီဖြစ်လို့ ပရီမီယာလိဂ်ကိုသာ အားစိုက်တော့မှာပါ။ ဒါ့အပြင် လက်ရှိအချိန်မှာ မန်ယူရဲ့ခြေကလည်း ကောင်းမွန်မှုရှိနေသလို အိမ်ကွင်းပွဲလည်း ဖြစ်နေပါတယ်။ မန်ယူကသာ နိုင်ပွဲကပ်ရသွားဖို့ရှိပါတယ်။

## ကာဒီ့ဖ် Vs ဝက်စ်ဘရွန်း

ပကျော့ ဝက်စ်ဘရွန်း ၂ ၂ ကာဆယ်

ဒီပွဲမနိုင်တာနဲ့ ဝက်စ်ဘရွန်းတို့ တန်းဆင်းရဖို့သေချာသွားမှာဖြစ်တာကြောင့်နိုင်ပွဲရယူ နိုင်ဖို့မဖြစ်မနေအားစိုက်လာမှာ ဖြစ်ပါတယ်။ ကာဆယ်ကတော့ တန်းတင်ကျန်ရစ်ခဲ့ပြီဖြစ်တာကြောင့် အားစိုက်ကစားမှု ကျဆင်းလာနိုင်ပါတယ်။ ဒီပွဲက ကာဆယ်ရဲ့ အိမ်ကွင်းဖြစ်နေပေမယ့်လည်း ဝက်စ်ဘရွန်းရဲ့တုံ့ပြန်ကစားအားကို ထိန်းချုပ်နိုင်ဖို့ခက်ပါတယ်။ ဝက်စ်ဘရွန်းတို့ အနိမ့်ဆုံးသရေလောက်ရမယ်။

## ဝက်စ်ဟမ်း Vs မန်စီးတီး

ပကျော့ မန်စီးတီး ၂ ၁ ဝက်စ်ဟမ်း

ဝက်စ်ဟမ်းတို့ အာဆင်နယ်ကို ဂိုးပြတ်အရေးနိမ့်ခဲ့ရပေမယ့် အိမ်ကွင်းဖြစ်နေသလို တန်းမဆင်းရဖို့လည်း အမှတ်လိုနေတာကြောင့် အားစိုက်ကစားလာမှာဖြစ်ပါတယ်။ မန်စီးတီးကတော့ ဖိအားမရှိဘဲ ချန်ပီယံဖြစ်ပြီးချိန်မှာလည်း အကောင်းဆုံးခြေစွမ်းနဲ့ ကစားနေပါတယ်။ ဒါပေမယ့် ဝက်စ်ဟမ်းရဲ့အိမ်ကွင်းဖြစ်သလို ခြေကုန်ထုတ်လာမယ့်အချက်ကို မေ့လို့မရပါဘူး။ မန်စီးတီး ဂိုးပြတ်နိုင်ဖို့ခက်တယ်။

## ပရီမီယာလိဂ်ပွဲစဉ် (၃၆)

| စနေနေ့ | | | ၂၈-၄-၁၈ |
|---|---|---|---|
| လီဗာပူး | - | စတုတ် | ည ၆း၀၀ |
| ဘန်လေ | - | ဘရိုက်တန် | ည ၈း၃၀ |
| ပဲလေ့စ် | - | လက်စတာ | ည ၈း၃၀ |
| ဟတ်ဒါဖီးလ် | - | အဲဗာတန် | ည ၈း၃၀ |
| ကာဆယ် | - | ဝက်စ်ဘရွန်း | ည ၈း၃၀ |
| ဆောက်သမ်တန် | - | ဘုန်းမောက် | ည ၈း၃၀ |
| ဆွမ်ဆီး | - | ချယ်လ်ဆီး | ည ၁၁း၀၀ |
| တနင်္ဂနွေနေ့ | | | ၂၉-၄-၁၈ |
| ဝက်စ်ဟမ်း | - | မန်စီးတီး | ည ၇း၄၅ |
| မန်ယူ | - | အာဆင်နယ် | ည ၁၀း၀၀ |
| တနင်္လာနေ့ | | | ၃၀-၄-၁၈ |
| စပါး | - | ဝက်ဖို့ဒ် | နံနက် ၁း၃၀ |

## စပိန်လီဂါပွဲစဉ် (၃၅)

| သောကြာနေ့ | | | ၂၇-၄-၁၈ |
|---|---|---|---|
| လီဗန်တေး | - | ဆီဗီလာ | နံနက် ၁း၃၀ |
| စနေနေ့ | | | ၂၈-၄-၁၈ |
| အက်စ်ပန်ညို | - | လက်ပဲလ်မက်စ် | ည ၅း၃၀ |
| ဆိုစီဒက်စ် | - | ဘီဘာအို | ည ၈း၄၅ |
| ရီးရဲ | - | လီဂါနက်စ် | ည ၁၁း၀၀ |
| ဗီလာရီးရဲ | - | ဆဲလ်တာဗီဂို | နံနက် ၁း၁၅ |
| တနင်္ဂနွေနေ့ | | | ၂၉-၄-၁၈ |
| ဂီတာဖေး | - | ဂျီရိုနာ | ည ၄း၃၀ |
| အလာဗက်စ် | - | အက်သလက် | ည ၈း၄၅ |
| ဗလင်စီယာ | - | အီဘာ | ည ၁၁း၀၀ |
| ဒီပို့တီဗို | - | ဘာစီလိုနာ | နံနက် ၁း၁၅ |
| တနင်္လာနေ့ | | | ၃၀-၄-၁၈ |
| ဘက်တစ် | - | မာလာဂါ | နံနက် ၁း၃၀ |

## စီးရီးအေပွဲစဉ် (၃၅)

| စနေနေ့ | | | ၂၈-၄-၁၈ |
|---|---|---|---|
| ရိုးမား | - | ချီယေဗို | ည ၁၀း၃၀ |
| အင်တာ | - | ဂျူဗင်တပ်စ် | နံနက် ၁း၁၅ |
| တနင်္ဂနွေနေ့ | | | ၂၉-၄-၁၈ |
| ခရိုတိုနီ | - | ဆက်ဆူအိုလို | ည ၅း၀၀ |
| ဆမ့်ဒိုးရီးယား | - | ကယ်ဂလီယာရီ | ည ၇း၃၀ |
| အတ္တလန္တာ | - | ဂျီနိုအာ | ည ၇း၃၀ |
| ဘိုလော့ဂ်နာ | - | မီလန် | ည ၇း၃၀ |
| ဗီရိုနာ | - | SPAL | ည ၇း၃၀ |
| ဘီနီဗန်တို | - | အူဒီးနီးစ် | ည ၇း၃၀ |
| ဖီအိုရင်တီးနား | - | နာပိုလီ | ည ၁၀း၃၀ |
| တိုရီနို | - | လာဇီယို | နံနက် ၁း၁၅ |

## ပြင်သစ်ပထမတန်းပွဲစဉ် (၃၅)

| သောကြာနေ့ | | | ၂၇-၄-၁၈ |
|---|---|---|---|
| မောင့်ပယ်လီယာ | - | စိန့်အက်တီယန် | နံနက် ၁း၁၅ |
| စနေနေ့ | | | ၂၈-၄-၁၈ |
| လိုင်ယွန် | - | နန့်စ် | ည ၉း၃၀ |
| ဘော်ဒိုး | - | ဒီဂျွန် | နံနက် ၀၀း၃၀ |
| လိုင်လီ | - | မက်ဇ် | နံနက် ၀၀း၃၀ |
| မိုနာကို | - | အာမီယန် | နံနက် ၀၀း၃၀ |
| စထရက်ဘော့ချ် | - | နိုက်စ် | နံနက် ၀၀း၃၀ |
| ထရွိုင်းယတ်စ် | - | ကိန်း | နံနက် ၀၀း၃၀ |
| တနင်္ဂနွေနေ့ | | | ၂၉-၄-၁၈ |
| ရိန်းစ် | - | တူးလောက်စ် | ည ၇း၃၀ |
| အန်ဂျာစ် | - | မာဆေး | ည ၉း၃၀ |
| ပီအက်စ်ဂျီ | - | ဂူအင်ဂမ့် | နံနက် ၁း၃၀ |

CHAMPIONS LEAGUE

## ချန်ပီယံလိဂ်ဆီမီးဖိုင်နယ် ဒု-ကျော့

| အင်္ဂါနေ့ | | | ၁-၅-၁၈ |
|---|---|---|---|
| ရီးရဲ | - | ဘိုင်ယန် | နံနက် ၁း၁၅ |
| ဗုဒ္ဓဟူးနေ့ | | | ၂-၅-၁၈ |
| ရိုးမား | - | လီဗာပူး | နံနက် ၁း၁၅ |

# ခေတ်သစ်နည်းပညာဖြင့် မြွေဆိပ်ဖြေဆေးထုတ်လုပ်ခြင်း

သိပ္ပံစာရေးဆရာကိုကိုအောင်



ဤမြေကမ္ဘာကြီးပေါ်၌ ရှင်သန်ပွားများ ရပ်တည်နေကြသော ဇီဝမျိုးစုံမျိုးကွဲများစွာထဲတွင် မြွေမျိုးစိတ်များလည်း အပါအဝင်ဖြစ်သည်။ တီကောင်အရွယ်ပမာဏမျှသာရှိသော အဆိပ်မရှိသည့် အသေးစား မြွေမျိုးစိတ်များမှသည် တောင်အမေရိကတိုက် အပူပိုင်းဒေသ သဘာဝတောအုပ်များထဲ၌ ရှင်သန်ကျက်စားသော Anaconda ခေါ် သားကောင်ကို ရစ်ပတ်ညှစ်သတ်သော ဧရာမ မြွေကြီးများအထိ အရွယ်အစားအမျိုးမျိုးရှိသော ရာနှင့်ချီသည့် မြွေမျိုးစိတ်များစွာတို့သည် ၎င်းတို့ ရှင်သန်ကျက်စားနိုင်သည့် သဘာဝပတ်ဝန်းကျင် အခြေအနေရှိရာ ကမ္ဘာ့ဒေသအသီးသီးတွင် ဖြန့်ကြက်တည်ရှိနေကြသည်။

မြွေမျိုးစိတ်များသည် အခြားသော ဇီဝမျိုးစုံမျိုးကွဲတို့နည်းတူ ဂေဟစနစ်ကို အထောက်အကူပြုလျက်ရှိနေကြသည်။ သတ္တဝါတို့၏ အစာကွင်းဆက်ဖြစ်စဉ်ကြီးတွင်လည်း အဓိကကျသော အခန်းကဏ္ဍ၌ ရှိနေကြသည်။ ကမ္ဘာ့မြွေမျိုးစိတ်အများစုတို့သည် လူတို့နှင့်အလွန်ဝေးရာ အရပ်ဒေသများ၌သာ ရှင်သန်ကျက်စားလေ့ရှိကြသည်။ အနည်းစုသော မြွေမျိုးစိတ်တို့ကသာလျှင် လူနေရပ်ကွက်များအတွင်း၌လည်းကောင်း၊ လူတို့ စိုက်ပျိုးလုပ်ကိုင်နေကြသော လယ်ယာစိုက်ခင်းများ၏ အနီးတစ်ဝိုက်၌လည်းကောင်း နေထိုင်ကျက်စားလေ့ရှိကြသည်။

**မြွေပွေးနှင့် မြွေဟောက်**

လူတို့နှင့်အနေနီးသော မြွေမျိုးစိတ်များအနက် မြွေပွေးနှင့် မြွေဟောက်မျိုးစိတ်တို့မှာ လူသိအများဆုံးဖြစ်ပြီး ၎င်းတို့၏ ကြန်အင်လက္ခဏာများအရလည်း လွယ်လင့်တကူ ခွဲခြားသိရှိနိုင်သော မျိုးစိတ်များဖြစ်ကြသည်။ မြွေပွေးနှင့် မြွေဟောက်တို့သည် လူတို့နေထိုင်လုပ်ကိုင်ရာ ပတ်ဝန်းကျင်နှင့် အနီးတစ်ဝိုက်၌ နေထိုင်ကျက်စားကြသလို၊ အဆိပ်ပြင်းသောမြွေများလည်း ဖြစ်ကြသည်။ မြွေပွေး သို့မဟုတ် မြွေဟောက် အဆိပ်သင့်ပါက ဦးစွာ ရှေးဦးသူနာပြုစုနည်းများဖြင့် အဆိပ်မပြန့်အောင် ပြုလုပ်ကာ ဆေးရုံဆေးခန်းများသို့ လျင်မြန်စွာ ပို့ဆောင်ကုသရန် အထူးပင်လိုအပ်သည်။ ယင်းသို့ ပို့ဆောင်ကုသစေရာ၌လည်းရောက်ရှိရာ ဆေးရုံဆေးခန်းများ၌ မြွေဆိပ်ဖြေဆေးမရှိလျှင်သော်လည်းကောင်း၊ မြွေဆိပ်ဖြေဆေးရှိနေသည့်တိုင် အကိုက်ခံရသောလူနာကို ကိုက်သည့်မြွေနှင့် မျိုးစိတ်တူညီသည့်မြွေမှ ထုတ်ယူထားသောအဆိပ်ဖြင့် ပြုလုပ်ထားသည့် မြွေဆိပ်ဖြေဆေး မဟုတ်လျှင်သော်လည်းကောင်း လူနာမှာ အသက်ဆုံးရှုံးနိုင်ခြေရှိသည်။

**မြွေဆိပ်ဖြေဆေး**

မြွေဆိပ်ဖြေဆေး ထုတ်လုပ်ရန်အတွက် အခြေခံအကျဆုံးသော ကုန်ကြမ်းပစ္စည်းမှာ သက်ဆိုင်ရာ မြွေမျိုးစိတ်များ၏ အဆိပ်ပင် ဖြစ်သည်။ မြွေပွေးအဆိပ်သင့်သူများအတွက် မြွေဆိပ် ဖြေဆေးထုတ်လုပ်ရန် မြွေပွေးအဆိပ်ကို အသုံးချရသည်။ မြွေဟောက်အဆိပ်သင့်သူများအတွက် မြွေဆိပ်ဖြေဆေးထုတ်လုပ်ရန် အတွက်လည်း မြွေဟောက်အဆိပ်ကိုပင် ပြန်လည်အသုံးချရသည်။ သို့ရာတွင် မြွေ၏အဆိပ်တစ်မျိုးတည်းနှင့် မြွေဆိပ်ဖြေဆေးထုတ်လုပ်ခြင်းငှာ မစွမ်းနိုင်ပေ။ သက်ဆိုင်ရာမြွေမျိုးစိတ်များမှ ထုတ်ယူထားသော မြွေဆိပ်များကို မြင်း၊ သိုးစသော တိရစ္ဆာန်များအား နည်းလမ်းတကျ အကြိမ်ကြိမ်ထိုးနှံပြီးနောက် ယင်းတို့၏ ခန္ဓာကိုယ်အတွင်းမှ သွေးရည်ကြည်များကို ထုတ်ယူကာ ဓာတုနည်းစဉ်များဖြင့် မြွေဆိပ်ဖြေဆေးကို ထုတ်လုပ်ကြရသည်။

မြွေဆိပ်ဖြေဆေးထုတ်လုပ်နိုင်ရန် တစ်ဆင့်ခံထိုးနှံပေးရမှုများအတွက် မြင်း၊ သိုး၊ ဆိတ်နှင့် ကြက်ဥတို့ကို အသုံးချနိုင်သော်လည်း အာနိသင်ထက်မြက်မှု၊ ဘေးအန္တရာယ်ကင်းရှင်းမှု၊ လွယ်ကူချောမွေ့စွာ ထုတ်လုပ်နိုင်မှုနှင့် စီးပွားရေးအရ တွက်ခြေကိုက်မှုတို့အတွက် မြင်းနှင့်သိုးတို့ကို အသုံးချခြင်းကသာ အကောင်းဆုံးဖြစ်သည်ကို သုတေသီတို့က ဖော်ထုတ်တွေ့ရှိခဲ့ကြပြီးဖြစ်သည်။ ထို့ကြောင့်ပင် ကမ္ဘာ့ဖွံ့ဖြိုးပြီး နိုင်ငံများ၌ မြွေဆိပ်ဖြေဆေးထုတ်လုပ်ရန်အတွက် မြင်းနှင့်သိုးများကိုသာ အများဆုံး အသုံးချ ဆောင်ရွက်နေကြခြင်းဖြစ်သည်။

**မြွေဆိပ်ဖြေဆေးထုတ်လုပ်ခြင်း လုပ်ငန်းစဉ်**

မြွေဆိပ်ဖြေဆေးထုတ်လုပ်ခြင်း၏ ကနဦးအဆင့်မှာ အဓိကကုန်ကြမ်းများဖြစ်သည့် မြွေမျိုးစိတ်များကို ရှာဖွေဝယ်ယူ တင်သွင်းစုဆောင်းခြင်း၊ တစ်ဆင့်ခံသတ္တဝါများဖြစ်သော မြင်း၊ သိုးများကို စနစ်တကျမွေးမြူ ထိန်းသိမ်းစောင့်ရှောက်ထားခြင်းတို့ပင် ဖြစ်ကြသည်။ တစ်ပြိုင်တည်းမှာပင် မြွေဆိပ်ထုတ်ယူခြင်း၊ အေးခဲစေခြင်း၊ မြင်းနှင့် သိုးများ၏ ကျန်းမာရေးကို စစ်ဆေးခြင်း၊ မြင်းနှင့် သိုးတို့၏ ခန္ဓာကိုယ်အတွင်းသို့ မြွေဆိပ်နှင့်အတူ ဖြည့်စွက်ဓာတုဆေးရည်များ ထိုးနှံခြင်း၊ ယင်းတို့၏ ကိုယ်ခံအားနှင့်တုံ့ပြန်မှုကို စမ်းသပ်စစ်ဆေးခြင်း၊ သွေးရည်ကြည်ထုတ်ယူခြင်း၊ အထူးအအေးခန်း၌ သိုလှောင်ထိန်းသိမ်းခြင်း၊ ဓာတုနည်းစဉ်များဖြင့် ပေါင်းစပ်ရောနှောဓာတ်ပြုစေခြင်း၊ ကုန်ချောဖြစ်သည့် မြွေဆိပ်ဖြေဆေးများကို ပုလင်းများထဲသို့ သွတ်သွင်းခြင်း စသော လုပ်ငန်းစဉ် အဆင့်ဆင့်အတွက် ဓာတ်ခွဲခန်းများ၊ ပိုးသတ်ထားသော လေလုံခန်းများ၊ လေဖိအားသွင်းစနစ်များ၊ ရေသန့်စင်သည့် စနစ်များ၊ အထူးအအေးခန်းများ၊ အေးခဲသေတ္တာများ၊ ပိုးသတ်ထားသော ဓာတ်ခွဲခန်းဝတ်စုံများ၊ အအေးခန်းပါသော မော်တော်ယာဉ်များ၊ သိုလှောင်ခန်းများ အစရှိသည်တို့ကပါ အသင့်အနေအထား၌ ရှိနေကြရမည်ဖြစ်သည်။

ထိုကဲ့သို့ အဘက်ဘက်က အသင့်အနေအထားဖြင့် ပြည့်ပြည့်စုံစုံရှိနေပြီဆိုသည့် အချိန်မှစ၍ မြွေဆိပ်ဖြေဆေးကုန်ချောကို ကောင်းမွန်သောထုတ်လုပ်မှုနည်းစဉ်(GMP)၊ ခေတ်သစ်နည်းပညာများဖြင့် စနစ်တကျ ထုတ်လုပ်နိုင်ရန်အတွက် အချိန်ကာလအားဖြင့် ရှစ်လခန့် ကြာမြင့်သည်။ အဘယ်ကြောင့်ဆိုသော် မြွေဆိပ်ဖြေဆေးစက်ရုံ၌ မွေးမြူထိန်းသိမ်းထားသော မြင်းများကို သန်ချဆေးတိုက်ကျွေးခြင်း၊ ရောဂါမျိုးစုံရှာဖွေစမ်းသပ်စစ်ဆေးခြင်း၊ ရောဂါကာကွယ်ဆေးများထိုးနှံခြင်း စသည်တို့အတွက်ကိုပင် အချိန်နှစ်လခန့် ယူရသည်။

ဤနေရာတွင် ဝယ်ယူစုဆောင်းရရှိထားသော မြင်းများ၌ မြွေဆိပ်ဖြေဆေးထုတ်လုပ်ရာတွင် ဘေးအန္တရာယ်ရှိနိုင်သော ရောဂါဆိုးများ ပါရှိလာခြင်း ရှိ၊မရှိကို ကနဦးအဆင့်မှာကတည်းက စမ်းသပ်စစ်ဆေးရန် လိုအပ်သည်။ သာဓကအားဖြင့် လူတို့၌စွဲကပ်နိုင်သော HIV ရောဂါပိုးကို ကုသရန်ဆေးမရှိသေးသလို၊ မြင်းများ၌စွဲကပ်နိုင်သော EIA ရောဂါပိုးကိုလည်း တိုက်ဖျက်ကုသရန် ဆေးမရှိသေးသည့်အတွက် မြွေဆိပ်ဖြေဆေးထုတ်လုပ်ရန် ဝယ်ယူစုဆောင်းထားသော မြင်းများ၌ အဆိုပါရောဂါပိုး ရှိ၊ မရှိကို စေ့စေ့စပ်စပ် သိရှိရန် လိုအပ်သည်။ အကယ်၍ EIA ရောဂါပိုးရှိသော မြင်းများပါလာခဲ့လျှင် ၎င်းတို့ကို မြွေဆိပ်ဖြေဆေးထုတ်လုပ်ရာ၌ အသုံးပြု၍မရဘဲ ပယ်ထားရမည်ဖြစ်သည်။

**မြွေဆိပ်ဖြေဆေး ထုတ်လုပ်ပုံ**

ဆေးအောင်သောမြင်းများကို ကနဦးအဆင့်၌ မြွေဆိပ် ၀ ဒသမ ၅ မီလီဂရမ်ကို ဖြည့်စွက်ဓာတုဆေးရည်များနှင့်အတူ စတင်ထိုးနှံပေးရမည်။ ယခင်က အသင့်ထုတ်ယူ သိုလှောင်ထိန်းသိမ်းထားသည့် မြွေဆိပ်ကို မြင်း၏သွေးကြောထဲသို့ တိုက်ရိုက်ထိုးနှံခဲ့သော်လည်း ခေတ်သစ်နည်းပညာအရမူ မြင်း၏အရေပြားအောက်သို့သာ ထိုးနှံပေးသည့်အတွက် မြွေဆိပ်၏ပြင်းအားကို ခုခံတုံ့ပြန်ရာ၌ မြင်း၏ခံစားရမှုကို များစွာသက်သာစေသည်။

ထို့အပြင် ခေတ်သစ်နည်းပညာကြောင့် မြွေဆိပ်ထိုးနှံခြင်းခံကြရသော မြင်းများ၏ သေဆုံးရမှုနှုန်းကိုလည်း များစွာ လျော့ချလာနိုင်သည်။ မြွေဆိပ်ဖြေဆေးစက်ရုံအတွက် မြင်းသေဆုံးရမှုနှုန်း မြင့်မားခြင်းသည် ကုန်ကြမ်းထုတ်ပေးသည့် အရင်းအမြစ်များကို လျင်မြန်စွာ လျော့နည်းစေခြင်းပင်ဖြစ်သည်။ ယခင်နည်းပညာအရ မြွေဆိပ်ထိုးနှံခြင်းခံရသော မြင်းများသည် ရက်နှင့်ချီ၍ အစာမစားနိုင်ခဲ့ကြသော်လည်း၊ ခေတ်သစ်နည်းပညာဖြင့် မြွေဆိပ်ထိုးနှံခြင်းခံရသော မြင်းများကမူ အစာမစားနိုင်သောကာလမှာ တစ်ရက်ခန့်သာလျှင်ဖြစ်သည်။

ကနဦးအဆင့်အဖြစ် မြွေဆိပ် ၀ ဒသမ ၅ မီလီဂရမ် ထိုးနှံပြီးသောမြင်းကို ရက်သတ္တနှစ်ပတ်ကြာပြီးနောက် ဒုတိယအကြိမ်အဖြစ် မြွေဆိပ် ၁ မီလီဂရမ် ထပ်မံထိုးနှံပေးရသည်။ ယင်းနောက် ရက်သတ္တနှစ်ပတ်ကြာတိုင်း တတိယအကြိမ်အဖြစ် မြွေဆိပ် ၃ မီလီဂရမ်၊ စတုတ္ထအကြိမ်အဖြစ် မြွေဆိပ် ၆ မီလီဂရမ်၊ ပဉ္စမအကြိမ် အဖြစ် မြွေဆိပ် ၁၀ မီလီဂရမ် စသည်ဖြင့် အဆင့်ဆင့်ထိုးနှံပေးရသည်။ ယင်းနောက် မြွေဆိပ်ဖြေဆေး အဆင့်ဆင့်ထိုးနှံပြီးသော မြင်းထံမှ အာနိသင်ထက်မြက်ပြီး ဘေးအန္တရာယ်ကင်းသော မြွေဆိပ်ဖြေဆေး ထုတ်လုပ်နိုင်သည့် သွေးရည်ကြည် ပြန်လည်ထုတ်ယူနိုင်ခြင်း ရှိ၊ မရှိကို ပျမ်းမျှအားဖြင့် အချိန်နှစ်လခန့် စောင့်ကြည့်လေ့လာ စစ်ဆေးကြရသည်။

သွေးရည်ကြည် ပြန်လည်ထုတ်ယူနိုင်သည့် အဆင့်သို့ ရောက်ရှိပြီဟု သက်ဆိုင်ရာ တိရစ္ဆာန်ဆရာဝန်များနှင့် ဓာတ်ခွဲခန်းကျွမ်းကျင်ပညာရှင်များက သတ်မှတ်သည့် မြင်းများထဲမှ သွေးရည်ကြည်ကို ထုတ်ယူစုဆောင်းရာတွင် မြင်း၏ကိုယ်အလေးချိန်နှင့် ဓာတ်ခွဲခန်းစစ်ဆေးမှု ရလဒ်များအပေါ် မူတည်ကာ မြင်းတစ်ကောင်လျှင် သွေးပမာဏ သုံးလီတာမှ လေးလီတာကျော်အထိ ထုတ်ယူကြရသည်။ ထုတ်ပြီးသောမြင်းသွေးများကို အပူချိန် ၂ ဒီဂရီမှ ၈ ဒီဂရီစင်တီဂရိတ်အတွင်း ရှိသော အအေးခန်း၌ ၄၈ နာရီကြာ သိုလှောင်ထားလိုက်သည့်အခါ သွေးနီဥများသည် အောက်သို့ အနည်ထိုင်ကျဆင်းသွားပြီး အပေါ်ပိုင်း၌ သွေးရည်ကြည်များကို စုဆောင်းရရှိလာသည်။ အနည်ထိုင်ကျဆင်းသွားသော သွေးနီဥများကို သွေးထုတ်ယူခဲ့သည့် မူလမြင်း၏ ခန္ဓာကိုယ်အတွင်းသို့ ပြန်လည်သွင်းပေးခြင်းကြောင့် မြင်းများ၏ကိုယ်ခံအားကို ပြန်လည်မြင့်တက်လာစေသည်။

**မြွေဆိပ်ဖြေဆေးကို သိုလှောင်ထိန်းသိမ်းခြင်း**

ဤသို့အားဖြင့် စုဆောင်းရရှိသော မြင်းသွေးရည်ကြည်များကို ကုန်ချောထုတ်သည့်စက်ရုံ၌ ပြုပြင်ပေါင်းစပ် ရောနှောဓာတ်ပြုစေလျက် စံချိန်စံညွှန်းများနှင့်အညီ ထုတ်လုပ်သည့်အခါ သာမန်အခန်းအပူချိန်၌ သိုလှောင်ထားရှိနိုင်သော မြွေဆိပ်ဖြေဆေး အေးခဲခြောက် (Lyophilized Form)များကို ရရှိလာသည်။ နှောင်းအတိတ်ကာလများက မြွေဆိပ်ဖြေဆေးများကို အရည်အသွင် (Liquid Form)ဖြင့်သာ ထုတ်လုပ်နိုင်ခဲ့သည့်အပြင်၊ အဆိုပါဆေးကို သိုလှောင်ထိန်းသိမ်းရာ၌လည်း အပူချိန် ၂ ဒီဂရီမှ ၈ ဒီဂရီစင်တီဂရိတ်အတွင်းရှိသည့် အအေးခန်း သို့မဟုတ် အေးခဲသေတ္တာများထဲ၌သာ အာနိသင်မပျက်ထိန်းသိမ်းနိုင်စွမ်းရှိသည့်အတွက် လျှပ်စစ်မီးမရရှိသော ကျေးလက်တောရွာများနှင့် မြို့ငယ်အချို့တို့၌ ထိန်းသိမ်းထားရှိရန် အခက်အခဲဖြစ်ပေါ်ခဲ့ရသည်။

ထို့ကြောင့်ပင် မြန်မာနိုင်ငံ၏ ကျေးလက်တောရွာများ၌ မြွေကိုက်ခံရသည့်လူနာများကို ကျေးလက်များနှင့်အနီးကပ်ဆုံးရှိနေသည့် တိုက်နယ်ဆေးရုံများသို့ အချိန်မီပို့ဆောင်ပါလျက် လျှပ်စစ်မီးပုံမှန်မလာသော တိုက်နယ်ဆေးရုံများနှင့် မြို့နယ်ဆေးရုံဆေးခန်းများ၌ အသင့်ထားရှိပေးသော မြွေဆိပ်ဖြေဆေးများ၏ အာနိသင်ပျက်ပြယ်ကာ မြွေကိုက်လူနာများ အသက်ဆုံးရှုံးခဲ့ရခြင်း ဖြစ်သည်။

**ခေတ်သစ်နည်းလမ်း**

ယခုအခါ၌မူ စက်မှုဝန်ကြီးဌာနအနေဖြင့် အထက်ဖော်ပြပါ ခေတ်သစ်နည်းလမ်းဖြင့် မြွေဆိပ်ဖြေဆေးများကို တွင်ကျယ်စွာ ထုတ်လုပ်ပေးနေပြီဖြစ်သည့်အပြင် ၎င်းတို့ထုတ်လုပ်သော မြွေဆိပ်ဖြေဆေးများမှာလည်း သာမန်အခန်းအပူချိန်၌ပင် ရေရှည်သိုလှောင်ထားနိုင်စွမ်းရှိသောကြောင့် မည်သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်၌မဆို မည်သည့် ခရိုင် ၊မြို့နယ်နှင့် မြို့ပြ၊ ကျေးရွာများ၌မဆို အရန်သင့် သိုလှောင်ထိန်းသိမ်းထားနိုင်သည့်အတွက် မြွေကိုက်ခံရသော လူနာရောက်ရှိလာပါက ကိုက်သည့်မြွေအမျိုးအစားကို သိသည်နှင့်တစ်ပြိုင်နက် မြွေဆိပ်ဖြေဆေးကို ချက်ချင်းထိုးနှံကာ အသက်ကယ်တင်နိုင်ပြီ ဖြစ်သည်။

ယခင် နည်းပညာဟောင်းဖြင့်သာ ထုတ်လုပ်နိုင်ခဲ့သော မြွေဆိပ်ဖြေဆေး(အရည်)များမှာ အအေးခန်း သို့မဟုတ် အေးခဲသေတ္တာများတွင် သတ်မှတ်အပူချိန်အတွင်း၌သာ သိုလှောင်ထိန်းသိမ်းရပြီး သက်တမ်းအားဖြင့်လည်း သုံးနှစ်သာခံခဲ့ရာ ယခု ခေတ်သစ်နည်းပညာဖြင့် ထုတ်လုပ်ထားသော မြွေဆိပ်ဖြေဆေး(အေးခဲခြောက်)များကမူ စတင်ထုတ်လုပ်သည့်ရက်မှ ငါးနှစ်တာကာလအထိ သာမန်အခန်းအပူချိန်၌ပင် အရည်အသွေးမပျက် သိုလှောင်ထိန်းသိမ်းထားနိုင်စွမ်းရှိနေပြီဖြစ်သည်။

**ဆေးဝါးစက်ရုံ(အင်းစိန်)**

နိုင်ငံတကာ အရည်အသွေးဆိုင်ရာ ISO 9001:2015(Manufacturing & Trading) လက်မှတ်ကို ရရှိထားသော ဆေးဝါးစက်ရုံ(အင်းစိန်)(ယခင် BPI)သည် စက်မှုဝန်ကြီးဌာနလက်အောက်ရှိ မြန်မာ့ဆေးဝါးလုပ်ငန်း၏ အထင်ကရ စက်ရုံတစ်ခုဖြစ်ပြီး နိုင်ငံတကာအဆင့်မီ ဆေးဝါးများကို ဆယ်စုနှစ်ပေါင်းများစွာ စဉ်ဆက်မပြတ်ထုတ်လုပ်ပေးခဲ့သော၊ ထုတ်လုပ်ပေးနေဆဲဖြစ်သော ပြည်သူ့ကျန်းမာရေး အထောက်အကူပြု မဟာဗျူဟာမြောက်သည့် ထုတ်လုပ်ရေးဌာနကြီး တစ်ခုပင်ဖြစ်သည်။ ဆေးဝါးစက်ရုံ(အင်းစိန်)(BPI)၏ မြွေဆိပ်ဖြေဆေးထုတ်လုပ်မှုဌာနခွဲမှ

*စာမျက်နှာ ၂၁ သို့*

**“သက်ဆိုင်ရာကထုတ်ပြန်သော ကိန်းဂဏန်းများအရ မြန်မာနိုင်ငံတစ်ဝန်း မြွေကိုက်ခံရမှုကြောင့် ဆေးရုံတက်ရောက်သူဦးရေမှာ နှစ်စဉ် ပျမ်းမျှအားဖြင့် ၁၅၀၀၀ ခန့်ရှိနေပြီး ယင်းတို့အနက် ပျမ်းမျှ ၁၀ ရာခိုင်နှုန်းမှာ အသက်ဆုံးရှုံးခဲ့ရကြောင်း လေ့လာသိရှိရသည်။ အဆိုပါကိန်းဂဏန်းများမှာ ဆေးရုံသို့ အရောက်လာနိုင်သူများသာဖြစ်ကြပြီး ဆေးရုံမရောက်မီ လမ်းခုလတ်၌ အသက်ဆုံးရှုံးရသူများ၊ မြွေကိုက်ခံရပြီးနောက် ကူညီသူကင်းမဲ့သည့် အနေအထားဖြင့် အသက်ဆုံးရှုံးရသူများ၊ အကိုက်ခံရသည့်ဒေသတွင် ရှေးဦးသူနာပြုစုနည်းကို မသိရှိကြသဖြင့် အသက်ပေးလိုက်ရသူများ၏ အရေအတွက်များက အဆိုပါစာရင်းထဲတွင် ပါဝင်ခြင်းမရှိသေးပေ”**

# တောင်ပေါ်ဒေသထွက် ငှက်ပျောသီးများ ဈေးကောင်းရ

**ရေတာရှည် ဧပြီ ၂၆**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်သည် အရှေ့ဘက်တွင် ကရင်ပြည်နယ် သံတောင်မြို့နယ်နှင့် တောင်ငူမြို့နယ်တို့နှင့် ထိစပ်လျက်ရှိပြီး ရေမြေအနေအထားအရ မြင့်မားသော တောင်တန်းများစွာတည်ရှိကာ အဆိုပါ တောင်ပေါ်ဒေသများတွင် ဒေသခံများသည် ကွမ်း၊ ကွမ်းသီး၊ ရော်ဘာ၊ ဒူးရင်း၊ မင်းဂွတ်၊ ငှက်ပျော၊ လိုင်ချီး၊ ဖာလာ အစရှိသော သီးနှံများစွာကို စိုက်ပျိုးကြသည်။ ထိုတောင်ပေါ်ဒေသများမှထွက်သည့် ရာသီပေါ်သီးနှံများကို ဈေးကွက်သို့တင်ပို့ရာတွင် တောင်ဖီလာ-ရေနီ၊ ငွေးသဲ-သာဂရ၊ ရေတာရှည်လေး- ဆွာ၊ ထုံဘိုကြီး-ကရင်ချောင်း-ရေတာရှည် အစရှိသော လမ်းပိုင်းများကတစ်ဆင့် တောင်ငူ၊ နေပြည်တော်နှင့် ပျဉ်းမနား ဈေးကွက်အသီးသီးသို့ တင်ပို့ရောင်းချကြသည်။

ယခုအချိန်တွင် တောင်ပေါ်ဒေသရှိ ငှက်ပျောခြံများမှထွက်ရှိသော ရခိုင်၊ ဖီးကြမ်း ငှက်ပျောများကို မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့သို့ နေ့စဉ် အမြောက်အမြား တင်ပို့



ပေးနေရပြီး တောင်ပေါ်ဒေသများမှ လာရောက်ရောင်းချသူများထံမှ ရခိုင်ငှက်ပျော တစ်ဖီးလျှင် ၃၀၀ ကျပ်၊ ဖီးကြမ်းငှက်ပျော တစ်ဖီးလျှင် ၅၀၀ ကျပ်ဈေးဖြင့် ဝယ်ယူလျက်ရှိကြောင်း ရေတာရှည်မြို့မှ ငှက်ပျောအဝယ်ဒိုင်လုပ်သူတစ်ဦးက ပြောသည်။ "အရှေ့တောင်ပေါ်ကနေ ဆိုင်ကယ်ခွခြင်းတွေနဲ့ တစ်နေ့ကို အစီးရေ ၂၀ ကျော်လောက်လာတယ်၊ ငှက်ပျောအဖီးရေ နှစ်ထောင်လောက်ပေါ့၊ အဓိကတင်ပို့တာကတော့ မြင်းခြံကိုပို့တယ်၊ မြင်းခြံကမှတစ်ဆင့် မလှိုင်၊ တောင်သာနဲ့ အခြားမြို့တွေကိုပြန်ဖြန့်တာ" ဟု ၎င်းက ဆက်ပြောသည်။

တောင်ပေါ်ဒေသများအပြင် ရေတာရှည်မြို့နယ်အတွင်းမှ လယ်ယာစိုက်ပျိုးကြသော တောင်သူများသည်လည်း လယ်ယာမြေနှင့်ထိစပ်လျက်ရှိသော မြေနေရာများ၊ မြေလွတ်များတွင် ငှက်ပျောများကို အပင်ရေရာနှင့်ချီကာ စိုက်ပျိုးထားကြရာ ယခုလို ငှက်ပျောပေါ်ချိန်၌ ဈေးကောင်းရနေသဖြင့် တောင်သူများအနေဖြင့် သီးခြားအပိုဝင်ငွေရရှိကာ မီးဖိုချောင်စရိတ်စက ရရှိနေသောကြောင့် များစွာအဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# သိမ်းဆည်းခံလယ်ယာမြေများအတွက် မြေယာလျော်ကြေးနှင့် သီးနှံနစ်နာကြေးများ ပေးအပ်

**ဟသ်ာတ ဧပြီ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်အတွင်း ဟသ်ာတတက္ကသိုလ်တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ရန် မလွတ်လပ်သဖြင့် သိမ်းဆည်းခံခဲ့ရသည့် လယ်ယာမြေများအတွက် မြေပိုင်ရှင် တောင်သူများထံ မြေယာလျော်ကြေးနှင့် သီးနှံနစ်နာကြေး ပေးအပ်ပွဲကို ဧပြီ ၂၄ ရက်က တက္ကသိုလ် ပင်မလေးထပ်ဆောင် အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

မြေယာလျော်ကြေးပေးအပ်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးက အမှာစကားပြောကြားပြီး မြေသိမ်းဆည်းခံရသည့် တောင်သူ ၁၅ ဦး၏ လယ်ယာမြေ ၅၅ ဒသမ ၅၁၁ ဧကအတွက် မြေယာလျော်ကြေးငွေကျပ် ၁၁၁၀ သိန်းကျော်နှင့် သီးနှံနစ်နာကြေး ကျပ် ၁၂၄ သိန်းကျော်ကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရီ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးထိန်ဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုး၊ ဟသ်ာတတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာတင်ထွေးနှင့် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်လွင်တို့က လယ်ယာမြေသိမ်းဆည်းခံရသည့် နစ်နာသူတောင်သူများထံ လက်ဝယ်အရောက် လွှဲပြောင်းပေးအပ်ခဲ့သည်။

ဟသ်ာတတက္ကသိုလ် တည်ဆောက်ရေးလုပ်ငန်းအတွက် လယ်ယာမြေများကို ၁၉၈၆ ခုနှစ်က ဒေသကောလိပ်မှ တက္ကသိုလ်ဖြစ်ပေါ်လာရေးအတွက် သိမ်းဆည်းခဲ့ခြင်းဖြစ်ကြောင်း သိရပြီး နိုင်ငံတော်အစိုးရက ယခုကဲ့သို့ မြေယာနှင့်သီးနှံနစ်နာကြေးငွေများ ပေးအပ်လာခြင်းအတွက် ကျေးဇူးအထူးတင်ရှိကြောင်း၊ ယခုလိုရရှိလာသည့် လျော်ကြေးငွေများဖြင့် သင့်တင့်သောစီးပွားရေးလုပ်ငန်းများ ပြန်လည်လုပ်ဆောင်နိုင်တော့မည်ဖြစ်ကြောင်း နစ်နာကြေးရရှိသူ တောင်သူများက ပြောသည်။




**ကျော်ကျော်(ပြန်/ဆက်)**

# ရေပြတ်နေသည့်ကျေးရွာများသို့ ချောက်မြို့နယ်ရဲတပ်ဖွဲ့က သောက်သုံးရေဖြန့်ဝေလှူဒါန်း

**ချောက် ဧပြီ ၂၆**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်အတွင်းမှ ရေရှားပါးပြတ်လပ်မှုကြုံတွေ့နေရသော မကျီးကန်ကျေးရွာအုပ်စု မကျီးကန်ကျေးရွာနေ ပြည်သူများအတွက် သောက်သုံးရေများကို ချောက်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအေးလွင်၊ ချောက်မြို့မရဲစခန်းမှ ရဲအုပ်မြသန်း၊ စလေနယ်မြေစခန်းမှူး ရဲအုပ်ဘတိုးနှင့် တပ်ဖွဲ့ဝင် ၂၈ ဦး အဖွဲ့ ဧပြီ ၂၅ ရက်က သွားရောက်လှူဒါန်း ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။



ရဲတပ်ဖွဲ့ဝင်များသည် ရေသယ်ယာဉ်ကြီး နှစ်စီး၊ ရေဂါလန် ၂၈၀၀ ဆံ့ ရေသယ်ယာဉ်ကြီး တစ်စီးတို့ဖြင့် သောက်သုံးရေများအပြင် သောက်ရေသန့်ဘူးကြီး ၂၀၀ ကိုလည်း မကျီးကုန်းကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းသုံးကျောင်းနှင့် အိမ်ခြေ ၁၈၂ အိမ်မှ ကျေးရွာနေပြည်သူများထံ ဖြန့်ဝေလှူဒါန်းပေးခဲ့ခြင်း ဖြစ်သည်။

ရေရှားပါးပြီး လိုအပ်ချက်ရှိနေချိန်တွင် ယခုကဲ့သို့ ရဲတပ်ဖွဲ့က သောက်သုံးရေများ လာရောက်လှူဒါန်းပေးသည့်အတွက် အထူးကျေးဇူးတင်ကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူးက ပြောသည်။ မြို့နယ်ရဲတပ်ဖွဲ့အနေဖြင့် အခြားရေလိုအပ်ချက်ရှိသော ကျေးရွာများသို့လည်း ရေများလှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်မိုး (ပြန်/ဆက်)**

*စာမျက်နှာ ၂၀ မှ*

ထုတ်လုပ်သော မြွေဆိပ် ဖြေဆေးများသည် အခြားသော BPI စက်ရုံထုတ်ဆေးဝါးများကဲ့သို့ပင် အရည်အသွေးမြင့်မားကြောင်း ဆေးသုတေသနဦးစီးဌာန၏ စာတမ်းများက သက်သေပြလျက်ရှိသည်။

အဆိုပါစာတမ်းများအရ ထိုင်းနိုင်ငံက ထုတ်လုပ်သော မြွေဆိပ်ဖြေဆေးများသည် စက်မှုဝန်ကြီးဌာနက ထုတ်လုပ်သော မြွေဆိပ်ဖြေဆေးများထက် အရည်အသွေးအားဖြင့် နှစ်ဆမှလေးဆအထိ၊ အိန္ဒိယနိုင်ငံမှထုတ်လုပ်သော မြွေဆိပ်ဖြေဆေးများသည် စက်မှုဝန်ကြီးဌာနက ထုတ်လုပ်သော မြွေဆိပ်ဖြေဆေးများထက် အရည်အသွေးအားဖြင့် ၁၂၆ ဆအထိ လျော့နည်းကြောင်း လေ့လာသိရှိနိုင်သည်။ အိန္ဒိယနိုင်ငံ၏မြွေမျိုးစိတ်မှာ Daboia Russelii ဖြစ်ပြီး မြန်မာနိုင်ငံရှိ မြွေမျိုးစိတ်ကမူ Daboia Siamensis ဖြစ်နေသည့်အတွက် မြွေမျိုးစိတ်ကွဲပြားနေခြင်းကြောင့် အဆိပ်ပါဝင်နှုန်း မတူညီခြင်းကလည်း အိန္ဒိယနိုင်ငံထုတ် မြွေဆိပ်ဖြေဆေးများက မြန်မာ့မြွေဆိပ်ဖြေဆေးများထက် အရည်အသွေးနိမ့်ကျပြီး အာနိသင်အားဖြင့်လည်း လျော့နည်းနေရခြင်း၏ အကြောင်းရင်းတစ်ရပ် ဖြစ်နေရသည်။

### မြွေကိုက်ခံရသူ တစ်နှစ်လျှင် ၁၅၀၀၀

သက်ဆိုင်ရာကထုတ်ပြန်သော ကိန်းဂဏန်းများအရ မြန်မာနိုင်ငံတစ်ဝန်း မြွေကိုက်ခံရမှုကြောင့် ဆေးရုံတက်ရောက်သူဦးရေမှာ နှစ်စဉ်ပျမ်းမျှအားဖြင့် ၁၅၀၀၀ ခန့်ရှိနေပြီး ယင်းတို့အနက် ပျမ်းမျှ ၁၀ ရာခိုင်နှုန်းမှာ အသက်ဆုံးရှုံးခဲ့ရကြောင်း လေ့လာသိရှိရသည်။ အဆိုပါကိန်းဂဏန်းများမှာ ဆေးရုံသို့အရောက်လာနိုင်သူများသာဖြစ်ကြပြီး ဆေးရုံမရောက်မီ လမ်းခုလပ်၌ အသက်ဆုံးရှုံးရသူများ၊ မြွေကိုက်ခံရပြီးနောက် ကူညီသူကင်းမဲ့သည့် အနေအထားဖြင့် အသက်ဆုံးရှုံးရသူများ၊ အကိုက်ခံရသည့်ဒေသတွင် ရှေးဦးသူနာပြုစုနည်းကို မသိရှိကြသဖြင့် အသက်ပေးလိုက်ရသူများ၏ အရေအတွက်များက အဆိုပါစာရင်းထဲတွင် ပါဝင်ခြင်းမရှိသေးပေ။

ထို့ပြင် သတ်မှတ်အပူချိန်အတိုင်း Cold Storage ပြုလုပ်ထိန်းသိမ်းထားရမည့် ယခင် မြွေဆိပ်ဖြေဆေးများသည် လျှပ်စစ်ဓာတ်အား ရရှိမှု မကြာခဏပြတ်တောက်သော အတိတ်ကာလ၏ အခြေအနေများကြောင့် အရေးပေါ်ထိုးနှံရမည့်အခြေအနေတွင် အာနိသင်ပျက်ပြယ်ပြီးဖြစ်နေကာ ထိရောက်စွာ ကုသကယ်တင်နိုင်စွမ်းကို များစွာလျော့ကျစေခဲ့သည်။

### ပြည်ပသို့ပင် တင်ပို့ရောင်းချနိုင်

WHO Standard ဖြင့် မြွေဆိပ်ဖြေဆေးများကို ထုတ်လုပ်နေသော စက်မှုဝန်ကြီးဌာန ဆေးဝါးစက်ရုံ(အင်းစိန်)(BPI)သည် အဓိကကုန်ကြမ်းတစ်မျိုးဖြစ်သော မြင်းသွေးရည်ကြည်များကို ထုတ်လုပ်ပေးနေသည့် မြင်းများကို မွေးမြူထိန်းသိမ်းရာ၌လည်း ပိုမိုကောင်းမွန်သော နည်းပညာများဖြင့် ပို၍ စနစ်တကျ လုပ်ကိုင်ဆောင်ရွက်လာနိုင်သည့်အတွက် မြင်းသေဆုံးရမှုနှုန်းကလည်း သိသိသာသာ ကျဆင်းသွားခဲ့ပြီဖြစ်သည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်က မြင်းသေဆုံးမှုနှုန်း(Horse Mortality)၄၄၃ ကောင်၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်က ၄၈၄ ကောင်အထိ ရှိခဲ့ရာမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ၅၇ ကောင်အထိ သိသိသာသာ လျော့ကျသွားခဲ့ပြီဖြစ်သည်။



ဆေးဝါးစက်ရုံ(အင်းစိန်)မှ မြွေဆိပ်ဖြေဆေးထုတ်သည့်ဌာနခွဲ အဆောက်အအုံ

မြင်းသေဆုံးရနှုန်း လျော့ကျလာသည်နှင့်အမျှ တစ်ဖက်တွင် မြွေဆိပ်ဖြေဆေး ထုတ်လုပ်မှုစွမ်းအားကလည်း သိသာစွာ တိုးမြင့်လာသည့်အတွက် မျက်မှောက်အခြေအနေတွင် ဆေးဝါးစက်ရုံ(အင်းစိန်)(BPI)သည် မြွေဆိပ်ဖြေဆေးများကို ပြည်တွင်းသုံးအတွက် အလျှံအပယ်ထုတ်လုပ်ပေးနိုင်ရုံမျှမကဘဲ ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံများသို့ပါ တင်ပို့ရောင်းချနိုင်သည့်အဆင့်သို့ ရောက်ရှိနေပြီဖြစ်သည်။ စက်မှုဝန်ကြီးဌာနကထုတ်လုပ်သော ခေတ်သစ် မြွေဆိပ်ဖြေဆေးများသည် သာမန်အခန်းအပူချိန်၌ပင် လွယ်လင့်တကူ သယ်ယူရွှေ့ပြောင်း ထားသိုသိမ်းဆည်းနိုင်သည့် အရည်အသွေးနှင့် ပြည့်စုံသည့်အတွက် မြို့ကြီးပြကြီးများကိုမဆိုထားဘိ၊ မည်သည့် ကျေးရွာဆေးပေးခန်းများ၌ပင် မဆိုသင့်တော်သလို အရန်သင့် ဆောင်ထားနိုင်သဖြင့် မြွေကိုက်ခံရသူများကို အလျင်မြန်ဆုံး ထိုးနှံပေးခြင်းဖြင့် အသက်ကယ်တင်နိုင်ကြပြီဖြစ်သည်။

### လွယ်လင့်တကူ လွတ်လပ်စွာဝယ်ယူ

ထို့အပြင် ပြည်သူတစ်ဦးတစ်ယောက်ချင်းအနေဖြင့်သော်လည်းကောင်း၊ မိသားစုအလိုက်သော်လည်းကောင်း၊ အဖွဲ့အစည်းနှင့် အသင်းအပင်းများအလိုက်သော်လည်းကောင်း မြွေဆိပ်ဖြေဆေးများကို အရန်သင့် ဆောင်ထားနိုင်စေရန်အတွက် မြွေပွေးနှင့် မြွေဟောက် အဆိပ်ဖြေဆေးများကို မည်သူမဆို လွယ်လင့်တကူ လွတ်လပ်စွာဝယ်ယူနိုင်အောင် စက်မှုဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်ပေးထားကြောင်းကိုပါ လေ့လာသိရှိရသည့်အတွက် နိုင်ငံတကာအဆင့်မီ ခေတ်သစ်မြွေဆိပ်ဖြေဆေး ထုတ်လုပ်မှုနည်းပညာများကို ကြိုးပမ်းရယူကာ အောင်မြင်အောင် စွမ်းဆောင်နိုင်ခဲ့သည့် စက်မှုဝန်ကြီးဌာန၏ လုပ်ဆောင်မှုအပေါ် အသိအမှတ်ပြု ချီးကျူးဂုဏ်ပြုလိုက်ရပေသည်။ ။

# ရွှေဘိုမြို့လုံးဆိုင်ရာ ကဆုန်ညောင်ရေသွန်းပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**ရွှေဘို ဧပြီ ၂၆**

(၁၂၅)ကြိမ်မြောက် ရွှေဘိုမြို့လုံးဆိုင်ရာ ကဆုန်ညောင်ရေသွန်းပွဲတော်ကို ဧပြီ ၂၉ ရက်(ကဆုန်လပြည့်နေ့)တွင် သမိုင်းဝင် မော်ဓောမြင်သာ မြို့ထောင့်စေတီ၏ အရှေ့ဘက်ခြေတော်ရင်းရှိ မဟာဗောဓိပင်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ကဆုန်ညောင်ရေသွန်းပွဲတော်တွင် ရွှေတန်ဆာရုပ်ပွားတော်မြတ်အား ကရဝိတ်ဝေါယာဉ်တော်ဖြင့် မော်ဓောမြင်သာ မြို့ထောင့်စေတီသို့ သံဃာတော်များ၊ ဓမ္မစကြာဝတ်အသင်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရေကြည်တော်ကပ်အသင်းများ၊ ဒေသခံပြည်သူများက ကဆုန်လဆန်း ၁၃ ရက်တွင်ပင့်ဆောင်ပြီး ပင့်ဆောင်ရာ လမ်းတစ်လျှောက်တွင် ရေသပ္ပာယ်ခြင်း၊ ပန်းကပ်လှူခြင်းနှင့် ပရိသတ်များအား အာဟာရဒါန ကျွေးမွေးကြသည့် အစီအစဉ်များဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ကဆုန်လပြည့်နေ့တွင် ရုပ်ပွားတော်မြတ်နှင့် မဟာဗောဓိပင်အား ညောင်ရေများသွန်းလောင်းပူဇော်ခြင်း၊ သံဃာတော်များထံမှ တရားတော်နာယူခြင်း၊ ညောင်ရေသွန်းပွဲတော်လာပြည်သူများအား ဌာနဆိုင်ရာများ၊ စေတနာရှင်များ၊ လူမှုရေးအသင်းအဖွဲ့များက စတုဒိသာကျွေးမွေးခြင်း၊ နိဗ္ဗာန်ဈေးပွဲတော်များ စသည့် အစီအစဉ်များဖြင့် စည်ကားစွာ ကျင်းပမည်ဖြစ်ကြောင်း၊ ထို့နောက် ညနေပိုင်းတွင် ရုပ်ပွားတော်မြတ်အား မူလကိန်းဝပ်စံပယ်ရာ ရွှေတန်ဆာစေတီတော်ကြီးဆီသို့ ပြန်လည်ပင့်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

ရွှေဘိုမြို့လုံးဆိုင်ရာ ကဆုန်ညောင်ရေသွန်းပွဲတော်သည် မည်သည့်မြို့များနှင့်မှမတူဘဲ တစ်မူထူးခြားစွာ ကျင်းပသော ပွဲတော်တစ်ခုဖြစ်ပြီး မြို့၏ ဂုဏ်ဆောင်ပွဲတော်လည်းဖြစ်ကြောင်း သိရသည်။

**မျိုးမင်း(သာစည်)**



# မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေအကြောင်း မန္တလေး၌ ရှင်းလင်းဆွေးနွေး

**မန္တလေး ဧပြီ ၂၆**

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်ပတ်သက်သော ဗဟုသုတများကို မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပုဂ္ဂလိကနှင့် အစိုးရကဏ္ဍတို့မှ သက်ဆိုင်သူများအား မျှဝေရန်နှင့် မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီနှင့် ဆက်စပ်ဌာနများ ပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်းလာစေရန်၊ မန္တလေးတိုင်းဒေသကြီးတွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးမြင့်လာစေရန် ရည်ရွယ်ချက်များဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲကို ဧပြီ ၂၄ ရက်က မန္တလေး ချမ်းအေးသာစံမြို့နယ် ရတနာပုံစူပါစင်တာ စတုတ္ထထပ်ရှိ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းရုံး အစည်းဝေးခန်းမ၌ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာမာလာမျိုးညွန့်တို့က အမှာစကားပြောကြားပြီး ညွှန်ကြားရေးမှူး ဒေါက်တာလွင်သူဇာရွှေက ဆွေးနွေးပွဲပြုလုပ်ခြင်း ရည်ရွယ်ချက်များကိုလည်းကောင်း၊ ညွှန်ကြားရေးမှူး ဒေါက်တာဝဏ္ဏအောင်က ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း ရှင်းလင်းပြောကြားကာ တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဒေါ်နွယ်နီဦးက မန္တလေးတိုင်းဒေသကြီးနှင့် သက်ဆိုင်သည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူး ဒေါ်စောသက်စုဝင်းက Moderator အဖြစ်ဆောင်ရွက်၍ ဒေါက်တာမာလာမျိုးညွန့်၊ ဒေါ်နွယ်နီဦး၊ ဒေါက်တာလွင်သူဇာရွှေနှင့် မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဒေါက်တာမောင်မောင်တို့က မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများအကြောင်း၊ ဥပဒေပြဋ္ဌာန်းရသည့် ရည်ရွယ်ချက်၊ ပြဋ္ဌာန်းဖြစ်ပုံ၊ မူဝါဒများ၊ ရင်းနှီးမြှုပ်နှံသူများအတွက် ရရှိလာမည့် အကျိုးကျေးဇူးများ စသည်တို့ကို စကားဝိုင်းပုံစံဖြင့် ဆွေးနွေးကာ တက်ရောက်လာကြသူများ၏ မေးမြန်းမှုများကိုလည်း တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ကြိုဆိုရန်၊ ပွင့်လင်းမြင်သာပြီး ရှင်းလင်းလွယ်ကူ၍ မြန်ဆန်သွက်လက်စွာ ဆောင်ရွက်နိုင်သော လုပ်ထုံးလုပ်နည်းများဖြင့် ဆောင်ရွက်ရန်၊ ပြည်တွင်း ပြည်ပ လုပ်ငန်းများအကြား ခွဲခြားဆက်ဆံမှုမရှိသော ကြိုတင်ခန့်မှန်းသိမြင်နိုင်သည့် ဝန်းကျင်တည်ထောင်ရန်ဟူသည့် မူဝါဒများဖြင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေကို ၂၀၁၆ အောက်တိုဘာလအတွင်းက ထုတ်ပြန်ခဲ့ပြီး နည်းဥပဒေများကို ၂၀၁၇ မတ်လကုန်ပိုင်းတွင် ထုတ်ပြန်ခဲ့ကာ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးမြင့်လာစေရေးအတွက် အားပေးကူညီဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ဥပဒေနှင့် နည်းဥပဒေများအရ မန္တလေးတိုင်းဒေသကြီးတွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးမြင့်လာစေရန်အတွက် ဖွံ့ဖြိုးတိုးတက်မှုဇုန် အမျိုးအစားအလိုက် ဝင်ငွေခွန်ခံစားခွင့် ခုနစ်နှစ်၊ ငါးနှစ်နှင့် သုံးနှစ်ဟူ၍ သတ်မှတ်ပေးထားကြောင်း သိရသည်။ တိုင်းဒေသကြီးအတွင်း ဖွဲ့စည်းမှတ်ပုံတင်ထားရှိသော ကုမ္ပဏီအရေအတွက်မှာ ၁၉၈၈ ခုနှစ်မှ ၂၀၁၈ မတ်လအကုန်အထိ ၆၉၉၆ ခုရှိ၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်လျက်ရှိသောလုပ်ငန်းများမှာ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု ၁၄၈ ခု(ရင်းနှီးမြှုပ်နှံမှုပမာဏ ကျပ် ၄၉၅၇၁၄၂ ဒသမ ၈၇၄ သန်း)နှင့် နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှု ၆၀ ခု(ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၃၂၄၄ ဒသမ ၉၉၅ သန်း)ဖြစ်ကာ မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြုမိန့် ထုတ်ပေးခဲ့သော လုပ်ငန်းများမှာ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုငါးခု (ရင်းနှီးမြှုပ်နှံမှုပမာဏ ကျပ် ၁၂၉၉၂ ဒသမ ၁၁၆ သန်း)၊ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှု ငါးခု (ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၆၅၃ သန်း)ဖြစ်ကြောင်း တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဒေါ်နွယ်နီဦးက ပြောကြားသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့်ပတ်သက်၍ သိရှိလိုသည်များနှင့် ဆောင်ရွက်လိုသည်များရှိပါက မန္တလေးမြို့ ၈၄ လမ်းရှိ တိုင်းဒေသကြီးရုံးသို့ လာရောက်ဆွေးနွေးနိုင်ပြီး ဖုန်း ၀၂-၄၀၈၆၆၁ နှင့် ၀၂-၄၀၈၆၆၂ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းလည်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**



# မြေဆီလွှာအာဟာရဓာတ်စစ်ဆေးခြင်းနှင့် စိုက်ပျိုးရေးအသိပညာပေးခြင်းဆောင်ရွက်

**ကန်ကြီးထောင့် ဧပြီ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ ဒေသခံတောင်သူများအား မြေဆီလွှာအာဟာရဓာတ် စစ်ဆေးခြင်းနှင့် စိုက်ပျိုးရေးအသိပညာဖြန့်ဝေဟောပြောပွဲကို ဧပြီ ၂၄ ရက်က ခုံဇင်ကုန်းကျေးရွာအုပ်စု ကျွန်းချောင်းကျေးရွာ၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရွှေလုကြိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ဒေသခံတောင်သူဦးကြီးများ တက်ရောက်ခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရွှေလုကြိုင်က အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးကြည်မိုးက စိုက်ပျိုးရေးဆိုင်ရာ သိကောင်းစရာများနှင့် မြေဆီလွှာတွင်ပါဝင်သော မြေတွင်း အာဟာရဓာတ်များအကြောင်းကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက်မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးနှင့် ဝန်ထမ်းများက ကျွန်းချောင်းကျေးရွာရှိ တောင်သူခြောက်ဦး၏ လယ်မြေဧက ၅၀ မှ မြေများကို နမူနာယူ၍ မြေဆီလွှာတွင်ပါဝင်သည့် အချဉ်အငန်ဓာတ်၊ နိုက်ထရိုဂျင်နှင့် ဖော့စဖိတ်ဓာတ်ပါဝင်မှု အခြေအနေများကို ဓာတ်ခွဲစမ်းသပ်ပစ္စည်းများဖြင့် လက်တွေ့စမ်းသပ်စစ်ဆေးပေးခဲ့သည်။

ယခုကဲ့သို့ မြေဆီလွှာအာဟာရဓာတ် စစ်ဆေးခြင်းဖြင့် တောင်သူများအနေဖြင့် မိမိလယ်ယာမြေတွင် လိုအပ်သော အာဟာရဓာတ်များကို သိရှိကာ လိုအပ်သလို ထည့်သွင်းသုံးစွဲနိုင်မည်ဖြစ်သည့်အတွက် အရည်အသွေးပြည့်ဝသည့် သီးနှံများ ထွက်ရှိကာ ဝင်ငွေတိုးပွားလာနိုင်မည်ဖြစ်ကြောင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ယခုလို မြေဆီလွှာအာဟာရဓာတ် စစ်ဆေးပေးခြင်းကို မြို့နယ်အတွင်းရှိ ရေတော်မိုးတော် ဧကပေါင်း ၁၂၉၀၀၀ ကျော်တွင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကာ ဧက ၅၀ လျှင် တစ်ကွက်နှုန်းဖြင့် စမ်းသပ်ပေးမည်ဖြစ်၍ စုစုပေါင်း ၂၅၈၂ ကွက်အတွက် ဆက်လက်စမ်းသပ်စစ်ဆေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## သတင်းတိုများ

### မြစိမ်းရောင် ကျေးရွာစီမံကိန်း ဆန်းစစ်သုံးသပ်ဆွေးနွေးပွဲ ကျင်းပ

ရှမ်းပြည်နယ်တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် မြစိမ်းရောင်ကျေးရွာစီမံကိန်းဆန်းစစ်သုံးသပ်ဆွေးနွေးပွဲအခမ်းအနားကို ဧပြီ ၂၃ ရက်က ပင်းတယမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးရုံး၌ ကျင်းပရာ မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်က အမှာစကားပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆန်းစစ်သုံးသပ်ဆွေးနွေးပွဲနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ မြစိမ်းရောင်ကျေးရွာ ၃၄ ရွာမှ ကော်မတီဝင်များက တစ်ရွာချင်းစီအလိုက် မြစိမ်းရောင်ရန်ပုံငွေများအား ဆောင်ရွက်ထားရှိမှုအခြေအနေကို ပြန်လည်ဆွေးနွေးတင်ပြခဲ့ကြောင်း သိရသည်။

**ဗထူး**

### တပ်မတော်ဆေးကုအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေး

နေပြည်တော် လယ်ဝေးမြို့ ကန်လှကျေးရွာမှ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို နေပြည်တော် တိုင်းစစ်ဌာနချုပ် တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့ ဧပြီ ၂၅ ရက်က ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ နေပြည်တော်တိုင်းစစ်ဌာနချုပ် တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့ အမှတ်(၂)တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)မှ ဒုတိယဗိုလ်မှူးကြီးစိုင်းအိုက်လု ဦးဆောင်သည့် အရာရှိ စစ်သည်များက ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းဝင်း၌ အခြေပြု၍ ဒေသခံပြည်သူများအား အထွေထွေရောဂါများ၊ သွားနှင့်ခံတွင်း၊ မျက်စိဝေဒနာ၊ အရိုးအကြောရောဂါများ စမ်းသပ်စစ်ဆေးကုသပေးကာ ပြည်သူများအား ကျန်းမာရေးအသိပညာပေးဟောပြောခြင်းများလည်း ဆောင်ရွက်ခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

### မြစိမ်းရောင်စီမံကိန်း သုံးသပ်ဆွေးနွေးပွဲကျင်းပ

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင်အတွင်းမှ မြစိမ်းရောင်စီမံကိန်း သုံးသပ်ဆွေးနွေးပွဲနှင့် မြစိမ်းရောင်ကျေးရွာများအနက် အကောင်းဆုံးစံပြဆု ပေးအပ်ပွဲကို သာယာဝတီမြို့ရှိ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနခန်းမ၌ ဧပြီလတတိယပတ်အတွင်းက ကျင်းပခဲ့သည်။ ဆွေးနွေးပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်မူမူခင်က အမှာစကားပြောကြားပြီး မြစိမ်းရောင်ကျေးရွာရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များက စီမံကိန်းများ၏ အားသာချက် အားနည်းချက်များကို တင်ပြဆွေးနွေးသည်။ ထို့နောက် မြစိမ်းရောင်စံပြဆုရရှိသော မြောက်ပန်းဆွဲကျေးရွာအုပ်စုအတွင်းမှ ကျောင်းစု၊ အနောက်သာယာကုန်း၊ သာယာအေး ကျေးရွာများအား မြို့နယ်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဒေါ်ခင်မျိုးဝေက ဆုပေးအပ်ခဲ့သည်။

**သန့်ဇော်(ပြန်/ဆက်)**

### သုံးခွမြို့နယ်တွင် သောက်သုံးရေများဖြန့်ဝေလှူဒါန်း

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့မှ သောက်သုံးရေရှားပါးမှု ကြုံတွေ့နေရသော အမှတ်(၃) ရပ်ကွက် ကျန်စစ်လမ်းနေ ပြည်သူများအတွက် သောက်သုံးရေများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အငယ်တန်းအင်ဂျင်နီယာ ဦးပြည့်ဖုန်းဝင်း ဦးဆောင်သည့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝင်များက ဂါလန် ၁၅၀၀ ဆံ့ ရေသယ်ယာဉ်တစ်စီးဖြင့် ဧပြီ ၂၅ ရက်က သွားရောက်ဖြန့်ဝေလှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

### ကိုယ့်အားကိုယ်ကိုး၍ရပ်ကွက်တံတားနှစ်စင်းတည်ဆောက်ပြီးစီး

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးတွင် မော်လူးကွက်သစ်နှင့် ကရင်ကျေးရွာဆက် လမ်းပေါ်မှ တံတားတစ်စင်းနှင့် မော်လူးရပ်ကွက်အတွင်း တံတားတစ်စင်းတို့ကို ရပ်ကွက်နေပြည်သူ ၁၀၀ ကျော်၏ စုပေါင်းအင်အားဖြင့် ဧပြီ ၂၄ ရက်က နေ့ချင်းပြီး ကိုယ့်အားကိုယ်ကိုး တည်ဆောက်ခဲ့ကြောင်း သိရသည်။

"ကျွန်တော့်ရပ်ကွက်က ဒေသခံတွေ စုပေါင်းပြီး ဒီနေ့ နံနက် ၆နာရီကနေ ညနေ ၆ နာရီအထိအတွင်း မော်လူးအရှေ့ ဘုရားကြီးကျောင်း မော်လူးကွက်သစ်နဲ့ ကရင်ကျေးရွာကို ဆက်သွယ်ထားတဲ့ တံတားတစ်စင်းနဲ့ ရပ်ကွက်အတွင်းသွားလာတဲ့ တံတားတစ်စင်းကို တစ်ချိန်တည်းမှာ နေ့ချင်းပြီး ဆောင်ရွက်ခဲ့ပါတယ်"ဟု မော်လူးရပ်ကွက်(၆)မှ ဆယ်အိမ်စုမှူး ဦးစိန်ထွန်းက ပြောသည်။ အဆိုပါ တံတားများမှာ အရှည် ပေ ၂၀၊ အကျယ် ၆ ပေစီရှိပြီး အာရ်စီကြမ်းခင်းဖြစ်ကြောင်း၊ တံတားတစ်စင်းလျှင် ကုန်ကျငွေ ကျပ် ၁၅ သိန်းခန့်ဖြင့် နှစ်စင်းအတွက် ကျပ်သိန်း ၃၀ ခန့်ဖြစ်ကြောင်း၊ ကုန်ကျစရိတ်ကို စေတနာရှင် အလှူရှင်များ၏ ဝိုင်းဝန်းလှူဒါန်းငွေဖြင့် ဆောင်ရွက်ပြီး တည်ဆောက်မှုကို စေတနာရှင်လုပ်အားပေး အင်အား ၁၀၀ ကျော်ဖြင့် ကိုယ့်အားကိုယ်ကိုး စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**နီတိုး**

# သကြၤန်ကာလပြီးသွားသော်လည်း ဇလုံတောင်သို့ ဘုရားဖူးလာသူ များပြားနေ

**ဖန်းမောက် ဧပြီ ၂၆**
စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဖန်းမောက်မြို့နယ်ရှိ ဇလုံတောင်တော်ဘုရားသို့သင်္ကြန်ကာလအတွင်းက ဘုရားဖူးများ အများအပြား လာရောက်ခဲ့ပြီးနောက် ယခု သင်္ကြန်ကာလပြီးသွားသော်လည်း ရပ်နီးရပ်ဝေးမှ မိသားစုလိုက် ဘုရားဖူးလာသူများ စဉ်ဆက်မပြတ် လာရောက်နေဆဲဖြစ်ကာ ဘုရားဖူးများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ဇလုံတောင်စေတီတော်မှာ ဖန်းမောက်မြို့မှ ၁၄ မိုင် ၄ ဖာလုံခန့်အကွာ၊ တောတောင်များအလယ် ကျောက်တောင်၊ ကျောက်သားပေါ်တွင် တည်ထားခြင်းဖြစ်သည်။ ဇလုံတောင် ကျောက်မဏ္ဍပ်စေတီဘုရားတွင် ထူးခြားထင်ရှားသည်မှာ ကျောက်ဆန်အိတ်၊ ကျောက်လင်ပန်း၊ ကျောက်ကြေးစည်၊ ကျောက်မောင်း၊ ကျောက်ပန်းကန်ပြား စသည့် ပစ္စည်းများဖြစ်ပြီး သွားလာရေးလွယ်ကူလာခြင်းနှင့် လူသိများလာခြင်းတို့ကြောင့် ပွင့်လင်းရာသီအချိန်တွင် ဇလုံတောင်သို့ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများ လာရောက်ဖူးမြော်နေကြခြင်းဖြစ်သည်။

"ကျွန်တော်တို့က ရန်ကုန်ဘက်ကနေလာကြတာပါ၊ လာလည်ချင်တာတော့ ကြာလှပါပြီ၊ ဒါပေမယ့် ခရီးကလည်း ဝေးလွန်းတော့ မလာဖြစ်ကြဘူး၊ ဒီနှစ်တော့ ကလေးတွေဆယ်တန်းစာမေးပွဲပြီးတာနဲ့ သူတို့ကလည်း ဇလုံတောင်ကို သွားချင်တယ်ဆိုတာနဲ့ လိုက်ပို့တာပါ၊ ဒီရောက်တော့မှ တစ်နိုင်ငံလုံး ဒေသအစုံက လာရောက်တဲ့သူတွေနဲ့ အတော်စည်ကားနေတာကို တွေ့ရပါတယ်"ဟု ရန်ကုန်မြို့မှ ဘုရားလာဖူးသူ ဦးကျော်ဇင်လတ်က ပြောသည်။

ဇလုံတောင်သို့ သွားရန်အတွက် ဖန်းမောက်မြို့မှ ဇလုံတောင်တက်ကားဂိတ်သို့ ၆ မိုင်၊ ထိုမှတစ်ဆင့် တောင်ပေါ်သို့ ၈ မိုင်ခွဲ ကွာဝေးပြီး CBT လုံးချင်းငှားသည့် စနစ်တွင် ငှားနေ၍ ခြေကျင်ဖြစ်စေ၊ ကားငှားပြီးဖြစ်စေ တောင်ပေါ်သို့ တက်ရောက်နိုင်ကြောင်း သိရသည်။

**ကျော်စွာ(ဖန်းမောက်)**



# ခြေလှမ်း ၁၀၀၀၀ လမ်းလျှောက်ပွဲ မန္တလေးမြို့ ကျုံးပတ်လမ်းတွင် ကျင်းပမည်

**မန္တလေး ဧပြီ ၂၆**
အင်ဒိုနီးရှားနိုင်ငံမှ Gnliga Musculan Balm က ကြီးမှူး၍ ခြေလှမ်း ၁၀၀၀၀ လမ်းလျှောက်ပွဲ(10000 Steps Challenge) ကို ဧပြီ ၂၈ ရက် စနေနေ့တွင် ကျင်းပမည်ဖြစ်ပြီး နံနက် ၅ နာရီတွင် မန္တလေးမြို့ ကျုံးတောင်ဘက် မြို့တော်မုခ်ဦးရှေ့ စုရပ်နေရာမှ စတင်တာလွှတ်မည်ဖြစ်ကြောင်းသိရသည်။

အဆိုပါ ခြေလှမ်း ၁၀၀၀၀ လမ်းလျှောက်ပွဲမှာ အခြားသူများနှင့် ယှဉ်ပြိုင်ရသောပြိုင်ပွဲမျိုးမဟုတ်ဘဲ မိမိကိုယ်မိမိ စိန်ခေါ်ရမည့် လမ်းလျှောက်ပွဲဖြစ်ကြောင်း၊ ပါဝင်လမ်းလျှောက်သူများသည် ဧပြီ ၂၈ ရက်အပြင် မေ ၂၆ ရက်နှင့် ဇွန် ၂၃ ရက် စနေနေ့များတွင်လည်း သုံးကြိမ်စလုံး မပျက်မကွက် လမ်းလျှောက်ကြရမည်ဖြစ်ကာ သတ်မှတ်ထားသည့် အချိန် ၂နာရီအတွင်း ခြေလှမ်း ၁၀၀၀၀ ပြည့်အောင် လမ်းလျှောက်မည်ဟု မိမိကိုယ်မိမိ စိန်ခေါ်နိုင်သူများကိုသာ ပါဝင်ဆင်နွှဲကြရန် ဖိတ်ခေါ်ထားကြောင်း သိရသည်။

လမ်းလျှောက်ပွဲသုံးကြိမ်စလုံးတွင် အစောဆုံးခြေလှမ်း ၁၀၀၀၀ ပြည့်မီသည့် ပါဝင်သူ ၈၀၀ ကို အမှတ်တရဆွဲပြားများ ပေးအပ်သွားမည်ဖြစ်ပြီး လမ်းလျှောက်မည့် ကျုံးပတ်လမ်းတစ်လျှောက်တွင် ကျန်းမာရေးစောင့်ရှောက်မှုပေးရန် နေရာများ၊ ရေ၊ ခတ်ဆားနှင့် ဆေးဝါးလိမ်းဆေးများ ရယူနိုင်မည့်နေရာများ ထားရှိ ပေးမည်ဖြစ်ကာ ခြေလှမ်း ၁၀၀၀၀ ပြည့်သည့်နေရာ၌ လမ်းလျှောက်သူများအား နံနက် စာကျွေးမွေးသွားမည်ဖြစ်ကြောင်း၊ လမ်းလျှောက်ပွဲတွင် ပါဝင်ဆင်နွှဲလိုသူများအနေဖြင့် ကျုံးတောင်ဘက်ရှိ စည်ပင်ရုံးရှေ့တွင် ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**တင်မောင် (မန်းကိုယ်ပွား)**

# ပူတာအိုဝ်၌ ရဝမ်တိုင်းရင်းသား ဘောလုံးပြိုင်ပွဲ ဆုများချီးမြှင့်

**ပူတာအို ဧပြီ ၂၆**
မြန်မာနိုင်ငံ ရဝမ်စာပေနှင့်ယဉ်ကျေးမှုအသင်းက ကြီးမှူး၍ ကချင်ပြည်နယ် ပူတာအိုမြို့တွင် ကျင်းပသော ရဝမ်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဖလား အမျိုးသား အမျိုးသမီး အလွတ်တန်းဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ဧပြီ ၂၄ ရက်က ပူတာအိုမြို့ ပြည်သူ့အားကစားကွင်း၌ ကျင်းပခဲ့သည်။

အမျိုးသားအလွတ်တန်း ဗိုလ်လုပွဲတွင် ဇီအွန်ကျေးရွာ လူငယ်ဘောလုံးအသင်းနှင့် မြို့မရပ်ကွက် လူငယ်ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ မြို့မရပ်ကွက် လူငယ်ဘောလုံးအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ အမျိုးသမီး အလွတ်တန်းဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ဧပြီ ၂၃ ရက်က ကျင်းပခဲ့ခြင်းဖြစ်ပြီး ဆန်ဂေါင်ကျေးရွာအသင်းနှင့် လေယာဉ်ကွင်းရပ်ကွက်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြကာ ဆန်ဂေါင်ကျေးရွာအသင်းက လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအပြီးတွင် ဆုပေးပွဲကို ဆက်လက်ကျင်းပခဲ့ပြီး အား/ကာဆပ်ကော်မတီဝင်များက အမျိုးသားနှင့် အမျိုးသမီးပြိုင်ပွဲမှ တစ်ဦးချင်းဆုများကိုလည်းကောင်း၊ မြစ်ကြီးနားမြို့နယ် ရဝမ်စာပေနှင့်ယဉ်ကျေးမှုအသင်း ဥက္ကဋ္ဌ ဦးထုံဖူးဒဂုဏ်၊ မြန်မာနိုင်ငံ ရဝမ်စာပေနှင့်ယဉ်ကျေးမှုအသင်း အတွင်းရေးမှူး ဦးချန်းဖေရမ်၊ ပူတာအိုမြို့နယ်ရဝမ်စာပေနှင့်ယဉ်ကျေးမှုအသင်း ဥက္ကဋ္ဌ ဦးမယစ်ယောရှုနှင့် မြန်မာနိုင်ငံ ရဝမ်စာပေနှင့်ယဉ်ကျေးမှုအသင်း ဒုတိယဥက္ကဋ္ဌ ဦးဆာရ်ဝမ်ဖုန်တို့က ဆုရအသင်းများအား တတိယ၊ ဒုတိယ၊ ပထမဆုများနှင့် ဆုငွေနှင့် ဆုဖလားတို့ကို ပေးအပ်ချီးမြှင့်ခဲ့သည်။

**ဖုန်ကန်(ပူတာအို)**

# မိတ္ထီလာမြို့နယ်မှ ရွာနှစ်ရွာသို့ ရေများဖြန့်ဝေလှူဒါန်း

**မိတ္ထီလာ ဧပြီ ၂၆**
မိတ္ထီလာမြို့နယ်အတွင်း ညောင်ပင်လျှိုကျေးရွာအုပ်စုရှိ ညောင်ပင်လျှိုကျေးရွာနှင့် ဇရပ်ကုန်းကျေးရွာအုပ်စုရှိ လျှော်ဖြူပင်ကျေးရွာတို့တွင် သောက်သုံးရေအခက်အခဲဖြစ်ပေါ်နေသဖြင့် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သောက်သုံးရေများကို အဆိုပါကျေးရွာနှစ်ရွာသို့ ဧပြီ ၂၄ ရက်က သွားရောက်ဖြန့်ဝေလှူဒါန်းခဲ့ကြောင်း သိရသည်။

မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးအေးဇော်မြင့်နှင့် ဝန်ထမ်းများက ဂါလန် ၁၂၀၀ ဆံ့ ရေသယ်ယာဉ်များဖြင့် အဆိုပါကျေးရွာများသို့ သွားရောက်၍ ရေများ ဖြန့်ဝေလှူဒါန်းခဲ့ခြင်းဖြစ်ကာ လျှော်ဖြူပင်ကျေးရွာရှိ လူဦးရေ ၁၆၅ ဦးနှင့် ညောင်ပင်လျှိုကျေးရွာရှိ လူဦးရေ ၈၉၀ တို့အတွက် သောက်သုံးရေ လုံလောက်စွာ ရရှိစေရန် ဖြန့်ဝေလှူဒါန်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**



**နေပြည်တော် ဇေယျာသီရိမြို့နယ် သာစည်ကျေးရွာမှ ပြည်သူများအား မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် မှုခင်းဖြစ်ပွားမှု လျော့နည်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကို ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ဧပြီ ၂၃ ရက်က ပြုလုပ်ရာ ရွှေတွင်းကုန်းမြို့မရဲစခန်းမှ စခန်းမှူး ဒုရဲမှူးအောင်ကျော်ဦးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမြဝင်းတို့ ဟောပြောစဉ်။**

ဟိန်းထက်ဇော်(မြန်မာ့အလင်း)

# ကဆုန့်ဒေသမှ နေရပ်စွန့်ခွာပြည်သူများအား ထောက်ပံ့ပစ္စည်းနှင့် အလှူငွေများပေးအပ်

**နမ္မတီး ဧပြီ ၂၆**
နယ်မြေလုံခြုံရေး အခြေအနေအရ ကချင်ပြည်နယ် ကဆုန့်ဒေသအနီးတစ်ဝိုက်မှ နေရပ်စွန့်ခွာလာပြီး နမ္မတီးမြို့ရှိ ယာယီတိုက်ပွဲရှောင်စခန်းလေးခုတွင် နေထိုင်နေကြသည့် ဒေသခံပြည်သူများအား ကချင်ပြည်နယ်အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာများမှ ထောက်ပံ့ပစ္စည်းနှင့် အလှူငွေများ ဧပြီ ၂၄ ရက်က ပေးအပ်ခဲ့ကြောင်း သိရသည်။

ထောက်ပံ့ပစ္စည်းများ ပေးအပ်ရာတွင် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်နှင့် ပြည်နယ်ဝန်ကြီးချုပ်၏ဇနီး ဒေါက်တာဂျေကော့ဘူတို့က နေရပ်စွန့်ခွာရသည့် ပြည်သူများအား အားပေးစကားပြောကြားသည်။ ပြည်နယ်အစိုးရအနေဖြင့် ယခုရောက်ရှိနေသည့် ဒေသခံပြည်သူများအား လိုအပ်သည့် ကျန်းမာရေး၊ နေထိုင်ရေး၊ စားသောက်ရေးတို့ကို ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း အဓိကလိုအပ်ချက်မှာ ငြိမ်းချမ်းရေးသာဖြစ်ကြောင်း၊ ပြည်နယ်အတွင်း တိုက်ပွဲများ ကင်းဝေးပြီး ငြိမ်းချမ်းရေးရမှသာ ယခုကဲ့သို့ မိမိနေရပ်များကို စွန့်ခွာပြီး တိမ်းရှောင်ထွက်ပြေးနေရမှုများ ရှိတော့မည်မဟုတ်ကြောင်း ဝန်ကြီးချုပ်၏ဇနီးက အားပေးပြောကြားသည်။



ထို့နောက် ပြည်နယ်အစိုးရအဖွဲ့က လှူဒါန်းသည့် ဆန်အိတ် ၃၈၄ အိတ်နှင့် ခေါက်ဆွဲခြောက်ထုပ်များ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှ လှူဒါန်းသည့် အလှူငွေကျပ် ၂၀၉၅၈၀၀ နှင့် ပြည်နယ်ကြက်ခြေနီအသင်းအဖွဲ့မှ လှူဒါန်းသည့် ဆေးစိမ်ခြင်ထောင်၊ မီးဖိုချောင်သုံးပစ္စည်း၊ အမျိုးသမီးအသုံးအဆောင်ပစ္စည်းနှင့် ဆေးဝါးများကို နေရပ်စွန့်ခွာတိမ်းရှောင်နေရသည့် ပြည်သူများထံသို့ တာဝန်ရှိသူများက ပေးအပ်လှူဒါန်းကာ ယာယီစခန်း တာဝန်ခံများက လက်ခံရယူခဲ့သည်။

ကချင်ပြည်နယ်အတွင်း ကဆုန့်၊ ဆွတ်မိုင်နှင့် ခါနာ ကျေးရွာများမှ ဒေသခံပြည်သူများသည် ဧပြီ ၂၁ ရက်မှ စတင်၍ နယ်မြေအခြေအနေအရ နေရပ်စွန့်ခွာပြီး နမ္မတီးမြို့သို့ တိမ်းရှောင်လာခဲ့ရာ ယခုအခါ နမ္မတီးမြို့ရှိ ယာယီတိုက်ပွဲရှောင်စခန်းတွင် စုစုပေါင်း အိမ်ထောင်စု ၂၇၀ မှ လူဦးရေ တစ်ထောင်ခန့် ရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# ခေတ်မီစိုက်ပျိုးရေးနည်းစနစ်များကို တောင်သူများသိရှိစေရန် ပညာပေးဟောပြော

**နေပြည်တော် ဧပြီ ၂၆**
ရှမ်းပြည်နယ် အရှေ့ပိုင်း တာချီလိတ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနသည် ခရိုင်အတွင်း လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ ဧပြီ ၂၂ ရက်က ခရိုင်သီးနှံကာကွယ်ရေးဌာနခွဲနှင့် စက်မှုသီးနှံဌာနခွဲတို့ ပူးပေါင်း၍ တာချီလိတ်မြို့နယ် မိုင်းကိုးကျေးရွာအုပ်စု နာတာကျိုကျေးရွာမှ ဒေသခံတောင်သူများအား စိုက်ပျိုးရေးဆိုင်ရာ အသိပညာများ တိုးပွားလာစေရန် ပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

မြန်မာ ယူ-၂၁ အသင်းသည် အဖွင့်ပွဲတွင် ထိုင်းအသင်းနှင့် တစ်ဂိုးစီသရေကျထားသောကြောင့် ယခုပွဲတွင် ရလဒ်ကောင်းရရန် အရေးပါနေပြီး နိုင်ပွဲရယူနိုင်မှသာ ဆီမီးဖိုင်နယ်တက်ရောက်နိုင်ရန် မျှော်လင့်နိုင်မည်ဖြစ်သည်။

တီမောအသင်းသည် အဖွင့်ပွဲတွင် အိမ်ရှင်ဘရူနိုင်းအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရထားရာ မြန်မာအသင်းအနေဖြင့် သတိထားကစားရမည်ဖြစ်သည်။

*စာမျက်နှာ ၁၃ ကော်လံ ၄* ❐



# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ

မြန်မာ့အလင်း
သောကြာ၊ မေ ၂၇၊ ၂၀၁၈

ပြည်သူက တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရ၏ သက်တမ်းမှာ နှစ်နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ နှစ်နှစ်တာကာလအတွင်း နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ကာ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက် ဆောင်ရွက်ခဲ့သည့် ပြည်သူ့အစိုးရ၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများမှာ အားလုံးကောင်းမွန်အောင်မြင်ပါသည်ဟူ၍ မဆိုနိုင်သေးသည့်တိုင် သိသာထင်ရှားစွာ မြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ မမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် ရုန်းကန်နေရဆဲလုပ်ငန်းစဉ်များဟူ၍ တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ ဒုတိယ (၁)နှစ်တာကာလအတွင်း ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မှတ်တမ်းပြုတင်ပြအပ်ပါကြောင်း။




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၂၀၁၇ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်သည့် အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

## ပြည်သူ့အတွက် အသိပညာအလင်းဖွင့်ကာ ဖျော်ဖြေမှုနှင့် သတင်းအချက်အလက်များ ပေးနေသည့် ပြန်ကြားရေးဝန်ကြီးဌာန



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်

ခင်ရတနာ

**ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်သူနှင့်အစိုးရကြားပေါင်းကူးပေးနေသည့် ဝန်ကြီးဌာနတစ်ခုဖြစ်ပြီး ပြန်ကြားရေးဝန်ကြီးဌာန၏ အဓိကလုပ်ငန်းတာဝန်ကြီး သုံးရပ်ဖြစ်သော ပြန်ကြားပေးရန်၊ ပညာပေးရန်၊ ဖျော်ဖြေပေးရန်တို့ကို အလေးထား ဆောင်ရွက်လျက်ရှိပါသည်။**

**အစိုးရ၏ ဒုတိယတစ်နှစ်တာကာလအတွင်း ပြည်သူများအတွက် ပိုမိုကောင်းမွန်သည့် သတင်းအချက်အလက်ဖြန့်ဝေစီးဆင်းမှုများ၊ အသိပညာဗဟုသုတနှင့် ပြည်သူများအကြား ဒီမိုကရေစီအလေ့အထကောင်းများ အကျွမ်းဝင်စေမှုများ၊ ပြည်သူများ အပန်းပြေပျော်ရွှင်စေရေး ဖျော်ဖြေရေးနှင့် ဝန်ဆောင်မှုအစီအစဉ်များကို ဆောင်ရွက်လျက်ရှိရာ ဆောင်ရွက်နေသောလုပ်ငန်းများ၊ ရှေ့ဆက်ဆောင်ရွက်မည့် ပြန်ကြားရေးဝန်ကြီးဌာန၏ ရည်မှန်းချက်များကို သိရှိနိုင်ရန်အတွက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ဒုတိယဝန်ကြီး ဦးအောင်လှထွန်းတို့အား တွေ့ဆုံမေးမြန်းထားပါသည်။**

**ဒေါက်တာဖေမြင့်**
**ပြည်ထောင်စုဝန်ကြီး**
**ပြန်ကြားရေးဝန်ကြီးဌာန**

**မေး။ ။ အစိုးရရဲ့ ဒုတိယတစ်နှစ်တာကာလအတွင်း ပြန်ကြားရေးဝန်ကြီးဌာနက ဘယ်လိုမူဝါဒတွေနဲ့ ဆောင်ရွက်နေပါသလဲရှင့်။**

ဖြေ။ ။ ပြန်ကြားရေးဝန်ကြီးဌာနရဲ့ အဓိက လုပ်ငန်းတာဝန်သုံးရပ်ဖြစ်တဲ့ အများပြည်သူကို သတင်းအချက်အလက်ပေးခြင်း၊ အများပြည်သူကို အသိပညာဗဟုသုတဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးခြင်း၊ နောက်ဆုံးတစ်ခုက အများပြည်သူကို ဖျော်ဖြေမှုပေးခြင်း၊ ဒီတာဝန်သုံးရပ်ကို ဆောင်ရွက်နိုင်ဖို့ ပြန်ကြားရေးဝန်ကြီးဌာနလက်အောက် ဌာနလေးခုနဲ့ ဆောင်ရွက်နေပါတယ်။ အဲဒီဌာနလေးခုကတော့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတို့ ဖြစ်ပါတယ်။

**မေး။ ။ သတင်းအချက်အလက်ပေးတဲ့ ကိစ္စရပ်တွေမှာ ပြန်ကြားရေးဝန်ကြီးဌာနက ကျင့်သုံးနေတဲ့ နည်းလမ်းတွေကိုလည်း ပြောကြားပေးစေလိုပါတယ်။**

ဖြေ။ ။ ပြည်သူကို သတင်းအချက်အလက်ပေးတဲ့ကိစ္စမှာ အဓိကဆောင်ရွက်ပေးနေတဲ့ ဌာနအနေနဲ့ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းရှိပါတယ်။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရှိပါတယ်။ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းရဲ့ နေ့စဉ်ထုတ်သတင်းစာတွေမှာ ကြေးမုံနဲ့ မြန်မာ့အလင်းက နိုင်ငံပိုင်သတင်းစာတွေဖြစ်ပြီး အင်္ဂလိပ်ဘာသာနဲ့ ထုတ်ဝေတဲ့ The Global New Light of Myanmar သတင်းစာကတော့ ပုဂ္ဂလိကုမ္ပဏီတစ်ခုနဲ့ Joint Venture အဖြစ် ဆောင်ရွက်နေတာ ဖြစ်ပါတယ်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေနဲ့ ရေဒီယိုပိုင်းရော၊ ရုပ်/သံပိုင်းမှာပါ သတင်းတွေကို တင်ဆက်ပေးနေပါတယ်။ ဒီနှစ်ခုက သတင်းဖြန့်ချိတဲ့လုပ်ငန်းတွေကို အဓိက လုပ်ဆောင်ပါတယ်။ အခုခေတ်ဟာ Information Technology ခေတ်ဖြစ်လာပြီး ဆက်သွယ်ရေးနည်းပညာဟာလည်း လျင်မြန်စွာတိုးတက်လာခဲ့ပါတယ်။ ဒါကြောင့် ပြည်သူတွေ သတင်းအချက်အလက် ဆောလျင်စွာ သိရှိနိုင်ဖို့အတွက် ဒစ်ဂျစ်တယ်သတင်းစာကို သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက စီစဉ်ဆောင်ရွက်နေပါတယ်။ ဒါတင်မကသေးပါဘူး။ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးတွေ မြန်မာနိုင်ငံအနှံ့အပြား မြို့နယ်တိုင်းမှာ ရှိပါတယ်။ အဲဒီဌာနက ဝန်ထမ်းတွေသည်လည်းပဲ သတင်းစုဆောင်းတဲ့အလုပ်ကို လုပ်ရပါတယ်။ သူတို့သည်လည်း သတင်းသမားတွေဖြစ်ပါတယ်။

ပြန်ကြားရေးဝန်ကြီးဌာနက သတင်းတင်ဆက်တာ၊ သတင်းစုဆောင်းတာ၊ သတင်းထုတ်လွှင့်တာ၊ သတင်းထုတ်ပြန်တာစတဲ့ သတင်းအချက်အလက်ပေးအပ်မှုအားလုံးကို ဌာနများပေါင်းစပ်လုပ်ကိုင်ဖို့ ဒီနှစ်ပိုင်းမှာ စီစဉ်ဆောင်ရွက်နေပါတယ်။ အဲဒီဌာနသုံးခုက ဝန်ထမ်းတွေအားလုံး၊ သတင်းရင်းမြစ်တွေအားလုံးနဲ့ သတင်းတွေအားလုံးကို စုစည်းပြီး Myanmar Digital News ကနေတစ်ဆင့် ပုံနှိပ်နည်းနဲ့ဖြန့်ချိတာ၊ အွန်လိုင်းကနေ ဖြန့်ချိတာ၊ ရုပ်သံနဲ့ ရေဒီယိုတွေကနေ ဖြန့်ချိတာတွေ လုပ်ဆောင်သွားမှာဖြစ်ပါတယ်။

သုံးဌာနစလုံးရဲ့အင်အားတွေကို အသုံးပြုပြီးဆောင်ရွက်ဖို့ ရည်ရွယ်ထားတဲ့အတွက် သတင်းရေးတဲ့နေရာ၊ စုဆောင်းတဲ့နေရာ၊ တည်းဖြတ်တဲ့နေရာ၊ သတင်းတင်ဆက်တဲ့နေရာတွေအားလုံးမှာ ပေါင်းစပ်အသုံးပြုသွားမှာဖြစ်ပါတယ်။ ဥပမာပြောရရင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားက သတင်းတင်ဆက်သူတွေဟာ အသံနဲ့တင်ဆက်မှု ကောင်းမွန်ပြီး သူတို့အရည်

*အချပ်ပို(ခ)သို့*

**ပြည်သူတွေလိုလားတဲ့ သတင်းအချက်အလက်သိရှိအောင်နဲ့ သတင်းမီဒီယာလုပ်ငန်းတွေ ဖွံ့ဖြိုးအောင် ဆောင်ရွက်ပေးနေတာရှိ**

**သတင်းစာ၊ ဂျာနယ်များနဲ့ ပတ်သက်ရင် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးတွေ လွတ်လပ်စွာလုပ်ကိုင်ခွင့်ရဖို့အတွက် ဆောင်ရွက်ပေးနေလက်ရှိမှာ ပုဂ္ဂလိကသတင်းစာတွေ ပုံနှိပ်ထုတ်ဝေခွင့်ရရှိထားတာ ၄၀ ကျော်နဲ့ တကယ်ထုတ်ဝေနေတာ ၂၀ ကျော်ရှိ**

*အချပ်ပို(က)မှ*

အချင်းကို မာလ်တီမီဒီယာအားဖြင့် Myanmar Digital News မှာ သုံးလို့ရပါတယ်။ သတင်းအလုပ်ကို ဝန်ကြီးဌာနရဲ့ လက်အောက်က ဌာနတွေစုပေါင်းပြီး သတင်းရင်းမြစ်တွေအားလုံး စုစည်းပြီး ပိုမိုကောင်းမွန်တဲ့ သတင်းယန္တရားတစ်ခုဖြစ်အောင် ဆောင်ရွက်နေပါတယ်။

**မေး။ ။ နိုင်ငံပိုင်မီဒီယာမဟုတ်တဲ့ ပြင်ပကမီဒီယာတွေရဲ့ အခန်းကဏ္ဍမြှင့်တင်ရေးအတွက်ရော ပြန်ကြားရေးဝန်ကြီးဌာနရဲ့ ဆောင်ရွက်မှုတွေကို သိပါရစေ။**

ဖြေ။ ။ ပြည်သူတွေလိုလားတဲ့ သတင်းအချက်အလက်သိရှိအောင်နဲ့ သတင်းမီဒီယာလုပ်ငန်းတွေ ဖွံ့ဖြိုးအောင် ဆောင်ရွက်ပေးနေတာရှိပါတယ်။ သတင်းစာ၊ ဂျာနယ်များနဲ့ ပတ်သက်ရင် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးတွေ လွတ်လပ်စွာလုပ်ကိုင်ခွင့်ရဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ လက်ရှိမှာ ပုဂ္ဂလိကသတင်းစာတွေ ပုံနှိပ်ထုတ်ဝေခွင့်ရရှိထားတာ ၄၀ ကျော်နဲ့ တကယ်ထုတ်ဝေနေတာ ၂၀ ကျော်ရှိပါတယ်။ အပတ်စဉ် ဂျာနယ်တွေဆိုရင် ထုတ်ဝေခွင့်ရထားတာ ၄၀၀ ကျော်ရှိပြီး တကယ်ထုတ်ဝေနေတာ ၂၅၀ ကျော်ရှိပါတယ်။ မဂ္ဂဇင်းတွေဆိုရင်လည်း အများကြီးထုတ်ဝေနေတာရှိပါတယ်။ ဆိုလိုချင်တာက ပုံနှိပ်လုပ်ငန်းမှာ နိုင်ငံပိုင်မီဒီယာ မဟုတ်တဲ့ ပြင်ပမီဒီယာများနဲ့ ပုံနှိပ်လုပ်ငန်းတွေကိုလည်း ဖွံ့ဖြိုးတိုးတက်အောင် ပံ့ပိုးကူညီဆောင်ရွက်ပေးနေတာ ဖြစ်ပါတယ်။

ရုပ်/သံလုပ်ငန်းမှာဆိုရင် တစ်ချိန်က မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတစ်ခုသာ ရှိခဲ့ပါတယ်။ နောက်ပိုင်းမှာ Forever Group နဲ့ ရွှေသံလွင်ကုမ္ပဏီတို့ ရုပ်/သံလုပ်ငန်း လုပ်ကိုင်တယ်။ လက်ရှိအစိုးရတာဝန်ယူပြီးနောက်မှာ ထပ်တိုးပြီး ပုဂ္ဂလိကတွေကို ရုပ်/သံလုပ်ငန်းတွေ လုပ်ကိုင်ခွင့်ပေးဖို့ စီစဉ်ခဲ့ပါတယ်။ အဲဒါကတော့ မြန်မာ့ရုပ်မြင်သံကြားရဲ့ Multi Channel Playout System မှာ ရုပ်/သံ လုပ်ငန်းလုပ်ကိုင်ချင်သူတွေကို ရုပ်/သံလုပ်ငန်း ထုတ်လုပ်ခွင့်ရအောင်လို့ တစ်လိုင်းစီနဲ့ လုပ်ငန်းငါးခုကို စီစဉ်ဆောင်ရွက်ပေးထားတာရှိပါတယ်။ အခုဆိုရင် မဇ္ဈိမမီဒီယာနဲ့ DVB မီဒီယာတို့ရဲ့ ရုပ်/သံ အစီအစဉ်တွေ စတင်စမ်းသပ်ထုတ်လွှင့်နေပြီ ဖြစ်ပါတယ်။

ရုပ်/သံလုပ်ငန်းအပြင် ရေဒီယိုထုတ်လွှင့်မှု စိတ်ပါဝင်စားသူတွေအတွက် စီစဉ်ပေးနေတာလည်းရှိပါတယ်။ အထူးသဖြင့် Community Radio လို့ခေါ်တဲ့ရပ်ရွာအလိုက် ထုတ်လွှင့်တဲ့၊ ဒေသအလိုက်ထုတ်လွှင့်တဲ့ ရေဒီယိုလိုင်းတွေ ဖွံ့ဖြိုးတိုးတက်ဖို့ မကြာသေးခင်ကပဲ ပဏာမအနေနဲ့ ထန်းတပင်မှာ ခရေအက်ဖ်အမ် ရေဒီယိုကို စမ်းသပ်ထုတ်လွှင့်နေပြီဖြစ်ပါတယ်။ ရုပ်/သံလုပ်ငန်းရော ရေဒီယိုလုပ်ငန်းတွေပါအားလုံး ရုပ်မြင်သံကြားနှင့် အသံလွှင့်ဥပဒေ ပီပီသသ ပြည့်ပြည့်စုံစုံ ပြန်လည်ထွက်ပေါ်လာပြီး နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းတွေ ထွက်လာတာနဲ့ တစ်ပြိုင်နက် လုပ်ငန်းတွေ ပိုပြီးလုပ်ဆောင်နိုင်ကြမှာ ဖြစ်ပါတယ်။

**မေး။ ။ စာအုပ်စာပေကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ရော ပြန်ကြားရေးဝန်ကြီးဌာနက ဘယ်လိုလုပ်ငန်းတွေနဲ့ ဖော်ဆောင်နေပါသလဲရှင့်။**

ဖြေ။ ။ အသိပညာဖွံ့ဖြိုးတိုးတက်ဖို့ ဆောင်ရွက်တဲ့နေရာမှာ အဓိကသည် စာအုပ်စာပေများ ဖွံ့ဖြိုးတိုးတက်ရေး၊ မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ မြန်မာနိုင်ငံမှာ စာဖတ်သူတွေ တိုးပွားလာရေးစတဲ့ ကဏ္ဍတွေကို အဓိကထားပြီး ကျွန်တော်တို့ ဆောင်ရွက်နေပါတယ်။ စာအုပ်လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အစိုးရစတင်တာဝန်ယူပြီး မကြာခင်မှာပဲ စာအုပ်ဈေးရောင်းပွဲတွေ ကျင်းပပေးခဲ့ပါတယ်။ စာပေပွဲတော်တွေ၊ စာတမ်းဖတ်ပွဲနဲ့ စာအုပ်ဈေးရောင်းပွဲတွေ ပူးတွဲကျင်းပတယ်။ ထူးထူးခြားခြားလုပ်ဖြစ်တာက ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနရုံးတည်ရှိရာ သိမ်ဖြူလမ်းမကြီးကို စာအုပ်လမ်းမအဖြစ် သတ်မှတ်ပြီး စနေနဲ့တနင်္ဂနွေနေ့တွေမှာ စာအုပ်ဈေးတန်းဖွင့် ဖို့ စီစဉ်ပေးနိုင်ခဲ့ပါတယ်။ ဒါကလည်း စာအုပ်ထုတ်ဝေရေး ဖြန့်ချိရေးလုပ်ငန်းရှင်တွေ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့နဲ့ ပူးပေါင်းပြီး ဆောင်ရွက်ခဲ့တာပါ။ ဒီနှစ်မှာလည်း ဆက်ဖွင့်ဖို့ ရှိပါတယ်။

စာအုပ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်မှသာ ပြည်သူတွေက စိတ်ဝင်စားမှုမြင့်တက်လာပြီး စာများများဖတ်ရှုလာမယ်။ စာများများဖတ်ရင်းနဲ့မှ စာပေအသိပညာတွေ ပိုမိုဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်။ စာအုပ်လုပ်ငန်းသမားတွေ တင်ပြပြောဆိုတဲ့ အသံတွေထဲက အခက်အခဲတစ်ရပ်ဖြစ်တဲ့ ကုန်ကြမ်းပစ္စည်းတွေဈေးမြင့်လို့ စာအုပ်ဈေးမြင့်တယ်။ စာဖတ်သူကလည်း စာအုပ်တွေဈေးမြင့်တော့ မဝယ်ယူကြဘူး။ ဒါတွေကို ညှိနှိုင်းဆောင်ရွက်ပေးနိုင်ဖို့ သက်ဆိုင်ရာဝန်ကြီးဌာနတွေနဲ့ ပြန်ကြားရေးဝန်ကြီးဌာနက ဆွေးနွေးပေးခဲ့ပြီး ၂၀၁၈ ခုနှစ် အခွန်အကောက်ဥပဒေ ထွက်ပေါ်လာချိန်မှာတော့ စာအုပ်စာစောင်များ၊ သတင်းစာများနဲ့ ပတ်သက်တဲ့ လုပ်ငန်းရဲ့ ကုန်သွယ်ခွန်ကို ကင်းလွတ်ခွင့်ပေးတဲ့၊ ကောက်ခံခြင်းမပြုတော့တဲ့ အချက်တစ်ချက်ပါဝင်ခဲ့တဲ့အတွက် ဒါဟာလည်း ပြန်ကြားရေးဝန်ကြီးဌာနရဲ့ စာအုပ်လုပ်ငန်း၊ ပုံနှိပ်လုပ်ငန်းလုပ်ကိုင်သူတွေအတွက် တစ်ဖက်တစ်လမ်းကနေ ကူညီဆောင်ရွက်ပေးမှုပဲ ဖြစ်ပါတယ်။

**မေး။ ။ စာဖတ်သူတိုးပွားစေဖို့နဲ့ စာဖတ်ဝါသနာကို မြှင့်တင်ပေးနိုင်ဖို့၊ အသိပညာဖွံ့ဖြိုးတိုးတက်ဖို့တွေအတွက် ပြန်ကြားရေးဝန်ကြီးဌာနနဲ့ ဆောင်ရွက်မှုတွေကိုလည်း သိပါရစေ။**

ဖြေ။ ။ အခုခေတ်မှာ လူငယ်တွေစာမဖတ်ကြဘူး၊ စာဖတ်တဲ့သူတွေလျော့နည်းလာတယ်ဆိုပြီးပြောကြတယ်။ စာဖတ်တဲ့သူများပြားဖို့အတွက်ဆိုရင် လူငယ်တွေမှာ စာဖတ်ဝါသနာ ပျိုးထောင်ပေးဖို့လိုပါတယ်။ အသက်ကြီးမှပျိုးထောင်ရတာထက် ကလေးဘဝမှာ စာဖတ်ဝါသနာပျိုးထောင်ရတာ ပိုပြီးလွယ်ကူသလို ပိုလည်းစွဲမြဲတတ်တာကြောင့် ကလေးစာပေပွဲတော်တွေကို ကျင်းပနေပါတယ်။ ကလေးအကြိုက် စာအုပ်လေးတွေ ဝေငှတယ်၊ ရောင်းချတယ်၊ ပြိုင်ပွဲတွေ ယှဉ်ပြိုင်စေတယ်။ ပျော်စရာနဲ့ စာပေဆိုင်ရာအစီအစဉ်တွေ တွဲပေးထားတာကြောင့် ကလေးတွေ စိတ်ဝင်စားပြီး စာဖတ်တဲ့အလေ့အထကောင်းတွေရလာတာ တွေ့မြင်ရပါတယ်။

ကလေးစာပေပွဲတော်တွေကို မြို့ကြီးတွေမှာ နိုင်ငံတော်အဆင့်အခမ်းအနားတွေ ကျင်းပတယ်။ ခရိုင်မြို့တွေမှာ ဒေသတာဝန်ခံများအဆင့် ကလေးစာပေပွဲတွေ ကျင်းပပေးတယ်။ ပြီးခဲ့တဲ့နှစ်ထဲမှာ ကလေးစာပေပွဲတော်တွေကို နိုင်ငံအနှံ့အပြားမှာ ကျင်းပဖြစ်ခဲ့ပါတယ်။ ရှေ့ဆက်ပြီးလည်း ဆက်လက်ကျင်းပနိုင်ဖို့ ဆောင်ရွက်နေပါတယ်။

ကလေးစာပေပွဲတွေမှာ ကလေးတွေသာမက လူငယ်တွေ၊ ကလေးမိဘတွေ စသည်ဖြင့် အကုန်လုံးစိတ်ဝင်စားကြတာတွေ့ရပါတယ်။ ဒါကြောင့် ကလေးတွေသာမက လူငယ်တွေအားလုံးအတွက် စာပေနဲ့အခြားဖွံ့ဖြိုးရေးအစီအစဉ်တွေ ဆောင်ရွက်ပေးနိုင်ဖို့ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကိုလည်း ရန်ကုန်တက္ကသိုလ်မှာ ကျင်းပခဲ့ပါတယ်။ ပြန်ကြားရေးဝန်ကြီးဌာနနဲ့အတူ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရစသည်ဖြင့် အားလုံးစုပေါင်းပြီး လုပ်ကိုင်နိုင်ခဲ့တဲ့ အစီအစဉ်တစ်ခုဖြစ်ပါတယ်။ မန္တလေးမြို့မှာလည်း ကျင်းပနိုင်ဖို့ စီစဉ်နေပါတယ်။

စာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် စာပေလေ့လာရေးလုပ်ငန်းတွေလည်း လုပ်ကိုင်ပါတယ်။ အဓိကကတော့ သုတေသနလုပ်ငန်းတွေ၊ စာတမ်းဖတ်ပွဲတွေ ကျင်းပနေပါတယ်။ ခေါင်းစဉ်အသီးသီးနဲ့စာတမ်းဖတ်ပွဲတွေကို သိမ်ဖြူလမ်းက ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနမှာ ကျင်းပခဲ့ပါတယ်။

စာပေနဲ့ပတ်သက်ပြီး နောက်အစီအစဉ်တစ်ခုက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးတွေ၊ စာကြည့်တိုက်တွေ မြို့နယ်တိုင်းမှာ ရှိပါတယ်။ အဲဒီမှာ စာဖတ်ဝိုင်းတွေ၊ စာပေဆွေးနွေးပွဲတွေ၊ စာဖတ်အသင်းတွေ ပြုလုပ်ပြီး စာဖတ်ဝါသနာပါအောင်၊ စာကို လေးလေးနက်နက် ဖတ်ရှုလေ့လာသူတွေတိုးပွားလာအောင်နဲ့ တစ်နိုင်ငံလုံးမှာ စာပေကနေတစ်ဆင့် အသိပညာဗဟုသုတတွေ တိုးပွားလာစေဖို့ ရည်ရွယ်ပြီး လုပ်ကိုင်နေပါတယ်။

**မေး။ ။ မြန်မာစာပေ ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် ဆောင်ရွက်မှုတွေကိုလည်း ပြောပြပေးပါရှင့်။**

ဖြေ။ ။ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနမှာ စာပေဗိမာန်ဆိုတဲ့ အဖွဲ့ကြီးတစ်ဖွဲ့ရှိပါတယ်။ စာပေဗိမာန်အဖွဲ့သည် မြန်မာနိုင်ငံ လွတ်လပ်ရေးမရခင်ကတည်းကလည်း ရှေ့ပြေးအဖွဲ့တွေရှိခဲ့ပြီး လွတ်လပ်ရေးရခါစမှာတော့ စတင်ဖွဲ့စည်းခဲ့ပါတယ်။ စာပေဗိမာန်အဖွဲ့ကြီးသည်

*အချပ်ပို(ဂ)သို့*




ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် (၁၉) ကြိမ်မြောက် အာဆီယံပြန်ကြားရေးဆပ်ကော်မတီအစည်းအဝေး တက်ရောက်လာကြသည့် ကိုယ်စားလှယ်များ စုပေါင်း မှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။



မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဝန်ထမ်းများ လုပ်ငန်းဆောင်ရွက်နေကြစဉ်။



မြန်မာ့အလင်းသတင်းစာတိုက်ရှိ သတင်းခန်း၌ ဝန်ထမ်းများ လုပ်ငန်းဆောင်ရွက်နေမှုကို တွေ့ရစဉ်။

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ



*အချပ်ပို(ခ)မှ*

တစ်ချိန်က မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်တော်တော်များများ ဆောင်ရွက်ပေးခဲ့တဲ့အဖွဲ့ကြီးလည်း ဖြစ်ပါတယ်။ စာပေဗိမာန်အဖွဲ့ကြီးသည် အမျိုးသားစာပေဆုတွေ၊ စာပေဗိမာန်စာမူဆုတွေကို ရွေးချယ်ပြီး ချီးမြှင့်ပေးနေပါတယ်။ စာပေဗိမာန်အဖွဲ့ကြီးရဲ့ အရင်တုန်းက ရှိခဲ့တဲ့ အစဉ်အလာတွေကို ပြန်လည်ဖော်ထုတ်မြှင့်တင်နေတာတွေ ရှိပါတယ်။

အခုကျွန်တော်တို့ ပြန်လည်ဆောင်ရွက်တာက တိမ်မြုပ်နေတဲ့အရာကို ပြန်လည်ဖော်ထုတ်တာဖြစ်ပြီး မြန်မာ့စွယ်စုံကျမ်းဟာ ၁၉၅၀ ပြည့်နှစ်ဝန်းကျင်ကာလတွေက ထုတ်ဝေခဲ့တာ အခုဆိုရင် စွယ်စုံကျမ်းသက်တမ်းဟာ နှစ်ငါးဆယ်ခြောက်ဆယ်ကြာခဲ့ပြီ ဖြစ်ပါတယ်။ စွယ်စုံကျမ်းဆိုတာ နိုင်ငံတိုင်းမှာ ဂုဏ်ယူဖွယ်ရာ ထုတ်ဝေတဲ့ကျမ်းကြီးဖြစ်ပြီး ဒါကို ခေတ်နဲ့အညီပြုပြင်ဖို့၊ ပြင်ဆင်ဖြည့်စွက်ဖို့ လိုအပ်တဲ့အတွက် လိုအပ်တာတွေကို ဖြည့်စွက်ပြင်ဆင်တည်းဖြတ်ပြီး ပြန်လည်ထုတ်ဝေနိုင်ဖို့ ပြင်ဆင်လျက်ရှိပါတယ်။ ဒါကိုတော့ ထွန်းဖောင်ဒေးရှင်းနဲ့ တွဲဖက်ဆောင်ရွက်နေပါတယ်။

ဆောင်ရွက်ချက် နောက်တစ်ခုကတော့ အရင်ကမရှိခဲ့ဖူးတဲ့ စာအုပ်အတွဲ ၁၀၀ ပါဝင်တဲ့ မြန်မာ့စာပေဂန္ထဝင်စာစုတစ်ခုကို ထုတ်ဝေသွားဖို့ ဖြစ်ပါတယ်။ စာမျက်နှာ ၄၀၀၊ ၅၀၀ ပါမယ့် စာအုပ်ဆိုက်ကြီးနဲ့ ထုတ်ဝေသွားဖို့ စီစဉ်နေပါတယ်။ မြန်မာစာပေသမိုင်းတစ်လျှောက် အင်မတန်ထင်ရှားတဲ့၊ ဖတ်ရှုရင် အကျိုးများမယ့်၊ မြန်မာစာပေကို ဘက်စုံထောင့်စုံကနေ လေ့လာပြီးသား ဖြစ်သွားစေမယ့် စာအုပ်တွဲကြီးလည်း ဖြစ်ပါတယ်။ ပထမတွဲသည် ရှေ့လလောက်မှာ ထွက်မယ်။ မြန်မာ့စွယ်စုံကျမ်းမူသစ် ပထမတွဲကလည်း ၂၀၁၈ ခုနှစ်အတွင်း ထွက်နိုင်အောင် စီစဉ်နေပါတယ်။

စာပေတိုးတက်မှ စာပေဖတ်ရှုတဲ့လူမျိုးလည်း အသိဉာဏ်ပညာအရ ဖွံ့ဖြိုးတိုးတက်လာမယ်။ ဒါကြောင့် မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးအပြင် တိုင်းပြည်မှာ တိုင်းရင်းသားလူမျိုး ၁၃၅ မျိုး ရှိပါတယ်။ ဒီတိုင်းရင်းသားတွေမှာ သုံးစွဲနေတဲ့ ဘာသာစကား အမျိုးမျိုးရှိပါတယ်။ တချို့က အက္ခရာစာပေရှိတယ်။ တချို့က နှုတ်ပြောစာပေရှိတယ်။ ဒီလိုလူမျိုးအသီးသီးရဲ့ စာပေတွေကိုလည်း ဖော်ထုတ်မြှင့်တင်ဖို့ စီစဉ်ပေးလျက်ရှိပါတယ်။ ပြန်ကြားရေးဝန်ကြီးဌာနကနေ တိုင်းရင်းသားလူမျိုးများရဲ့စာပေဆိုင်ရာ စာတမ်းဖတ်ပွဲနဲ့ စာအုပ်စာတမ်းများ၊ ယဉ်ကျေးမှုအသုံးအဆောင်ပစ္စည်းများပြပွဲကို ကရင်ပြည်နယ် ဘားအံမြို့၊ ရှမ်းပြည်နယ် တောင်ကြီးမြို့တွေမှာ ကျင်းပပေးနိုင်ခဲ့ပါတယ်။ ဒေသခံတွေ တိုင်းရင်းသားလူမျိုးစုအသီးသီးရဲ့ စာအုပ်စာတမ်းစာပေတွေကို ပြသခဲ့ပါတယ်။ ပုံနှိပ်စာ၊ ပေစာ၊ ပုရပိုက်စတဲ့ ပုံသဏ္ဌာန်အမျိုးမျိုးနဲ့ ဘာသာရေး စာအုပ်၊ အဘိဓာန်၊ ပုံပြင်စတဲ့ စာပေပစ္စည်းတွေကိုလည်း ပြသခဲ့ပြီး တိုင်းရင်းသားစာပေဆိုင်ရာ သုံးသပ်ဝေဖန်တဲ့စာတမ်းတွေဖတ်ပြီး ဝိုင်းဝန်းဆွေးနွေးခဲ့ကြပါတယ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် တိုင်းရင်းသားလူမျိုးစုများ၏ စာပေယဉ်ကျေးမှုဖွံ့ဖြိုးရေးပွဲတော်နှင့် ဈေးရောင်းပွဲတော်ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။

တိုင်းရင်းသားလူမျိုးများရဲ့ စာပေဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်ကို စမ်းသပ်စီစဉ်ရာမှာ အောင်မြင်ခဲ့တဲ့အတွက် နောင်နှစ်မှာ တိုင်းရင်းသားလူမျိုးပေါင်းစုံ စာပေစာတမ်းဖတ်ပွဲတွေ၊ စာပေဆိုင်ရာနှင့် ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပြပွဲတစ်ရပ်ကို ကျင်းပနိုင်ဖို့ ရည်ရွယ်ထားပြီး အခြားဝန်ကြီးဌာနတွေနဲ့လည်း ပေါင်းစပ်ပြီး စီစဉ်ဖို့ ရည်ရွယ်ထားပါတယ်။

**မေး။ ။ ပြည်သူအတွက် လူထုအခြေပြုစင်တာတွေ စီစဉ်နေတဲ့ အကြောင်းကိုလည်း ရှင်းပြပေးစေလိုပါတယ်။**

ဖြေ။ ။ ပြန်ကြားရေးဝန်ကြီးဌာနသည် အများပြည်သူအတွက် အသိပညာတိုးတက်ရေးအပြင် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေ၊ အထူးသဖြင့် ဒီမိုကရေစီအလေ့အကျင့်ကောင်းတွေ ရရှိဖို့အတွက်လည်း ဆောင်ရွက်နေတာ ရှိပါတယ်။ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရဲ့ရုံးတွေဟာ မြို့နယ်တိုင်း၊ ခရိုင်တိုင်းမှာ ရှိပါတယ်။ အဲဒီမှာ စာကြည့်တိုက်တွေရှိပြီး ပြည်သူ့စာကြည့်တိုက်ဝန်ဆောင်မှု လုပ်ငန်းတွေကို ဆောင်ရွက်ပါတယ်။ စာဖတ်ချင်ရင်ဖတ်ဖို့ နေရာထိုင်ခင်းပေးတယ်။ နောက်ပိုင်းမှာ စာကြည့်တိုက်တွေကို Community Library၊ Community Center လူထုအခြေပြု စာကြည့်တိုက်၊ လူထုအခြေပြုဗဟိုဌာနဆိုပြီး ပြုပြင်ပြောင်းလဲခဲ့ပါတယ်။

ဒီနေရာတွေကို စာဖတ်ဖို့တင်မကတော့ဘဲ အချင်းချင်းတွေ့ဆုံရာ၊ လူမှုရေးစီးပွားရေးတွေ ဆွေးနွေးရာ၊ ရပ်ရွာအရေးကိစ္စကို ဝိုင်းဖွဲ့စကားပြောရာနေရာအဖြစ် သုံးနိုင်အောင် ကြိုးစားနေပါတယ်။ အဖွဲ့အစည်းဖြစ်စေ၊ ကလေးတွေဖြစ်စေ၊ အိမ်ရှင်မတွေဖြစ်စေ၊ လူကြီး၊ လူငယ်အားလုံး လာရောက်ဝင်ထွက်နိုင်တဲ့ နေရာတစ်နေရာ ဖြစ်လာအောင် ကြိုးစားဖော်ဆောင်နေပါတယ်။ ရပ်ရွာလူထုလာပြီး အခြေပြုတဲ့ နေရာဖြစ်တဲ့အထိ ကြိုးစားသွားပါမယ်။ လူငယ်လူလတ်တွေ လူကြီးတွေ၊ ဝါသနာတူ၊ စိတ်ဝင်စားမှုတူတာတွေကို စုစည်းပြီး ပေးထားနိုင်ဖို့အတွက် လိုအပ်ချက်တွေတော့ ရှိပါတယ်။ နေရာအခက်အခဲနဲ့ အသုံးအဆောင်အခက်အခဲတွေပါ။ သို့သော် အခုအချိန်မှာ ရှိတဲ့အနေအထားနဲ့တင် ရပ်ရွာအခြေပြုလုပ်ငန်းတွေ လုပ်ကိုင်ပေးဖို့၊ လုပ်မယ့်သူတွေကို ကူညီပေးဖို့ ရှိပါတယ်။

ဥပမာဆိုရင် အားကစားဝါသနာပါတဲ့သူတွေအတွက် ကျယ်ဝန်းတဲ့ရုံးနေရာတွေ ဆိုရင် ဘော်လီဘောကွင်း၊ ဖူဆယ်နဲ့ပိုက်ကျော်ခြင်းစတဲ့ အားကစားလုပ်ဆောင်လို့ ရတဲ့နေရာအဖြစ် ဆောင်ရွက်မှာဖြစ်ပြီး နေရာထိုင်ခင်းကျဉ်းတယ်ဆိုရင် စားပွဲတင်တင်းနစ်လိုမျိုး နေရာကျဉ်းကျဉ်းနဲ့ အားကစားကိစ္စဆောင်ရွက်နိုင်မယ့် အစီအစဉ်မျိုးတွေ ထည့်သွင်းထားဖို့ ရည်ရွယ်ထားပါတယ်။ အားကစားအပြင် ဂီတ၊ ပန်းချီ၊ ဓာတ်ပုံစတဲ့ ဝါသနာပါသူတွေကို ပညာရှင်တွေခေါ်ယူပြီး သင်တန်းလေးတွေ ပေးတာမျိုး လုပ်ပေးလို့ရပါတယ်။ ဒီနေရာမှာ ဝါသနာတူ၊ အရေးကိစ္စတူ ရပ်ရွာအရေးကိစ္စ ဆွေးနွေး တိုင်ပင်မယ်ဆိုရင် ဒီမှာ စီစဉ်ပေးမယ်။ တာဝန်ခံတွေကိုလည်း ညွှန်ကြားထားပါတယ်။ ရပ်ရွာအခြေပြုအဖွဲ့အစည်းတွေလည်း အစည်းအဝေးလုပ်တာ၊ တိုင်ပင်ဆွေးနွေးတာတွေရှိရင် လာရောက်ကျင်းပနိုင်ပါတယ်။

**မေး။ ။ ပြည်သူ့ဆန္ဒ၊ ပြည်သူ့သဘောထားတွေနဲ့ ပြည်သူတွေရဲ့ မျှော်လင့်ချက်တွေကို အစိုးရနဲ့ မဏ္ဍိုင်ကြီးသုံးရပ်အကြား တိုက်ရိုက်သိရှိနိုင်မယ့် နည်းလမ်းတွေကိုရော ဖော်ဆောင်နေတာမျိုးရှိပါသလားရှင့်။**

ဖြေ။ ။ ဒီလို အစီအစဉ်တွေကိုလည်း ပြန်ကြားရေးဝန်ကြီးဌာနက ဆောင်ရွက်ပေးနေတာ ရှိပါတယ်။ စာပေဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်မှာလည်း စာဖတ်ဝိုင်းတွေ ဖွဲ့စည်းပေးထားပါတယ်။ စာအုပ်အကြောင်း၊ လက်ရှိလူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ အလုပ်အကိုင် စတဲ့ ဆွေးနွေးပွဲတွေကို တွင်ကျယ်စွာ ကျင်းပနေပါတယ်။ ပြည်သူ့စကားဝိုင်းဆိုတဲ့ အစီ အစဉ်ဟာ အများပြည်သူက မိမိတို့သဘောထားတွေ၊ခံစားချက်တွေ၊ လိုအင်ဆန္ဒတွေကို ပြောဆိုဆွေးနွေးနိုင်တဲ့အစီအစဉ်တစ်ခုဖြစ်ပါတယ်။ ပြည်သူကပြောဆိုတဲ့အသံတွေကို တိုင်းပြည်ကို စီမံခန့်ခွဲနေတဲ့သူတွေ သိရှိပြီး လိုအပ်တဲ့ဆောင်ရွက်မှုတွေ လုပ်ကိုင်နိုင်အောင် ရည်ရွယ်ကျင်းပနေပါတယ်။




မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ရုပ်သံလွှင့်လုပ်ငန်း (Digital Free to Air ) လုပ်ကိုင်ခွင့်ရရှိသည့် Content Provider အဖွဲ့တစ်ဖွဲ့တို့ သဘောတူစာချုပ် လက်မှတ်ရေးထိုးစဉ်။

အခုဆိုရင် အမြို့မြို့ အနယ်နယ်မှာ ပြည်သူ့စကားဝိုင်း ၆၀ နီးပါး ကျင်းပနိုင်ခဲ့ပါတယ်။ ပြည်သူ့စကားဝိုင်းမှာ သက်ဆိုင်ရာနယ်မြေက ပြည်သူ့ကိုယ်စားလှယ်တစ်ဦး၊ အစိုးရဌာနတာဝန်ရှိသူတစ်ဦး၊ သက်ဆိုင်ရာ နယ်ပယ်အလိုက် ပညာရှင်နဲ့ ပြည်သူစသည်ဖြင့် ပုဂ္ဂိုလ်လေး၊ ငါးဦးက ဦးဆောင်ဆွေးနွေးပြီး ကျန်တာကို ပြည်သူနဲ့ တက်ရောက်လာသူတွေက ပါဝင်ဆွေးနွေးမေးမြန်းတဲ့ အစီအစဉ်ဖြစ်ပါတယ်။

ပြည်သူတွေက သူ့တို့စိတ်ကူးစိတ်သန်းတွေ၊ အတွေးအခေါ်တွေကို လူအများကြားမှာ ပြောဆိုတတ်အောင်၊ ဒီမိုကရေစီအခွင့်အရေးတွေကို ခံစားနိုင်အောင် ဖြည့်ဆည်းပေးနေတာဖြစ်ပြီး သက်ဆိုင်ရာအစိုးရတာဝန်ရှိသူတွေလည်း ပါဝင်တဲ့အတွက် ပြည်သူ့ဆန္ဒနဲ့ ပြည်သူ့သဘောထားတွေကို ချက်ချင်းလက်ငင်း သိရှိဆောင်ရွက်ပေးနိုင်ဖို့ ရည်ရွယ်ပါတယ်။

**မေး။ ။ ပြန်ကြားရေးဝန်ကြီးဌာနရဲ့ရည်ရွယ်ချက်အတိုင်း ပြည်သူတွေအတွက် ဖျော်ဖြေပေးနေတဲ့ အပိုင်းမှာရော ဘယ်လိုကဏ္ဍသစ်၊ စာမျက်နှာသစ်တွေ ဖွင့်လှစ်နိုင်ခဲ့ပါသလဲ။**

ဖြေ။ ။ ဖျော်ဖြေရေးလုပ်ငန်းတွေကို အဓိကဆောင်ရွက်နေတာက မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက ဖြစ်ပါတယ်။ သတင်းအချက်အလက်ပေးရာနဲ့ ဖျော်ဖြေမှုတင်ဆက်ရာမှာ ဝန်ထမ်းတွေကိုယ်တိုင်လည်း တာဝန်ယူဆောင်ရွက်သလို ပြင်ပနယ်ပယ်အသီးသီးက ပညာရှင်တွေကိုလည်း ဖိတ်ခေါ်ဆောင်ရွက်နေပါတယ်။

ထင်ရှားကျော်ကြားတဲ့ အနုပညာရှင်တွေ၊ ထင်ရှားကျော်ကြားခဲ့တဲ့ အနုပညာရှင်တွေနဲ့ တွဲဖက်ပြီး အစီအစဉ်ပေါင်းများစွာ တင်ဆက်ပေးနိုင်ခဲ့ပါတယ်။ တစ်ဖက်မှာလည်း မထင်ရှားမကျော်ကြားသေးသော်လည်း အနုပညာအရည်အသွေးရှိတဲ့၊ အလားအလာရှိတဲ့ လူငယ်တွေ ပြုစုပျိုးထောင် မြေတောင်မြှောက်ပေးတဲ့ အစီအစဉ်ကိုလည်း လုပ်ဆောင်နေပါတယ်။ ဥပမာ၊ ငြိမ်းချမ်းရေးသီချင်းဆိုပြိုင်ပွဲပါ၊ ငြိမ်းချမ်းရေး၊ သာယာဝပြောရေးနဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးတည်ဆောက်ရာမှာ ငြိမ်းချမ်းရေးစိတ်ဓာတ်တွေ တစ်နိုင်ငံလုံးအနှံ့ ပြန့်ပွားရေးအတွက် ရည်ရွယ်ခြင်းဖြစ်ပါတယ်။

ဂီတမျိုးဆက်သစ်တွေ ဖော်ထုတ်ရာလည်း ရောက်ပြီး ငြိမ်းချမ်းတဲ့သံစဉ်တွေလည်း ကြားနိုင်အောင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားကနေ ဦးဆောင်ပြီး ဂီတအစည်းအရုံး၊ ဂီတပညာရှင်တွေရဲ့ စုပေါင်းအားပေးမှုနဲ့ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့တာဖြစ်ပါတယ်။ ဒီအစီအစဉ်ကနေ မျိုးဆက်သစ်အဆို ကျွမ်းကျင်သူတွေ မွေးထုတ်ပေးနိုင်ခဲ့ပါတယ်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက ဒီနှစ်ထဲမှာ ဒီမိုကရေစီရုပ်ရှင်ရက်သတ္တပတ်ကိုလည်း ဆောင်ရွက်ခဲ့ပါတယ်။ ကမ္ဘာ့ဒီမိုကရေစီနေ့မှာ ဒီမိုကရေစီကို အားပေးသော၊ မြှင့်တင်သော အနုပညာပွဲတော်အဖြစ် ရုပ်ရှင်ဇာတ်ကားလေးကားကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနဲ့ ရုပ်ရှင်လောကသားတွေရဲ့ အကူအညီနဲ့ ရိုက်ကူးနိုင်ခဲ့ပါတယ်။ ဒီဇာတ်ကားတွေထဲက နေခြည်မှာ ရွှေရည်လောင်းဆိုတဲ့ ဇာတ်ကားက မြန်မာ့ရုပ်ရှင်ထူးချွန်ဆုကိုလည်း ဆွတ်ခူးနိုင်ခဲ့ပါတယ်။ ဒီမိုကရေစီရုပ်ရှင်ပွဲတော်အပြင် အနုပညာရှင်တွေအားလုံးရဲ့ပူးပေါင်းစီစဉ်မှုနဲ့ ဒီမိုကရေစီအငြိမ့်ပြိုင်ပွဲကိုလည်း ကျင်းပခဲ့ပြီး သဘင်၊ ဂီတ၊ ရုပ်ရှင်စတဲ့ အနုပညာရှင်တွေအားလုံးပါဝင်တဲ့ ပဒေသာကပွဲတစ်ရပ်ကိုလည်း ကျင်းပနိုင်ခဲ့ပါတယ်။

**မေး။ ။ မြန်မာ့ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာနက ဆောင်ရွက်ပေးဖို့ရှိတဲ့ လုပ်ငန်းစဉ်တွေကိုလည်း သိပါရစေ။**

ဖြေ။ ။ ပြန်ကြားရေးဝန်ကြီးက ရုပ်ရှင်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီပံ့ပိုးပေးနေတာတွေ ရှိပါတယ်။ နေပြည်တော်မှာ ရုပ်ရှင်စတူဒီယိုတစ်ခုကို ထူထောင်နိုင်ဖို့နဲ့ ရုပ်ရှင်အနုပညာနဲ့ ပတ်သက်တဲ့ သင်တန်းကျောင်းတစ်ခု တည်ဆောက်ဖွင့်လှစ်နိုင်ဖို့အတွက် ညှိနှိုင်းစီစဉ်နေတာ ရှိပါတယ်။ အဲဒီမှာ သက်ဆိုင်ရာဌာနတွေဖြစ်တဲ့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ နေပြည်တော်ကောင်စီ၊ ရုပ်ရှင်အစည်းအရုံးစတဲ့ အဖွဲ့တွေနဲ့ အားလုံးပူးပေါင်းပြီး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။



နေပြည်တော် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနရှိ ပုံနှိပ်စက်ရုံမှ ဝန်ထမ်းများ လုပ်ငန်းဆောင်ရွက်နေမှုကို တွေ့ရစဉ်။

*အချပ်ပို(ဃ)သို့*

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ



*အချပ်ပို(ဂ)မှ*

**ဦးအောင်လှထွန်း**
**ဒုတိယဝန်ကြီး**

**မေး။ ။ မြန်မာနိုင်ငံမှာ မီဒီယာကဏ္ဍဟာ ဘယ်လောက်အထိ အရေးပါသလဲဆိုတာကို သိပါရစေ။**

ဖြေ။ ။ ကျွန်တော်တို့နိုင်ငံအတွက် မီဒီယာကဏ္ဍဟာ အလွန်အရေးကြီးပါတယ်။ အခြားနိုင်ငံတွေထက်ပိုပြီးတော့လည်း အရေးကြီးပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ နိုင်ငံရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးမှာ ကြုံတွေ့နေရတဲ့ပြဿနာတွေနဲ့ စိန်ခေါ်မှုတွေဟာ သူများနိုင်ငံတွေမှာထက် အဆမတန်များပြားပါတယ်။ နိုင်ငံတကာမီဒီယာ



ဒုတိယဝန်ကြီး ဦးအောင်လှထွန်း

တွေနဲ့ နိုင်ငံတကာအသိုက်အဝန်းရဲ့စိတ်ဝင်စားမှုကို အများကြီးရရှိနေလို့လည်း ဖြစ်ပါတယ်။

ကျွန်တော်တို့မှာရှိတဲ့ နိုင်ငံတကာက စိတ်ဝင်စားမှုမြင့်မားတဲ့ အဓိကပြဿနာကြီးအချို့ရဲ့ပင်မအကြောင်းရင်းတွေဟာ နိုင်ငံလွတ်လပ်ရေးမရခင် ကိုလိုနီလက်အောက်ခံ ဘဝကတည်းက စတင်ပေါက်ဖွားလာခဲ့ပြီး ခေတ်အဆက်ဆက်မှာ ပြေလည်အောင် မဖြေရှင်းနိုင်ခဲ့တဲ့အပြင် ပိုမိုရှုပ်ထွေးလာခဲ့ကြတာဖြစ်ပါတယ်။ အခြားတစ်ဖက်မှာ ကျွန်တော်တို့နိုင်ငံရဲ့ ဒီမိုကရေစီနဲ့ စာနယ်ဇင်းလွတ်လပ်ခွင့်ဟာ ၁၉၆၂ ခုနှစ်မှာ လုံးဝ ဆိတ်သုဉ်းသွားခဲ့ပြီး ရာစုနှစ်ဝက်အကြာ ၂၀၁၁ ခုနှစ်မှာမှ ပြန်လည် မွေးဖွားလာပြီး တဖြည်းဖြည်း ရှင်သန်လာခဲ့ပါတယ်။

ကျွန်တော်တို့ရဲ့ တစ်ကျော့ပြန် ဒီမိုကရေစီသက်တမ်း ခုနစ်နှစ်သာရှိသေးပြီး သတင်းမီဒီယာလွတ်လပ်ခွင့်ဟာ ငါးနှစ်သာ ရှိပါသေးတယ်။ မီဒီယာကဏ္ဍကို ပြန်ပြောရင် နိုင်ငံတကာမီဒီယာနဲ့ ပြည်တွင်းမီဒီယာဆိုပြီး နှစ်ပိုင်းရှိပါတယ်။ ပြည်တွင်းမီဒီယာမှာလည်း နိုင်ငံပိုင်မီဒီယာနဲ့ ပုဂ္ဂလိကမီဒီယာဆိုပြီး ရှိပါတယ်။ နိုင်ငံအတွင်းမှာ ဖြစ်ပျက်နေတဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စတဲ့ ကဏ္ဍနယ်ပယ်အသီးသီးက အခြေအနေကို ပြည်တွင်း ပြည်ပက စိတ်ဝင်စားသူတွေကို ပြောပြရတဲ့တာဝန်ကို မီဒီယာတွေက ထမ်းဆောင်ပါတယ်။

နိုင်ငံတကာအသိုင်းအဝိုင်းမှာ နိုင်ငံတစ်ခုခုနဲ့ ပတ်သက်လို့ မူဝါဒတွေချမှတ်တဲ့အခါမှာ အဲဒီနိုင်ငံရဲ့အကြောင်းကို နိုင်ငံတကာသတင်းမီဒီယာတွေရဲ့ ပုံဖော်ရေးသားမှုတွေအပေါ် အများကြီး အခြေခံလေ့ရှိကြပါတယ်။ အဲဒါကြောင့် နိုင်ငံတကာသတင်းမီဒီယာတွေနဲ့ စနစ်တကျဆက်ဆံဖို့ ကျွန်တော်တို့အတွက် သိပ်အရေးကြီးပါတယ်။ ပြည်တွင်းက နိုင်ငံပိုင်နဲ့ ပုဂ္ဂလိကပိုင် မီဒီယာနှစ်ခုစလုံးက ရာစုနှစ်ထက်ဝက်ကြာ ခါးဆက်ပြတ်ခဲ့လို့ မြန်မာ့အကြောင်းကမ္ဘာကိုတင်ပြတဲ့နေရာမှာ အခက်အခဲတွေ အများကြီး ကြုံတွေ့ခဲ့ရပါတယ်။ ကြုံတွေ့နေဆဲလည်း ဖြစ်ပါတယ်။

**မေး။ ။ အခုအစိုးရသက်တမ်းအတွင်းမှာ မီဒီယာနဲ့ ပတ်သက်ပြီး ဘာတွေဆောင်ရွက်ပြီးခဲ့ပြီး ဘယ်လိုအရာတွေ ဆက်လက်ဆောင်ရွက်သွားဖို့ရှိသလဲဆိုတာ သိပါရစေ။**

ဖြေ။ ။ လက်ရှိအစိုးရအနေနဲ့ ၂၀၁၆ ခုနှစ်မှာ စတင်တာဝန်ယူခဲ့တာဆိုတော့သက်တမ်း နှစ်နှစ် ပြည့်ခဲ့ပါပြီ။ ဒီသက်တမ်းနှစ်နှစ်တာအတွင်းမှာ မီဒီယာကဏ္ဍနဲ့ ပတ်သက်လို့ ဘာတွေဆောင်ရွက်ပြီးခဲ့ပြီလဲဆိုတာထက် ကျန်တဲ့သုံးနှစ်အတွင်းမှာ မီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘာတွေဆောင်ရွက်ဖို့ရှိသလဲ၊ ဘာတွေကျန်သေးသလဲဆိုတာတွေကို အဓိကထား ရှင်းလင်းတင်ပြလိုပါတယ်။

ပြည်တွင်းက နိုင်ငံပိုင်နဲ့ ပုဂ္ဂလိကမီဒီယာတွေကတော့ နိုင်ငံတော်အစိုးရရဲ့မဏ္ဍိုင်သုံးရပ်ဖြစ်တဲ့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနဲ့ တရားစီရင်ရေးတို့နဲ့ ပြည်သူတွေ အကြားမှာ ပေါင်းကူးတံတားသဖွယ် ဆောင်ရွက်ရပါတယ်။

မဏ္ဍိုင်သုံးရပ်က လုပ်ကိုင်ဆောင်ရွက်နေတာတွေကို အပြုသဘောနဲ့ စောင့်ကြည့်ဝေဖန်သုံးသပ်ပြီး ပြည်သူကိုတင်ပြကြရသလို ပြည်သူတွေရဲ့ကြားမှာ ဖြစ်ပျက်နေတဲ့ အခြေအနေမှန်နဲ့ ပြည်သူ့သဘောထားတွေ ခံစားချက်တွေကိုလည်း မဏ္ဍိုင်သုံးရပ်က သိရှိအောင် ရေးသားဖော်ပြကြရပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့က မီဒီယာတွေရဲ့အရေးပါပုံကို အမြဲတမ်းအသိအမှတ်ပြုပြီး မီဒီယာလောက စနစ်တကျဖွံ့ဖြိုးတိုးတက်ရေးကို တတ်စွမ်းသလောက် ကူညီဆောင်ရွက်နေတယ်ဆိုတာကို တင်ပြလိုပါတယ်။

သတင်းမီဒီယာသမား အားလုံးအတွက် အရေးအကြီးဆုံးက သတင်းအချက်အလက် ရရှိနိုင်မှု (Access to Information) နဲ့ သတင်းလွတ်လပ်စွာ ရေးသားဖော်ပြနိုင်မှု (Freedom of Press) တို့ ဖြစ်ပါတယ်။

သတင်းအချက်အလက်ရရှိပိုင်ခွင့် မြင့်မားခိုင်မာလာစေဖို့ တိုင်းဒေသကြီးနဲ့ ပြည်နယ်အဆင့်တွေမှာပါ ပြောရေးဆိုခွင့်ရှိသူတွေ သတ်မှတ်တာဝန်ပေးနိုင်ဖို့၊ သတင်းမီဒီယာသမားတွေက ဆက်သွယ်မေးမြန်းလာတဲ့အခါမှာ ဌာနအသီးသီးက တာဝန်ရှိပုဂ္ဂိုလ်တွေကို သတင်းမီဒီယာကိစ္စရပ်တွေမှာ စနစ်တကျ ကိုင်တွယ်နိုင်ဖို့အတွက် ဆွေးနွေးလေ့ကျင့်ပေးခြင်း၊



၁၈-၂-၂၀၁၈ ရက်က ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ခရေ FM ထန်းတပင်လူထုရေဒီယိုဖွင့်ပွဲတွင် စက်ခန်းအတွင်း လှည့်လည်ကြည့်ရှုစဉ်။

စနစ်တကျ ပြန်လည်ဖြေကြားပေးဖို့၊ ဒါ့အပြင် အများပြည်သူ သိသင့်သိထိုက်ပြီး နိုင်ငံတော်လုံခြုံရေးကို မထိပါးစေနိုင်တဲ့ သတင်းအချက်အလက်တွေကို မိမိတို့ရဲ့ဝက်ဘ်ဆိုက်နဲ့ လူမှုမီဒီယာတွေမှာ ကြိုတင်ထုတ်ပြန်ထားဖို့စတဲ့ ကိစ္စတွေကို ဆက် သွယ်ဆောင်ရွက်လျက်ရှိပါတယ်။



နေပြည်တော်ရှိ ဒစ်ဂျစ်တယ်သတင်းစာဌာနၛ ဝန်ထမ်းများ လုပ်ငန်းဆောင်ရွက်နေမှုကို တွေ့ရစဉ်။

မဏ္ဍိုင်သုံးရပ်နဲ့ မီဒီယာအကြားမှာ အပြန်အလှန်နားလည်မှုနဲ့ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်းစတဲ့ ကိစ္စရပ်တွေကိုလည်း တတ်စွမ်းသလောက် ဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ ။ သတင်းမီဒီယာကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်စေဖို့အတွက် ရှေ့ဆက်သွားမယ့် အစီအစဉ်တွေကိုလည်း သိပါရစေ။**

ဖြေ။ ။ နိုင်ငံတကာက သိပ်စိတ်ဝင်စားနေတဲ့ ရခိုင်ပြည်နယ် မြောက်ပိုင်းဒေသကို ပြည်တွင်း ပြည်ပ မီဒီယာသမားတွေ ကိုယ်တိုင်ကိုယ်ကျ သွားရောက်လေ့လာနိုင်ဖို့အတွက် Guided Tour တွေကို နှစ်ပတ်တစ်ကြိမ် ဆောင်ရွက်ပေးလျက်ရှိပါတယ်။

သတင်းမီဒီယာလွတ်လပ်မှုကို ပိုမိုမြှင့်တင်ပေးနိုင်ဖို့အတွက် သတင်းမီဒီယာနဲ့ ပတ်သက်တဲ့ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းတွေကို သက်ဆိုင်ရာ အဖွဲ့အစည်း၊ ဌာနအသီးသီးက တာဝန်ရှိပုဂ္ဂိုလ်တွေနဲ့ ဆွေးနွေးသုံးသပ်ပြီး Standard Operation Procedure (စံလုပ်ငန်းလမ်းညွှန်)တစ်ခု ပေါ်ထွန်းလာရေးအတွက် ဆောင်ရွက်လျက်ရှိပါတယ်။ ပြုပြင်ပြောင်းလဲသင့်တဲ့ ဥပဒေတွေကို ပြောင်းလဲဖို့နဲ့ အသစ်ရေးဆွဲဖို့လိုအပ်တဲ့ ဥပဒေတွေကိုလည်း ရေးဆွဲဖို့ သက်ဆိုင်ရာ အဖွဲ့အစည်းများနဲ့ ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။

တစ်ချိန်တည်းမှာပဲ ရခိုင်ပြည်နယ်မြောက်ပိုင်းက ဘင်္ဂလားဒေ့ရှ်နိုင်ငံကို အစုလိုက် အပြုံလိုက်ထွက်ခွာသွားခဲ့ကြသူတွေကို ပြန်လည်လက်ခံရေးနဲ့ ပတ်သက်လို့ ကျွန်တော်တို့ နိုင်ငံရဲ့ပြင်ဆင်ထားရှိမှု အခြေအနေကို နိုင်ငံတကာသို့ ရှင်းလင်းတင်ပြတဲ့ သတင်းစာ ရှင်းလင်းပွဲတစ်ခုကို ပြီးခဲ့တဲ့လအတွင်းက ကျင်းပပြုလုပ်ပေးခဲ့ပါတယ်။ နောင်မှာလည်း သတင်းစာရှင်းလင်းပွဲတွေကို အခါအားလျော်စွာ ကျင်းပနိုင်ဖို့ ကြိုးစားပါမယ်။ သီးသန့်တွေ့ဆုံမေးမြန်းခွင့်တောင်းလာတဲ့ နိုင်ငံတကာသတင်းမီဒီယာသမားတွေကိုလည်း စိစစ်လက်ခံတွေ့ဆုံပေးလျက်ရှိပါတယ်။

**မေး။ ။ သတင်းမီဒီယာလောကသားတွေကိုရော ဝန်ကြီးဌာနအနေနဲ့ အသိပေးလိုတာများ ရှိပါသလားရှင့်။**

ဖြေ။ ။ အားလုံးခြုံငုံပြောရမယ်ဆိုရင် ကျွန်တော်တို့ နိုင်ငံအတွက် လွတ်လပ်ပြီး တာဝန်ယူမှု၊ တာဝန်ခံမှုနဲ့ ပြည့်စုံကာ မိမိကိုယ်ကိုယ် မိမိထိန်းကျောင်းနိုင်စွမ်းရှိတဲ့ မီဒီယာ (Independent Responsible and Self-regulated Media) ပေါ်ထွန်းရေး အရေးပါပုံကို ကျွန်တော်တို့အနေနဲ့ လုံးဝအသိအမှတ်ပြုပါတယ်။

အဲဒီလို ပေါ်ထွန်းလာဖို့အတွက် တတ်စွမ်းသလောက် ဆောင်ရွက်နေတဲ့ နေရာမှာ ကျေနပ်အားရဖွယ် မရှိသေးဘူးဆိုတာကိုလည်း နားလည်ပါတယ်။ အခက်အခဲနဲ့ စိန်ခေါ်မှုတွေ အများကြီးရှိနေတဲ့အတွက် မီဒီယာသမားအားလုံးက စေတနာထားပြီး စိတ်ရှည်ရှည်နဲ့ ပူးပေါင်းဆောင်ရွက်သွားကြပါလို့ မေတ္တာရပ်ခံ တင်ပြအပ်ပါတယ်။



ကြေးမုံသတင်းစာတိုက် ပုံနှိပ်စက်ခန်းတွင် နေ့စဉ်ထုတ်သတင်းစာများ ရိုက်နှိပ်နေမှုကို တွေ့ရစဉ်။



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တနင်္သာရီတိုင်းဒေသကြီးအတွင်းမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် ၂၇-၁-၂၀၁၈ ရက်က တွေ့ဆုံစဉ်။

# တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပြည်သူ့အတွက် ဒုတိယ (၁) နှစ်တာ

ရှင်မင်း



တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ လဲ့လဲ့မော်

မြန်မာနိုင်ငံ၏ တောင်ဘက်အစွန်း တနင်္သာရီတိုင်းဒေသကြီးသည် ကျယ်ဝန်းသော ပင်လယ်ပြင်ကြီးနှင့်အတူ သာယာလှပသော ကျွန်းစုများကို ပိုင်ဆိုင်ထားသော တိုင်းဒေသကြီး တစ်ခုဖြစ်သည်။ တနင်္သာရီတိုင်းဒေသကြီးသည် လှပသောနေရာများစွာ ပိုင်ဆိုင်ထားသည့် အားလျော်စွာ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကို ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာအတွင်း ဦးစားပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်အောင်**

"ကျွန်မတို့ တိုင်းဒေသကြီးမှာ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာတာကိုတော့ အားရကျေနပ်ပါတယ်၊ ကျွန်မ စပြီး တာဝန်ယူကတည်းက ကော့သောင်းခရိုင်က ခရီးသွားလုပ်ငန်းနဲ့ ဖွံ့ဖြိုးတိုးတက်အောင် လုပ်မယ်လို့ စဉ်းစားထားပါတယ်၊ တိုးတက်အောင်လို့လည်း ဆောင်ရွက်ခဲ့တယ်၊ တက်ခွင့်မရတဲ့ ကျွန်းတွေကို ခရီးသွားတွေတက်ပြီး လှေလာလို့ရအောင် သက်ဆိုင်ရာဌာနတွေမှာ ခွင့်ပြုချက်တောင်းခံပေးတာမျိုးကို ဆောင်ရွက်ပေးနိုင်ခဲ့တယ်၊ အောင်မြင်မှုရတယ်၊ အောင်မြင်မှုရတော့ ကျွန်မတို့ဒေသမှာ ခရီးသွားတွေ များလာတယ်။

"ခရီးသွားလုပ်ငန်းဆိုတာ မီးခိုးမထွက်တဲ့ စက်ရုံတစ်ခုပါ၊ ဒီကလည်း အခွန်အခတွေ အများကြီးရပါတယ်၊ တနင်္သာရီတိုင်းဒေသကြီးက သေးငယ်ပေမယ့် အခွန်အခအများကြီးရတဲ့ တိုင်းဒေသကြီး ဖြစ်လာပါတယ်၊ ဒါကိုတော့ အားရပါတယ်။

**ပုလဲလုပ်ငန်းနဲ့ ငှက်သိုက်လုပ်ငန်း**

"ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်အောင် လုပ်တယ်၊ တနင်္သာရီတိုင်းဒေသကြီးမှာ ပုလဲလုပ်ငန်းနဲ့ ငှက်သိုက်လုပ်ငန်းတွေလည်း ရှိတယ်၊ ဒီလုပ်ငန်းတွေနဲ့ပတ်သက်ပြီး အခွန် ဘယ်လောက်ရတယ်၊ ရတဲ့ အခွန်တွေကို ဘယ်လိုနေရာမျိုးတွေမှာ အသုံးချတယ်၊ ဒါတွေကိုလည်း ပြည်သူတွေသိအောင် တွေ့ဆုံပွဲတွေမှာ ပြောပြပါတယ်" ဟု တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ လဲ့လဲ့မော်က ပြောကြားသည်။

**ငြိမ်းချမ်းရေးလုပ်ငန်းများ ပူးတွဲဆောင်ရွက်**

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါဝင် လက်မှတ်ရေးထိုးထားသည့် တိုင်းဒေသကြီးအတွင်းရှိ KNU နှင့် မွန်ပြည်သစ်ပါတီတို့နှင့်လည်း ငြိမ်းချမ်းရေးလုပ်ငန်းများ ပူးတွဲဆောင်ရွက်ခြင်းကိုလည်း တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ဦးစားပေးလုပ်ဆောင်လျက် ရှိသည်။

"မနှစ်က ငြိမ်းချမ်းရေးအတွက် ဆွေးနွေးပွဲတွေလည်း လုပ်ခဲ့တယ်၊ ကျွန်မတို့ တိုင်းဒေသကြီးမှာ KNU ရှိတယ်၊ မွန်ပြည်သစ်ပါတီရှိတယ်၊ NCA လက်မှတ်ရေးထိုးပြီးသား အဖွဲ့တွေဖြစ်တဲ့အတွက် ဒီနှစ်ဖွဲ့ ကြားထဲမှာ၊ ဒီနှစ်ဖွဲ့နဲ့ ပေါင်းစပ်ညှိနှိုင်းလုပ်ရမယ့် ကိစ္စတွေကို အစည်းအဝေး ၁၅ ကြိမ်၊ ပြည်သူလူထုနဲ့က ၁၆ ကြိမ် တွေ့ဆုံဆွေးနွေးခဲ့တယ်၊ ပြည်သူနဲ့ တွေ့တဲ့အခါမှာ ဒီအဖွဲ့အစည်းနှစ်ခုကရော၊ အစိုးရအပိုင်းရော ***အချပ်ပို (စ) သို့***

"ခရီးသွားလုပ်ငန်းဆိုတာ မီးခိုးမထွက်တဲ့ စက်ရုံတစ်ခုပါ၊ ဒီကလည်း အခွန်အခတွေ အများကြီး ရပါတယ်၊ တနင်္သာရီတိုင်းဒေသကြီးက သေးငယ်ပေမယ့် အခွန်အခအများကြီးရတဲ့ တိုင်းဒေသကြီးဖြစ်"



တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ်၌ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ ( JMC - S) ၏ JMC ဆိုင်ရာ လူထုအသိပညာပေး ဆွေးနွေးပွဲ ကျင်းပစဉ်။ မြို့နယ် (ပြန်/ဆက်)






ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ပုလုံးတုံးတုံးတံတား တည်ဆောက်ရေးစီမံကိန်းကို ကြည့်ရှုစစ်ဆေးစဉ်။

*အချပ်ပို (င) မှ*

တွေ့ဖြစ်ပါတယ်၊ ဒါကလည်း JMC ရဲ့ လုပ်ငန်းတစ်ခုပါ၊ ငြိမ်းချမ်းနေတဲ့ ဒေသမှာ ငြိမ်းချမ်းရေးအတွက် ဆောင်ရွက်တာပါ၊ ငြိမ်းချမ်းရေးရဲ့ အနှစ်သာရကို ပြည်သူလူထု သိရှိအောင် ဆောင်ရွက်နေပါတယ်၊ ဒါဟာ နိုင်ငံတော်ရဲ့ မူဝါဒလည်း ဖြစ်ပါတယ်”ဟု လည်း တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြောသည်။

**အလုပ်ရုံ ဆွေးနွေးပွဲများ**

ထို့ပြင် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို ပြည်သူများ ပိုမိုသိရှိနားလည်စေရန် အလုပ်ရုံဆွေးနွေးပွဲများကိုလည်း ခရိုင်အလိုက် တိုင်းဒေသကြီးအတွင်း လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

“ကျွန်မတို့ တိုင်းဒေသကြီးအနေနဲ့ အမျိုးသားရင်ကြားစေ့ရေးကို အလေးထားပါတယ်၊ အမျိုးသားရင်ကြားစေ့ရေးဆိုတာကို သက်သေနဲ့တော့ ပြလို့မရဘူး၊ ဒါပေမယ့် ပါတီတစ်ခုနဲ့တစ်ခုကြားထဲမှာ၊ ပြည်သူ တစ်ယောက်နဲ့တစ်ယောက်ကြားထဲမှာ၊ CSO နဲ့ အစိုးရအဖွဲ့ ကြားထဲမှာ စသဖြင့် တစ်ယောက်နဲ့တစ်ယောက် ရင်းနှီးခင်မင်အောင် ပူးပေါင်းဆောင်ရွက်နိုင်တဲ့ ကိစ္စလေးတွေကို ကျွန်မတို့ ဆောင်ရွက်ပါတယ်။

“ကျွန်မတို့ ဘယ်လိုနည်းနဲ့ ဆောင်ရွက်သလဲဆိုတော့ အလုပ်ရုံဆွေးနွေးပွဲတွေ လုပ်ပါတယ်၊ အလုပ်ရုံဆွေးနွေးပွဲတွေကို သက်ဆိုင်ရာ ခရိုင်အလိုက် ထားဝယ်ဆို ထားဝယ်ခရိုင်၊ မြိတ်ဆို မြိတ်ခရိုင်၊ ကော့သောင်းဆို ကော့သောင်းခရိုင် စသဖြင့် လုပ်ပါတယ်၊ ဒီလိုလုပ်တဲ့ နေရာမှာလည်း အမျိုးသားရင်ကြားစေ့ရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေးနဲ့ ပတ်သက်တဲ့ခေါင်းစဉ်နဲ့ ပြည်သူလူထု လူမှုစီးပွား တိုးတက်ရေးနဲ့ပတ်သက်တဲ့ ခေါင်းစဉ် စသဖြင့် ခေါင်းစဉ် ကိုးခုနဲ့ လုပ်ပါတယ်၊ လုပ်တဲ့အခါမှာ ဘာတွေ အကျိုးကျေးဇူးရလဲဆိုတော့ ပြည်သူတွေရဲ့အသံကြားရတာပေါ့၊ ပြည်သူတွေရဲ့ လိုလားချက်တွေ သိရတယ်၊ သိလာတယ်။

“အခုလည်း ငြိမ်းချမ်းရေး လုပ်နေကြတဲ့ မသန်စွမ်းတွေ wheel chair နဲ့ လာတာကို ကျွန်မတို့ တနင်္သာရီတိုင်းဒေသကြီးက ကြိုဆိုလက်ခံပြီးတော့ ဆောင်ရွက်နေတယ်၊ ငြိမ်းချမ်းရေး အနှစ်သာရကို ပြည်သူလူထုတွေသိအောင် အဲဒီဟာကို အဓိကထားပြီး ကျွန်မတို့ ဆောင်ရွက်ပါတယ်” ဟု တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြောသည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ဆောင်ရွက်လျက်ရှိပြီး သဘာဝအနေအထားအရ ခရိုင်အလိုက် တည်ရှိမှုကို အခြေခံကာ ဖွံ့ဖြိုးမှုရရှိစေရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုက်ပျိုးရေးကို အဓိကထား**

“ပြည်သူတွေရဲ့ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အလေးထားဆောင်ရွက်ပါတယ်၊ ပြည်သူတွေ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်တဲ့အခါ တနင်္သာရီတိုင်းဒေသကြီးက ခရိုင်သုံးခုစလုံးမှာ တစ်ပြေးညီ ဆောင်ရွက်တယ်၊ ထားဝယ်ခရိုင်မှာ စိုက်ပျိုးရေးကို အဓိကထား ဆောင်ရွက်တယ်၊ ပြီးတော့ ကမ်းနီး ငါးဖမ်းတာကိုလည်း ဆောင်ရွက်တယ်။

“မြိတ်ခရိုင်မှာကျတော့ ရေလုပ်ငန်းကို အဓိကထား ဆောင်ရွက်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူ့မှာ ကျယ်ပြန့်တဲ့ အက်ဒမန်ပင်လယ်ကြီး ရှိတယ်၊ ဒါကြောင့် ကမ်းဝေးငါးဖမ်းလုပ်ငန်း ရှိတယ်၊ ဒီကနေ Value Added ဆောင်ရွက်နိုင်အောင် လုပ်ဆောင်ပေးတယ်၊ ဒါကတော့ မြိတ်ခရိုင်မှာလုပ်တဲ့ ရေလုပ်ငန်းနဲ့ ပတ်သက်တာပါ၊ နောက်ပြီးတော့ မြိတ်ခရိုင်မှာ ကျွန်းတွေရှိတယ်၊ ကျွန်းတွေမှာ ပုလဲနဲ့ ငှက်သိုက်လုပ်ငန်း ရှိတယ်၊ ပုလဲမွေးမြူရေးမှာ ကျွန်မတို့ တိုင်းဒေသကြီးက ရွှေရောင်ပုလဲ ထွက်တယ်၊ ငှက်သိုက် လုပ်ငန်းကလည်း နိုင်ငံတကာက လက်ခံနေတယ်၊ ငှက်သိုက်ကို ဆေးဝါးအဖြစ် အသုံးပြုနေကြပြီးတော့ စီးပွားဖြစ်လုပ်ငန်းတစ်ခု ဖြစ်ပါတယ်၊ ဒီလုပ်ငန်းတွေကိုလည်း မြိတ်မှာလုပ်ပါတယ်၊ ဒါတွေ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနေတယ်။

**ကုန်သွယ်မှုလုပ်ငန်း**

“ကော့သောင်းခရိုင်ကတော့ မြန်မာနိုင်ငံရဲ့ အစွန်ဆုံး အဖျားပိုင်း၊ အဖျားရှူးနေတဲ့ နေရာဖြစ်တဲ့အတွက် စိုက်ပျိုးမြေ နည်းပါးတယ်၊ ပင်လယ်ပြင်ပိုင်ဆိုင်မှုကလည်း ထိုင်းနိုင်ငံနဲ့ တစ်ဖက်စီ ပိုင်ဆိုင်နေရတဲ့အတွက် ပင်လယ်ပြင်ပိုင်ဆိုင်မှုလည်း နည်းတယ်၊ ပင်လယ်လုပ်ငန်းနဲ့ စိုက်ပျိုးရေးလုပ်ငန်းကို အဓိကမထားဘဲ ခရီးသွားလုပ်ငန်းကို အဓိကထား ဆောင်ရွက်ပါတယ်၊ ပြီးတော့ တစ်ဖက်နိုင်ငံနဲ့ ကုန်သွယ်ရေးလုပ်ငန်းတွေ၊ ကျွန်မတို့ဘက်က ငါးတွေ တင်ပို့တယ်၊ သူတို့ဘက်က လူသုံးကုန်တင်ပို့တယ် စသဖြင့် ကုန်သွယ်မှုလုပ်ငန်းတွေကို ဆောင်ရွက်တယ်၊ ကုန်သွယ်မှုလုပ်ငန်း တိုးတက်အောင် ဆောင်ရွက်တယ်” ဟု တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြောသည်။

*အချပ်ပို (ဆ) သို့*

**တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ဆောင်ရွက်လျက်ရှိပြီး သဘာဝအနေအထားအရ ခရိုင်အလိုက် တည်ရှိမှုကို အခြေခံကာ ဖွံ့ဖြိုးမှုရရှိစေရန် ဆောင်ရွက်လျက်ရှိ**



တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် ကတ္တလူကျေးရွာရှိ ခေတ်မီ ရေငန်ပုစွန်မွေးမြူရေးစီမံကိန်းကို တွေ့ရစဉ်။

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ

*အချပ်ပို (၈) မှ*

တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် နှစ်နှစ်တာ ကာလအတွင်း ထင်ရှားသည့် ဆောင်ရွက်မှုတစ်ခုအနေဖြင့် ဆီအုန်းစိုက်ပျိုးရန် မြေနေရာရယူထားပြီး အမှန်တကယ် စိုက်ပျိုးခြင်းမရှိသူများထံမှ မြေနေရာများကို ပြန်လည်သိမ်းဆည်းနိုင်ခဲ့ကြောင်း သိရသည်။

**လုပ်ကိုင်ခွင့်ပေးအပ်**

အဆိုပါမြေနေရာများကို တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် အမှန်တကယ်ဆောင်ရွက်မည့်သူများထံ လုပ်ကိုင်ခွင့်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ပြန်သိမ်းယူခဲ့**

"စိုက်ပျိုးရေးကဏ္ဍမှာလည်း ကျွန်မတို့ အဓိကထားပြီးတော့ ထင်ထင်ရှားရှားဆောင်ရွက်နိုင်ခဲ့တာ ရှိပါတယ်၊ အစကတော့ ဆီအုန်းတွေစိုက်ဖို့ မြေနေရာအများကြီးရယူပြီးတော့ သေချာမစိုက်တာပေါ့၊ သူတို့စာချုပ်ထဲမှာ လေးနှစ်ကာလမှာ အပြီးစိုက်ရမယ်လို့ စာချုပ်ချုပ်ဆိုခဲ့ပေမယ့် တကယ်တမ်းမစိုက်ဘဲ မြေနေရာဦးတဲ့ပုံစံနဲ့ မြေနေရာတွေ ရယူခဲ့တာတွေကို ပြန်သိမ်းခဲ့ပါတယ်၊ မြေဧက တစ်သိန်းခုနစ်သောင်းကျော် ပြန်သိမ်းနိုင်ခဲ့ပြီး ဖြစ်ပါတယ်၊ ဒီမြေတွေကို ဘာလုပ်မလဲဆိုတော့ တကယ်လုပ်ချင်တဲ့သူတွေကို ဧက ၅၀ အောက် လုပ်ကိုင်ခွင့်ပေးမှာ ဖြစ်ပါတယ်" ဟု တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြောသည်။

**ပညာရေးနှင့် ကျန်းမာရေး**

တိုင်းဒေသကြီးအတွင်း မဟာဓာတ်အားလိုင်း ချိတ်ဆက်မှုရရှိကာ လျှပ်စစ်ဓာတ်အား ရရှိရေးကို ဆောင်ရွက်သွားလိုသည့်အပြင် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများတွင် မြှင့်တင်ဆောင်ရွက်သွားလိုကြောင်း တိုင်းဒေသကြီးအစိုးရအဖွဲ့မှ သိရသည်။

**လျှပ်စစ်ဓာတ်အား**

"လျှပ်စစ်ကဏ္ဍအနေနဲ့ ကျွန်မတို့ဆီမှာ မဟာဓာတ်အားလိုင်း မရှိဘူး၊ ဒါကြောင့် မဟာဓာတ်အားလိုင်းကနေ ပြည်သူတွေ သက်သာတဲ့ဈေးနှုန်းနဲ့ ရရှိအောင် ဆောင်ရွက်လိုတယ်၊ အခုတော့ လျှပ်စစ်ကို အတတ်နိုင်ဆုံးဈေးလျှော့ကျအောင် တင်ဒါစနစ်နဲ့ လုပ်ဆောင်နေပါတယ်၊ မဟာဓာတ်အားလိုင်းနဲ့ ချိတ်ဆက်မိအောင်လည်း နှစ်တိုင်းနှစ်တိုင်း တိုင်းဒေသကြီးရဲ့ ဘတ်ဂျက်နဲ့ လိုင်းတွေဆွဲတယ်၊ နှစ်နှစ်ခွဲဆိုရင်တော့ မဟာဓာတ်အားလိုင်းထဲကို ရောက်လာမယ့် အနေအထား ဖြစ်တယ်၊ အဲဒီကျတော့မှသာ လျှပ်စစ်ဓာတ်အားကို ဈေးသက်သက်သာသာနဲ့ ရနိုင်မယ့် အနေအထားဖြစ်ပါတယ်" ဟု တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြောသည်။



တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော် ကော့သောင်းမြို့မာရမ်းတိုက်နယ်ဆေးရုံ၌ ကွင်းဆင်းကြည့်ရှုစဉ်။ ဓာတ်ပုံ- ကျော်စိုး (ကော့သောင်း)

**တစ်ဖက်နိုင်ငံသွားပြီးအလုပ်လုပ်**

ပညာရေးကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍ မြှင့်တင်ဆောင်ရွက်လိုသည့်အပေါ် ၎င်းက "တိုင်းဒေသကြီးအနေနဲ့ အားမရတာ ပညာရေးကဏ္ဍပါ၊ ကျွန်မတို့ တိုင်းဒေသကြီးထဲကနေ တစ်ဖက်နိုင်ငံကို သွားပြီးအလုပ်လုပ်ရတာ လွယ်ကူတယ်၊ ဒီလိုလွယ်ကူတော့ ကလေးတွေက ပညာကိုဆုံးခန်းတိုင်အောင် မသင်ကြားကြဘူး၊ အလုပ်လုပ်ကြတယ်၊ ဒါလေးတစ်ချက်ကိုတော့ အားမရဘူး၊ ဒါကြောင့်လည်း ရောက်တဲ့နေရာတိုင်းမှာ ပညာရေးက ကိုယ့်ရဲ့အသက်ပဲဆိုတာကို ပြောပါတယ်၊ ဒါကို လူငယ်တွေက လက်ခံနိုင်တဲ့ အနေအထားက အားနည်းနေတယ်၊ ကျွန်မတို့ တိုင်းဒေသကြီးက ပညာရေးအားနည်းတယ်။ ဒါကို အားမရဘူး။

"ကျန်းမာရေးဘက်မှာလည်း တိုင်းဒေသကြီးအတွင်းမှာ ကောင်းမွန်အောင် ဆောင်ရွက်နေပါတယ်၊ မြို့ပေါ်တွေမှာ ကျန်းမာရေးစောင့်ရှောက်မှု ကောင်းမွန်ပေမယ့် ကျွန်းစုတွေမှာ ကျန်းမာရေးစောင့်ရှောက်မှု အားနည်းနေသေးတယ်၊ ဒီကဏ္ဍတွေကို အားကောင်းလာအောင် ဆက်ပြီးဆောင်ရွက်ရမှာဖြစ်ပါတယ်" ဟု ပြောသည်။

အလားတူ ဒေသခံတစ်ဦးဖြစ်သည့် ဦးထွန်းကြည်က "အစိုးရဆိုတာ စီးပွားရေး၊ ပညာရေး၊ လူမှုရေးအစရှိတဲ့ နယ်ပယ်အသီးသီးမှာ တာဝန်ယူလုပ်ကိုင်ပေးရတယ်၊ ဒီလိုဆောင်ရွက်ပေမယ့် လူတစ်ရာဝါးတစ်ရာ အကြိုက်တော့ မဖြစ်နိုင်ဘူး၊ ကြိုးစားပြီးတော့ လုပ်ကြတာပါပဲ၊ စီးပွားရေးအပိုင်းမှာတော့ တော်တော်လွတ်လွတ်လပ်လပ် ပွင့်ပွင့်လင်းလင်း လုပ်ကိုင်ဆောင်ရွက်နိုင်တာကို တွေ့တယ်၊ တစ်ဖက်နိုင်ငံနဲ့ ကုန်စည်ဖလှယ်တယ်၊ စီးဆင်းတယ်၊ ရောင်းဝယ်ဖောက်ကားတာ အဆင်ပြေတယ်၊ ဒါဖွံ့ဖြိုးတိုးတက်တာပဲ၊ ဒါကောင်းတဲ့လက္ခဏာပဲ" ဟု ပြောကြားသည်။

*အချပ်ပို (၉) သို့*



ပြည်တွင်း ပြည်ပခရီးသွားများကို ဆွဲဆောင်နိုင်သည့် မြိတ်ကျွန်းစုဒေသမှ ကျွန်းတစ်ကျွန်းကို တွေ့ရစဉ်။

## "ကျန်းမာရေးဘက်မှာလည်း တိုင်းဒေသကြီးအတွင်းမှာ ကောင်းမွန်အောင် ဆောင်ရွက်နေပါတယ်၊ မြို့ပေါ်တွေမှာ ကျန်းမာရေးစောင့်ရှောက်မှု ကောင်းမွန်ပေမယ့် ကျွန်းစုတွေမှာ ကျန်းမာရေးစောင့်ရှောက်မှု အားနည်းနေသေးတယ်၊ ဒီကဏ္ဍတွေကို အားကောင်းလာအောင် ဆက်ပြီး ဆောင်ရွက်ရမှာဖြစ်"



ရန်ကုန်မြို့ ခဝဲခြံမျက်မမြင်ကျောင်းမှ အမြင်အာရုံမသန်စွမ်းသူများနှင့် အခြားမသန်စွမ်းသူများ ပူးပေါင်း၍ ငြိမ်းချမ်းရေးတွဲလက်များ ခရီးစဉ်အဖြစ် ကော့သောင်းမြို့မှ စတင်ထွက်ခွာပြီး ၂၄-၃-၂၀၁၈ ရက်က ပလောက်မြို့သို့ ရောက်ရှိလာသည်ကို တွေ့ရစဉ်။ မြို့နယ် (ပြန်/ဆက်)

*အချပ်ပို (ဆ) မှ*

ပြည်သူတစ်ဦးအနေနဲ့ အားမရတာက လျှပ်စစ်ပါ၊ မဟာဓာတ်အားလိုင်း မရသေးတဲ့အတွက်ပါ၊ လူတိုင်းလည်း ပြောနေကြပါတယ်၊ အရင်တုန်းကဆိုရင် တစ်ယူနစ်ကို ၈၅၀ အထိ ပေးရတယ်၊ ပုဂ္ဂလိကက ပေးတာပါ၊ အရင်အစိုးရလက်ထက်မှာ ၃၀၀၊ အခုအစိုးရလက်ထက်မှာ ၂၀၀ ဆိုပြီး ဖြစ်လာတယ်၊ ၃၅ ကျပ်ဆိုတာ မရသေးတော့ အားမရဘူး၊ ဒါပေမယ့် တစ်နေ့တော့ရလာမှာပါ၊ လမ်းပန်းဆက်သွယ်ရေးကတော့ အားရစရာအကောင်းဆုံးပါ၊ လမ်းပန်းဆက်သွယ်ရေးရှိတဲ့အတွက် ကော့သောင်းအထိ အဆင်ပြေပြေ သွားနိုင်တယ်”ဟု အငြိမ်းစားဝန်ထမ်း ဦးစိန်ဝင်းက ပြောကြားသည်။

**ထုတ်ကုန်များများ ထုတ်လုပ်နိုင်ဖို့**

တိုင်းဒေသကြီး အစိုးရအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုနှင့် ပတ်သက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က “နိုင်ငံက ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ဖို့ ရုန်းကန်နေရဆဲကာလပါ၊ ဒါကြောင့် ကြိုးစားမှုက အားရတယ်လို့ မရှိပါဘူး၊ စီးပွား ရေးဖွံ့ဖြိုးတိုးတက်ဖို့ ကျွန်မတို့ တိုင်းဒေသကြီးက ထုတ်ကုန်များများ ထုတ်လုပ်နိုင်ဖို့ ကြိုးစားရဦးမှာဖြစ်ပါတယ်၊ ဒါက တစ်ဖက်မှလည်း မူးယစ်ဆေးစွဲသူများအား ပြန်လည်ထူထောင်ရေးအနေဖြင့် ကျန်းမာရေး စောင့်ရှောက်မှုပေးအပ်လျက်ရှိပြီး မူးယစ်ဆေးဖြတ်သူ ၉၁၆ ဦးကို ကျန်းမာရေးစောင့်ရှောက်မှု ပေးအပ်နိုင်ခဲ့ကြောင်း သိရသည်။

**ပြန်လည်ထူထောင်ရေး**

“မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး အနေနဲ့ ပုလဲမင်းဆိုတဲ့ သီးခြားစစ်ဆင်ရေးတစ်ခုအနေနဲ့ တနင်္သာရီတိုင်း တစ်တိုင်းလုံးမှာ ဖမ်းဆီးဆောင်ရွက်ခဲ့တယ်၊ ဒီလိုဆောင်ရွက်တဲ့အခါမှာ တော်တော်များများလည်း ဖမ်းမိခဲ့ပါတယ်၊ ပြန်လည်ထူထောင်ရေးအနေနဲ့ မူးယစ်ဆေးစွဲနေတဲ့ လူတွေ၊ ဆေးဖြတ်ချင်တဲ့သူတွေကို စိတ်ဆန္ဒအရ ဖြတ်မယ်ဆိုလို့ရှိရင် ကျွန်မတို့ ကျန်းမာရေးစောင့်ရှောက်မှု ပေးပါတယ်။

“ဒီကိစ္စတွေကို လုပ်ခဲ့တဲ့အခါမှာ ကျွန်မ တို့ ဆေးဖြတ်တဲ့ လူဦးရေအားလုံး ၉၁၆ ဦးကို ကူညီဆောင်ရွက်ပေးနိုင်ခဲ့တယ်၊ မြိတ်နဲ့ ကော့သောင်းမှာပါပဲ၊ ထားဝယ်မှာတော့ မရှိပါဘူး၊ ဒီနှစ်အတွင်းမှာ ဆောင်ရွက်နိုင်ခဲ့ပါတယ်၊ ဒါကတော့ မူးယစ်ဆေးဝါးနဲ့ ပတ်သက်တာပါ” ဟု တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြောသည်။



တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် ကျေးရွာပြည်သူများအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေ၊ ကမ္ဘာ့ဘဏ်ချေးငွေ၊ ပြည်သူထည့်ဝင်ငွေတို့ဖြင့် ကျေးရွာမီးလင်းရေး ဆိုလာမီးတပ်ဆင်ခြင်းလုပ်ငန်းကို ဆောင်ရွက်ရန် တာဝန်ရှိသူများနှင့် ဒေသခံများ တွေ့ဆုံစဉ်။
ဓာတ်ပုံ- ခိုင်ထူး(မြိတ်)



**ကော့သောင်းမြို့၌ ပင်လယ်သင်္ကြန်ပွဲ လာရောက်ဆင်နွှဲသည့် ပြည်တွင်း ပြည်ပ ခရီးသွားများကို တွေ့ရစဉ်။** ဓာတ်ပုံ-ကျော်စိုး(ကော့သောင်း)

**“တိုင်း ဒေသကြီး အတွင်း မဟာဓာတ်အားလိုင်းချိတ်ဆက်မှု ရရှိကာ လျှပ်စစ်ဓာတ်အား ရရှိရေးကို ဆောင်ရွက်သွားလိုသည့်အပြင် ပညာရေးနှင့်ကျန်းမာရေးကဏ္ဍများတွင် မြှင့်တင်ဆောင်ရွက်သွားလို”**

လည်း စွမ်းဆောင်နေဆဲ ကာလဖြစ်ပါတယ်” ဟု ဆိုသည်။

**အလုပ်အကိုင်ရရှိစေရေး**

တိုင်းဒေသကြီးအတွင်း မူးယစ်ဆေးဝါးကာကွယ်နှိမ်နင်းရေးအတွက် ပုလဲမင်းစစ်ဆင်ရေးတစ်ရပ်ဖြင့် ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် တိုင်းဒေသကြီးအတွင်းရှိ လူငယ်များ အလုပ်အကိုင်ရရှိစေရေးနှင့် လူသားအရင်း အမြစ်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အမျိုးသမီးများအတွက် ဇာထိုး၊ ပန်းထိုးစသည့် အိမ်တွင်းအသက်မွေးမှုလုပ်ငန်းများကို သင်ကြားပေးလျက်ရှိပြီး အမျိုးသားများအတွက်လည်း စက်ပြင်ခြင်း၊ ဖုန်းပြင်ခြင်း၊ ဆိုင်ကယ်ပြင်ခြင်းကဲ့သို့ သင်တန်းများကို ပေးအပ်လျက်ရှိကြောင်း သိရသည်။

**အားထုတ်ကြိုးပမ်းဆောင်ရွက်**

တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစား ပေးကာ ကဏ္ဍပေါင်းစုံမှ ဟန်ချက်ညီတိုးတက်မှုရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ပြည်သူ့အတွက် ဆောင်ရွက်ချက်များထဲမှ အားနည်းမှုရှိ နေသေးသည့် ကဏ္ဍများကို အားကောင်းခိုင်မာအောင် အားထုတ်ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။



အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်တွင် ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းပါဝင်နိုင်ရေး ရည်ရွယ်ချက်ဖြင့် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၌ မေ ၂၀ ရက်က အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ဆွေးနွေးပွဲကျင်းပစဉ်။
ဓာတ်ပုံ- ခိုင်ထူး(မြိတ်)



ကော့သောင်းမြို့၌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ကြီးကြပ်၍ သဘာဝဘေးလျော့ပါးရေးစေတနာ့ဝန်ထမ်းလူငယ်(ဆင့်ပွား)သင်တန်းဖွင့်ပွဲ ကျင်းပစဉ်။
ဓာတ်ပုံ-ခိုင်ထူး(မြိတ်)